အခွင့်အရေးများ။ ။မူလဘရားခံအစား အမှုတွင်ဝင်ရောက်ချေပလျှောက်ထားသင့်သူ။ ။အယူခံတရားခံဒေဘီချန်းဆိုသူက မီ (လ်) ကဆင်းဆိုသူအပေါ် တွင် ငွေ ၆၀,၀၀၀ ကျပ် ရလိုကြောင်း တရားစွဲဆိုသည့်အမှုဌ် တရားလိုနှင့် တရားခံတို့ အဆိုနှင့်ချေလွှာ ဖြေလွှာများအသီးသီး တင်သွင်းကြပြီးနောက်၊ အမှုစစ်ဆေးရန် အစီအစဉ်များ ပြုလုပ်နေဆဲတွင် တရားခံဖြစ်သူမှာ လူမဲ့ (Insolvent) အဖြစ် မြို့ဒွန်းခြင်း ခံရသဖြင့်၊ တရားလို၏ လျှောက်ထားချက်အရ၊ လူမဲ့ပိုင် ပစ္စည်းထိန်းဝန်အား တရားခံ၏ ကိုယ်စား၊ တရားခံအဖြစ် ထည့်သွင်းပြီးသည့်နောက်၊ တရားခံ၏ ရှေ့နေက အငြင်းဖြေခချေလွှာကို တင်သွင်းခဲ့ရာ ထိုခချေလွှာကို တရားလိုက ကန့်ကွက်သဖြင့် တရားလွှတ်တော် ဒုတိယအတွင်းဝန်က အဆိုပါ ခချေလွှာကို လက်မခံနိုင်ကြောင်း အမိန့်ချမှတ်လေသည်။ ထိုအမိန့်ကို မကျေနပ်၍၊ တရားလွှတ်တော်တွင် အယူခံဝင်ရောက်ရာ တရားလွှတ်တော်ကလည်း ဒုတိယအတွင်းပန်၏ အမိန့်ကို ထောက်ခံခဲ့သဖြင့် ဤရုံးတော်၌ လာရောက်၍ စာချွန်တော်တရပ် လျှောက်ထားပြန်လေသည်။ **။ဆုံးဖြတ်ချက်။** ။လူမဲ့ပိုင်ပစ္စည်းထိန်းဝန်အား **တရားခံအဖြစ်** အစားထိုးသွင်းခြင်းအားဖြင့် မူလဘရားစွဲဆိုခသော အမှုမှာ **အမှုသစ် တခုပြုန်၍** မဖြစ်နိုင်ခေ။ တရားမကျင့်ထုံး ဥပဒေ **အမိန့် ၂၂၊ နည်းဥပဒေ ၁၀** (၁) တွင် ပါဝင်သော စကားရပ်များအရ၊ **အမှုသစ်တခု မဖြစ်နိုင်ခြင်းမှာ** ထင်ရှားသည်။ ။သာမန်အားဖြင့် ဆိုလျှင်၊ **တရားခံ၏** အာကျိုးကျေးဇူးတို့ကို ဆက်ခံသော သူကသာလျှင် မူလတရားခံအစား ဝင်ရောက်၍ **အမှုတွင် ချေပလို** ကြောင်း ရုံးတွင် လျှောက်ထားသင့်သည်။ ။မည်သည့်နည်းနှင့်ဖြစ်စေ၊ **အမှု** တွင် **တရားခံ၏** အစား ဝင်ရောက် ချေပရာ၌ အမှုသစ်တခုတွင် ဝင်ရောက်ချေပသကဲ့သို့ ချေလွှာအသစ် တင်သွင်းခွင့် မရှိခေ။ မူလတရားခံ၏ အခွင့်အရေးကို သာလျှင် ဆက်ခံသူဖြစ်သည့်အတွက်ကြောင့် တရားမကျင့်ထုံး ဥပဒေ အမိန့် ဂ၊ နည်းဥပဒေ ၉ အရ၊ ထပ်လောင်း၍ ချေလွှာတင်သွင်းခြင်း၊ (**Additional Written Statement**)၊သို့မဟုတ် နည်းဥပဒေ ၆(၁၇)အရမူလတင်သွင်းသည့် ချေလွှာကို ပြင်ဆင်သော ချေလွှာမျ ားကို ရုံးတော်၏ ခွင့်ပြုချက်အရ တင်သွင်းခွင့်ရှိသည်။

ရန်ကုန်မြို့၊ ပစ္စည်းထိန်းဝန်နှင့် ဒေဘီချန်း ပါ ၃ .... .... ၁၀၆

**တရားစီရင်ရေးဆိုင်ရာ** ဆောင်ရွက်ခြင်း။ ။မည်သည့် ကိစ္စမျိုးသည် **တရားစီရင်ရေး** ဆိုင်ရာ ဆောင်ရွက်ခြင်းမျိုးမဟုတ်။ ။၁၉၀၅ ခုနှစ်၊ အင်းများဆိုင်ရာ အက် ဥပဒေ ပုဒ်မ ၁၀ (၂)၊ နည်းဥပဒေ ၆၉၊ ခရိုင်ဝန်၏ အာဏာ ဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာဆောင်ရွက်ခြင်း၊ **တရားစီရင်ရေးဆောင်ရွက်ခြင်းမဟုတ်။** ။ **ဆုံးဖြတ်ချက်။** ။နိုင်ငံတော် အဝိုးရပိုင် ပစ္စည်းတခုခုနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် အငှားချထားခြင်း စသော ကိစ္စမျိုးကို အာဏာပိုင်တဦးဦးက ဆောင်ရွက်ခြင်းသည် **တရားစီရင်ရေးဆိုင်ရာ** ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ၊ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းမျိုးသာဖြစ်သည်။ ။မိုဟာမက် ဟန်နစ်(စ်) ပါ ၂ နှင့် ဘဏ္ဍာတော်မင်းကြီးနှင့် အခြား ပုဂ္ဂိုလ်များ [(1952) B.L.R. (S.C.) p. 11] ကိုရည်ညွှန်းသည်။ ။၁၉၀၅ ခုနှစ်၊ အင်းများဆိုင်ရာ အက်ဥပဒေအရ၊ ပြုထားသည့်နည်း ဥပဒေ ၆၉ တွင် ခရိုင်ဝန်သည် အက်ဥပဒေ ပုဒ်မ ၁၀ (၂) အရ၊ အာဏာများကို ကျင့်သုံးသော အားဖြင့် အင်းလိုင်စင်

မျာ်းကို ထုတ်ပေးနိုင်သည့်အပြင်၊ ပေးပြီး လိုင်စင်များကိုလည်း ပြန်လည်ရုပ်သိမ်းနိုင်သည်။

ထိုကြောင့် ဘဏ္ဍာတော်မင်းကြီးက၊ ခရိုင်ဝန်မင်းအား အဆိုပါနည်းဥပဒေ ၆၉ အရ၊ ပေးပြီးလိုင်စင်ကို ပြန်လည်ရုပ်သိမ်းရန်နှင့် အခြားသူ တဦးအား လိုင်စင် ထုတ်ပေးရန် ညွှန်းကြားလိုက်ခြင်းသည်၎င်း၊ ဘဏ္ဍာတော်မင်းကြီး၏ ညွှန်ကြားချက်အရ၊ ခရိုင်ဝန်က ထုတ်ပေးပြီး လိုင်စင်ကို ရုပ်သိမ်း၍၊ အခြားသူ တဦးအား လိုင်စင် ထုတ်ပေးလိုက်ခြင်းသည်၎င်း၊ တရားစီရင်ရေး ဆိုင်ရာ လုပ်ငန်းမဟုတ်ဘဲ၊ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုသာလျှင် ဖြစ်သည်။

• မောင်ညိမ်းမောင်နှင့် ဘဏ္ဍာတော်မင်းကြီး (လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး) ပါ ၃ .... .... ၂၄၅

မောင်ဘုံးဆေးနှင့် ခရိုင်ဝန်၊ ဇာတင်ငူခရိုင် ပါ ၄ .

တရားခံများအား၊ ညှဉ်းပန်းမှု၊ ဖြားယောင်း သွေးဆောင်မှုကြောင့် ဖြောင့်ချက် ရရှိသည်ကို တွေ့ရခြင်း၊ ထို့ကြောင့် ပြန်လည် ရုပ်သိမ်းသော ဖြောင့်ချက်အပေါ် ၌ မူတည်၍ အပြစ်မပေးသင့်ခြင်း .... .... .... .... ၁၅

တရုပ်ပြည်နှင့် မြန်မာပြည်နယ်နိမိတ် သတ်မှတ်ရေးနှင့်နယ်မြေအချို့ လဲလှယ်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုခြင်းကိစ္စ။ ။ထိုစာချုပ် အတည်ပြုခြင်းကို ပါလီမန်သည်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၂၁၃ (၂) အရ သဘောတူညီချက် ပေးနိုင်ခြင်း .... .... .... .... .... ၁၁၃

တိုင်းရင်း ဆေးဆရာ အဖွဲ့ဝင် ရွေးကောက်ပွဲ နည်းဥပဒေအရ၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိ၏ တာဝန်၊ ဆောင်ရွက်ရမည့် ကိစ္စသည် အမှုအမှန် ဆုံးဖြတ်ရန်လိုသော ပြဿနာမဟုတ်သဖြင့်၊ ဤခုံးတော်က စစ်ဆေး ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ ရွေးကောက်ပွဲ တာဝန်ခံက စဉ်းမျဉ်းဥပဒေနှင့် ဆန့်ကျင်၍၊ ဝတ္ထုရား တခုခုကို ဆောင်ရွက်သော်၊ အရေးဆိုနိုင်သည့်ဌာန၊ ဤခုံးတော်၏အာဏာ။ ။ဆုံးဖြတ်ချက်။ ။တိုင်းရင်း ဆေးဆရာ အဖွဲ့ဝင် ရွေးကောက်ပွဲသက်ဆိုင်သော နည်းဥပဒေအရ၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက ဆောင်ရွက်ရသော တာဝန်မှာ၊ မိမိထံ ရောက်ရှိလာသော အမည်တင်သွင်းလွှာ မျာ်းတို့သည်၊ မိမိက ကျေညာပြီးသော နည်းဥပဒေအရ၊ စည်းကမ်းဥပဒေနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို ကြည့်ရှု စစ်ဆေးရန်သာ ဖြစ်သည်၊ မိမိ၏ သဘောအရ၊ စဉ်းစားဉာဏ်ကို အသုံးပြု၍၊ မှားသည် မှန်သည် ဟူသော ပြဿနာရပ်တို့ကို စစ်ဆေး ဆုံးဖြတ်ရန် တာဝန်မရှိပေ၊ နည်းဥပဒေအရ၊ သတ်မှတ် ထားသော စည်းမျဉ်းများနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ဟူသော ကိစ္စရပ်မှာ အလိုအလျောက် ပေါ်လွင် ထင်ရှားသော ကိစ္စရပ်များသာ ဖြစ်၍၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိက၊ အမှုအမှန် ဆုံးဖြတ်ရန်လိုသော ပြဿနာရပ် များမဟုတ်သောကြောင့် ဤခုံးတော်က အမှုခေါ် စာချုန်တော်ဖြင့် အမိန့် တရပ် ထုတ်ပေးပါရန် တောင်းဆိုသော လျှောက်လွှာကို လက်ခံ စစ်ဆေး ဆုံးဖြတ်ပိုင်ခွင့် မရှိ။ ။ဦးထွေး (ခေါ်) (A. E. Madari) နှင့် ဦးထွန်းအုံ ပါ ၂၊ 1948, B.L.R. 541; D. D. Grover ၈. A. C. Koonda and one, 1955, B.L.R. 54)ကို လိုက်နာသည်။ ။ရွေးကောက်ပွဲတာဝန်ခံအရာရှိက၊စည်းမျဉ်း

ဥပဒေနှင့် ဆန့်ကျင်လျက် မိမိ၌ ကျရောက်သော ဝတ္တရားတခုခုကို ဆောင်ရွက်ခဲ့သော်၊ ထိုကဲ့သို့ ဆောင်ရွက်သောကိစ္စသည်၊ တရားမဝင်၍၊ ပျယ်ပြယ်ကွယ်ဟူသက်ဆိုင်သူ တဦးဦးက အရေးဆိုလိုလျှင်မူလသက်ဆိုင်ရာ အာဏာကို သုံးစွဲနိုင်ခွင့်ရှိသည်၊ ဤရှုံးတော်၌ အခြေခံပုဒ်မ ၂၅ အရ၊ စွဲဆိုသော အမှုများမှအပ အခြားသော ကိစ္စများအတွက် မူလဘက်ဆိုင်ရာ စစ်ဆေးပိုင်ခွင့် အာဏာမရှိချေ။

ဦးချစ်ဖေနှင့် ဆရာဝန်ကြီးဦးဝဏ္ဏ .... .... .... ၉၅

**ဒီကရီကို ဇာရီပြုလုပ်ခြင်း။** မည်သည့်အခါတွင်မှ တရားနိုင်၌ ဒီကရီကို ဇာရီပြုလုပ်နိုင်ခြင်း။ စည်းကမ်းသတ်ဥပဒေ၊ ပုဒ်မ ၆၊ ဒီကရီရသူစိတ်မနှံ့ခြင်းကြောင့် စည်းကမ်းသတ် အချိန်အတွင်းသို့ ကျရောက်ခြင်း။ **။ဆုံးဖြတ်ချက်။** ။စီရင်ချက်ချမှတ်သောနေ့တွင် တရားနိုင်အတွက် ချမှတ်သော ဒီကရီ၏ အကျိုးအာနိသင် ပေါ်ပေါက်သည်ဟု ယူဆနိုင်သော်လည်း၊ ထိုကဲ့သို့ ပေါ်ပေါက်သော အခွင့်အရေးကို မိမိအကျိုးငှါ အသုံးပြုရန် ဆက်လက်၍ ဇာရီပြုလုပ်ခြင်းဖြင့် အရေးယူလိုပါက**စီရင်ချက်ချမှတ်သောနေ့တွင်ကား** ထိုကဲ့သို့ **အရေးမယူနိုင်ချေ။ စီရင်ချက်တွင် ချမှတ်**ထားသောအခွင့်အရေးအားလုံးကိုကုစားတွက်ချက်၍ **ဒီကရီရေးဆွဲပြီးဆိုင်ရာ** တရားသူကြီးကလက်မှတ်ထိုးပြီးနောက်မှသာလျှင် **တရားနိုင်၌ ဇာရီပြုလုပ်နိုင်ခွင့်**ရှိချေသည်။ ထိုထက်ဆောလျှင်စွာ တရားဥပဒေအတိုင်း အရေးယူ **ဆောင်ရွက်ရန်** မဖြစ်နိုင်ချေ။ ***U Khin*** **v.** ***Maung Sa,*** **3 L.B.R. 62;** ***Maung Po Kyaw*** **v.** ***Ma Lay and others,*** **7 Ran. 18 ;** ***A.M. Eusoof*** **v,** ***SVST Chettyar firm;*** **(1940) Ran. 72 ; approved** ***Abdul Hussein*** **v.** ***Mussamah Umda Bibi,*** **(1896-97) I.C.W.N. 93 ;** ***Kisoki Mohan Pal*** **v.** ***Provast Chandra Mudul and others,*** **A.I.R. (1924) Cal. 351 ;** ***Ramdas*** **v.** ***Gangasagar*** **A.I.R. (1924) Pat. 421 ;** ***Venkaturaya*** **v.** ***Gomudan Malappa and others,*** **A.I.R. (1947) Mad. 348 ;** ***Sri Ramachandra Mardaray Deo*** **v.** ***Bhalu Patnaik and others,*** **A.I.R. (1950) Orissa 125 ;** ***Rameshwar Singh*** **v.** ***Homeswar Singn,*** **A.I.R. (1921) P.C. 31 ; referred to** လူတယောက်သည်၊ မိမိအနိုင်ရရှိသောအမှုတွင် ဇီရင်ချက်ချပြီးသည့်နောက်ဒီကရီရေးဆွဲ၍ မပြီးမီစပ်ကြား စိတ်မနှံ့သောရောဂါ ဆိုက်ရောက်ခြင်းကြောင့်၊ ထိုဝေဒနာကင်းလွတ်ပြီးနောက်မှ စွဲဆိုသော ဇာရီမှုသည် စည်းကမ်းသတ်ဥပဒေပုဒ်မ ၆ အရ စည်းကမ်းသတ် အချိန်တွင်းသို့ကျရောက်သည်ဟု ယူဆရမည်။

ဦးဝန့်နှင့် ဦးဘထွန်း .... .... ... ... ၂၁၉

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (မြင့်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၃၊ အောက်မြန်မာပြည်—မြေနှင့်အခွန်တော်အက်ဥပဒေပုဒ်မ ၄၅ အရ၊ ရရန်ရှိသော ငွေများတောင်းရန် အရေးယူရာဘွင်၊ တရားမကျင့်ထုံး ကိုဓဥပဒေအရ၊ ဆောင်ရွက်ရမည်၊ တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၄ နှင့် ဆန့်ကျင်လျှင်၊ လေလံရောင်းခြင်း ပျက်ပြယ်ခြင်း။ ။မြေနှင့် အခွန်တော် နည်းဥပဒေ ၉၀၊ ကန့်ကွက်ချက်ရှိလျှင်၊ အာဏာပိုင်က စီစစ်ဆုံးဖြတ်ရမည့်တာဝန်၊ တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၁၁ (၂) (ဆ) နှင့် ၆၆ (၂) (ဃ) အရ၊ **ဇာရီပြုလုပ်ရန်အတွက် လျောက်လွှာတွင် ရရန်ရှိသော ငွေကို ဖော်ပြရမည်။**

ဥပဒေအရ၊ မခိုင်လုံသည့် ဇာရီ လုပ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့က လျှောက်ထား သူထံမှရရန်ရှိသည်ဟု ဆိုသော ငွေများကို အခွန်တော် မြေကျန်ငွေဖြစ်သကဲ့သို့၊ အရတောင်းခံရန် အလို့ငှါ၊ ၁၉၅၆ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (မြင့်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၃ အရ၊ အရေးယူရာ၌ အောက်မြန်မာပြည် မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ အရေးယူရာဘင် တရားမကျင့်ထုံး ကိုဓဥပဒေအရ၊ ဆောင်ရွက်ရမည်ဖြစ်သည်။ ။ဤကဲ့သို့ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့က လျှောက်ထားသူ ထံမှရရန်ရှိသည်ဆိုသော ငွေများကို ဆောက်ခံသည့် ကိစ္စတွင် လျှောက်ထားသူက စာရင်းများကို အကိုးအကားပြုကာ၊ မိမိက နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှ ငွေများရရန် ရှိပါ၍၊ ၎င်းငွေများကိုတောင်းထားသဖြင့် လေလံကြေငြာခဲ့ဖေါ်ပြထားသည့် လျှောက်ထားသူထံမှရရန်ရှိသော ငွေပေါင်းမှာ၊ မမှန်ကြောင်း လျှောက်ထားသော်လည်း၊ ၎င်းလျှောက်လွှာကို အရေးမယူဘဲ၊ ဝါးရမ်းဘမ်းထားသော လျှောက်ထားသူပိုင် ပစ္စည်းများကို တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၂၁၊ အရ၊ ဆက်လက် ဆောင်ရွက်ပြီး ရောင်းချရာဝယ်၊ အမိန့် ၂၁၊ နည်းဥပဒေ ၁၄ အရ၊ ဝယ်သူက ဝယ်ငွေ၏ လေးပုံတပုံကို ချက်ခြင်း တင်သွင်းရမည်ဖြစ်သော်လည်း၊ ထိုငွေ၏ ဆယ်ပုံတပုံကိုသာ တင်သွင်းသဖြင့်၊ ၎င်းရောင်းဝယ်မှုသည် မလိုက်မနေရဖြစ်သော အမိန့် ၂၁၊ နည်းဥပဒေ ၁၄ နှင့် ဆန့်ကျင့်သည်ဖြစ်၍၊ မနီလာမိုဟန်လာနှင့် ဆရက် အာမက် (A.I.R. 1954 S.C. 349) အမှုတွင် အိန္ဒိယပြည် တရားလွှတ်တော်ချုပ် ဆုံးဖြတ်ချက် အတိုင်းဆိုလျှင်၊ ပယ်ဖျက်ရမည်သာ ဖြစ်သည်။ (A.I.R. 1954 S.C. 349.) ကို ရည်ညွှန်းသည်။ ။မြေနှင့် အခွန်တော် နည်းဥပဒေ ၉၀ ၌ပင်၊ မြေခွန် ပေးဆောင်ရမည့်သူက၊ မည်ရွေ့မည်မျှ ပေးဆောင်ရမည် ဆိုသည်ကို ကန့်ကွက်လျှင်၊ ၎င်း၏ ကန့်ကွက်လွှာကို သက်ဆိုင်ရာ အာဏာပိုင်များက၊ စီစစ်ဆုံးဖြတ်ရမည်ဖြစ်သည်၊ မပြေကျန်ရှိသည်ဆိုသောငွေကို ရယူရန်အတွက် တရားမကျင့်ထုံး ကိုဓဥပဒေအရ ဆောင်ရွက်ရာတွင်၊ အမိန့် ၂၁ ပါ နည်းဥပဒေများ အတိုင်း လိုက်နာရမည်ဖြစ်သည်။ ထိုအမိန့် ၂၁၊ နည်းဥပဒေ ၁၁ (၂) (ဆ) အရ ဆိုလျှင်၊ ဇာရီပြုလုပ်ရန်အတွက် လျှောက်လွှာတွင် ရရန်ရှိသောငွေကို ဖေါ်ပြရမည်ဖြစ်သည်၊ ထို့ပြင် ထိုအမိန့်နည်းဥပဒေ ၆၆ (၂) (ဃ) အရလည်း၊ ရရန်ရှိသောငွေကို ဖေါ်ပြရမည်ဖြစ်သည်၊ အဖွဲ့က လျှောက်ထားသူ ထံမှ ရရန်ရှိသော ငွေနှင့် လျှောက်ထားသူက အဖွဲ့မှ ရရန်ရှိသော ငွေများကို သေချာစွာ စစ်ဆေးပြီး စာရင်းမှင်းသမျှ ကာလပတ်လုံး ကျန်ငွေ မည်မျှရှိသည်ကို အတိအကျ ပြောနိုင်စွမ်းရှိမည်မဟုတ်ခေျ။ ထိုသို့ မပြောနိုင်လျှင် လျှောက်ထားသူအပေါ်၌ ဇာရီပြုသည်မှာ တရားဥပဒေအရ ခိုင်လုံသည်ဟု မဆိုနိုင်ခေျ။

ဦးလှတင်နှင့် နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ပါ ၄ .... ၂၂၅

နုတ်ငွေ၊ နို့တစ်မပေးဘဲ အလုပ်ထွက်လိုက်ခြင်းအတွက် သုံးလအတွက် လခတောင်းဆိုခြင်းမျှားမှာ နုတ်ငွေမဟုတ်၊ လုပ်ခပေးရေးအက်ဥပဒေ .... .... ၈၁

နုတ်ငွေ၊ လုပ်ခပေးရေးအက်ဥပဒေ ပုဒ်မ ၁၅၊ ကုမ္ပဏီက ထည့်ရမည့် အိုနာစာရံပုံငွေမှာ လုပ်ခငွေမှ "နုတ်ငွေ" မဟုတ် .... .... .... ၈၁

စာမျက်နှာ

နယ်ပိုင် တရာ မတရားသူကြီး၊ ဝိနိစ္ဆယခုံအက်ဥပဒေအရ၊ ဝိနိစ္ဆယခုံမဲ့စည်းရာဌာ လိုက်နာရမည့်အချက်များ၊ နိဝိစ္ဆယခုံအက်ဥပဒေပုဒ်မ ၃၈ (၃) .... .... ၃၇

နို့တစ်စာ။ အိမ်ရှင် အိမ်ငှါးတို့ပေးကြသော နို့တစ်စာ၊ ပစ္စည်း လွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၆၊ တရားဝင်သော နို့တစ်စာ၏လိုရင်းအချက်များ .... ၁၀၅

ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ၊ ပုဒ်မ ၁၀၆၊ အပိုင်း ၂ ပိုင်း၊ ပဌမအပိုင်း ၁၅ ရက်တင်ကြို၍၊ နို့တစ်စာရမှီစေရမည်။ ဒုတိယ အပိုင်း၊ နို့တစ်စာ မည်သို့ မည်ပုံ ပေးခြင်း၊ တရားမဝင်သော နို့တစ်စာ။ ။ဆုံးဖြတ်ချက်။ ။ပစ္စည်းလွဲပြောင်းခြင်း အက်ဥ ဒေပုဒ်မ ၁၀၆ တွင် ဖော်ပြပါရှိ သော စကားရပ်တို့မှာ၊ နို့တစ်စာ ပေးခြင်းနှင့် စပ်လျဉ်း၍ နှစ်ပိုင်းခွဲခြားထားသည်။ ။ပဌမအပိုင်းအရ၊ နို့တစ်စာ အပေးခံရသော အိမ်ရှင်၊ အိမ်ငှါးတို့ကို အိမ်ငှါးလမကုန်ခင် ၁၅ ရက် တင်ကြို နို့တစ်စာ ရရှိစေရမည်။ ။ဒုတိယအပိုဒ်တွင် မည်သို့မည်ပုံ အဆိုပါ **နို့တစ်စာ** အပေးခံရသူထံ ပေးပို့ရမည့်အကြောင်း၊ နို့တစ်စာပေးသူက **နို့တစ်စာ အပေး** ခံရသူထံ စာတိုက်မှ တဆင့်သော်၎င်း၊ **သို့မဟုတ် ကိုယ်တိုင်သော်၎င်း လက်ခံ** ရရှိစေရန်ပေးပို့ရမည်။ ဒုဒ်းကိုယ်ဘိုင်မရှိက၊ ဒုဒ်း**၏ခိသားစတယောက်၊ သို့မဟုတ်** ဒုဒ်း**၏**အစေခံများအား နို့တစ်စာကို ပေးရမည်။ **ထိုသို့မဖြစ်နိုင်က ပစ္စည်း** အပေါ်တွင် လွှယ်လင့်တကူ ပြန်နိုင်သော နေရာဘွင့် **နို့တစ်စာကို ကပ်ထားရမည်၊** အကြောင်းများ ဖော်ပြပါရှိလေသည်။ ။အထက်ဖော်ပြပါပုဒ်မတွင် **အပိုဒ် ၃စ်** ပိုဒ်ခွဲခြားရှိ ဖော်ပြပါရှိသော စည်းကမ်းချက်များကို ရှောလုံး၍ အဓိပ္ပါယ်ကောက်ယူရန် မဖြစ်နိုင်ပေ။ နို့တစ်စာ အပေးခံရသူမှာ လမကုန်မီ ၁၅ ရက်က တင်ကြို၍၊ နို့တစ်စာရရှိရမည်၊ ထိုသို့ရရှိစေနိုင်ရန် နို့တစ်စာ ပေးသူက လိုအပ်သလို အဆိုပါ ပုဒ်မ၏ အပိုဒ် ၂ တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ရန် လိုပေသည်။ ။လျှောက်ထားသူက ၁၉၅၄ ခုနှစ်၊ နိဝတ်လ ၁၂ ရက်နေ့ရှဲဖြင့်၊ နို့တစ်စာ တစောင်ကို လျှောက်ထားခံရသူထံပေးပို့ရာ၊ ထိုနို့တစ်စ တွင် လျှောက်ထားခံရသူထံ နိဝတ်လ ၁၇ ရက်နေ့မှသာလျှင် ရောက်ရှိသဖြင့်၊ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆၊ အပိုဒ် ၁ တွင် ဖြို့သော လိုအပ်သည့် လမကုန်ခင် ၁၅ ရက်အတွင်း၊ နို့တစ်စာ မရောက်ရှိခြင်းကြောင့်၊ အဆိုပါ နို့တစ်စာသည် **တရားမဝင်သော** နို့တစ်စာဖြစ်သည်။

ခြန်ကင်းဂွမ်းနှင့် ဝေါင်ခိုင်ဖွန်း .... .... .... ၁၀၅

ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (၅)၊ အထိအလင်းပြဋ္ဌာန်းချက်၊ အဓိက အရေးကြီး သော စကားရပ်များ၊ ရည်ညွှန်းထားခြင်း မရှိသည့် အချက်၊ အဓိပ္ပါယ် ကော က်ယူရာတွင် မပြုလုပ်နိုင်သည့် ကိစ္စ၊ သဘော်ပေါ်သို့ ဝန်ပစ္စည်းရောက်ကြောင်း သဘော်မူး မသိခြင်း၊ အပြစ်ဒဏ်ခံရမည် တာဝန်နှင့် မဆိုင်၊ ''အကောက်တော်ဆိပ်ကမ်း'' ဟူသော စကားရပ် မပါခြင်း၊ ဆိပ်ကမ်းနယ်နိမိတ်အပြင်ဘက်တွင် ဘန်းဆီးခြင်းကိစ္စ၊ ပြဋ္ဌာန်းထားသော ပြစ်မှုကျူးလွန်သည့်မကျူးလွန်သည်နှင့် မဆိုင်။ ။ရန်ကုန်ဆိပ်ကမ်းမှမိုင် ၄၂ မိုင်ကွာဝေးသော ရေကြောင်းပြဌာနတွင် ရှိနေသော သီဟခေါ် ရေကြောင်းပြသဘော်ဝေါ်တွင် အဆကောက်တော်ဌာနမှ အရာရှိများက ငွေ ၁၂,၀၀၀ ကျပ် နီးပါးမျှ အဘိုးတန်

သော အဒေကာက်ခွန်ဘေးသင့်သည့် ကိစ္စသုံးပစ္စည်းများကို တွေ့ရှိဘမ်းဆီးမိသည့် အဘွက်၊ လျှောက်ထားသူ သီဟ သဘော်မှူးဖြစ်သည့် ကုပ္ပဘိန် ဘလှအောင် အပေါ် တွင် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) အရ၊ ဒဏ်ငွေ ၂၂,၀၀၀ ကျပ် တပ်ခွင်ကသည့် ကိစ္စနှင့် ပတ်သက်၍ လျှောက်ထားသူက ခိမိအိပ်ဒနခိုက်ခိမိ၏ လက်အောက်တွင် အလုပ်ဝတ္တရားဆောင်ရွက်ကြသော မာလိန်၊ စက်ဆရာနှင့် ကြိုးမဲ့ကြေးနန်းအရာရှိတို့က အဆိုပါ ပစ္စည်းများကို ဟောင်ကောင်မှလာသော သမ္မတ သဘော်မှ သီဟသဘော်သို့ ယူဆောင်လာခြင်းကို မိမိသိရှိခြင်း မရှိသည့်အပြင်၊ အဒေကာက်တော် အရာရှိများက ဘမ်းဆီးသော နေရာမှာ ရန်ကုန်ဆိပ်ကမ်းမှ မိုင် ၄၀ ကျော်မျှ ကွာဝေးသော ပင်လယ်ပြင်တွင် ဖြစ်၍ ၎င်းအရာရှိများတာဝန်ထမ်းဆောင်ရသော နယ်နိမိတ်ပြင်ဘက်တွင် ဖြစ်သောကြောင့်၊ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) **အရ၊အရေးယူအပြစ်မပေးသင့်ကြောင်း ချေပလေသည်။ ။ဆုံးဖြတ်ချက်။ ။** ရန်ကုန်ဆိပ်ကမ်းသို့ပင်လယ်ရေကြောင်းဖြင့်လာသော သဘော်တစီးမှ အကောက်တော် အရာရှိများ၏ ခွင့်ပြုချက်မရရှိဘဲ ကုန်ပစ္စည်းများကို ရေကြောင်းပြသဘော်ပေါ် သို့ တင်ခဲ့လျှင်၊ ရေကြောင်းပြ သဘော်မှူးအပေါ် တွင် ငွေဒဏ် ထိုက်သင့်စေရမည်ဟု ပင်လယ်အကောက်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) တွင် အတိအလင်းပြဋ္ဌာန်းထားသည်၊ ဤပုဒ်မတွင်ပါဝင်သော စကားရပ်များအနက်၊ အဓိက အရေးကြီးသော စကားရပ်များမှာ၊ ကောင်းစွာ ပေါ်လွင်လျက်ရှိသော "ကုန်ပစ္စည်းများကို အဒေကာက်တော် အရာရှိများ၏ ခွင့်ပြုချက်မရရှိဘဲ တင်ယားခြင်း" ပင်ဖြစ်သည်၊ ကုန်ပစ္စည်းများကို လက်ခံသော သဘော်တွင် ဝတ္တရားဆောင်ရွက်ရသောသူများကို မည်သို့မျှရည်ညွှန်းထားသည်ကို မတွေ့ရချေ။ ဥပဒေပုဒ်မတွင် မပါဝင်သော စကားရပ်များ၏ အဓိပ္ပါယ်ကို ထည့်သွင်း၍ ဥပဒေပြဋ္ဌာန်းချက်ကို အဓိပ္ပါယ် ကောက်ယူခြင်းမပြုနိုင်ချေ။ လျှောက်ထားသူ ရေကြောင်းပြ သဘော်မှူးက ဝန်ပစ္စည်းများ မိခိ၏သဘော်တွင်းသို့ တင်သည်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ထိုဝန်များ မိမိသဘော်ပေါ် သို့ ရောက်သည်နှင့် တပြိုင်နက် မိမိအပေါ် တွင် ၎င်းပုဒ်မအရ ပြစ်ဒဏ်ခံရမည့် တာဝန်က ရောက်လျက်ရှိချေသည်။ ပုဒ်မ ၁၆၇ (၅) တွင် "အကောက်တော်ဆိပ်ကမ်း" ဟူသော စကားရပ်များ မပါရှိချေ။ သို့အတွက်ကြောင့် ပစ္စည်းများကို သွားရောက်၍ ဘမ်းဆီးသောနေရာသည်၊ ဆိပ်ကမ်း နယ်နိမိတ် ပြင်ဘက်ကျသည်၊ အတွင်းဘက်ကျသည်ဟူသော ပြဿနာမှာ လုံးဝမပေါ် ပေါက်ချေ။ ရေကြောင်းပြ သဘော်မှာ ဆိပ်ကမ်း၏ နယ်နိမိတ် ပြင်ဘက်တွင် သွားရောက်၍ အလုပ်တာဝန်ထမ်းဆောင်ရသော သဘော်ဖြစ်၍၊ ထို့ကဲ့သို့ နယ်နိမိတ် သတ်မှတ်သော စကားရပ်များကို အဆိုပါ ပုဒ်မ ၁၆၇ (၅) တွင် ထည့်သွင်းခြင်းမပြုဟု ထင်မှတ်ရပေမည်၊ အကောက်တော်ဌာနအရာရှိများသည် ဆိပ်ကမ်း၏ နယ်နိမိတ်ပြင်ဘက်တွင် သွားရောက်၍ ပစ္စည်းများကို ဘမ်းဆီးခြင်း၌ အာဏာရှိသည် မရှိသည်ဟူသော အချက်မှာ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုကို ကျူးလွန်သည်၊ မကျူးလွန်သည်ဟူသော ကိစ္စတွင် အကျုံးဝင်သော အချက် မ ဟုတ်ချေ။

ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (ဂ) နိုင်ငံခြားကုန်ကို ပြည်တွင်းမှ ခိုးထုတ်ပြီး ပြန်သွင်းသည့်ကိစ္စ၊ သိမ်းဆည်းသည့်အမိန့် လျော်ကန်သင့်မြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မြန်မာပြည်တွင်းသို့ အစိုးရ အခွင့်အမိန့်ဖြင့် တင်သွင်းခဲ့သော နိုင်ငံခြား ကုန်ပစ္စည်းများကို မသမာသောနည်းဖြင့်ပြည်ပသို့ ခိုးထုတ်ပြီးနောက် ပြည်ဘွင်းသို့ တဖန် ပြန်လည် တင်သွင်းသည့်အတွက် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) အရ၊ အကောက်တော်မင်းကြီးက ၎င်းကုန်ပစ္စည်းများ သိမ်းဆည်းရန် ချမှတ်သည့်အမိန့်မှာ အလွန်လျော်ကန် သင့်မြတ်သော အမိန့်ဖြစ်သည်။

ဦးမောင်မောင်ကြီးနှင့် ဘဏ္ဍာခရေးနှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃ .... ၂၀၃

ပင်လယ်ကြောင်းအကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (က)၊ အထူးသက်သေဥပဒေ မည်သည့်အခါအသုံးပြုရန် မသင့်တော်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ရွှေရောင်းရွှေဝယ်ကိစ္စကို တွင်တွင်ကျယ်ကျယ်ကြီး ၁၀ နှစ်ကျော်မျ လုပ်ကိုင်လာသူ၏ လက်ဝယ်တွင် စုစုပေါင်း တန်းဘိုးငွေ ၃၉,၈၄၂ ကျပ်တန် ရွှေများ တွေ့ရှိရသည့်အနက်၊ ဟာဘစ်ဘက်တ်ဆိပ်ပါ၊ ငါးတိုလာစီးသော ရွှေပြားတပြားမှာ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) နှင့် နိုင်ငံခြား ငွေလဲမှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၉ (၃) ပါ ဥပဒေရပ်များကို ချိုးဖောက်၍သွင်းယူလာသော ရွှေတရပ်ဖြစ်သည်ဟု ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (က) အရ ပြဋ္ဌာန်းထားသော အထူးသက်သေခံမှုကို အသုံးပြု၍၊ အရေးယူသည့်ကိစ္စတွင် နိုင်ငံခြားရွှေများကို၊ ၁၉၅၁ ခုနှစ်လောက်က အစိုးရလိုင်စင်ဖြင့် ရွှေကုန်သည်များ တင်သွင်းနိုင်ခဲ့ရာ၊ ယခုမျှလောက်သေးငယ်သောအလေးချိန်ရှိ ရွှေကိုလုပ်ရိုးလုပ်စဉ်အတိုင်း သဘောရိုးဖြင့် ရန်ကုန်မြို့တွင်ပင် ဝယ်ယူနိုင်ခြင်း၊ အခြားမိုမိုပိုင်ရွှေအမြောက်အမြားမှာ လိုင်စင်အရ ဝယ်ယူတင်သွင်းခဲ့သော ရွှေများဖြစ်သည်ကို ထောက်ထား၍ အဘိုးအနည်းငယ်မျှတန်သော ရွှေပြား ကလေး တပြားမှာဥပဒေကို ချိုးဖောက်၍ တင်သွင်းလာသော ပစ္စည်းဟုမသက်ဝင်ရာအကြောင်းမရှိခေ့။ ရှိ၊ရှိသားသား ဝယ်ယူရရှိသော ပစ္စည်းဟုသာလျှင် ယူဆဘွယ်ရာ အကြောင်းရှိသည်။ သို့အတွက် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ၁၆၇ (က) အရ၊ ပြဋ္ဌာန်းထားသော အထူးသက်သေခံမှုကိုအသုံးပြုရန် လုံးဝမသင့်တော်ခေ့။

ဦးစောဦးနှင့် အကောက်တော်မင်းကြီး ပါ ၂ .... ၁ ၁ .... ၁၉၇

ပါလီမန် ရွေးကောက်ပဲနည်းဥပဒေ ၅၊ ပုံစံ ၁၁ နှင့် ပုံစံ ၉ တို့တွင် ပါသော အချက်များကို ထည့်သွင်း ဖော်ပြခြင်း၏ ရည်ရွယ်ချက်။ ။ရွေးကောက်ပဲ တာဝန်ခံ အရာရှိစစ်ဆေးရမည့်ကိစ္စ၊ အနည်းငယ်ချို့ယွင်း ချွတ်ချော်ချက် ရှိရုံမျှနှင့် အမည်တင်သွင်းလွှာကို မပယ်နိုင်။ ။ဆုံးဖြတ်ချက်။ ။ပါလီမန် ရွေးကောက်ပဲ နည်းဥပဒေ ၅ အရ၊ ပုံစံ (၁) တွင် ပါရှိသော အချက် ၇ ခုကို ရေးသား ထည့်သွင်း ဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူသည် မည်သူ့မည်ဝါဖြစ်ကြောင်းကို၊ တိကျ သေချာစွာ သိရှိနိုင်ရန်အတွက်သာ ရည်ရွယ်ရင်းရှိသည်။ အမည်တင်သွင်းလွှာကို ပါလီမန် ရွေးကောက်ပဲ ပုံစံ ၉ အရ၊ တင်သွင်းရမည်ဖြစ်ရာ ထိုပုံစံတွင်

ထည့်သွင်း ဖေါ်ပြရမည့် အချက်မျှားမှားလည်း၊ အမည်စာရင်း တင်သွင်းသူသည်၊ မဲဆန္ဒပေးနိုင်သူဖြစ်သည့်ပြင်၊ မဲစာရင်းတွင်လည်း အမည်ပါဝင်သူ ဖြစ်ကြောင်း ထင်ရှားစေရန်ဖြစ်သည်၊ တနည်းအားဖြင့် ဆိုသော်၊ အလွှေးခံရန် အမည်စာရင်း တင်သွင်း သူနှင့် မဲစာရင်းတွင် ဖေါ်ပြပါရှိသူသည် တဦးတည်းသာလျှင် ဖြစ်ကြောင်း သိသာစေရန် ဖြစ်သည်။ ။ထိုကြောင့် နည်းဥပဒေ ၄၇ (၁) (က) တွင် ''အလွှေးခံရသူသည်၊ အမည်တင်သွင်းလွှာတွင် အမည်နှင့် မဲစာရင်း နံပါတ် စဉ်တို့ဖြင့် ဖေါ်ပြထားသော သူ'' ဟုတ်၊ မဟုတ်ဟူသော အချက်ကို၊ လွှေးကောက်ပဲ့တာဝန်ခံ အရာရှိက ကြည့်ရှု စစ်ဆေးရမည်ဖြစ်သည်၊ မဲစာရင်းတွင် ပါရှိသော သူသည်၊ အမည်စာရင်း တင်သွင်းသူ (အလွှေးခံသူ) အမှန်ဖြစ်လျှင် ဤကိစ္စအလို ငှါ လွှေးကောက်ပဲ့ တာဝန်ခံ အရာရှိက၊ အမည်တင်သွင်းလွှာကို လက်ခံရမည် ဖြစ်သည်၊ အနည်းငယ် ချို့ယွင်း ချွတ်ခြချ်ချက် ရှိရုံမျှနှင့် အမည်တင်သွင်းလွှာကို မပယ်နိုင်ချေ။ ထို့ကြောင့် နည်းဥပဒေ ၄၇ (၅) တွင် မဲစာရင်းဌာနသော်၎င်း၊ အမည်တင်သွင်းလွှာဌာနသော်၎င်း လူအမည်နှင့်ဖြစ်စေ၊ နေရပ်နှင့်ဖြစ်စေ စပ်လျဉ်း၍ အနည်းငယ် မှားယွင်း ချွတ်ခြချ်ခြင်း ရှိသော်လည်း၊ မည်သူ မည်ဝါကို ဆိုလိုကြောင်း နားလည်နိုင်လျှင် ထိုသို့အနည်းငယ် မှားယွင်း ချွတ်ခြချ်ခြင်း အတွက် အမည်တင်သွင်းလွှာကို မပယ်ရဟု ပြဋ္ဌာန်းလျက် ရှိလေသည်။

ဦးဘိုဘိုးစိန် (ခေါ်) ဦးဘိုခိန်နှင့် လွှေးကောက်ပဲ့ တာဝန်ခံ အရာရှိ (ခရိုင်ဝန်) ပုသိမ်မြို့ ပါ ၆ .... .... .... ၃၂

ပါလီမန် လွှေးကောက်ပဲ့ နည်းဥပဒေ ပုဒ်မ ၃၈ (က) အရ၊ ပုံစံ ၉ (က) ကို မည်သည့် အခါမှ ပူးတွဲ တင်သွင်းရမည်၊ မည်သည့်အခါ ပူးတွဲတင်သွင်းရန်မလို။ ။ဆုံးဖြတ်ချက်။ ။ပါလီမန် လွှေးကောက်ပဲ့ နည်းဥပဒေ ၃၈ အရဆိုလျှင်၊ အမည်တင်သွင်းလွှာ၌၊ အမတ်လောင်း တဦးသည် ခံမိကိုယ်ကိုဖြစ်စေ၊ အခြားသူ တဦး တယောက်ကိုဖြစ်စေ လွှေးကောက်ပဲ့ ကိုယ်စားလှယ်အဖြစ်ဖြင့် ခန့်ထားနိုင်ပေသည်၊ ထိုကဲ့သို့ ခန့်ထားကြောင်းကို အမည်တင်သွင်းလွှာတွင် ဖေါ်ပြရမည် ဖြစ်သည်။ အကယ်၍ အခြားသူတဦး တယောက်ကို မိမိလွှေးကောက်ပဲ့ကိုယ်စား လှယ်အဖြစ်ဖြင့် ခန့်ထားသောအခါမှသာလျှင် နည်းဥပဒေ ၃၈ (က) အရ၊ ပုံစံ ၉ (က) အတိုင်း၊ ထိုသို့ခန့်ထားကြောင်းကို ဖေါ်ပြ၍ ထိုပုံစံကို အမည်တင်သွင်း လွှာနှင့် ပူးတွဲ ဟင်သွင်းရမည်ဖြစ်သည်၊ ယခုကိစ္စတွင် လျှောက်ထားသူသည်၊ မိမိ ကိုယ်ကိုပင် မိမိ၏ လွှေးကောက်ပဲ့ကိုယ်စားလှယ်အဖြစ်ဖြင့် ခန့်ထားခဲ့ခြင်းကြောင့်၊ ပုံစံ ၉ (က) အရ၊ ထပ်ခံ၍ရေးသွင်း ပူးတွဲတင်ပြရန် မလိုတော့ချေ။

ဦးစိုးလင်းနှင့် လွှေးကောက်ပဲ့ တာဝန်ခံအရာရှိ (ခရိုင်ဝန်) မြင်းခြံမြို့၊ ပါ ၅ ၂၆

ပါလီမန်လွှေးကောက်ပဲ့နည်းဥပဒေ ၄၆ တွင်၊ အဆိုသွင်းသူနှင့် ထောက်ခံသူတို့သည် လွှေး ကောက်ပဲ့ တာဝန်ခံ အရာရှိ သတ်မှတ်သော အချိန်နှင့် နေရာသို့ လာရောက်ရမည် ဟုမပါ။ ထိုသို့ မလာမရောက်ခြင်းကြောင့် နည်းဥပဒေ ၄၇ (၁) (က) နှင့် (ခ) အရ၊ ချို့ယွင်းချက်မဟုတ်။ ဆုံးဖြတ်ချက်။ ။လွှေးကောက်ပဲ့ နည်းဥပဒေ ၄၆ အရ၊ ပြဋ္ဌာန်းထားသည်မှာ အလွှေးခံသူ အသီးသီး၏ အဆိုသွင်းသူ ထောက်ခံသူ တဦးစီ လွှေးကောက်ပဲ့ တာဝန်ခံ အရာရှိ သတ်မှတ်သော အချိန်နှင့် နေရာသို့ လာ

ရောက်နိုင်ကြောင်း၊ ထို့ပြင် အမည်တင်သွင်းလွှာများကို ကြည့်ရှု စစ်ဆေးရန် ထိုသူတို့အား သင့်တော်သော အခွင့်အရေးများကို ပေးရမည်ဟုသာ ဖြစ်သည်၊ ထိုသူများ လာရောက်ရမည်ဟု မပါခေါ်။ မည်သည့်အရေးကြီးသော ကိစ္စနှင့် စပ်လျဉ်း၍ အဆိုသွင်းသူနှင့် ထောက်ခံသူတို့ကို မိမိထံ ချိန်းဆိုထားသောနေ့၌ ချိန်းဆိုသောအချိန်တွင် လာရောက်ရန် အကြောင်းကြားခြင်း တစုံတရာ ပြုလုပ်ခြင်း မရှိဘဲနှင့် ထိုသူများ မလာရောက်သည်ကို အကြောင်းပြု၍ လျှောက်ထားသူ အမည်တင်သွင်းလွှာကို ပယ်ချခြင်းမှာ၊ ရွေးကောက်ပဲ့ နည်းဥပဒေနှင့် ညီညွတ်သော အမိန့်တရပ်ဟု မယူဆနိုင်ခေါ်။ အဆိုသွင်းသူနှင့် ထောက်ခံသူများအား၊ ယခုကဲ့သို့ အကြောင်းပြခွင့် တစုံတရာမပြုဘဲနှင့် ရွေးကောက်ပဲ့ နည်းဥပဒေ ၄၇ (၁) (က) နှင့် (ခ) အရ၊ ချိုယွင်းချက်များ ရှိသည်ဟု အကြောင်းမဲ့ ယူဆပြီး လျှောက်ထားသူ၏ အမတ်လောင်း လျှောက်လွှာကို ပယ်ခြင်းမှာ တရားဥပဒေနှင့် သာမက၊ သဘာဝ မျှတမှုနှင့်လည်း ဆန့်ကျင်သည်ဟု ယူဆရပေမည်။

ဦးရဲမြင့်နှင့် ခရိုင်ဝန်၊ မိတ္ထီလာ ပါ ၆ .... .... ... ၄၀

**ပါလီမန် ရွေးကောက်ပဲ့ နည်းဥပဒေ ၅၁ (က) အရ၊ ရွေးကောက်ပဲ့တာဝန်ခံ အရာရှိက** ချမှတ်သော အမိန့်၊ နောက်ဆုံးအတည်ဖြစ်ရမည့်အမိန့်၊ ဥပဒေကြောင်းနှင့် **မစပ်** လျဉ်း၊ အလွန် လုံလောက်သော အကြောင်းရှိမှသာ၊ ဤရုံးတော်က **အပူခေါ်** စာချုပ်ဖြင့် ဝင်ရောက်စွက်ဖက်မည့်ကိစ္စ။ **။ဆုံးဖြတ်ချက်။** ။ပါလီမန် **အမတ်** အဖြစ် အရွေးခံလိုသူများက၊ မိမိတို့၏ မဲပုံးများတွင် အသုံးပြုရန် မဲပုံး အမှတ် အသားများကို တင်ပြကြသောအခါ၊ ပါလီမန် ရွေးကောက်ပဲ့ နည်းဥပဒေ ၅၁ အရ၊ ရန်ကုန် ရွေးကောက်ပဲ့တာဝန်ခံအရာရှိက၊ မဲပုံးအမှတ်အသားချင်း ခြားနားကွဲပြားခြင်းရှိ၊ မရှိကို စီစစ်ရန် တာဝန်ရှိသည့်အတိုင်း၊ မဲပုံးများကို စီစစ်သောအခါ လျှောက်ထားသူက တင်ပြသော၊ ၎င်းအသုံးပြုလိုသည့် မဲပုံး အမှတ် အသားမှာ၊ အခြား အမတ်လောင်း တဦးက တင်ပြသော **မဲပုံးနှင့် ဆင်တူရိုးမှား ဖြစ်၍ ခဲ့ခြင်း**၊ သီသာနိုင်ရန် ခဲယဉ်းသည်ဟု ရွေးကောက်ပဲ့ **တာဝန်ခံ** အရာရှိက ယူဆပြီးလျှင်၊ သက်ဆိုင်ရာနှစ်ဦးနှစ်ဘက်သော ပုဂ္ဂိုလ်များနှင့် သဘောတူညီချက် ရရှိရန် ညှိနှိုင်း တိုင်ပင်ကြသော်လည်း သဘောတူညီချက် **မရရှိ**သဖြင့်၊ လျှောက်ထားသူက မဲပုံးတွင် ရွှေဝါရောင်၊ သို့မဟုတ် အဝါနုရောင် အသုံးပြုလိုကြောင်း ပြောရာ၊ ရွေးကောက်ပဲ့တာဝန်ခံအရာရှိကလေ့ က်ထားသူအသုံးပြုလိုသော အရောင်မှာအနည်း ငယ်ရင့်သော်လည်း အဝါရောင်သာ ဖြစ်သည့်အလျောက်၊ အခြား အမတ်လောင်း တင်ပြသော မဲပုံးအရောင်နှင့် ဆင်တူရိုးမှား ဖြစ်ပြီး၊ ခဲ့ခြား မသီသာနိုင်သဖြင့်၊ **ပါလီမန်** ရွေးကောက်ပဲ့ နည်းဥပဒေ ၅၁ (က) အရ၊ လျှောက်ထားသူ တင်ပြသော မဲပုံးတွင်၊ ရွှေဝါရောင်၊ သို့မဟုတ် အဝါနုရောင်အစား၊ အဖြူရောင် အသုံးပြုရန်၊ ဆုံးဖြတ်ချက် ချမှတ်လေသည်။ ။ဤဆုံးဖြတ်ချက်မှာ နည်းဥပဒေ ၅၁ (က) အရ၊ သက်ဆိုင်ရာ ရွေးကောက်ပဲ့ တာဝန်ခံ အရာရှိက၊ မိမိ၏ထင်မြင် ယူဆချက်အတိုင်း ချမှတ်သော အမိန့်မျိုးဖြစ်သည့်အပြင်၊ ထိုနည်းဥပဒေ၌ပင် ဤကဲ့သို့သော ဆုံးဖြတ်ချက်သည် နောက်ဆုံး အတည်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်၊ ဤကိစ္စမျိုးမှာ ဥပဒေကြောင်းနှင့် စပ်လျဉ်းသည့် ကိစ္စမျိုးမဟုတ်ဘဲ၊ သက်ဆိုင်ရာ အာဏာပိုင်၏ သဘော ယူဆချက်အတိုင်း ဆုံးဖြတ်ရမည့်အကြောင်း အရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်မျှသာ ဖြစ်သည်။ ဤကဲ့သို့သော ကိစ္စမျိုးတွင် ဤရုံး

စာမျက်နှာ

တော်က အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ဝင်ရောက် စွက်ဖက်နိုင်ရန် အကြောင်း အလှန် လုံလောက်မှုသာလျှင် ဖြစ်နိုင်သည်။ ။အရောင်အနုအရောင်ခွဲခြား ရှုမြင်ဖြင့် ရွေးဆောက်ပုံ တာဝန်ခံ အရာရှိ၏ ဆင်တူရိုးမှား ပြစ်သည်ဟု ယူဆချက်သည် မှား သည်ဟု မဆိုသာချေ။ ထို့ပြင် ဤကိစ္စမျိုးသည် အာဏာပိုင်ဖြစ်သော ရွေး ကောက်ပုံ တာဝန်ခံအရာရှိအား၊ မည်သို့သို့ ဆောင်ရွက်ရမည်၊ မည်ကဲ့သို့သော အရောင်မျိုးကို လက်ခံရမည်ဟု ဤရုံးတော်က ညွှန်ကြားခြင်း၊ အမိန့်ပေးခြင်းကို ပြုနိုင်သော ကိစ္စမျိုးမဟုတ်ဧ။

ဦးထွန်းအုံနှင့် ရန်ကုန်ခရိုင် ရွေးကောက်ပုံ တာဝန်ခံ အရာရှိ (ကော်လိတ္တော် အရာရှိ) ပါ ၇ .... .... .... .... ၂၇

ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅ (၁) ကို သုံးစွဲ၍ ချုပ်တော်သော နယ်နှင်ဒဏ်အမိန့်ကို ပယ်ဖျက်ရန် အမှုခေါ် စာချုပ်တော် လျှောက်ထားမှုကို ဆုံးဖြတ်ရန်မူများ။ ။**ဆုံးဖြတ်ချက်**။ ။လျှောက်ထားသူ သည်၊ ဘိန်းကုန်ကူးသည်ဟု စွပ်စွဲပြီး၊ ပြည်သူ့ငြိမ် ပ်ပိပြားရေး (ထိန်းသိမ်း စောင့်ရှောက်မှု) အက်ဥပဒေ ၅ (က) ကို သုံးစွဲလျက်၊ ၎င်းအား ရွှန်ကုန်မြို့မှ၊ ပခုက္ကူခရိုင်၊ ဆောမြို့သို့ ပြောင်းရွှေ့နေထိုင်စေသည့် နယ်နှင်ဒဏ် အမိန့်ကို ပယ် ဖျက်ပေးပါရန် အမှု ခေါ် စာချုပ်တော် လျှောက်ထားသောအမှုတွင် ဤရုံးတော်က ဆုံးဖြတ်ရန် မူများမှာ (၁) ဘိန်းလုပ်ငန်း လုပ်သည်ဆိုသည်ကို၊ ပြည်သူ့ ငြိမ်ဝပ် ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅ (က) အရ အရေးယူ သည့် အာဏာပိုင် ရှေ့မေ့ က်၌ခိုင်လုံသော အထောက်အထား ရှိ မရှိ၊ (၂) ယင်း သို့ အထောက်အထားရှိသျှင်၊ ထိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမှ တားမြစ် ပိတ်ပင်ရန် ဥာလို့ဂ်၊ အဆိုပါ အက်ဥပဒေ ပုဒ်မ ၅ (က) အရ အကယ်ပင် အရေး ယူရန် လိုအပ်သည် မလိုအပ်သည်။ ။အာဏာပိုင်များက လျှောက်ထားသူသည် တကယ်ပင် ဘိန်းလုပ်ငန်း လုပ်ခဲ့ဘူးသူဟု ယူဆစေကာမူ၊ နောက်ကာလ၌ ဆက် လက် လုပ်ကိုင်ခြင်းမှ ကာကွယ်ရန်အတွက်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်း သိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅ (က) အရ၊ အရေးယူရန် အကယ်ပင် လိုအပ်သည်ဟု ယုံကြည်ကြေနပ်မှု ရှိ၊ မရှိကို မစဉ်းစားဘဲ ဘဏ္ဍာရေးနှင့် အခွန် တော် ဝန်ကြီးဌာနက နယ်နှင်ပေးရန် တောင်းဆိုချက်ကို လိုက်လျောခြင်းသည် ဥပဒေနှင့် မကိုက်ညီ၊ လျှောက်ထားသူအား ဆောမြို့၌ နေထိုင်ရမည်ဟု ချမှတ် သော အမိန့်ကို ပယ်ဖျက်လိုက်သည်။

လင်ခွေးယား (ခေါ်) ရောင်အိပ်နှင့် ပြည်ထဲရေးဌာနဝန်ကြီး .... ၁၈၉

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆၊ အယူခံဝင်ရန် အခွင့်ထူးပေးခြင်း၊ ပုဒ်မ ၅၊ နှင့် ခြားနားပုံ၊ ပုဒ်မ ၆ အရ၊ ကာလစည်းကမ်းသတ် အတွင်းနှင့် ကာလ စည်းကမ်းသတ် ကျော်လွန်မှု အယူခံဝင်ရန် ထောက်ခံချက်ရရန် လျှောက်ထားရာ တွင် ဤရုံးတော်က ဆုံးဖြတ်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။ပြည်ထောင်စု တရား စီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ ၌၊ တရားရုံးတရပ်ရပ်မှ ချမှတ်သောစီရင်ချက်ကို၊ သို့တည်းမဟုတ် ဒီကရီကို၊ သို့တည်းမဟုတ် အပြီးသတ်အမိန့်ကိုအယူခံဝင်ရန်တရား လွှတ်တော်ချုပ်က မိမိ၏သဘောအတိုင်း၊ အခွင့်ထူးပေးနိုင်သည်ဟု ပြဋ္ဌာန်းထား လေသည်။ ထိုပုဒ်မ ၆ သည်၊ ၎င်းအက်ဥပဒေ ပုဒ်မ ၅ မှာကဲ့သို့ သာမန် အယူခံလွှာ

များကို တရားလွှတ်တော်ချုပ်က လက်ခံ ကြားနာစစ်ဆေးရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေ မဟုတ်ခေါ်။ ပုဒ်မ ၅ အရဆိုလျှင်၊ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျှင်၊ အယူခံလွှာကို တရားလွှတ်တော်ချုပ်က လက်ခံရမည်ဖြစ်သည်။ ပုဒ်မ ၆ အရမှာမူကား၊ အယူခံဝင်ရန်တရားလွှတ်တော်ချုပ်က အခွင့်ထူးပေးသင့်သည်ဟု ယူဆလျှင်၊ မိမိသဘောအတိုင်း အခွင့်ထူးပေးနိုင်သည်။ ။ယခုကဲ့သို့သော တန်ဘိုးကျပ် ၂,၀၀၀ မျှရှိသော မှုခင်းတွင် ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးဖြင့် အယူခံဝင်လိုသူသည်၊ ထိုအက်ဥပဒေပုဒ်မ ၂၀ အရ၊ အခွင့်အရေးရရှိထားသည့်အတိုင်း၊ တရားဝန်ကြီးတဦးအယူခံမှုတွင် ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ တရားလွှတ်တော်သို့ အယူခံဝင်ရမည်ဖြစ်သည်။အကယ်၍ ကာလခံစားကန်သတ်အတွင်း အယူခံဝင်ရန်အတွက်လိုအပ်သည့် ထိုတရားဝန်ကြီး၏ ထောက်ခံချက် ရရှိရန် လျှောက်ထားရာ၌၊ ထောက်ခံခြင်း မပြုဘဲ လျှောက်လွှာကို ပယ်လျှင်၊ တရားဝန်ကြီး၏ အယူခံမှုတွင် ချမှတ်သော အမိန့်သည် ပုဒ်မ ၆ တွင် အကျုံးဝင်သော အပြီးသတ် အမိန့်ဖြစ်သည်ဟု ဤခုံးတော်က ယူဆ၍၊ အခွင့်ထူးပေးသင့်က ပေးခဲ့လေသည်။ သို့ရာတွင် ကာလစည်းကမ်းသတ် ကျော်လွန်မှု ထောက်ခံချက် လျှောက်ထားသည့် စည်းကမ်းချက်မျိုးတွင် ဤခုံးတော်က ယင်းသို့ယူဆခြင်း မပြုနိုင်ပေ။

ဒေါ်မြင့် ပါ ၂ နှင့် ဦးသိုက် ပါ ၅ .... .... .... ၁၀၉

ပြည်ထောင်စု ပါလီမန်က ပြည်ဆောင်အချင်းချင်း သဘောတူစာချုပ်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စ။ ''သဘောတူညီချက်ပေးခြင်း'' နှင့် ''ဥပဒေပြုခြင်း'' တည်းဟူသော ကိုယ်နှစ်ရပ်အနက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ အက်ဥပဒေ ပုဒ်မ ၂၁၃ (၂) အရ၊ ဥပဒေပြုခြင်းကို မဆောင်ရွက်မီ၊ သဘောတူညီချက်ပေးခြင်းကို အလျင်ဦးစွာ ဆောင်ရွက်ရမည် .... .... .... .... ၁၁၃

ပြည်ထောင်စုနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၄ (၂) ရှေးအခါက နိုင်ငံခြားမှလာ၍ နေထိုင်ကြသူများမှ ဆင်းသက်သည့် မြေး၊ မြစ်များသည်၊ ပြည်ထောင်စုနိုင်ငံသားများဖြစ်ကြသည်။ ဤအချက်ကို ပြည်နှင်ဒဏ်ပေးသည့် အခါ၌ သတိမူသင့်ခြင်း ၂၁၅

ပြည်နှင်ဒဏ်—မှားယွင်း၍ ပြည်ထောင်စုသားတဦးကိုပြည်နှင်ဒဏ်ပေးခြင်းသည်၊ သေဒဏ်နီးနီး ကြီးလေးသည့် ပြစ်ဒဏ်ဖြစ်ခြင်း။ သို့အတွက် ပြည်နှင်ဒဏ် အမိန့်မျှားမပေးမီ၊ လေးနက်စွာ စဉ်းစား ဝေဖန်သင့်ခြင်း။ လူတဦးတယောက် ခိုးဝှင်ခြင်းကိစ္စသည် တရားစီရင်ရေးကိုမှုဖြစ်၍၊ အခြေခံဥပဒေ ပုဒ်မ ၁၅၀ အရ၊ ဆောင်ရွက်စီရင်ဆုံးဖြတ်ရမည် .... .... .... .... ၂၁၅

ပြည်နှင်ဒဏ်။ ။နိုင်ငံခြားသား တဦးအား လူဝင်မှု ကြီးကြပ်ရေး (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ၊ ပြည်နှင်ဒဏ်ပေးလိုလျှင်ကိုးကားရမည့်ပုဒ်မများ .... ၂၆၉

ပြည်သူ့ ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေ ၁၉၅၁ ခုနှစ်၊ ပုဒ်မ ၅-က၊ အာဏာစက်ကုန်ပြီးဖြစ်သော အမိန့်၊ ပြင်ဆင်ခြင်း မပြုနိုင်၊ ချုတ်ချယ်နိုင်စေရန် ခိုင်လုံသော အထောက်အထားရှိရမည်၊ အာဏာပိုင်က ထပ်မံသွင်းစဉ်းစားရမည့်အချက်၊ ချုတ်ချယ်ရာတွင် တရားဥပဒေအရ မခိုင်

လုံသည့်အကြောင်းပြချက်။ ၁၉၅၃ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၅-က အရ၊ လျှောက်ထားသူအား၊ ရန်ကုန်မြို့မှ ဟသ်တခရိုင်၊ မြန်အောင်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန် ၁၉၅၆ ခုနှစ်၊ မေလ ၄ ရက်နေ့၌၊ ပြည်သဲ့ရောဂါကြီးဌာနက အမိန့်ချမှတ် လေသည်၊ ထိုနောက် ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ တကြိမ်၊ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ တကြိမ်၊ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့၌တကြိမ်၊ လျှောက်ထားသူအား၊ မြန်အောင်မြို့၌ပင်၊ ဆက်လက်နေထိုင်ရန် ဆက်ကာဆက်ကာ အမိန့်ချမှတ်လေသည်၊ ထိုအမိန့် အသီးသီးမှာ တနှစ်တာမျှသာ သက်တမ်းရှိသဖြင့်၊ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့၌ ချမှတ်သော အမိန့်သည်၊ ၁၉၆၀ ခုနှစ်၊ မေလ ၁ ရက်နေ့၌ အာဏာတည်ခြင်းမှ ရပ်စဲလေသည်၊ ၁၉၆၀ ခုနှစ်၊ မေလ ၃ ရက်နေ့၌၊ ပြည်ထဲရေးဝန်ကြီးဌာနသည်၊ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ဖြင့် ထုတ်ထားသော အမိန့်ကို ပြင်ဆင်သည်ဆိုပြီး၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၅-က (ခ) ၏ အပိုဒ် (၄) အရ၊ လျှောက်ထားသူအား၊ မြန်အောင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ နေထိုင်ခွင့် ပြုလိုက်ကြောင်း၊ ရန်ကုန်မြို့ နယ်နိမိတ်အတွင်းမှ ဝန်ကြီးဌာန၏ အခွင့်အမိန့်တစုံတရာမရရှိဘဲ၊ အခြားနေရာသို့ ထွက်ခွါသွားခြင်းမပြုရကြောင်း စသည့်စည်းကမ်းချက်များဖြင့် အမိန့်ချမှတ် လိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် နေ့ဖြင့် ချမှတ်သောနယ်နှင်ခြေချုပ် အမိန့်မှာ၊ ၁၉၆၀ ခုနှစ်၊ မေလ ၁ ရက်နေ့၌၊ အာဏာစက်ကုန်ဆုံးပြီဖြစ်ရကား၊ ယင်းအမိန့်ကို ၁၉၆၀ ခုနှစ်၊ မေလ ၃ ရက်နေ့ဖွဲ့ပါ အမိန့်ဖြင့် ပြင်ဆင်ခြင်း မပြုနိုင်တော့ချေ။ ။သက်ဆိုင်ရာ အာဏာပိုင်ရွေ့မျောက်တွင် လျှောက်ထားသူအား၊ ချုပ်ချယ်နိုင်စေရန်အတွက် တရားဥပဒေအရ၊ ခိုင်လုံသော အထောက်အထား ရှိရမည်ဖြစ်သည့်ပြင်၊ ထိုသို့ ချုပ်ချယ်ရန် အကယ်ပင် လိုအပ်သည်၊ မလိုအပ်သည်ကို ထိုအာဏာပိုင်က ထည့်သွင်းစဉ်းစား မည်ဖြစ်သည်။ သက်ဆိုင်ရာ အာဏာပိုင်က လျှောက်ထားသူသည်၊ မူလ ဘိန်း ခိုးထုတ် ခိုးသွင်းဘက်ဖြစ်သော ရောင်းရင်းများနှင့် ပြန်လည် ဆက်သွယ်လိမ့်မည်ဟူသော ထင်ယောင် ဝိုးဝါး စိုးရိမ် ကြောင့်ကျမှုကြောင့် လျှောက်ထားသူ၏ လွတ်လပ်ခွင့်ကို ထပ်မံချုပ်ချယ်ရသည်ဟူသော အကြောင်းပြချက်မှာ တရားဥပဒေအရ မခိုင်လုံချေ။

လိုကင်စူ (ခေါ်) ဦးစုနှင့် အတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန .... ၂၁၉

ပြောင့်ချက်။ ။အလိုအလျောက်ပေး၊ မပေး လေးလေးနက်နက် စဉ်းစားဘုယ်ရာ ပြဿနာ၊ မည်သည့်အခါ ပြန်လည်ချပ်သိမ်းသော ပြောင့်ချက်ကို မူတည်၍ အပြစ်ပေးခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလို မောင်ပန်းဇုံက မိမိပြောင့်ချက်ပေးရခြင်းမှာ ရဲဌာနမှ နှိပ်စက်ညှဉ်းပန်းသည့်ဒဏ်ကိုမခံနိုင်တော့သဖြင့် ၎င်းတို့သွန်သင်ပေးသည့်အတိုင်းပြောင့်ချက်ပေးခဲ့ရကြောင်း၊ ထို့ပြင်လည်းမြင်းမူမြို့ရဲအချုပ်သာရှိ၍ အာဏာရှိ၍ ပြောင့်ချက်မပေးဘဲ နေလျှင် ရဲအချုပ်သို့ ရာဇဝတ်တရားသူကြီးထံမှ ပြန်လည်ရောက်ရှိသောအခါ ပို၍ဆို့၍ နှိပ်စက်မည်ကို စိုးရိမ်ကြောက်လန့်သောကြောင့်၊ မမှန်မကန် ပြောင့်ချက်ပေးခဲ့ရကြောင်း မြွက်ဆိုထားလေသည်၊ ဤအတိုင်းမှန်လျှင် ပန်းဇုံအလိုအလျောက် ပြောင့်ချက်ပေးသလောဟူသည့် ပြဿနာ

ကို လေးလေးနက်နက် စဉ်းစားရန် လိုအပ်ပေသည်။ ။ခါးပြန်း၊ လူသတ်မှုစသော အမှုကြီးများနှင့် ပတ်သက်၍ အာဘော်ခံရသော တရားခံများသည် ညှဉ်းပန်းကလူမှု ကြောင့်ရင်း၊ ဖြားယောင်း သွေးဆောင်မှုကြောင့်ရင်း၊ ဖြောင့်ချက်ပေးကြသည်ကို တွေ့ရှိကြရသဖြင့် တရားရုံးများက ပြန်လည် ရှုသိမ်းသော ဖြောင့်ချက် သက်သက်အပေါ် ၌ မူတည်၍ တရားခံအား အပြစ်ပေးနိုင်သော်လည်း ယေဘုယျအားဖြင့်၊ ဖြောင့်ချက်ကို အထောက်အထားပြုသည့် သက်သေခံ ရှိမှသာလျှင် အပြစ်ပေးကြလေသည်။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် အလှ (ခေါ်) မောင် လှနှင့် အခြားနှစ်ဦး၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော် ၂၉ ကို လက်ခံသည်။

မောင်ပန်းဇုံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် .... ၁၅

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁၃ (၂) "သဘောတူညီချက်ပေးခြင်း"၊ "ဥပဒေပြုခြင်း" မည်သည့်ကိစ္စကိုပါလီမန်ကအလျင်ဦးစွာဆောင်ရွက်ရခြင်း "ဥပဒေပြုခြင်း" ၏ အဓိပ္ပါယ် အကျုံးဝင်သည့်အချက်များ၊ **ပါလီမန်သို့ အပ်နှင်းထားသည့် လုပ်ငန်းများ**။ ။၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ထိုစဉ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီး နေဝင်းနှင့် တရုပ်ပြည်သူ့သမတနိုင်ငံအစိုးရဝန်ကြီးချုပ် မစ္စတာချူအင်လိုင်တို့သည်၊ တရုပ်ပြည်နှင့် မြန်မာပြည်နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့ လဲလှယ်ရေးအတွက် သဘောတူစာချုပ်ဆိုရာ၊ ထိုသဘောတူစာချုပ်၏ အပိုဒ် ၂(၂) နှင့် အပိုဒ် ၂(၃) တို့၌ ဖေါ်ပြထားသော ဥပဒေပြုရန်လိုသော၊ သို့တည်းမဟုတ် ဥပဒေပြုခြင်းကို လုံခြုံစေရန်အကြောင်းရှိသော အချက်အလက်တို့ပါဝင်စေကာမူ၊ ထိုသဘောတူစာချုပ်အတည်ပြုခြင်းကို ပါလီမန်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၃ (၂) အရ သဘောတူညီချက် ပေးနိုင်ပါသည်။ ။**ပြည်ထောင်ချင်းချင်း သဘောတူညီချက်**ကို လက်ခံအတည်ပြုရေးအတွက် ပါလီမန်သည် "**သဘောတူညီချက် ပေးခြင်း**" နှင့် "ဥပဒေပြုခြင်း" တည်းဟူသော ကိစ္စနှစ်ရပ်အနက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၃ (၂) အရ၊ ဥပဒေပြုခြင်းကို မဆောင်ရွက်မီ သဘောတူညီချက်ပေးခြင်းကို အလျင်ဦးစွာ ဆောင်ရွက်ရမည်။ ။"ဥပဒေပြုခြင်း" ဆိုသည်မှာ နည်းအမျိုးမျိုးဖြင့် ဥပဒေအမျိုးမျိုးကို ပြဋ္ဌာန်းခြင်းကို ဆိုလိုသည်။ ပါလီမန်က အခြေခံဥပဒေတွင် ပါရှိသည့် နည်းလမ်းများအတိုင်း အက်ဥပဒေပြဋ္ဌာန်းခြင်းများသည်ဖြင့်၊ ထိုအက်ဥပဒေက လွှဲအပ်သည့် အာဏာပိုင်တဦးဦးက နည်းဥပဒေနှင့်စည်းမျဉ်းဥပဒေပြုခြင်းများသည်ဖြင့်၊ ဥပဒေပြုခြင်းတည်းဟူသော စကားရပ်၏အဓိပ္ပါယ်တွင် အကျုံးဝင်လေ့ရှိသည်။ ထိုကြောင့် အခြေခံဥပဒေပုဒ်မ ၂၁၃ (၂) တွင် ပါရှိသည့်ဥပဒေပြုခြင်းဟူသောစကားရပ်၏ အဓိပ္ပါယ်တွင် ပါလီမန်က အခြေခံဥပဒေအခန်း ၆၊ အပိုင်း ၅ အရ၊ အက်ဥပဒေများ ပြဋ္ဌာန်းခြင်းသာမက၊ အခန်း ၁၁ အရ၊ အခြေခံဥပဒေကို ပြင်သည့် ဥပဒေပြုခြင်းလည်းပါဝင်သည်။ ထို့လုပ်ငန်းနှစ်ရပ်လုံးမှာ ပါလီမန်သို့သာလျှင် အခြေခံဥပဒေက ပေးအပ်ထားသော ဥပဒေပြုခြင်း လုပ်ငန်းများဖြစ်သည်။

တရုပ်-မြန်မာနယ်နိမိတ် သတ်မှတ်ရေးစာချုပ်နှင့် ပတ်သက်သော လွှဲအပ်မှု .. ၁၁၃

မြန်မာပြည်ဖယဘုယျစကားရပ်များအက်ဥပဒေ (The Burma General Clauses Act) ပုဒ်မ ၅(၀) ဖျက်သိမ်းပြီးသော အက်ဥပဒေအရ၊ အစိုးရအား၊ အခွန်တော်ငွေ ပေးဆောင်ရန် တာဝန်ပို့သော ကိစ္စများနှင့် မသက်ဆိုင်၊ အထွေထွေ ရောင်းခွန်တော်အက်ဥပဒေ ၁၉၅၄ ခုနှစ် .... .... .... .... .... ၂၃၇

မြို့ပြဆိုင်ရာဌါးရန်းခကြီးကြပ်ရေး အက်ဥပဒေ ၁၉၆၀ ခုနှစ်တွင် ညွှန်ကြားခြင်းမရှိသော အချက်၊ ပုဒ်မ ၄၄၊ မန်သည်ကောက်ယူချက်၊ သက်ဆိုင်သည့်ကိစ္စ၊ ပုဒ်မ ၂၁ (၄)၊ အိမ်ရှင်အား၊ ကြီးကြပ်ရေးဝန်က ထုတ်ဆင့်နိုင်သည့် အာဏာ ပုဒ်မ ၂၁ (၁) (ခ) တရားဥပဒေနှင့်ဆန့်ကျင်သော မူလဘရားဥပဒေနှင့် ညီညွတ်သည့် အိမ်ဌါးချထားခြင်း၊ အာဏာမဲ့ ချမှတ်သော အမိန့်။ ။အခြင်းဖြစ်အိမ်ခန်းတွင် မူလကဌါးရမ်းနေထိုင်သူ အေ၊ အင်စီကွန်ဒါဆိုသူသည်၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့သောက်တွင် ကွယ်လွန် အနိစ္စဓောက်သွားသဖြင့်၊ ထိုအိမ်ခန်းမှာ အားလပ်သော အိမ်ခန်းအဖြစ်သ့ ကျဆောက်လေရာ၊ လျောက်သူပါ အပါအဝင် လူပေါင်း ၅ ယောက်က၊ အဆိုပါ အိမ်ခန်းတွင် အိမ်ဌါးအဖြစ် ၆နှတိုင်ခွင့်ပေးရန်ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (က၊က) အရ၊ အသီးသီးလျောက်ထားကြရာတွင် လက်ထောက်ဌါးရန်းခ ကြီးကြပ်ရေးဝန်က ၎င်းကိစ္စကို စစ်ဆေးပြီးလျှင် လျောက်ထားခံရသူ အမှတ် (၄) ဦးစိန်မြင့်အား၊ အဆိုပါ အိမ်ခန်းကို အငှါးအဖြစ် ချထားရန်အမိန့်ချမှတ်ပြီး၊ ထိုအမိန့်ကို အတည်ပြုရန်အတွက်၊ ၁၉၆၀ ခုနှစ်၊ မတ်လ ၁ ရက်နေ့စွဲ၍ အိမ်ရှင်၏ သဘောတူညီချက်အရ၊ အချင်းဖြစ် အိမ်ခန်းတွင် အိမ်ဌါးအဖြစ် ဝင်ရောက် နေထိုင်လာခဲ့သူဖြစ်သော လျောက်ထားသူအား၊ ထိုအိမ်ခန်းမှ ထွက်ခွါသွားရန် ၁၉၆၀ ခုနှစ်၊ ဒူလိုင်လ ၁၁ ရက်နေ့ဖြင့် အမိန့်ချမှတ်လေသည်။ ။ **ဆုံးဖြတ်ချက်။** ။၁၉၆၀ ခုနှစ်၊ အက်ဥပဒေ အမှတ် ၈ အရ၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် သက်တမ်းကုန်ဆုံးခဲ့သော၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေကို ပြန်လည်၍ အသက်သွင်းထုတ်ယခင် အက်ဥပဒေ သက်တမ်းကုန်ဆုံးပြီးသည့်နောက်၊ ယခုတည်ဆဲ အက်ဥပဒေ အသစ်အာဏာ မတည်မီ ကြားကာလအတွင်းတွင် ပေါ်ပေါက်လာသော ကိစ္စတို့နှင့် စပ်လျဉ်း၍ ဌါးရမ်းခကြီးကြပ်ရေးဝန်က မည်သို့ မည်ပုံ အရေးယူဆောင်ရွက်နိုင်သော အာဏာရှိသည်ဟုသော ကိစ္စကို မည်သို့မျှ ထုတ်ဖော် ညွှန်ကြားခြင်းမရှိ။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (က) နှင့် ၄၄ (ခ) တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ယခင် အက်ဥပဒေ အာဏာကုန်ဆုံးသည့်နေ့နှင့် ယခုအက်ဥပဒေ စတင် အာဏာတည်သည့် နေ့ကြား ကာလအတွင်းဖြစ်ပျက်သော ကိစ္စရပ်ဘို့ကို ယခင် အက်ဥပဒေအရ ဆောင်ရွက်သွားနိုင်သည်ဟု အဓိပ္ပါယ် မသက်ရောက်ခေ။ အထက်ဖော်ပြပါ ပုဒ်မ ၄၄ သည် ယခင် အက်ဥပဒေ သက်တမ်း ကုန်ဆုံးသည့်အချိန်တွင် ပြုလုပ် ဆောင်ရွက်ဆဲဖြစ်သော မူခင်းကိစ္စရပ်များနှင့် သာ သက်ဆိုင်ပေသည်။ ။ယခုအာဏာတည်ဆဲ အက်ဥပဒေပုဒ်မ ၂၁ (၄) အရ၊ နိုင်ငံတော်သမတက ဖွဲ့စည်းသည့် အကြံပေးအဖွဲ့၏ အကြံဉာဏ်အတိုင်းသာလျှင် ဌါးရမ်းခ ကြီးကြပ်ရေးဝန်က အိမ်ရှင်အား၊ ညွှန်ကြားချက် ထုတ်ဆင့်နိုင်သည်၊ ဥပဒေတွင် ပြဋ္ဌ နံထားသော စကားရပ်များအရ

ဆိုသျှင် ကြီးကြပ်ရေးဝန်သည် ဥပစာဘဒုခုတွင် ၎င်း၏ ခွင့်ပြုချက်မရဘဲ နေထိုင်ကြောင်း အခကြေငွကြားစာရသို့ခဲ့လျှင် နိုင်ငံတော် သမတက ဖဲ့စည်းသည့်အတြေ ပေးအဖွဲ့၏ အကြံဉာဏ်အတိုင်းသာလျှင် ဆောင်ရွက်လျက် အိမ်ရှင်ထံ ညွှန်ကြားချက် ထုတ်ပေးနိုင်ပေသည်။ အခြားမည်သည့်နည်းနှင့်မျှ အရေးယူ ဆောင်ရွက်နိုင်သည့်အာဏာ မရှိခဲ့ချေ။ ။၁၃၆၀ ခုနှစ်၊ မေလ ဂ ရက်နေ့တွင် စတင်အာဏာတည်သည့် ယခုလက်ရှိ ဥပဒေ ပုဒ်မ ၂၁ (၁) (ခ) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် ကြီးကြပ်ခန်းဝန်၏ ခွင့်ပြုချက်မရဘဲ၊ ၁၃၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ နေ့ဝက်ဘွဲ့ အိမ်ငှါးချထားခြင်းမျိုးသည် တရားဥပဒေနှင့် ဆန့်ကျင်သော ချထားခြင်းမျိုးဖြစ်သည်။ သို့အတွက်ကြောင့် ဤအမှုတွင် အိမ်ရှင်က လျော်ကြေးထားသူအား၊ အချင်းဖြစ် အိမ်ခန်းကို ၁၃၆၀ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ ပြန်လည်သိမ်းယူခြင်းသည်၊ ယခင် အက်ဥပဒေ အာဏာကုန်ဆုံးပြီးနောက်၊ ယခုလက်ရှိ အက်ဥပဒေ စတင်အာဏာ မတည်မီ ကြားကာလအတွင်းက ထိုစဉ်အခါက **တရားဥပဒေ** နှင့် ညီညွတ်သော လုပ်ဆောင်ခြင်းဖြစ်သော်လည်း၊ ယခုလက်ရှိ **အက်ဥပဒေ** ပုဒ်မ ၂၁ (၁) (ခ) အရ၊ ကြီးကြပ်ခန်းဝန်၏ **အခွင့်ပြု အိမ်ငှါးချထားခြင်း၊ မဟုတ်** သောကြောင့် ပျက်ပြယ်သည်ဟု ယူဆရပေမည်။ **အဆိုပါ ကြားကာလအတွင်း**၊ တွင် အိမ်ရှင်များသည် **ဝိမတ္တိပိုင် လစ်လပ်နေသော အိမ်ခန်းများကို သင့်တော်သူ** များအား အငှါးချထားရမည်သာ ဖြစ်သည်။ **ကြီးကြပ်ရေးဝန်ထံမှ အခွင့်တစ်** တရာ ခံယူခန့်လည်း လုံးဝ အကြောင်း **မရှိခဲ့ချေ**။ **ကြီးကြပ်ခန်းဝန်ပင် မရှိသဖြင့်** ခွင့်ပြုချက် ပေးနိုင်သည့် အာဏာပိုင်လည်း ထိုအခါက **မရှိဟု** ယူဆရမည်ဖြစ်သည်။ ။ယခုအမှုတွင် ပေါ်ပေါက်သော ကိစ္စရပ်များမှာ၊ ယခင် ၁၃၄၀ **ခုနှစ်၊** မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တမ်းကုန်ဆုံးပြီးနောက် ယခု အာဏာတည်ဆဲ အက်ဥပဒေ မပြဋ္ဌာန်းမီ ပေါ်ပေါက်သော ကိစ္စရပ်များ ဖြစ်၍ လက်ဆောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က လျော်ကြေးထားသူအား အချင်းဖြစ် အိမ်ခန်းမှ ထွက်ခွါသွားရန် ၁၃၆၀ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ဖြင့် ခွဲမှတ်သော အမိန့်မှာ အာဏာမဲ့ချမှတ်ထားသော အမိန့်တရပ် ဖြစ်သည်။

ရန်ကျော်ဌာနှင့် ငှါးရမ်းခကြီးကြပ်ရေးဝန်၊ ရန်ကုန်မြို့ပါ ၄ .... .... ၂၂၃

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၉၊ (ယခု ၂၇)၊ စံငါးခသတ်မှတ်ခြင်း မပြုမီ လိုအပ်သည့်အချက်များ။ ။မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၉၊ (ယခု ၂၇) အရ ဆိုသျှင်၊ စံငှါးခီ သတ်မှတ်ခြင်း မပြုမီ သက်ဆိုင်ရာ ဥပစာနှင့် စပ်သျှင်း၍၊ အငှါးချထားသူနှင့် ငှါးရမ်းသူ ရှိရမည်။ ယင်းသို့ရှိမှသာလျှင် အငှါးချထားသူကဖြစ်စေ၊ ငှါးရမ်းသူကဖြစ်စေ၊ စံငှါးခ သတ်မှတ်ရန် လျော်ကြေးထားလျှင် သေချင်း၊ မိမိအလိုအလျောက် သေချင်း ကြီးကြပ်ခန်းဝန်က စံငှါးခကို သတ်မှတ်နိုင်သည်။

ဦးစိန်ဘ ပါ ၃၀ နှင့် မြင်းခြံမြို့၊ နယ်ပိုင်တရားမ တရားသူကြီးပါ ၅ .... ၁၂၀

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ (၁၃၄၀ ခုနှစ်) သက်တမ်း ကုန်ဆုံးခဲ့သဖြင့် ကြီးကြပ်ခန်းဝန်ထံဘွဲ့ မပြီးပြတ်ဘဲ ကျန်ရှိနေသေးသော အမှုအခင်းများကို ၁၃၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) အရအပ်နှင်းထားသော အာဏာအတိုင်း ပြီးပြတ်အောင် ဆောင်ရွက်ခြင်း။ ။

စာမျက်နှာ

မိမိငှါးရမ်းနေထိုင်သော အိမ်ခန်းကို ကြီးကြပ်ရေးဝန်၏ အမိန့်မရဘဲ တဆင့်ငှါးရမ်းခဲ့သဖြင့်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ (က က) (၄) (က) အရ၊ ကြီးကြပ်ရေးဝန်က လျော်ကြေးထားသူ မစ္စတာ ဂျွန် ဒီဆေးလဗါ အပေါ် တွင် အရေးယူနေစဉ် အတွင်း ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့၌ ထိုငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တမ်း ကုန်ဆုံးသွားရာ၊ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပါ အမိန့်ဖြင့် လျော်ကြေးထားသူ မစ္စတာ ဂျွန် ဒီဆေးလဗါးအား၊ အခင်းဖြစ်အိမ်ခန်းပြန်လည် ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သော်လည်း၊ ၎င်းအမိန့်မှာ ငှါးရမ်းခ ကြီးကြပ်ခရေး အက်ဥပဒေ သက်တမ်းကုန်ဆုံးပြီးမှ ချမှတ်သော အမိန့်ဖြစ်ရကား၊ တရားမဝင် အတည်မဖြစ်သော အမိန့်ဖြစ်သဖြင့်၊ အခင်းဖြစ် အိမ်ခန်းကို လျော်ကြေးထားသူ မစ္စတာ ဂျွန် ဒီဆေးလဗါးအား လျော်ကြေးထားခံရသူ အမှတ် ၂ အိမ်ပိုင်ရှင် ဒေါ်ရင်မွှံက ပြန်လည် ပေးအပ်လိုက်ရလေသည်။ ထိုနောက်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) အရ၊ ကြီးကြပ်ရေးဝန်က ဆက်လက် အရေးယူပြီး၊ မစ္စတာ ဂျွန် ဒီးဆေးလဗါးအား၊ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့ပါ၊ အမိန့်ဖြင့် အခင်းဖြစ် ဥပစာမှ ထွက်ခွါဖယ်ရှားပေးရန် ချမှတ်သည့် အမိန့်ကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပေးပါရန် မစ္စတာ ဂျွန်ဒီဆေးလဗါးက လျှောက်ထားလေသည်။ **ဆုံးဖြတ်ချက်။** ။၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တမ်းကုန်ဆုံးခဲ့ငြားသော်လည်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေစတင် အာဏာတည်သည့်အချိန်၌ ထိုသက်တမ်း ကုန်ဆုံးခဲ့သည့် အက်ဥပဒေ အရခန့်ထားသည့် ကြီးကြပ်ရေးဝန်ထံတွင် မပြီးမပြတ်ဘဲ ကျန်ရှိနေသေးသော ရာဇဝတ်မှုမျိုးဖြစ်သော မှုခင်းများမှတပါး၊ အခြားအမှုအခင်းများကို ထိုသက်တမ်းကုန်ဆုံးခဲ့သည့် အက်ဥပဒေ ပြဋ္ဌာန်းချက် များနှင့် အညီ ပြီးပြတ်အောင် စစ်ဆေး စီရင်ရမည်ဖြစ်သည်။ ။အခင်းဖြစ် အိမ်ခန်းကို မစ္စတာ ဂျွန် ဒီဆေးလဗါးက ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ မပြဋ္ဌာန်းမီ လက်ရှိပြန်ရသည်မှာ မှန်သော်လည်း၊ ယင်းကဲ့သို့ အိမ်ခန်းကို ပြန်လည်ရရှိခြင်းမှာ၊ ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့် အရမဟုတ်၊ ကြီးကြပ်ရေးဝန် အာဏာမရှိဘဲ ဆောင်ရွက်ခဲ့သည်ကို ဖြန်ဖြေသည့် သဘောဖြင့် မစ္စတာဂျွန် ဒီဆေးလဗါးနှင့် ဒေါ်ရင်မွှံတို့အား အကြံပေးသောကြောင့်သာ ဖြစ်ခြင်းကြောင့် အခင်းဖြစ် အိမ်ခန်း ပြန်လည်ရရှိခဲ့သည်ကို တရားဥပဒေအရ မဟုတ်သဖြင့် ဤရှုံးတော်က အသိအမှတ် မပြုနိုင်ခြင်းကြောင့် ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ ပြဋ္ဌာန်းပြီးနောက် မှုခင်းမှာ မပြီးမပြတ်ရှိနေသေးသည်ဟု ဆိုရမဟုတ်ဖြစ်၍၊ ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ ပုဒ်မ ၄၄ (ခ) အရ၊ အာဏာအပ်နှင်းထားသည့်အတိုင်း ကြီးကြပ်ရေးဝန် ဆက်လက် ဆောင်ရွက်သည်ကို ဤရုံးတော်က ဝင်ရောက် စွက်ဖက်ရန် အကြောင်းမမြင်ချေ။

မစ္စတာဂျွန်ဒီဆေးလဗါးနှင့် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန် ပါ ၂ .... ၁၇၁

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ၊ ၁၉၆၀ ခုနှစ်၊ ပုဒ်မ ၄၄ (ခ) ၎င်းပုဒ်မ အရငှါးရမ်းခ ကြီးကြပ်ရေးဝန်အား အပ်နှင်းထားသော အာဏာများ .... ၁၇၁

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေ သက်တမ်း ကုန်ဆုံးခြင်းကိစ္စ၊ ယာယီဥပဒေ ဖြစ်သဖြင့် ဖြစ်ပေါ် သည့်ကိစ္စများ .... .... .... ၁၇

မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ခရေး ဥပဒေ ပုဒ်မ ၁၃ ၎င်းဥပဒေ သက်ဆိုင်း ကုန်ဆုံးသည့် အခါငွေထိုပုဒ်မအရ အခိန်ချမှတ်နိုင်သည့် ကြီးကြပ်ခရေးဝန်မရှိခြင်း ... ၁၃

မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ခရေး အက်ဥပဒေ ပုဒ်မ ၂၂ အရ၊ မည်သည့် အခါမျှသော၊ စောဒကာဝင်နိုင်ခြင်း၊ သက်တမ်းကုန်ဆုံးခြင်းကြောင့် ဖြစ်ပေါ်သည့်ကိစ္စ။ ။ ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ခရေးဝန်က၊ စံဌါးခ သတ်မှတ်သည့်အခါငွေသာလျှင်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၂ အရ၊ စောဒကာဝင်နိုင်သည်၊ ယင်းသို့ စံဌါးခ သတ်မှတ်ခြင်းမပြုလျှင်၊ စောဒကာဝင်နိုင်ခေ။ ။မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တမ်းကုန်ဆုံးခဲ့ပြီးနောက်၊ ပြန်လည်အတည်ပြုခစရန်အတွက် နိုင်ငံတော် သမတက၊ အက်ဥပဒေ ပုဒ်မ (၁)၊ ပုဒ်မငယ် (၃) အရ၊ အမိန့်ကြော်ငြာ ထုတ်ဆင့်ခြင်း မပြုခဲ့သဖြင့်၊ ပုဒ်မ ၁၉ အရ၊ အမိန့်ချမှတ်နိုင်သည့်ကြီးကြပ်ခရေးဝန်မရှိတော့ခေ။

ဘီဒီမူဆာနှင့် ဟာဂျီအဗ္ဗဒုစမတ် ပါ ၃ .... .... .... ၁၃

မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ခရေးအက်ဥပဒေ—မည်သည့်အခါ၊ အိမ်ဌါးသည်၊ ဌါးသော အိမ်မှ ထွက်ခွါ၍ အခြားအိမ်တွင် သွားရောက် နေထိုင်ခြင်းဖြင့်၊ အိမ်ခန်းမှ အိမ်ဌါးဖြစ်သူ လုံးလုံးထွက်သွားပြီ၊ ထွက်ခွါမည့်ဆဲဆဲဟု မဆိုနိုင်၊ ဥပဒေအရ "အိမ်ဌါးသူ" ။ ။ဆုံးဖြတ်ချက်။ ။အိမ်ဌါး ကိုယ်တိုင် အိမ်ခန်းမှ ထွက်ခွါ၍ အခြားအိမ်တွင် သွားရောက် နေထိုင်သော်လည်း မိမိ၏ မိသားစုတွင် ပါဝင်သော သားသမီးများကဆက်လက်၍ အဆိုပါ အခန်းတွင် နေထိုင်လျက် ရှိလေရာ၊ ထိုအိမ်ခန်းမှာ အိမ်ဌါးဖြစ်သူက၊ လုံးလုံးထွက်သွားပြီဟု မဆိုနိုင်ခေ။ ထိုကဲ့သို့ သားသမီးများ ဆက်လက်၍ နေခြင်းကြောင့်လည်း၊ အိမ်ဌါးသည်မိမိ ဖခင်က နေထိုင်လျက် ရှိသော ဥပစာမှ ထွက်ခွါသွားမည်ဆဲဆဲ ဖြစ်နေသည်ဟုလည်း မဆိုနိုင်ခေ။ ။ ဥပဒေအရ၊ အိမ်ဌါးဆိုသူမှာ၊ ဥပစာအတွက်၊ ဒိဒိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတဦးမှ တဆင့်ဖြစ်စေ ဌါးရမ်းခပေးရသူ တဦးတယောက်ကို ဆိုလိုသည်၊ မိမိဌါးရမ်းနေထိုင်လာသော အိမ်ခန်းတွင် အိမ်ဌါးသည် ကိုယ်တိုင် ဆက်လက်၍ နေထိုင်ခြင်းမပြုသော်လည်း အိမ်ဌါးချထားခြင်းကို ရပ်စဲရန် မည်သို့မျှ မရှိသေးလျှင်၊ ၎င်းပင်လျှင် အိမ်ဌါးအဖြစ် ရှိနေသေးသည်။

ဝူလေ့ပိုး (ခေါ်) ဝဲကီလေ့နှင့် လီရွှမ်လှန်ပါ ၃ .... .... ၂၂၂

မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၂၀ (၁) အရ၊ အာဏာသုံးစွဲသည့်အခါ လုပ်ဆောင်ရမည့်ကိစ္စ။ ။ပုဒ်မ ၂၂၀ (၃) အရ၊ ရာထူးသက်တမ်းကုန်ဆုံးသော မြူနီစီပါယ်အဖွဲ့၏ အာဏာနှင့် ဝတ္တရားများ ဆင်းသက်ခြင်း၊ မြူနီစီပါယ်အဖွဲ့ဝင်မရှိခိုက်၊ အမှုထမ်းနေသောမင်းကြီး ချမှတ်ဆောအမိန့်များတရားဝင်ခြင်း၊ မည်သည့်အခါစာချုပ်တော် အမိန့်ကို လျော်ကြေးထားနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၂၀ (၁) တွင် ပေးအပ်ထားသည့် အာဏာကို သုံးစွဲ၍ မြူနီစီပါယ်အဖွဲ့ဝင်လူကြီးများ၏ ရာထူးသက်တမ်း မည်သည့်နေ့ရက်တွင် ကုန်ဆုံးစေရမည်ဟု နိုင်ငံတော် အစိုးရက ပြဋ္ဌာန်းထုံ့ ညွှန်ကြားချက် ၂ ရပ် ထုတ်ပြန်ရပေမည်။ ရာထူး

သက်တမ်း ကုန်ဆုံးစေသည့် နေ့ရက်ကို အကြိုတင် ညွှန်ကြားရမည့် အပြင်၊ ရွေး ကောက်ပွဲနှင့် ပတ်သက်၍လည်း ညွှန်ကြားရမည်။ သို့သော် ပြဋ္ဌာန်းခဲ့သည့် အခွင့်အရေးသည်၊ ပဋမ အချက်သာ ပါရှိ၍ ပြဋ္ဌာန်းချက်သည်၊ မပြည့်စုံ ချို့ယွင်းသော ပြဋ္ဌာန်းချက်ပင် ဖြစ်ငြားသော်လည်း၊ နိုင်ငံတော်အစိုးရက ဒုတိယ ညွှန်ကြား ချက်ကို ထပ်မံ ကျေညာနိုင်သည်ဖြစ်၍၊ ပြဋ္ဌာန်းချက်သည် တရားဝင်သည်။ ။ ထို့ကဲ့သို့ ကျေညာပြီး၊ မြို့နိုင်စီပါယ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်း ကုန်ဆုံးကြ၍၊ ပုဒ်မ ၂၂၇ (၃) အရ၊ မြို့နိုင်စီပါယ် အဖွဲ့၏ အာဏာနှင့် ဝတ္တရားများသည် ထိုစဉ်အခါက အမှုထမ်းနေသော မြို့နိုင်စီပါယ်မင်းကြီးအား အပ်နှင်းပြီးဖြစ်ခဲ့သည်။ ။မြို့နိုင်စီ ပါယ်မင်းကြီး ရာထူးလစ်လပ်၍၊ ယာယီအားဖြင့် အခြား သူတယောက်ကို ခန့်ရန် ရှိလျှင်လည်း မြို့နိုင်စီပါယ်အဖွဲ့ကသာ ပုဒ်မ ၂၇ (၄) အရ၊ ခန့်အပ်ပိုင်ခွင့် ရှိသည်။ သာမန်အားဖြင့် အဖွဲ့ဆိုသည်မှာ၊ အဖွဲ့ဝင်လူကြီးများဖြစ်ရမည်။ အခြေအနေအရ မြို့နိုင်စီပါယ်အဖွဲ့ဝင်ဟူ၍လည်း မရှိသည့်အခါ၌ အဖွဲ့၏ အာဏာနှင့် ဝတ္တရားများမှာ အမှုထမ်းနေသောမင်းကြီးဖြစ်သော်လည်း ပုဒ်မ ၂၂၇ (၃) အရတည်ရှိနေ၍၊ ၎င်းမင်းကြီးက မိမိကိုယ်ကို မိမိအခွင့်ပေးပြီး၊ မိမိနေရာ၌ ဗိုလ်မှူးကြီး ထွန်းစိန်ကို ခန့်အပ်ပြီး သကာလဗိုလ်မှူးကြီး ထွန်းစိန်က တဖန် ဦးကျော်မင်းကို ခန့်အပ်သဖြင့် မြို့နိုင်စီပါယ် အဖွဲ့၏ အာဏာနှင့် အလုပ်ဝတ္တရားများကို သုံးစွဲ ဆောင်ရွက်နိုင်သော သူများဖြစ် သည့်အားလျော်စွာ၊ ၎င်းပုဂ္ဂိုလ်များက ချမှတ်ခဲ့သော အုပ်ချုပ်ရေးနှင့် ပတ်သက် သော အမိန့်များမှာ၊ ရန်ကုန်မြို့နိုင်စီပါယ် အက်ဥပဒေအရ ချမှတ်သော အမိန့်များ ဖြစ်သည့်အလျောက် ဥပဒေစည်းဝိုင်းအတွင်းသို့ ကျရောက်သော အမိန့်များ ဖြစ် သည်။ ။စာချုပ်တော် အခွန်ကို **ချမှတ်နိုင်ရန်**, လျှောက်ထားသူက လျှောက် ထားခံရသူများထံမှ လိုသည်ကို **တောင်းဆိုရဦးမည်**။ **တောင်းဆို**သည်ကို လျှောက် ထားခံရသူများက ငြင်းပယ်မှသာ အာဏာပေး စာချုပ်တော် လျှောက်ထားနိုင် သည့် အခြေသို့ ဆိုက်ရောက်မည်။

ရဲဘော် ဖေတင်နှင့် ဒီမိုကရေစီ ၎ဒသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များ
ဌာနဝန်ကြီး ပါ ၂ .... .... .... .... ၁၀၁

မြို့နိုင်စီပါယ်ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၂၉၊ ကန့်ကွက်လွှာနှင့် ပတ်သက်၍ ဆုံးဖြတ် ရမည့်ဘာဝန်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိဥာဏ်ရှိခြင်း၊ ပုဒ်မ ၃၀၊ ခရိုင်ဝန်၏ အာဏာ၊ ပုဒ်မ ၆ (၇) "**Rates and Taxes**" ဆိုသော စကားတွင် ကူးတို့လိုင် စင်ခမပါဝင်ခြင်း။ ။သမဝါယမအသင်း၊ ဥပဒေ ပုဒ်မ ၆၉ (၂) ပေးဆပ်ရန်ရှိသော ငွေများကို တောင်းယူရာ လိုက်နာရန်အချက်၊ မည်သည့်အခါမှ အသင်းသားက ပုဂ္ဂိုလ်အနေဖြင့် ပေးဆပ်ရန် တာဝန်ရှိသနည်း။ ။ဝါးခယမ်မြို့၊ တရုပ်တန်းရပ် ကွက်မှ မြို့နိုင်စီပါယ်အဖွဲ့သို့ဝင်ရန် လျှောက်ထားသူနှင့်အခြား ၂ ဦးတို့၏ လျှောက် လွှာများကို အရည်အချင်း မပြည့်စုံဟု ကန့်ကွက်လွှာများ တင်သွင်းရာ၊ ရွေး ကောက်ပွဲ တာဝန်ခံ အရာရှိဖြစ်သူ ဝါးခယမ်မြို့ နယ်ပိုင်ပန်ထောက် မင်းက သက်သေများကို စစ်ဆေးပြီး၊ ၃ ဦးစလုံးသည် မြို့နိုင်စီပါယ်အဖွဲ့အား ကူးတို့လိုင်စင် ခံပေးရန်အကြေးရှိနေသော တရုပ်တန်းသယ်ယူပို့ဆောင်ရေး၊ သမဝါယမအသင်း သားများဖြစ်သည့်အလျောက် အရွေးခံရန် အရည်အချင်း ပျက်ကွက်၍၊ ၎င်း တို့၏ အမည်လွှာများကို လက်မခံထိုက်ကြောင်း၊ မြောင်းမြခရိုင်ဝန်မင်းထံသို့

အးရိုရင်ခံခဲ့ရာ၊ ခရိုင်ဝန်မင်းက နယ်ပိုင်ဝန်ထောက်မင်း ထင်မြင်ယူဆသည့်အတိုင်း လက်ခံလေသည်။ ။**ဆုံးဖြတ်ချက်**။ ။မြို့နီစီပါယ် ရွေးကောက်ပွဲ နည်းဥပဒေ ပုဒ်မ ၂၉ အရ၊ ဤကဲ့သို့ကန့်ကွက်လွှာများနှင့်ပတ်သက်၍၊ ရွေးကောက်ပွဲတာဝန်ခံ အရာရှိကိုယ်တိုင်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်၊ ခရိုင်ဝန်မင်းထံသို့ ဆုံးဖြတ်ရန် တင်ဆက်သည်မှာ မှားယွင်းသည်၊ ခရိုင်ဝန်မင်းမှာလည်း ဤကဲ့သို့ တင်ဆက်၍၊ ဆုံးဖြတ်နိုင်ရန် အာဏာမရှိ၊ နည်းဥပဒေပုဒ်မ ၂၉ အရ၊ နယ်ပိုင်ဝန်ထောက် ဆုံးဖြတ်သည်ကို မကျေနပ်ခဲ့လျှင်၊ ပုဒ်မ ၃၀ အရ၊ ခရိုင်ဝန်မင်း ထံသို့ အပိုန်ကို ပြင်ဆင်ပေးရန် မကျေနပ်သူက လျှောက်ထားမှသာ အမိန့်ချမှတ်နိုင်ပေမည်။ ။မြို့နီစီပါယ် ရွေးကောက်ပွဲ နည်းဥပဒေ ၆ (၈)တွင် သုံးနှုန်းထားသော စကားလုံးများဖြစ်သော (Rates and Taxes) ကို အဓိပ္ပါယ် ကောက်ယူရာ၌ ကူးတို့လိုင်စင်ခ (Ferry License Rent) လည်း ပါဝင်သည်ဟု မယူဆနိုင်။ ။ကူးတို့ လိုင်စင်နှင့် ပတ်သက်၍၊ သယ်ယူ ပို့ဆောင်ရေး သမဂ္ဂိယမအသင်းက မြို့နီစီပါယ်အဖွဲ့သို့ပေးရန်ရှိသောငွေကို၊ သမဂ္ဂိယမ အသင်းများအက်ဥပဒေပုဒ်မ ၆၉ (၂) အရ၊ တောင်းယူရာ၌ပဋိမအသင်းပိုင်ပစ္စည်းကိုလိုက်ရပေမည်။ ထိုနောက်မှ အက်ဥပဒေအရ၊ ကြွေးမြီပေးဆပ်ရန် တာဝန်ကန့်သတ်ချက်များကို အထောက်အထားပြု၍ အသင်းသားများထံမှ တောင်းဆိုခွင့်ရှိသည်၊ အသင်းပိုင်ပစ္စည်းကို မလိုက်မီ၊ ထိုသမဂ္ဂိယမ အသင်းသားဖြစ်ကြသည့် ပုဂ္ဂိုလ်များသည် မြို့နီစီပါယ်အဖွဲ့သို့ငွေပေးဆပ်ရန် တာဝန်ရှိသူများဟု ဆိုနိုင်ရန် ခဲယဉ်းကြောင်း။

ဦးဝမ်မှိန် နှင့် ခရိုင်ဝန်မြောင်းမြို့ပါ ၃ .... .... .... ၁၀၂

မြို့နီစီပါယ်ရွေးကောက်ပွဲ နည်းဥပဒေ ပုဒ်မ ၃၀၊ ခရိုင်ဝန်မင်းထံသို့ နယ်ပိုင်ဝန်ထောက်မင်း၏ အပိုန်ကို ပြင်ဆင်ပေးရန် မကျေနပ်သူက လျှောက်ထားမှသာ အမိန့်ချမှတ်နိုင်သည် .... .... .... .... .... ၁၀၂

မြို့နီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၃၁၊ တရားစွဲပိုင်ခွင့် အာဏာ လွဲအပ်နိုင်ခွင့်၊ မည်သူတွင် ရှိခြင်း၊ မှားယွင်းသော အယူအဆ။ ။**ဆုံးဖြတ်ချက်**။ ။မြို့နီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၃၁ အရ၊ ပြဋ္ဌာန်းထားသော တရားစွဲပိုင်ခွင့် အာဏာကို မြို့နီစီပါယ်အဖွဲ့က အစည်းအဝေးတွင် အဆိုတင်သွင်းပြီးနောက် [redacted]၏ ဥက္ကဋ္ဌအား စွဲချက်ရေးရွက် သာလျှင် လွဲအပ်နိုင်ခွင့်ရှိသည်၊ ဥက္ကဋ္ဌတဦးတည်းက ၎င်း၏ သဘောအတိုင်း မြို့နီစီပါယ်အဖွဲ့၏ အာဏာများကို ၎င်းအား လွဲအပ်ပြီးသည့်အနေနှင့် မဆောင်ရွက်နိုင်ခေါ်။ ။လူတဦးတယောက် အပေါ် တွင် မြို့နီစီပါယ် အက်ဥပဒေအရ၊ တရားစွဲဆိုလိုလျှင် မြို့နီစီပါယ် ကော်မိတီ၊ သို့မဟုတ် မြို့နီစီပါယ် ကော်မိတီမှ တဆင့်၊ အာဏာလွဲအပ်သော သူကသာလျှင်၊ တရားလိုအဖြစ် ရုံးတွင် လျှောက်ထားနိုင်ခွင့်ရှိသည်။ မြို့နီစီပါယ်ကော်မိတီက အခြားသူ တဦးတယောက်အား တရားစွဲဆိုရန် အာဏာလွဲအပ်လိုသော် မြို့နီစီပါယ်အဖွဲ့က အစည်းအဝေးတွင် ထိုကိစ္စနှင့် စပ်လျဉ်း၍ အဆိုတင်သွင်း၍သာ အာဏာလွဲအပ်ရမည်။ ။အမှုတိုင်တန်းသည့် လျှောက်လွှာတွင် မြို့နီစီပါယ် အတွင်းရေးမှူးသာလျှင် အရေးယူ ဆောက်ရွက်ပြီး၊ တရားလိုအဖြစ် ရေးထိုးထားသည့် တိုင်စာကို မြို့နီစီပါယ် ဥက္ကဋ္ဌကတဆင့် ဆိုင်ရာ

စာမျက်နှာ

ရှုံးသို့ အခေါ်ယူပါခြင်း ... ... ...

ဟူသော အချက်အပေါ်တွင် မှီလျက် လူသတ်မှုဖြစ်သည်၊ သို့မဟုတ် လူသေမှု ဖြစ်သည့်ဟူသော မြဿနာကို ဖြေဆိုရပေမည်။ ဤကဲ့သို့ မျက်နှာသုတ်ပုဝါဖြင့် လည်ပင်းကိုချည်နှောင်ခြင်းသည်၊ အဖျိုးအို ဒေါ်အေးအားသေရန်အကြံဖြင့်သော် ၎င်း၊ ဖြစ်တန်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော နာကျင်မှုကိုဖြစ်စေရန် အကြံဖြင့်သော်၎င်းဖြစ်လျှင်၊ လူသတ်မှုကို ကျူးလွန်ရာ ရောက်မည်။ ဤသို့ မဟုတ်ဘဲ ထိုမျက်နှာသုတ်ပုဝါဖြင့်ချည်နှောင်ခြင်းသည်သေစေတန်ရာသော နာကျင်မှုကိုဖြစ်စေရန် အကြံဖြင့်သော် ပြုလုပ်ခဲ့ပါမူ လူသတ်မှု မမြောက်သည့် လူသေမှုကို ကျူးလွန်ရာသာလျှင်ရောက်မည်။ ။သေသူ ဒေါ်အေး၏ လည်ပင်းကို ချည်သည့်ပစ္စည်းမှာ အဆောင်ကြီးပြီး၊ ပုလေ့ျာင်း၍နှုးညံ့သောမျက်နှာသုတ်ပုဝါ ကြီးဖြစ်သဖြင့် ၎င်းအရာဖြင့် လည်ပင်းကိုချည်နှောင်လျှင် သာမန်အားဖြင့်သေနိုင် ဘုံသ်ရာခဲယဉ်းသည့်အပြင်၊ ဤကဲ့သို့မျက်နှာသုတ်ပုဝါဖြင့် ချည်သောအခါ ချည် နှောင်သူမောင်ခင်မောင်က "ဒါလောက်ဆိုရင်မသေဖါဘူး" ဟု ပြောသောစကား ကိုထောက်ဆခြင်းအားဖြင့် ချည်နှောင်သူမောင်ခင်မှိုင်၏ စိတ်ဘုံသေအောင် လည်ပင်းကိုညှစ်၍ ချည်ရန်အကြံရှိသည်မှာထင်ရှားသည်။ ။ထို့ကြောင့် ဤသို့ မျက်နှာသုတ်ပုဝါဖြင့် ခွံနှောင်ခြင်းစသည်ဘို့ကို ပြုရာ၌အလွန်ဆုံး သေစေခြင်း ဖြစ်တန်ရာသော ကိုယ်အင်္ဂါဘုံ နာကျင်မှုကို ဖြစ်စေရန် အကြံဖြင့် ပြုလုပ်သည်ဟု သာလျှင် ယူဆနိုင်မည်ဖြစ်၍၊ လူသတ်မှုမမြောက်သည့်ရာဇဝတ်ပြစ်ဒဏ်ဆိုက်သော လူသေမှုကို ကျူးလွန်ရာ သာရောက်သည်။

မောင်တင်မြွေနှင့် မြဿ်ထောင်စုမြန်မာနိုင်ငံတော် .... ... ၈၅

ယင်းသို့ဖြစ်၍၊ အမှုပါ အဆောက်အဦ ဒုတိယထပ်နှင့် တတိယထပ်တို့ကို ဥပစာခွန် စည်းကြပ်သည့် နှစ်အတွင်း ရောင်းဝယ် လုပ်ကိုင်မှုအတွက် အသုံးပြုထားသလော ဟူသည့် ပြဿနာသည်၊ ဤအမှုဌ အရေးကြီးဆုံးသော ပြဿနာတရပ် ဖြစ်လေသည်။ သာမန်အားဖြင့်ကား၊ ထိုအထပ် နှစ်ထပ်မှာ အိပ်ခန်းအဖြစ်ငင်း၊ **ထမင်းစားခန်းအဖြစ်** ငင်း အသီးသီး အသုံးပြုသည်ဆိုသဖြင့် ရောင်းဝယ်လုပ်ကိုင်မှုအတွက် **အသုံးမပြုခဲ့** ဟု အကြောင်းပြသည်မှာ ယုတ္တိမတန်ဟု **မဆိုနိုင်ပေ။ သို့သော်လည်း ယခုပြဿနာမှာ** ဤကဲ့သို့ လွယ်လွယ်ကူကူ ဆုံးဖြတ်နိုင်မည့်ပြဿနာမျိုး **မဟုတ်ချေ။**

ဤအကြောင်းချင်းရာနှင့် ထပ်တူထပ်မျှဖြစ်သောအကြောင်းချင်းရာ ပါရှိသည့် အမှုကို လျှောက်ထားသူများ၏ ပညာရှိ ရွှေနေကြီးကသော်ငင်း၊ ပညာရှိ အိုးရ **ရွှေနေ** ကြီးကသော်ငင်း ရှာဖွေ တင်ပြခြင်းမပြုနိုင်ကြချေ။ ဤရုံးတော်က ရှာဖွေသော်လည်း ယခုသုံးသပ်သည့်၊ အက်ဥပဒေနှင့် အလားတူ အက်ဥပဒေမျိုးကိုပင် မတွေ့ရချေ။ အိုးရ ရွှေနေကြီးက အင်္ဂလန်ပြည် အထက်လွှတ်တော် ( **House of Lords** ) ဆုံး ဖြတ်သော ***Russell* v. *Town and County Bank Ltd.*** (1) ကို တင်ပြ ကိုးကားပြီး၊ ဖေါ်ပြပါ ဒုတိယထပ်နှင့် တတိယထပ်တို့ကို ငွေချေး လုပ်ငန်း လုပ်ကိုင်ရန် အတွက် အသုံးပြုသည်ဆိုရမည်ဖြစ်ကြောင်းနှင့် လျှောက်ထားလေသည်။ ထိုအမှုတွင် အမြတ်တော်ခွန် စည်းကြပ် ခံရသူ ဘဏ်ပိုင်ဆိုင်သော အဆောက်အဦ၌ ဘဏ်လုပ်ငန်း လုပ်ကိုင်သည့် အပြင်၊ ဘဏ်မန်နေဂျာနေထိုင်ရန် အခန်းလည်းရှိရာ၊ ထိုအခန်း အပါ အဝင် အဆောက်အဦတခုလုံးအပေါ်၌ တိုက်အိမ်ခွန် စည်းကြပ်ရန်အတွက် သတ်မှတ် သော ဈာပြတ်နှုန်းငွေကို အမြတ်တော်ခွန်စည်းကြပ်သည့်ငွေမှ နုတ်သင့်၊ မနုတ်သင့် ကဲသော ပြဿနာပေါ် ပေါက်လေသည်။ မြန်မာပြည် အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၁၀ ၌လည်း အလားတူ အခွင့်အရေး ပေးထားလေသည်။ တရားသူကြီးများက၊ ထိုအမှု၏ အချင်းအရာအားဖြင့်၊ ဘဏ်မန်နေဂျာ နေသောအခန်းသည်လည်း ဘဏ်

(1) (1887-8) (13 Appeal Cases) p. 418.

၁၉၆၀

စီ၊အေ၊ အာ(၍)၊ ချစ်တီးယားနှင့် ၂၉ ဦး နှင့် ရောင်းဝယ် လုပ်ကိုင်မှု ဥပဒေခွန် ဝန်ထောက်ပါ ၃ ဦး။

လုပ်ငန်းအတွက် အသုံးပြုသည်ဟု ယူဆပြီး၊ ထိုအခန်း အပါအဝင်အဆောက်အဦ တခုလုံးအတွက် သတ်မှတ်သော ဆုဖြတ်နှုန်းငွေကို အမြတ်တော်ခွန် စည်းကြပ်သည့် ငွေမှ နုတ်ခွင့်ပြုကြေးသည်။ ထို့နည်းတူ ***Allied Newspapers Ltd.*** v. ***Hindsley*** (1) ၌၊ သတင်းစာတိုက်တခုက မိမိလုပ်ငန်း အတွက် အသုံးပြုသော်ဘိုက်အိန်းရှိ တိုက်အိမတလုံးကို ငှားရမ်း၍ တစိတ်တဒေသကို တဆင့်အငှါး ချထားရာ၊ မိမိတို့ပေးရသည့် တိုက်အိမ်လခနှင့် ရင့်သော အခန်းငှါးခ တို့ခြားနားသည့် ငွေကို အမြတ်တော်ခွန်စည်းကြပ်သည့် ငွေမှနုတ်ခွင့်ပြုလေသည်။ ထိုသို့ခွင့်ပြုသည်ကို ***Allied Newspapers Ltd.*** v. ***Hindsley*** (2) ၌၊ အယူခံ ရုံးတော်က အတည်ပြုကြောင်းဖေါ်ပြ ထားလေသည်။ ယင်းသို့ အခွင့်ပြုသည့် အကြောင်းရင်းမှာ ထိုငှါးရမ်းထားသည့် သတင်းစာတိုက်အနီးရှိ တိုက်သည်၊ သတင်းစာ လုပ်ငန်းအတွက အကယ်ပင် လိုအပ်သည်ဆိုသည့်အချက်ပင် ဖြစ်ပေသည်။

အထက်၌ ဖေါ်ပြခဲ့သည့် အမှုများနှင့် ယခုအမှုမှာ အချင်းအရာအားဖြင့် ထပ်တူထမ်မျှ ဖြစ်သည်ဟု မဆိုနိုင်စေကာမူ၊ ထိုဥမှု စလုံးတွင် အဓိကအားဖြင့် ဆုံးဖြတ်ရန် အချက်မှာ အချင်းဖြစ်ဥပစာသည် ရောင်းဝယ် လုပ်ကိုင်မှုအတွက် အကယ်ပင် လိုအပ်၍ အသုံးပြုသလောဟူသည့် အချက်ပင်ဖြစ်ပေသည်။ ယင်းသို့ဖြစ်၍ ဤအမှုကို ဆုံးဖြတ်ရာ၌လည်း ထိုအခြား အမှုများတွင် တရားသူကြီးများ မည်ကဲ့သို့သော အကြောင်းပြချက်များဖြင့် အဆုံးအဖြတ် ပေးသည်ကို လေ့လာသုံးသပ်ပြီး၊ အထောက်အပံ့ဖြစ်စေနိုင်သည်။ ဤအမှုတွင်လည်း ဒုတိယထပ်၊ တတိယထပ်သည် ရောင်းဝယ်လုပ်ကိုင်မှုအတွက် အသုံးပြုထားသလောဟူသည့် ပြဿနာကို သုံးသပ်ရာ၌ ထိုဥပစာသည် ရောင်းဝယ်လုပ်ကိုင်မှုအတွက် အကယ်ပင် လိုအပ်သလော၊ ယင်းသို့လိုအပ်သည့် အတိုင်းလည်း ရောင်းဝယ်လုပ်ကိုင်မှု သက်သက်အတွက် အသုံးပြုသလော ဆိုသည့်မူကို နှစ်လုံးပိုက်၍ ဥပစာအမျိုးအစား၊ ရောင်းဝယ်လုပ်ကိုင်မှု အမျိုးအစား၊ လုပ်ငန်းပိုင်ရှင်၊ ဆိုတည်းမဟုတ် အလုပ်သမားနေထိုင်ရာ ဌာနနှင့် လုပ်ငန်းလုပ်ကိုင်ရာ ဌာနတို့သည် အထောက်အပံ့ပေးခြင်းဖြင့်ငင်း၊ အခြားသော နည်းဖြင့်ငင်း ဆက်စပ်ကျေးဇူးပြုသောအားဖြင့် ထိုနှစ်ဌာနမှာ လုပ်ငန်း အဆောက်အအုံ၏ မရှိမဖြစ်သော အစိတ်အပိုင်းများ ဖြစ်သည်မဖြစ်သည် စသည်တို့ကို ထည့်သွင်း စဉ်းစားရပေမည်။ ထိုသို့ဆိုလျှင် သုံးသပ်မှုသာလျှင် အဖြေမှန် ရနိုင်လမ်းရှိမည်။ ယင်းမူနှင့် အကြောင်းအချက်များကို ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန် ဝန်ထောက်သည်ငင်း၊ ဥပစာခွန်ဝန်

(1) (1937) 2 All. E.R. 663. (2) (1937) 4 All. E.R. 667.

၁၉၆၀

စီ၊အေ၊ အာ(ရ)၊ ချစ်တီးယားနှင့် ၂၉ ဦး နှင့် ရောင်းဝယ် လုပ် ကိုင်မှု ဥပစာခွန် ဝန်ထောက် ပါ ၃ ဦး။

သည်၎င်း၊ ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးသည်၎င်း သတ်ပြု၍ ထည့်သွင်း စဉ်းစား ခဲ့ဟန် မတူချေ။ ယင်းသို့သော ချုတ်ယွင်းချက်ကြောင့် အထက်၌ ဖေါ်ပြသည်နှင့် အညီလိုက်နာ ကျင့်သုံးပြီး ဥပစာခွန် ဝန်ထောက်က စုံစမ်း ဆုံးဖြတ်ရန်အတွက် လိုအပ်သဖြင့်၊ လျှောက်ထားခံရသူ အားလုံး၏ အမိန့်မျှားကို ပယ်ဖျက်လိုက်သည်။

အမှုသည် မျှားသည်၊ မိမိတို့ တရားစရိတ်မျှားကို မိမိတို့ကိုယ်တိုင် ကျခံရမည် ဖြစ်မည်။

## တရားလွှတ်တော်ချုပ်

ဘီ၊ ပီ၊ မူဆာ (လျှောက်ထားသူ)

နှင့်

ဟာဂျီအပွဒူစမတ် ပါ ၃ (လျှောက်ထားခံရသူများ) *

†၁၉၆၀ ဇန္နဝါရီလ ၁၅ ရက်။

**မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရ၊ မည်သည့်အခါမျှသော၊ စောဒကဝင်နိုင်ခြင်း၊ သက်တမ်းကုန်ဆုံးခြင်းကြောင့်ဖြစ်ပေါ်သည့်ကိစ္စ။**

**ဆုံးဖြတ်ချက်။** ။မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေးဝန်က၊ စံဌါးခသတ်မှတ်သည့်အခါ၌သော်လျှင်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂၂ အရ၊ စောဒကဝင်နိုင်သည်၊ ယင်းသို့ စံဌါးခသတ်မှတ်ခြင်းမပြုလျှင် စောဒကမဝင်နိုင်ချေ။

မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသက်တမ်း ကုန်ဆုံးခဲ့ပြီးနောက်၊ ပြန်လည်အတည်ပြုစေရန်အတွက် နိုင်ငံတော် သမတက အက်ဥပဒေပုဒ်မ(၁)၊ ပုဒ်မငယ်(၃)အရ၊ အမိန့်ကြော်ငြာထုတ်ဆင့်ခြင်း မပြုခဲ့သဖြင့်၊ ပုဒ်မ ၁၉ အရ၊ အမိန့်ချမှတ်နိုင်သည့် ကြီးကြပ်ရေးဝန် မရှိတော့ချေ။

လျှောက်ထားသူအတွက်၊ ဦးအောင်မင်း (၂) လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်၊ ဦးမောင်မောင်သက် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။ယခုလျှောက်ထားသူ ဘီ၊ ပီ၊ မူဆာသည်၊ လျှောက်ထားခံရသူ အမှတ် (၁) ဟာဂျီအပွဒူစမတ်ပိုင်၊ မန္တလေးမြို့ ချမ်းသာဇံရပ်၊ အကွက် နံပါတ် ၆၀၂ ဦးပိုင်နံပါတ် ၁ ရှိ အဆောက်အဦတွင် သုံးခန်းရှိ တဝက်ကို ဌါးရမ်း နေထိုင်ခဲ့ပြီး၊ မန္တလေးမြို့၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ လက်ထောက် ကြီးကြပ်ရေးဝန်ထံ၊ စံဌါးခသတ်မှတ်ပါရန် လျှောက်ထားလေသည်။ ကြီးကြပ်ရေးဝန်က လျှောက်လွှာကို ပယ်လိုက်သည့်အခါ၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရ၊ စောဒကဝင်ရုံမန္တလေးနယ်ပိုင် တရားမ တရားသူကြီးက၊ ကြီးကြပ်ရေးဝန်စံဌါးခသတ်မှတ်သည့်အခါမှ သာလျှင်၊ ယင်းသို့ စောဒကဝင်ခွင့်ရှိကြောင်း။ ထို့ပြင် ယခင်က

---

* ၁၉၅၉ ခု၊ တရားမ အသေးအဖွဲလျှောက်လွှာအမှတ် ၇၆။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီးဦးဘိုကြီး တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်ဟုဆို။

၁၉၆၀

ဘီ၊ပီ၊ မူဆာ နှင့် ဟာဂျီအပ္ပဒူ စမတ်ပါ ၃ ။

လည်း ကြီးကြပ်ရေးဝန်၏ ၁၉၄၆-၄၇ ခုနှစ်၊ အခွန်တော် အမှုတွဲ နံပါတ် ၆၇/၁၃ တွင်အဆိုပါ အိမ်နှင့် စပ်လျဉ်း၍ စံငှါးခ သတ်မှတ်ပြီး ဖြစ်သည်ကို တွေ့ရှိရကြောင်း ဝန်ကို ဖေါ်ပြပြီး၊ စောဒကလွှာကို ပယ်လိုက်လေသည်။

အမှုနှစ်မှာ၊ ကြီးကြပ်ရေးဝန်က စံငှါးခ သတ်မှတ်သည့်အခါ၌သာလျှင်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရ၊ စောဒကဝင်နိုင်သည်။ ယင်းသို့ စံငှါးခ သတ်မှတ်ခြင်း မပြုလျှင်၊ စောဒကမဝင်နိုင်ချေ။ ထိုအချက်မှာ ပုဒ်မ ၂၂ အရ ထင်ရှားလေသည်။

ထို့ပြင် ယခင်က စံငှါးခ သတ်မှတ်ခဲ့သည်မှာလည်း ထင်ရှားလေသည်။ လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီးက ဤအချက်ကို မငြင်းဆို။ သို့သော် ယခင်က သတ်မှတ်သည်မှာ လျှောက်ထားသူနှင့် လျှောက်ထားခံရသူ အမှတ် (၁) တို့နှစ်ဦး သဘောတူညီချက်အရ သတ်မှတ်သဖြင့်၊ ကြီးကြပ်ရေးဝန်သည်၊ အထက်ဖေါ်ပြပါ အက်ဥပဒေ ပုဒ်မ ၁၉ အရ မိမိအား အပ်နှင်းထားသော အာဏာကို အသုံးမပြုခဲ့ကြောင်းဖြင့် လျှောက်ထားလေသည်။ သို့ရာတွင် ကြီးကြပ်ရေးဝန်သည် အမှု သည်တို့သဘောတူညီချက်သက်သက်ကိုသာမူတည်ပြီး၊ စံငှါးခ သတ်မှတ်ခြင်း မပြုကြောင်း၊ ထိုသဘောတူညီချက်အပြင်၊ မြို့နီစီပါယ် အခွန်စည်းကြပ်သည့် နှုန်းကိုပါ ထည့်သွင်းစဉ်းစားပြီး၊ စံငှါးခ သတ်မှတ်ကြောင်းကို တွေ့ရှိရလေသည်။

ယခင်ကစံငှါးခ သတ်မှတ်ခဲ့ပြီးနောက်၊ ထိုစံငှါးခကိုပြင်ရန်အတွက် အကြောင်းပေါ်ပေါက်သည်ကိုမတွေ့ရချေ။ ယင်းသို့သောအကြောင်း ပေါ်ပေါက်ကြောင်းကို လည်း လျှောက်ထားသည့်လျှောက်လွှာတွင် ဖေါ်ပြချက်မရှိချေ။

ထိုမှတပါး၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသက်တမ်း ကုန်ဆုံးခဲ့ပြီးနောက်၊ ပြန်လည် အတည်ပြုစေရန်အတွက်၊ နိုင်ငံတော် သမတက၊ အက်ဥပဒေ ပုဒ်မ (၁)၊ ပုဒ်မငယ် (၃) အရ အမိန့်ကြော်ငြာ ထုတ်ဆင့်ခြင်း မပြုခဲ့သဖြင့်၊ ပုဒ်မ ၁၉ အရ၊ အမိန့်ချမှတ်နိုင်သည့် ကြီးကြပ်ရေးဝန် မရှိတော့ချေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ လျှောက်လွှာကို ပယ်လိုက်သည်။ လျှောက်ထားသူသည် လျှောက်ထားခံရသူ အမှတ် (၁) ၏ တရားစရိတ်များကို ကျခံရမည်။ ဤရုံးတော်၏ ရှေ့နေခမှာ ငွေ ၇၅ ကျပ် ဖြစ်စေရမည်။

## တရားလွှတ်တော်ချုပ်

မောင်ပန်းဇုံ (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် (လျှောက်ထားခံရသူ) *

† ၁၉၆၀ ဇန္နဝါရီလ ၂၉ ရက်။

ဖြောင့်ချက်၊ အလိုအလျောက်ပေးမပေး၊ လေးလေးနက်နက် စဉ်းစားဘွယ်ရာ ပြဿနာ၊ မည်သည့် အခါပြန်လည်ရုပ်သိမ်းသော ဖြောင့်ချက်ကိုမူတည်၍ အပြစ်ပေးခြင်း။

**ဆုံးဖြတ်ချက်။** ။အယူခံတရားလို မောင်ပန်းဇုံက မိမိဖြောင့်ချက်ပေးရခြင်းမှာ၊ ရဲဌာနမှ နှိပ်စက်ညှဉ်းပန်းသည့်ဒဏ်ကို မခံနိုင်တော့သဖြင့် ၎င်းတို့သွန်သင်သည့်အတိုင်း ဖြောင့်ချက်ပေးခဲ့ရကြောင်း၊ *ထို့ပြင်လည်း မြင်းမူမြို့၌ ရဲအချုပ်သာရှိ၍ အကယ်၍ ဖြောင့်ချက်မပေးဘဲနေလျှင် ရဲအချုပ်သို့ ရာဇဝတ်တရားသူကြီးထံမှ ပြန်လည်ရောက်ရှိသောအခါ ပိုမိုရှိ နှိပ်စက်မည်ကို စိုးရိမ်ကြောက်လန့်သောကြောင့်၊ မမှန်မကန် ဖြောင့်ချက်ပေးခဲ့ရကြောင်း မြွက်ဆိုထားလေသည်။ ဤအတိုင်းမှန်လျှင် ပန်းဇုံ အလိုအလျောက် ဖြောင့်ချက်ပေးသလော ဟူသည့် ပြဿနာကို လေးလေးနက်နက်စဉ်းစားရန် လိုအပ်ပေသည်။

ဓါးပြမှု၊ လူသတ်မှု စသော အမှုကြီးများနှင့် ပတ်သက်၍၊ အာဘော်ခံရသော တရားခံများသည်၊ ညှဉ်းပန်းကလူမှုကြောင့်၎င်း၊ ဖြားယောင်း သွေးဆောင်မှုကြောင့်၎င်း ဖြောင့်ချက်ပေးကြသည်ကိုတွေ့ရှိကြရသဖြင့် တရားရုံးများက ပြန်လည်ရုပ်သိမ်းသော ဖြောင့်ချက် သက်သက်အပေါ်၌မူတည်၍၊ တရားခံအား အပြစ်ပေးနိုင်သော်လည်း ယေဘုယျအားဖြင့် ဖြောင့်ချက်ကို အထောက်အထားပြုသည့် သက်သေခံရှိမှသာလျှင် အပြစ်ပေးကြလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် အလှ(ခေါ်)မောင်လှနှင့် အခြားနှစ်ဦး၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော် ၂၉ ကိုလက်ခံသည်။

အယူခံတရားလိုအတွက်၊ ဦးအောင်မင်း (၂) လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံအတွက်၊ အစိုးရလွှတ်တော် ရှေ့နေကြီး ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။ဤအမှုတွင် အယူခံတရားလို မောင်ပန်းဇုံအား၊ ၁၃၂၀ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်နေ့ ၊ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ ညဉ့်သန်းခေါင်ကျော် အချိန်တွင် စစ်ကိုင်းခရိုင် မြောင်မြို့နယ်၊ တွင်းကြီးရွာ၌၊

* ၁၉၅၉ ခုနှစ်၊ ရာဇဝတ်အယူခံအမှုအမှတ် ၆။

† နိုင်ငံတော် တရားဝန်ကြီးများဖြစ်သော ဦးချန်ထွန်း၊ ဦးဘိုကြီး၊ ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၀

မောင်ပန်းတုံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်။

မောင်ကံကောင်းဆိုသူ အသတ်ခံရသည့်မှုခင်းနှင့် စပ်လျဉ်း၍၊ စစ်ကိုင်းမြို့ အထူးတရား သူကြီးက ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ၊ ပြစ်မှုထင်ရှားစီရင်ပြီး သေဒဏ်ချမှတ်သည်ကို တရားလွှတ်တော်သို့ အယူခံဝင်ရောက်ရာ၌လည်း အယူခံ ပလပ်လိုက်သဖြင့်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ဤရုံးတော်သို့ အယူခံဝင်ရန် အခွင့်ထူး လျှောက်ထားရာ၊ ဤရုံးတော်က လျှောက်ထားသည့်အတိုင်း အခွင့်ထူး ပေးခဲ့လေသည်။

အမှုဖြစ်ပွါးပုံမှာ၊ အခင်းဖြစ်ညှဉ်၌၊ မောင်ကံကောင်းနှင့် ဇနီး မကွေလီ (လိုပြ ၂) တို့သည်၊ မကွေလီ၏ အဘ ဦးသာပေါ် (လိုပြ ၁) အိမ်တွင် အိပ်နေကြစဉ်၊ မောင်ကံကောင်းက မကွေလီအား အော်နှိုးပြီး၊ မိမိအား ခါးထိုးခံရကြောင်း ပြောလေသည်။

မကွေလီနှင့် ဦးသာပေါ် တို့ထပြီး၊ မီးခွက်ထွန်း၍ ကြည့်ရှုကြသောအခါ၊ မောင်ကံကောင်း၏ ဝမ်းပိုက်ဘေးဘက်တွင် ခါးဒဏ်ရာတချက် တွေ့ရှိရလေသည်။ ထိုညဉ့်၌ သူကြီးဦးဘိုးမောင် (လိုပြ ၉) ရွာ၌မရှိ၊ မကြာမီ သူကြီးလက်ထောက် ကိုပေါတင် (လိုပြ ၃) နှင့် အခြားသူများ ရောက်လာကြ၍၊ မောင်ကံကောင်းအား မေးမြန်းကြရာ၊ မောင်ကံကောင်းက သူသည် တရွာတည်းနေ ဦးပြော၏သား လှမေနှင့် ဦးဘိုးလွင်၏သား တင်လှိုင်တို့နှင့် ပဋိပက္ခဖြစ်ခဲ့ဘူးသဖြင့် ထိုသူ နှစ်ယောက်ပင် မိမိအားခါးနှင့် ထိုးသည် ထင်ကြောင်းနှင့် တိုင်ကြားလေသည်။ ကိုပေါတင်သည် ဦးသာပေါ် နှင့်တဝိုင်းတည်းနေသူ ဦးသာပေါ်၏သားမက်လှမေကိုငင်းအိမ်၌သွားရောက် ဘမ်းဆီးလေသည်။ တင်လှိုင်ကိုကား ရှာမတွေ့သဖြင့်ငင်း၏အိမ်မစုအား အရှာခိုင်း နောက်တရွာတည်းနေ မောင်ကံမြင့် (လိုပြ ၅) အိမ်၌တင်လှိုင်နှင့် ယခုအယူခံတရားလို ပန်းတုံတို့ကို တွေ့ရှိလေသည်။ ကိုပေါတင်သည် တင်လှိုင်ကို [redacted]ပြီး၊ တင်လှိုင်နှင့် လှမေတို့ကို ရွှေပန်းရဲကင်းဂါတ်သို့ အချုပ်နှင့် ပို့လိုက်လေသည်။ [redacted]ဝိုင် ထုတ်ပေါ် ပြောဆိုချက်အရ၊ မြောင်ရဲဌာန ရဲအုပ် ဦးအောင်ညွန့် (လိုပြ ၁၃) သည်၊ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၌ တွင်းကြီးရွာသို့ သွားပြီး အယူခံဟာရားလို ပန်းတုံကို ဘမ်းဆီးလေသည်။ ထိုနေ့မှာပင် ပန်းတုံလိုက်ပြသဖြင့် ကိုကံမြင့်အိမ်နှင့် တဝိုင်းတည်းရှိ ဦးဘိုးလှ အိမ်အနီး အိမ်သာအတွင်း မှ ခါးမြှောင်အိမ်တခုရရှိလေသည်။ ထိုနေရာနှင့် မနီမဝေးရှိ ဦးဘိုးလှအိမ်ခြံစည်းရိုး တောင်ဘက်၌ ခါးမြှောင် တလက်တွေ့ရှိရလေသည်။ သို့သော် ထိုခါးမြှောင်၌ သွေးမတွေ့ရခေါ့။

၁၉၅၈ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့၌ အယူခံ တရားလို ပန်းတုံသည် မြင်းမူမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီး ဦးထွန်းရှိန် (လိုပြ ၁၂) ရှေ့တွင် ဤအမှုနှင့်ပတ်သက်၍ ဖြောင့်ချက်ပေးလေသည်။ ဦးထွန်းရှိန်က ထိုဖြောင့်ချက်ကို သက်သေခံ အမှတ် "ဃ" တွင်ရေးမှတ်လေသည်။

၁၉၆၀

**မောင်ပန်းတုံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်။**

မောင်ကံကောင်းအား အချင်းဖြစ်ပြီး၊ နောက်နေ့ ညနေ ၃ နာရီလောက်တွင် လှည်းဖြင့် မြောင်မြို့သို့ ယူဆောင်သွားရာ၊လမ်းခရီးတွင် သေဆုံးလေသည်။ အလောင်းကို စစ်ဆေးသော ဆရာဝန်၏ သက်သေ ထွက်ချက် အရဆိုလျှင်၊ ရရှိသောဒဏ်ရာမှာမုချ သေရမည့် ဒဏ်ရာဖြစ်လေသည်။

ဤအမှုရှိ သက်သေခံချက် အားလုံးကို လေ့လာဆန်းစစ်ကြည့်သည့်အခါ၌၊ အယူခံ တရားလိုအပေါ်တွင် ငြိစွဲမှုသော သက်သေခံချက်များမှာ အယူခံ တရားလို ပေးသောဖြောင့်ချက်နှင့် မောင်တင်လှိုင် (လိုပြ ၇) ၏ ထွက်ချက်များသာ ဖြစ်လေသည်။ မောင်တင်လှိုင်သည် မူလ ရုံးတော်ရှေ့၌ မိမိသိတန်ရာသော အချက်အလက်များကို ရှင်းကဲ့သည်တကြောင်း၊ အမှုအရာအားဖြင့်လည်း မှန်ကန်စွာ ထွက်ဆိုပုံ မရသည် တကြောင်းတို့ကြောင့်အောက်ရုံးမင်းက ထိုသက်သေအား မယုံကြည်နိုင်ကြောင်းဖြင့် ဖေါ်ပြထားလေသည်။ ဤရုံးတော်၌လည်းပညာရှိအစိုးရရှေ့ နေကြီးက မောင်တင်လှိုင်သည် ယုံကြည်ထိုက်သောသက်သေမဟုတ်သဖြင့် သူ၏ထွက်ချက်ကိုမိမိအားကိုး အားထားမပြုလိုကြောင်း၊ သို့သော် အယူခံတရားလို၏ဖြောင့်ချက်ကိုမူတည်ပြီး ၎င်းအပေါ်၌ ချမှတ်ထားသော ပြစ်ဒဏ် စီရင်ခြင်းကို အတည်ပြုထိုက်ကြောင်းဖြင့် လျှောက်ထားလေသည်။ မောင်တင်လှိုင်၏ ထွက်ချက်အရ ဆိုလျှင်၊ ၎င်းသည် အချင်းဖြစ်သည့် ညဉ့်က ကိုကံမြင့်အိမ်၌ အိပ်ပျော်နေစဉ် သန်းခေါင်ကျော် နှစ်ချက်တီးလောက်တွင် ပန်းဇုံလာနှိုးပြီး ကံကောင်းကို ခါးနှင့် ထိုးခဲ့ကြောင်း ပြောသည်ဟု ထွက်ဆိုလေသည်။ အဘယ်အကြောင်းကြောင့် ခါးနှင့် ထိုးခဲ့သည်ကို မိမိက လည်း မမေးမိ ပန်းဇုံကလည်း မပြောပါဟု ဆက်လက် ထွက်ဆိုလေသည်။ ယင်းသို့ ပန်းဇုံပြောပြီး တင်လှိုင်နှင့် ပန်[redacted]ကိုကံမြင့်အိမ်၌ပင် အိပ်ကြရာ၊ အိပ်ရာမှ ထပြီးနောက်၊ နေမထွက်မီ ကိုပေါတင် ရောက်လာပြီး၊ ညဉ့်က ကံကောင်းကို ခါးနှင့်ထိုးသွားသူမှာ တင်လှိုင် ဖြစ်သည်ဆင်ကြောင်းနှင့် စွပ်စွဲသွားကြောင်း ပြောဆိုပြီး မိမိအား ဘမ်းဆီးကြောင်း အစစ်ခံလေသည်။ ထို့နောက် ဆက်လက်၍ အစစ်ခံရာ၌ မူလထွက်ဆိုချက်ကို လှဲပြောင်းပြီး အချင်းဖြစ် ညဉ့်က ပဌမ လာရောက်နှိုးသူမှာ ပန်းဇုံမဟုတ်၊ မိမိ၏ အမေ့မစု ဖြစ်ကြောင်း၊ မောင်ကံကောင်းက ခါးနှင့်ထိုးသွားသူမှာ တင်လှိုင် ဖြစ်သည် ထင်ကြောင်းနှင့် စွပ်စွဲ သွားကြောင်းကို မိမိအား လာရောက်ပြောပြပြီး ပြန်သွားကြောင်း၊ ထိုသို့ပြန်သွားပြီးလျှင်ပြီးချင်း ပန်းဇုံရောက်လာပြီး၊ မောင်ကံကောင်းကို ခါးနှင့် ထိုးလာခဲ့ကြောင်း ပြောသည်ဟု အစစ်ခံလေသည်။ တင်လှိုင်၏ ထွက်ချက်များသည် ရွေ့နောက်စကား အမြီးအမောက် မတည့် ယုတ္တိမတန်သဖြင့် ယုံကြည်ရန် ခဲယဉ်းသော ထွက်ချက်ဖြစ်သည်။ အကယ်၍ ပန်းဇုံသည် မောင်ကံကောင်းအား

၁၉၆၀

မောင်ပန်းတုံ
*
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်။

ခါးနှင့် ထိုးခဲ့သည် မှန်စေကာမူ၊ တင်လှိုင်ထံ သွားပြီး မိမိခါးနှင့် ထိုးခဲ့ကြောင်း မပြောတန်ရာချေ။ ထိုမျှသာမကသေး၊ ခါးနှင့်ထိုးခဲ့ကြောင်းပြောလျှင်လည်း သူကြီး လက်ထောက် ကိုပေါတင် လာရောက်ပြီး မောင်ကံကောင်း၏ စွပ်စွဲချက်ဖြင့် မိမိအား ဘမ်းဆီးသည့်အခါ၌ မိမိ မောင်ကံကောင်းအား ခါးနှင့် မထိုးရကြောင်း၊ ခါးနှင့်ထိုး သူမှာ ပန်းတုံဖြစ်ကြောင်း ဖွင့်ဟပြောကြားမည်မှာမမှတာပင်ဖြစ်သည်။ ယင်းသို့သော အကြောင်းများကြောင့် မောင်တင်လှိုင်သည် ယုံကြည်အပ်သော သက်သေမဟုတ်ချေ။ မိမိအပေါ် ကျရောက်မည့် ဘေးဒဏ်မှ လွတ်မြောက်ရန် အလို့ငှါ အခြားသူတဦး တယောက်အပေါ်၌ စွပ်စွဲခဲ့သည့် လက္ခဏာပေါ်ပေါက်လေသည်။

မောင်ကံကောင်းအား သေလောက်အောင် ပြင်းထန်သော ဒဏ်ရာ ရရှိစေရန် လုံလောက်သည့်အကြောင်းရှိမရှိကိုစူးစမ်းရှာဖွေရာ၌ တင်လှိုင်၊လှဖေတို့နှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ပန်းတုံနှင့် စပ်လျဉ်း၍ ဖြစ်စေ ယခုကဲ့သို့သော ပြစ်မှုမျိုး ကျူးလွန်ရန်အတွက် လုံလောက်သော အကြောင်း မရှိသည်ကို တွေ့ရလေသည်။ ဦးသာပေါ် (လို့ပြ ၁)က ထွက်ဆိုသည်မှာ အချင်းမဖြစ်မီ ၁၀ ရက်လောက်က ကံကောင်း၊ လှဖေနှင့်တင်လှိုင်တို့ ကစားကြရာတွင် ကံကောင်းက တဘက်၊ လှဖေနှင့် တင်လှိုင်တို့ကတဘက် အချင်းများ ကြောင်း ထွက်ဆိုလေသည်။ သို့သော် အကြီးအိမ်သို့ ရောက်လေ့ရောက်အောင် ခိုက်ရန်၊ ဖြစ်ပွါးကြဟန် မတူချေ။ ပန်းတုံနှင့် ပတ်သက်၍ကား သေသူနှင့် ပန်းတုံ အချင်းမများကြဘူးကြောင်း ဦးသာပေါ်က ထွက်ဆိုလေသည်။ သေသူ၏ဇနီးမကွေလီ (လို့ပြ ၂)က ထွက်ဆိုသည်မှာ အချင်းမဖြစ်မီ ၃ ရက်လောက်က၊ ပန်းတုံသည် မောင်ကံကောင်းထံမှ လက်ပတ်နာရီငှါးရာ၊ မငှါးလိုက်သဖြင့် အကြောင်းသိရမည်ဟု ကြိမ်းမောင်းသွားကြောင်းနှင့် ထွက်ဆိုလေသည်။ မကွေလီ၏ ထွက်ချက် မှန်သည်ထားဘိဦး၊ ၎င်းဖေါ်ပြသော အကြောင်းဖြစ် ကံကောင်းအား ပန်းတုံက သွားရောက်၍ အသေသတ်မည် မဟုတ်တန်ရာ၊ ပန်းတုံ၏ ဖြောင့်ချက်မှာကား ယင်းကဲ့သို့ မဟုတ်၊ ၎င်းက အချင်း မဖြစ်မီက မောင်ကံကောင်းသည် ၎င်းအား မကွေလီနှင့် မသင်္ကာ၍ ခါးနှင့်ခုတ်မည် ရွယ်လိုက်ရာ ထွက်ပြေးရကြောင်း၊ ထို့နောက် ၎င်းအား သတ်မည်ကို သိသဖြင့် ၎င်းက လက်ဦးအောင် ခါးနှင့်ထိုးရကြောင်းနှင့် အကြောင်းပြလေသည်။ ဤအကြောင်းပြချက် အကယ်၍ မှန်ကန်လျှင်၊ မကွေလီနှင့် ဦးသာပေါ်တို့ သိရှိပြီး ထိုအကြောင်းနှင့် ပတ်သက်၍ ထောက်ခံ ထွက်ဆိုမည် ဖြစ်သည်။ ယခုမူကား ထိုအကြောင်းနှင့် ပတ်သက်၍ တခွန်းတပါဒမျှ ထွက်ဆိုခြင်း မပြုကြချေ။

အယူခံ တရားလို ပန်းတုံ၏ ဖြောင့်ချက်မှာလည်း သာမန်ဖြောင့်ချက်မျိုးပင် ဖြစ်သည်။ ၎င်းဖြောင့်ချက်တွင် ဦးသာပေါ်၏ အိမ်အနေအထားနှင့် ပတ်သက်၍ ဖေါ်ပြထားချက်များပါဝင်သည်။ သို့သော် ဦးသာပေါ်နှင့်ပန်းတုံတို့တရွာတည်းနေများ

ဖြစ်ကြသဖြင့် ဦးသာပေါ်၏အိမ်အနေအထားကို ပန်းဇုံသိသည်မှာ မထူးဆန်းလှချေ။

၁၉၆၀

မောင်ပန်းဇုံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်။

ဤအမှုတွင် ပန်းဇုံ၏ ဖြောင့်ချက် တခုတည်းဖြင့် ၎င်းအပေါ်၌ အပြစ်မပေးသင့်ဟု ဤရုံးတော်ကယူဆသည်။ ပန်းဇုံ ဖြောင့်ချက်ပေးရသည့် အကြောင်းမှာမယုံကြည်ထိုက်သူတင်လိုင်ကမိမိထံသို့ ကျေးဇူးတော်ရန်အလို့ငှါတခြားသူဇာဦးတယောက်အား စွပ်စွဲသဖြင့်ဖြောင့်ချက် ပေးရသည့် အခြေအနေသို့ ရောက်ရှိရသည်ဟု ယူဆရန် အကြောင်းရှိလေသည်။ ထို့ပြင်လည်း ပန်းဇုံက မိမိဖြောင့်ချက်ပေးရခြင်းမှာ ရဲဌာနာမှ နှိပ်စက်ညှဉ်းပန်းသည့် ဒဏ်ကို မခံနိုင်တော့သဖြင့် ၎င်းတို့သွန်သင်ပေးသည့်အတိုင်း ဖြောင့်ချက်ပေးခဲ့ရကြောင်း။ ထို့ပြင်လည်းမြင်းမူမြို့၌ ရဲအချုပ်သာရှိ၍ အကယ်၍ ဖြောင့်ချက် မပေးဘဲ နေလျှင် ရဲအချုပ်သို့ ရာဇဝတ်တရားသူကြီးထံမှပြန်လည်ရောက်ရှိသောအခါပိုမို၍ နှိပ်စက်မည်ကို စိုးရိမ်ကြောက်လန့်သောကြောင့်မမှန်မကန် ဖြောင့်ချက်ပေးခဲ့ရကြောင်း မြွက်ဆို ထားလေသည်။ ဤအတိုင်းမှန်လျှင် ပန်းဇုံအလိုအလျောက် ဖြောင့်ချက် ပေးသလောဟူသည့် ပြဿနာကို လေးလေးနက်နက် စဉ်းစားရန် လိုအပ်ပေသည်။ ရာဇဝတ်တရားသူကြီးထံ၌ ဖြောင့်ချက်ပေးပြီးနောက်၊ ပန်းဇုံအား မြင်းမူမြို့မှ ရဲဌာနာသို့ ယူဆောင်သွားကြောင်း၊ နောက်တနေ့ကျမှသာလျှင်၊ စစ်ကိုင်းမြို့သို့ ပို့ကြောင်းတွေ့ရှိရလေသည်။

ဓါးပြမှု၊ လူသတ်မှု စသော အမှုကြီးများနှင့်ပတ်သက်၍ **အဘမ်းခံရသော** တရားခံများသည် အများအားဖြင့် ညှဉ်းပန်းကလူမှုကြောင့် သော်၎င်း၊ ဖြားယောင်းသွေးဆောင်မှုကြောင့်သော်၎င်း၊ ဖြောင့်ချက်ပေးကြသည်ကိုတွေ့ရှိကြရသဖြင့် တရားရုံးများက၊ ပြန်လည်ရဖွယ်သိမ်းသော ဖြောင့်ချက် သက်သက်အပေါ်၌ မူတည်၍ တရားခံအား အပြစ်ပေးနိုင်သော်လည်း ယေဘုယျအားဖြင့် ၊ဖြောင့်ချက်ကို အထောက်အထားပြုသည့် သက်သေခံ ရှိမှသာလျှင် အပြစ်ပေးကြလေသည်။ ဤအချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အလှ (ခေါ်) မောင်လှနှင့် အခြားနှစ်ဦး [°] ၌သက်ဆိုင်ရာ စီရင်ထုံးအမြောက်အများကို အကိုးအကားပြု၍ ဖော်ပြထားလေသည်။ ယင်းဥပဒေအချက်ကို ဤရုံးတော်က လက်ခံသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံ တရားလို ပန်းဇုံအား အပြစ်ပေးရန် လုံလောက်သော အကြောင်းမရှိသဖြင့်၊ ၎င်းအပေါ်၌ ချမှတ်သော ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး၊ ၎င်းအား တရားသေလွှတ်ခုန် အမိန့်ချမှတ်လိုက်သည်။

---

° ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော် ၂၉။

## တရားလွှတ်တော်ချုပ်

† ၁၉၆၀

ဖေဖော်ဝါရီလ
၁၉ ရက်။

## မောင်မြအောင် (အယူခံတရားလို)

နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော် (အယူခံတရားခံ) *

မောင်အောင်စိန့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု [၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ (တရားလွှတ်တော်ချုပ်) ၁၈] တွင် ချမှတ်သည့်မူကို ပြဋ္ဌာန်းရသည့်အကြောင်းရင်း။ *

အသက်အရွယ်နုနယ်လူမမယ်ကလေးများ၏ သက်သေခံချက်နှင့် ပတ်သက်၍ ရုံးတော်များက သတိချပ်အပ်၊ လိုက်နာဆောင်ရွက်အပ်သည့်ကိစ္စများ။

သေသူမသေမီ စွပ်စွဲချက်ကို မည်သည့်အခါ အသုံးပြုရန်မဖြစ်နိုင်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ ၏ ရည်ရွယ်ချက်။

**ဆုံးဖြတ်ချက်။** ။မောင်အောင်စိန့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု [(၁၉၅၉ ခုနှစ်၊) မြန်မာနိုင်ငံ စီရင်ထုံးများ (တရားလွှတ်တော်ချုပ်) ၁၈] တွင်ချမှတ်သော တရားလွှတ်တော်လိုက်နာ ကျင့်သုံးအပ်သည့်မူကို ပြဋ္ဌာန်းရသည့် အကြောင်းရင်းများမှာ၊ မည်သည့် တရားခံမဆို အပြစ်မရှိဟု ရုံးတော်မှ ကနဦးကယူဆရမည်ဖြစ်သည်တကြောင်း၊ မူလ ရုံးတော်က တရားသေလွှတ်လိုက်သည်ဖြစ်၍၊ ထိုယူဆချက်မှာ အထောက်အထားရရှိပြီးဖြစ်သည် တကြောင်း၊ မူလ ရုံးတော်သည် သက်သေများကို ကိုယ်တိုင်ကြည့်ရှုကြားနာခွင့်ရရှိသဖြင့်၊ ၎င်းတို့၏ ထွက်ချက်များကို ယုံထိုက်၊ မယုံထိုက် ဝေဖန်ရာ၌ အမှုတွဲကိုသာဘတ်၍ ဝေဖန်ရသော အယူခံရုံးတော်ထက် အခွင့်အရေးပိုမိုရရှိသည်တကြောင်းတို့ကြောင့်ဖြစ်သည်။

ပဂဝမ်ဒတ်(စ်)နှင့် ရာဂျပ်စသန်ပြည်၊ ၁၉၅၇ ခုနှစ်၊ အိန္ဒိယတရားလွှတ်တော်ချုပ်၊ ၇၅၄ ကို ရည်ညွှန်းသည်။

အသက်အရွယ် နုနယ်လူမမယ်ကလေးများ၏ သက်သေခံချက်ကို အထူးသတိချပ်၍ ချိန်ဆဝေဖန်ရမည်။ အကြောင်းကား သက်ရွယ်နုနယ်လူမမယ်ကလေးများသည် လူမသမာများ မဟုတ် မမှန်လုပ်ကြံသင်ပေးသည်ကို ယုံလွယ်မှတ်လွယ်ကြသောကြောင့်ဖြစ်သည်။

အာဖတ်နှင့် ဘုရင်မင်းမြတ် ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၁၀၄ ကိုရည်ညွှန်းသည်။

ယင်းသို့ လူမမယ်ကလေးများကို သက်သေထူသည့်အခါ၌ ရုံးတော်က သက်သေအဖြစ် စစ်ဆေးခြင်းမပြုမီ၊ သင့်တော်သော ပဏာမမေးခွန်းများမေး၍ မေးသည့်မေးခွန်းများကို နားလည်သလော၊ အဖြေများကို မိမိတို့ အသက်အရွယ်အလျောက် သာမာန်လူများကဲ့သို့ ဖြေဆိုနိုင်သလော

---

* ၁၉၅၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ဦးဘိုကြီးတို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၀

မောင်မြအောင် နှင့် မြန်မာနိုင်ငံတော်။

ဟု စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။ ယင်းသို့ မေးမြန်းဆုံးဖြတ်ကြောင်းကို အမှုတွဲတွင် ပေါ်လွင်အောင် တနည်းနည်းဖြင့် ဆောင်ရွက်သင့်သည်။ သို့မှသာလျှင် အယူခံဒုံးတော်က သက်ရှယ်နှုန်းသူများသည် သက်သေခံ ဥပဒေပုဒ်မ ၁၁၈ အရ၊ သက်သေခံနိုင်သော သူများ ဟုတ်၊ မဟုတ်ကို ချိန်ဆနိုင်မည်ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၂ ၏ရည်ရွယ်ချက်မှာ မူသက်သေများ၏ ထွက်ချက်များ မမှန်ကန်ကြောင်းပေါ်လွင်စေပြီး၊ ဆုံးဖြတ်ချက်မှန်ကန်စေရန်ဖြစ်သည်။ ဘုရင်မင်းမြတ်နှင့် လေ့နိုးသောင်း၊ ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၁၃၊ စာမျက်နှာ ၅၇၀၊ ၅၈၁ ကိုရည်ညွှန်းသည်။

တရားခံ တရားလိုအတွက်၊ လွှတ်တော်ရှေ့နေကြီး ဦးသိန်းဟန် (၁) လိုက်ပါ ဆောင်ရွက်၍။

အယူခံ တရားခံအတွက်၊ အစိုးရလွှတ်တော်ရှေ့နေကြီး ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီးဦးဘိုကြီး။** ။၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့၌၊ ဖျာပုံမြို့နှင့် ငှမိုင်ကွာ၊ ပန်းဘဲစု ခနောင်ရွာ၊ ချောင်းကမ်းပါးရှိ လယ်တဲ၌ သေသူ ၁၆ နှစ်သမီး မရှိန်နှင့် ၎င်း၏ ညီမငယ် မခင်ရှိန် (လိုပြ-၂) တို့နှစ်ယောက်တည်းရှိကြရာ၊ အယူခံ တရားလို မောင်မြအောင်နှင့် ယခု ထွက်ပြေးတိမ်းရှောင်နေသူ မောင်တင်ငွေကြီးတို့ တဲအတွင်းသို့ဝင်လာကြပြီး၊ မြအောင်က ဖန်ခွက်တခုယူ၍ ရေခတ် ရေခွက်ကိုမြှောက်ကာ၊ အဘိုးကိုပသပြီး မရှိန်အား ရေထဲမြှောမည် ပြောရှရေသောက်ပြီးနောက်၊ မိမိယူဆောင်လာသော ရိုင်ဖယ်သေနတ်ကို တင်ငွေကြီးအား ပေးလိုက်သည်တွင်၊ မရှိန်တဲပြင်ဘက်လယ်ကွင်း ထဲထွက်ပြေးရာ၊ တင်ငွေကြီး သေနတ်နှင့် လိုက်ပစ်သဖြင့် မရှိန်သေဆုံးရကြောင်းနှင့် မြအောင်အား ဖျာပုံမြို့ ပဌမအထူး တရားသူကြီးရုံးတော်သို့ လူသတ်မှုကို အားပေးကူညီသည်ဟု စွဲဆိုတင်ပို့လေသည်။ အဆိုးတရားသူကြီးသည် ဂ နှစ်အရွယ်မျှသာရှိသော တဦးတည်းသော မျက်မြင်သက်သေ မခင်ရှိန်၏ အစစ်ခံချက်ကို မြအောင်၏ ကျမ်းကျိန်ထွက်ဆိုချက်နှင့်ချိန်ထိုးကြည့်ပြီး၊ မရှိန် သေနတ်ပစ်ခံရပြီးလျှင်ပြီးခြင်း မြအောင်သည် အခင်းဖြစ် ဓေသတိုင်ရှိ ကိုရေခဲ(လိုပြ-၄) ကိုရွှန်း (လိုပြ-၆) နှင့် မောင်ခင်သန်း (လိုပြ-၇) တို့အား၊ တင်ငွေကြီး မရှိန်ကိုသေနတ်နှင့် ပစ်သတ်သွားကြောင်း ကိုင်ပြောသည် ဆိုသည့် သက်သေထွက်ချက်များကို ထည့်သွင်းစဉ်းစား၍ လူမမယ်မခင်ရှိန်ကလေး ထွက်ဆိုသည့်အတိုင်း အယူခံတရားလိုအကယ်ပင် ပြောဆိုပြုလိုပ်ခဲ့သလောဟု သို့လော သို့လော တွေးတောပြီး ဒုံဟုဖြစ်သဖြင့် တရားခံတိုင်း ယင်းသို့ဖြစ်ပေါ်သည့် သံသယ အကျိုးခံစားခွင့် ရှိသည့်အလျောက် အယူခံတရားလိုအား တရားသေလွှတ်လိုက်လေသည်။ နိုင်ငံတော်အစိုးရအယူခံဝင်ရာဝယ်၊

၁၉၆၀

မောင်မြအောင် နှင့် မြည်ထောင်စု မြန်မာနိုင်ငံ တော်။

တရားလွှတ်တော်က မခင်ရှိန်ကို မယုံကြည်ရန်အကြောင်း မမြင်သည်သာမက၊ ကလေး မသည် အဖြစ်အပျက်ကိုကွင်းကွင်းကွက်ကွက် မြင်အောင် ဆက်သေခံသည်တကြောင်း၊ ၎င်း၏ ထွက်ချက်များကို မရှိန်သေခါနီး ပြောဆိုသွားခဲ့သည့် စွပ်စွဲချက်က ထောက်ခံ သည်တကြောင်းတို့ကြောင့် မခင်ရှိန်၏ သက်သေ ထွက်ချက်ကို ယုံကြည် ကိုးစားထောက်ထား၍၊ မူလရုံးတော်က တရားသေလွှတ်သည်ကို ပယ်ဖျက်ပြီး၊ အယူခံ တရားလိုအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၁၀၉ အရ၊ ပြစ်မှုထင်ရှားစီရင်၍ သေဒဏ် အမိန့်ချမှတ်လိုက်လေသည်။

ယင်းကဲ့သို့ မူလတရားရုံးတော်က တရားသေလွှတ်သည့် အမိန့်ကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ရာတွင်၊ တရားလွှတ်တော် လိုက်နာကျင့်သုံးအပ်သည့် မူတရပ်ကို၊ ဤရုံးတော် ၁၉၅၈ ခုနှစ်၊ရာဇဝတ်အယူခံမှု အမှတ် ၉၊မောင်အောင်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု၌ ချမှတ်ခဲ့လေပြီ။* ထိုမူမှာမူလ ရုံးတော်နှင့် တရား လွှတ်တော်တို့သက်သေခံချက်များကို အသီးသီး ဆင်ခြင်သုံးသပ်ရာ၌ သဘောကွဲလွဲချို့ မှုဖြင့် မူလရုံးအမိန့်ကိုပယ်ဖျက်ရန်အတွက် အကြောင်းမလုံလောက်ပေ။ ဝင်ရောက် စွက်ဖက်ဘို့ရန် မလွှဲမရှောင်သာသည့် အကြောင်းမျိုး ရှိရမည်ဟူသည့် မူဖြင့် ဖြစ်သည်။ ထိုမူကို ပြဋ္ဌာန်းရသည့် အကြောင်းရင်းများမှာ မည်သည့် တရားခံမဆို အပြစ်မရှိဟု ရုံးတော်က ကနဦး ယူဆရမည်ဖြစ်သည်တကြောင်း၊ မူလရုံးတော်က တရားသေလွှတ်လိုက်သည် ဖြစ်၍ ထိုယူဆချက်မှာ အထောက်အထား ရရှိပြီး ဖြစ် သည်တကြောင်း၊ မူလရုံးတော်သည် သက်သေများကို ကိုယ်တိုင်ကြည့်ရှု ကြားနာခွင့် ရရှိသဖြင့်၊ ၎င်းတို့၏ထွက်ချက်များကို ယုံထိုက် မယုံထိုက် ဝေဖန်ရာ၌ အမှုတွဲကိုသာ ဘိတ်ရှုဝေဖန်ရသော အယူခံရုံးတော်ထက် အခွင့်အရေးပိုမို ရှိသည်တကြောင်း တို့ကြောင့်ဖြစ်သည်။ ထိုမူကို အိန္ဒိယပြည် တရားလွှတ်တော်ချုပ် ကလည်း ပဂဝမ်ဒတ် (စ) နှင့် ရာဂျပ်စသန်ပြည် (ခ) ၌ဌင်း၊ ထိုအမှုတွင် အကိုးအကားး ပြုထားသော စီရင်ထုံးများ၌ဌင်း သတ်မှတ်ပြဋ္ဌာန်းခဲ့လေသည်။

ဤအမှုတွင် ယင်းမူကို နှစ်လုံး ထားရမည်သာမကသေး၊ တဦးတည်းသော ခိုင်ခဲ့ သက်သေမခင်ရှိန်သည် အသက်အရွယ် နုနယ်သူ ဖြစ်သဖြင့် ထိုကလေးမ၏ သက်သေ ခံချက်ကို အထူးသတိချပ်၍ ချိန်ဆဝေဖန်ရမည်ဖြစ်သည်။ အာဖတ်နှင့် ဘုရင်မင်းမြတ် (၂) တွင်၊ ယင်းသို့ သတိချပ်ဘို့ရန် ညွှန်ကြားဆုံးမြတ်ခဲ့လေပြီ။ အကြောင်းကား၊

---

* ၁၉၅၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်ချုပ်) စာမျက်နှာ ၁၈။

(၁) ၁၉၅၇ ခုနှစ်၊ အိန္ဒိယတရားလွှတ်တော်ချုပ်၊ ၈၅၄။

(၂) ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ ၁၀၄။

သက်ရွယ်နှုန်ယ် လူမမယ်ကလေးများသည် လူမသာမာများ မဟုတ်မမှန် လုပ်ကြံသင်ပေးသည်ကို ယုံလွယ်မှတ်လွယ်သောကြောင့်ဖြစ်သည်။

၁၉၆၀

မောင်မြအောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်။

ထို့ပြင်လည်း ယင်းသို့သော လူမမယ်ကလေးများကို သက်သေထူသည့် အခါ၌ ရုံးတော်က သက်သေ အဖြစ် စစ်ဆေးခြင်းမပြုမီ သင့်တော်သော ပဏာမ မေးခွန်းများ မေးခြင်းမေးသည့် မေးခွန်းများကို နားလည်သလော၊ အဖြေများကို မိမိတို့ အသက်အရွယ်အလျောက် သာမာန် လူများကဲ့သို့ ဖြေဆိုနိုင်သလောဟု စဉ်းစားဆုံးဖြတ်ရမည် ဖြစ်သည်။ ယင်းသို့ မေးမြန်းဆုံးဖြတ်ကြောင်းကို အမှုတွဲတွင် ပေါ်လွင်အောင် တိုနည်းနည်းဖြင့် ဆောင်ရွက်သင့်သည်။ သို့မှသာလျှင် အယူခံ ရုံးတော်က သက်ရွယ်နုနယ်သူများသည် သက်သေခံ ဥပဒေပုဒ်မ ၁၁၈ အရ၊ သက်သေ ခံနိုင်ယောသူများဟုတ် မဟုတ်ကို ချိန်ဆနိုင်မည်ဖြစ်သည်။

ဤအမှုတွင် အခင်းဖြစ်ပြီးသည်နှင့် တပြိုင်နက် မရှိန်၏ မိဘများဖြစ်သူ ကိုမိုး (လိုပြ-၇) နှင့်မသိန်း (လိုပြ-၁)တို့သည်၊ မိမိတို့တဲသို့ ပြန်ရောက်ပြီး မရှိန်အား ရှာခိုဖွေရာ တဲနောက်ဖေး အလံ ၂၀ ကွာလယ်တဲ၌ သွေးများနှင့်လူးလိမ်းနေသည်ကိုတွေ့ရ၍တဲသို့ ပွေ့ယူသွားပြီး မေးမြန်းရာ၊ ပဌမ မျက်စေ့လှန်ကြည့်၍သာ နေကြောင်း၊ ကိုပိုးက ကာကွယ်ရေး သမားများထံ သွားရောက် တိုင်ကြားသည့်အခါ၊ ကိုလှမောင် (လိုပြ-၃) ရောက်လာ၍ မသိန်းက မရှိန်အား ထပ်မံမေးမြန်းသည့် အခါ မရှိန်က တင်ငွေကြီးနှင့် မြအောင်တို့ လယ်တဲ လာရောက်ပြီး ချစ်ကြိုက်ရန် ပြောကြောင်း၊ ငြင်းဆိုသည့် အခါ၌ တင်ငွေကြီးနှင့် မြအောင် သေနတ်နှင့် ပစ်သွားကြောင်း ပြောဆိုသည်ဟု ထွက်ဆိုချက်ရှိသည်။ ထိုသူနှစ်ဦးအနက် မည်သူက ချစ်ကြိုက်ရန် ပြောကြောင်း၊ မည်သူက သေနတ်နှင့်ပစ်ကြောင်း တိတိကျကျပြောခဲ့ဟန်မတူချေ။ ထို့ကြောင့် မရှိန်၏ စွပ်စွဲချက်သည် အခြားသက်သေခံချက် ခိုင်ခိုင်လုံလုံ မရှိပါက အယူခံ တရားလို့အပေါ်၌ အသုံးပြုရန် မဖြစ်နိုင်ချေ။ အခြားသက်သေခံချက်မှာ မခင်ရှိန်၏ သက်သေခံချက်သာ ဖြစ်ပြီး၊ အထက်၌ ဖော်ပြခဲ့သည့် အတိုင်း မြအောင်က ရေဖန်ခွက်ဖြင့် အဘိုးကို ပသပြီး မယ်နှိုက် ရေထဲမြှောမည်ဆို၍ တင်ငွေကြီး အားသေနတ်ပေးလိုက်သည် ဆိုသည့် ထွက်ချက်သည် ယုံကြည်လက်ခံထိုက်သလောဟူသည့် အချက်ပင်ဖြစ်သည်။ မသိန်း (လိုပြ-၁) ကမြအောင် ထိုကဲ့သို့ပြောဆို ပြုလုပ်ကြောင်းကို မိမိအား မခင်ရှိန် တိုင်သည်ဟု ထွက်ဆိုသည်။ သေသူနှင့် ညီမနှစ်ဝမ်းကွဲတော်သူ မခင်စမ်း (လိုပြ-၅)က ယင်းသို့တိုင်သည်ကို တဲပြင်ဘက်မှကြားရကြောင်း ထွက်ဆိုသည်။ ဤသို့မခင်ရှိန်က အကယ်ပင်တိုင်လျှင် ကွင်းကွင်းကွက်ကွက် မြင်အောင် တိုင်သည်ဖြစ်သဖြင့် မသိန်း ဂါတ်သို့သွား၍ တိုင်ချက်ဖွင့်သည့်အခါ၌ ဖော်ပြမည် ဖြစ်သည်။ မသိန်း၏ ပဌမတိုင်ချက်ကို လေ့လာသည့် အခါ၌ မခင်ရှိန် ယင်းသို့

၁၉၆၀

မောင်မြအောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်။

ပြောကြောင်း တလုံးတပါဒမျှ ဖေါ်ပြထားသည်ကို မတွေ့ရချေ။ တိုင်ချက် ဖွင့်သည့် အခါ၌ မသိန်းစိတ်မှန်နေသဖြင့် မခင်ရိန် ပြောကြားသည့် အချက်ကို မေ့နေဟန် ရှိကြောင်းနှင့် တရားလွှတ်တော်က ဖြေကြားသည်မှာ ခိုင်လုံသည်ဟု မယူဆနိုင်ပေ။

အမှန်အားဖြင့် ဆိုလျှင်၊ မူလရုံး၌ အယူခံ တရားလိုအတွက် လိုက်ပါဆောက်ရွက် သော ပညာရှိ ရွှေနေကြီးသည် မသိန်းအား ပြန်လှန် မေးခွန်းမေးရာ၌ မခင်ရိန် ပြောသည့် အချက်ကို ပဌမတိုင်ချက်တွင် အဘယ့်ကြောင့် ထည့်သွင်း တိုင်တန်းခြင်း မပြုခဲ့ကြောင်းကို မေးမြန်းသင့်သည်။ ထိုသို့မေးမှသာလျှင် အဘယ်အကြောင်းကြောင့် မခင်ရိန် ပြောချက်ကို မတိုင်တန်းခဲ့ကြောင်း သေချာရှင်းလင်းစွာ ပေါ်လွင်နိုင် ပေမည်။ ဤနေရာ၌ အကြောင်းဆိုက်သဖြင့် ဖေါ်ပြရမည်ဆိုလျှင်၊ ဤရုံးတော်သို့ ရောက်ရှိလာသော ရာဇဝတ်မှုများတွင် သက်သေများကို ပြန်လှန် စစ်ဆေးရာ၌ ထိုသက်သေများ ယခင်က ပြောကြားခဲ့သည်ကို ရေးမှတ် ထားသော စာလွှာစာတမ်း များကို အများအားဖြင့် အသုံးမပြုကြောင်းကို တွေ့ရလေသည်။ အထူးသဖြင့် တရားခံများအတွက် အလွန်မှ အဘိုးတန်သော ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၂ အရ၊ ရေးမှတ်ထားသော တရားလို သက်သေများ၏ ထွက်ချက်များကို အသုံးမပြုသည်ကို တွေ့ရသည်။ ထိုပုဒ်မ၏ ရည်ရွယ်ချက်မှာ မှုသားသက်သေများ၏ ထွက်ချက်များကို မမှန်ကန်ကြောင်း ပေါ်လွင်စေပြီး ဆုံးဖြတ်ချက်မှန်ကန်စေရန် ဖြစ်သည်။ ထို့ကြောင့် ပင် ဘုရင်မင်းမြတ်နှင့် ငလွန်းသောင် (၁) ၌၊ တရားလွှတ်တော် မျက်နှာစုံညီ ခုံရုံးက အောက်ပါအတိုင်း မြွက်ဆိုခဲ့လေသည်။

> "There is no legal obligation imposed upon either the public prosecutor or the Court to advise the accused to request the Court to refer to the statement of any witness to the police under section 162, but it must ever be borne in mind that it is the duty of the public prosecutor and any other official who may be conducting a prosecution to prosecute, not to persecute, the accused, and that responsibility rests upon him not to allow the Court or jury to place reliance unwittingly upon the evidence of a witness who to his knowledge made a contradictory statement to the police in the course of the preliminary investigation, and in such circumstances he ought to inform the Court that it might be expedient that the accused should be made aware that he would be entitled to be supplied with a copy of a witness' statement to the police if he made a request to the Court in that behalf."

(၁) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၁၃၊ စာမျက်နှာ ၅၇၀၊ ၅၈၁။

၁၉၆၀

မောင်မြအောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်။

နိုင်ုံးချုပ်အားဖြင့် သေသူမရှိန်၏ ပြောဆိုစုပ်စဲ့ချက်မှာ မတိကျသည် တကြောင်း၊ မခင်ရှိန်ကလေးက အယူခံ တရားလိုအပေါ်၌ ထွက်ဆိုသော သက်သေခံချက်မှာ ယုံကြည်စိတ်ချလောက်အောင် ခိုင်ခိုင်လုံလုံမရှိသည်တကြောင်း၊ အခင်း ဖြစ်လျှင် ဖြစ်ခြင်း အယူခံ တရားလိုသည် ကိုရေခဲ ကိုရွှန်းနှင့် မောင်ခင်သန်းတို့အား တင်ငွေကြီး မရှိန်ကို သေနတ်ဖြင့် ပစ်၍ထွက်ပြေးသွားကြောင်း တိုင်ပြောပြီး၊ တင်ငွေကြီးအား ထိုက်လံ်ရာဖွေရာတွင် ပါဝင်ကူညီသည်တကြောင်း တို့ကိုထောက်သော် အယူခံတရားလို သည် မခင်ရှိန် ထွက်ဆိုသည့် အတိုင်း ပြောဆိုပြုမူကြောင်း လုံလောက်သောသက်သေခံ မရှိသည်ကိုတွေ့ရသည်။ အမှန်အားဖြင့် အယူခံ တရားလိုအား ဘမ်းဆီး၍ ဌာနာသို့ ပို့ရသည့်အကြောင်းမှာ၊ ၎င်းက သူ၏သေနတ်ကို တင်ငွေကြီးလု၍ ပစ်သွားသည် ဆိုသောကြောင့် ဖြစ်သည်ဟု မောင်ခင်သန်းက ထွက်ဆိုလေသည်။ အကယ်၍ အယူခံ တရားလိုသည် မခင်ရှိန် ထွက်ဆိုသည့်အတိုင်း ပြောဆိုပြုလုပ်လျှင် လွတ်ရာသို့ထွက်ပြေး တန်ရာသည်။

၀ အထက်ပါ အကြောင်းမျှားကြောင့် အယူခံ တရားလို အပေါ်၌ ချမှတ်သော ပြစ်မှုထင်ရှား စီရင်ချက်နှင့် သေးဏ်အမိန့်ကို ပယ်ဖျက်လိုက်သည်။

## တရားလွှတ်တော်ချုပ်

†၁၉၆၀

ဖေဖော်ဝါရီလ
၁၀ ရက်။

ဦးစိုးလင်း (လျှောက်ထားသူ)
နှင့်
ရွှေးကောက်ပွဲတာဝန်ခံအရာရှိ (ခရိုင်ဝန်) မြင်းခြံမြို့ ပါ။ ၅ (လျှောက်ထားခံရသူများ) *

ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ပုဒ်မ ၃၈(က)အရ၊ ပုံစံ ၉(က)ကို မည်သည့်အခါမှ ပူးတွဲတင်သွင်းရမည်၊ မည်သည့်အခါ ပူးတွဲတင်သွင်းရန်မလို။

**ဆုံးဖြတ်ချက်။** ။ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ၃၈ အရဆိုလျှင်၊ **အမည်တင်သွင်းလွှာ၌** အမတ်လောင်းတဦးသည်၊ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူ **ထဦးထယောက်ကိုဖြစ်စေ၊ ရွေးကောက်ပွဲ** ကိုယ်စားလှယ်အဖြစ်ဖြင့် ခန့်ထားနိုင်ပေသည်။ ထိုကဲ့သို့ **ခန့်ထားကြောင်းကို အမည်တင်သွင်းလွှာ** တွင် ဖော်ပြရမည်ဖြစ်သည်။ အကယ်၍ အခြားသူ တဦးတယောက်ကို **မိမိရွေးကောက်ပွဲ** ကိုယ်စား လှယ်အဖြစ်ဖြင့် ခန့်ထားသောအခါမှသာလျှင် နည်းဥပဒေ ၃၈(က)အရ၊ ပုံစံ ၉(က)အတိုင်း၊ ထိုသို့ခန့်ထားကြောင်းကို ဖော်ပြ၍၊ ထိုပုံစံကို အမည်တင်သွင်းလွှာနှင့် ပူးတွဲတင်သွင်းရမည်ဖြစ်သည်။ ယခုကိစ္စတွင် လျှောက်ထားသူသည်၊ မိမိကိုယ်ကိုပင် **မိမိ၏** ရွေးကောက်ပွဲ ကိုယ်စားလှယ် အဖြစ်ဖြင့် ခန့်ထားခဲ့ခြင်းကြောင့်ပုံစံ ၉(က)အရ၊ ထပ်မံ၍ ရေးသွင်း ပူးတွဲတင်ပြရန် မလိုတော့ချေ။

လျှောက်ထားသူအတွက်၊ မွန်စံလှိုင်က ဦးမောင်ကိုယ်စား လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်၊ အစိုးရလွှတ်တော် ရွှေနေကြီး ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီးဦးချုန်ထွန်း။** ။လျှောက်ထားသူသည်၊ **မြင်းခြံ**တောင်ပိုင်းမဲဆန္ဒနယ် အတွက်၊ လူမျိုးစုလွှတ်တော်အမတ် ရွေးကောက်ပွဲတွင် အမတ်လောင်း တဦးအဖြစ်ဖြင့် အမည်တင်သွင်းထားသူဖြစ်သည်။ အမည်တင်သွင်းလွှာများကို ရွေးကောက်ပွဲတာဝန်ခံ အရာရှိက ၂၂-၁-၆၀ နေ့တွင် အမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးသောအခါ လျှောက်ထားသူ၏ အမည်တင်သွင်းလွှာနှင့် ပူးတွဲ၍ ရွေးကောက်ပွဲ ကိုယ်စားလှယ်

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲလျှောက်လွှာအမှတ် ၂၅။

† တရားဝန်ကြီးဦးချုန်ထွန်း၊ တရားဝန်ကြီး ဦးဘိုကြီးနှင့် တရားဝန်ကြီး ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးချုန်ထွန်း အမိန့်ချမှတ်သည်။

ခန့်ထားခြင်းအတွက် ပုံစံအမှတ် ၉ (က) တွင် ပူးတွဲ မပါရှိသဖြင့်၊ ပါလီမန် ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၃၈ (က) အရ၊ အမည်တင်သွင်းလွှာကို ပယ်လိုက်လေသည်။ ထိုသို့ ပယ်လိုက်ခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်လျက်ရှိကြောင်းဖြင့် လျှောက်ထားသူက ဤရုံးစော်သို့ အမှုခေါ် စာချုပ်တော်ထုတ်ပေးပါရန် လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူက ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ်ဖြင့် အခြားသူ တဦး တယောက်ကို ခန့်ထားခြင်းမပြုဘဲ၊ မိမိကိုယ်ကိုပင် ခန့်ထားကြောင်းဖြင့် အမည်တင်သွင်းလွှာပုံစံ ၉ တွင် အတိအလင်း ဖော်ပြခဲ့ပေသည်။ နည်းဥပဒေ ၃၈ အရဆိုလျှင်၊ အမည်တင်သွင်းလွှာ၌ အရွေးခံသူသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူ တဦးတယောက်ကို ဖြစ်စေ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ်ဖြင့် ခန့်ထားနိုင်ပေသည်။ ထိုကဲ့သို့ ခန့်ထားကြောင်းကို အမည်တင်သွင်းလွှာတွင် ဖော်ပြရမည်ဖြစ်သည်။ အကယ်၍ အခြားသူ တဦးတယောက်ကို မိမိ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ်ဖြင့် ခန့်ထားသောအခါမှသာလျှင် နည်းဥပဒေ ၃၈ (က) အရ၊ ပုံစံ ၉ (က) အတိုင်း ထိုသို့ခန့်ထားကြောင်းကို ဖော်ပြ၍ ထိုပုံစံကို အမည်တင်သွင်းလွှာနှင့် ပူးတွဲတင်သွင်းရမည်ဖြစ်သည်။ ယခုကိစ္စတွင် လျှောက်ထားသူသည် မိမိကိုယ်ကိုပင် မိမိ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ်ဖြင့် ခန့်ထားခဲ့ခြင်းကြောင့် ပုံစံ ၉ (က) အရ ထပ်မံ၍ ရေးသွင်းပူးတွဲတင်ပြရန်မလိုတော့ချေ။ ထို့ကြောင့် ရွေးကောက်ပွဲ တာဝန်ခံ အရာရှိ၏ ၂၂-၁-၆၁ နေ့က လျှောက်ထားသူ ဦးစိုးလင်းကို ပယ်လိုက်သော အမိန့်သည် တရားဥပဒေနှင့် ဆန့်ကျင်သဖြင့် ပျက်ပြယ်လျက်ရှိသောကြောင့် ဤရုံးတော်က ထိုအမိန့်ကို ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့၏ စရိတ်ကို မိမိတို့ကျခံစေရမည်။

1960

ဦးစိုးလင်း နှင့် ရွေးကောက်ပွဲ တာဝန်ခံ အရာရှိ (ခရိုင်ဝန်) မြင်းခြံမြို့ ပါ ၅။

## တရားလွှတ်တော်ချုပ်

† ၁၉၆၀
ဒီဇင်ဘာ ၂၁ ရက်။

## ဦးထွန်းအို (လျှောက်ထားသူ)
နှင့်
## ရန်ကုန်ခရိုင် ရွှေးကောက်ပွဲ တာဝန်ခံအရာရှိ (ကော်လိတ္တော်အရာရှိ) ပါ ၇ (လျှောက်ထားခံရသူများ) *

**ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ပုဒ်မ ၅၁(က)အရ၊ ရွေးကောက်ပွဲ တာဝန်ခံအရာရှိက ချမှတ်သောအမိန့်၊ နောက်ဆုံးအတည်ဖြစ်ရမည့်အမိန့်၊ ဥပဒေကြောင်းနှင့် မစပ်လျဉ်း၊ အလွန်လုံလောက်သော အကြောင်းရှိမှသာ ဤရုံးတော်က အမှုခေါ် ဝေစျန်ဖြင့် ဝင်ရောက် စုံစမ်းကြည့်မည်ဖြစ်။**

**ဆုံးဖြတ်ချက်။** ။ပါလီမန်အမတ်အဖြစ်အရွေးခံလိုသူများက၊ **မိမိတို့၏ မဲပုံးများတွင် အဆုံးပြုရန် မဲပုံးအမှတ်အသားများကို** တင်ပြကြသောအခါ၊ ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ၅၁ အရ၊ ရန်ကုန်ရွေးကောက်ပွဲ တာဝန်ခံအရာရှိက မဲပုံးအမှတ်အသားချင်း ခြားနားခဲ့ပြားခြင်း ရှိ၊မရှိကို စီစစ်ရန်တာဝန်ရှိသည့်အတိုင်း မဲပုံးများကို စီစစ်သောအခါ လျှောက်ထားသူက တင်ပြသော၊ ၎င်း အဆုံးပြုလိုသည့် မဲပုံးအမှတ်အသားမှာ အခြား အမတ်လောင်းတဦးက တင်ပြသော မဲပုံးနှင့် ဆင်တူရိုးမှားဖြစ်၍၊ ခဲခြားသိသာနိုင်ရန် ခဲယဉ်းသည်ဟု ရွေးကောက်ပွဲ တာဝန်ခံအရာရှိက ယူဆပြီးလျှင်၊ သက်ဆိုင်ရာ နှစ်ဦးနှစ်ဘက်သောပုဂ္ဂိုလ်များနှင့် သဘောတူညီချက်ရရှိရန် ညှိနှိုင်းတိုင်ပင်ကြသော်လည်း သဘောတူညီချက်မရရှိသဖြင့်၊ လျှောက်ထားသူက မဲပုံးတွင် ရွှေဝါရောင်၊ သို့မဟုတ် အဝါနုရောင် အဆုံးပြုလိုကြောင်းပြောရာ၊ **ရွှေးကောက်ပွဲ တာဝန်ခံအရာရှိက လျှောက်ထားသူ** အဆုံးပြုလိုသော အရောင်မှာ အနည်းငယ်ရင့်သော်လည်း အဝါရောင်သာ ဖြစ်သည့်အလျှောက်၊ အခြားအမတ်လောင်းတင်ပြသော မဲပုံးအရောင်နှင့် ဆင်တူရိုးမှားဖြစ်ပြီး၊ ခဲခြားမသိသာနိုင်သဖြင့်၊ ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ၅၁(က)အရ၊ လျှောက်ထားသူ တင်ပြသော မဲပုံးတွင် ရွှေဝါရောင်၊ သို့မဟုတ် အဝါနုရောင်အစား၊ အဖြူရောင်အဆုံးပြုရန် ဆုံးဖြတ်ချက်ချမှတ်လေသည်။

ဤဆုံးဖြတ်ချက်မှာ၊ နည်းဥပဒေ ၅၁ (က)အရ၊ သက်ဆိုင်ရာ**ရွှေးကောက်ပွဲတာဝန်ခံအရာရှိက မိမိ၏**ထင်မြင်ယူဆချက်အတိုင်း ချမှတ်သော အမိန့်မျိုးဖြစ်သည့်အပြင်၊ ထိုနည်းဥပဒေဥပင် ဤကဲ့သို့သော ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤကိစ္စမျိုးမှာ၊ ဥပဒေကြောင်းနှင့် စပ်လျဉ်းသည့် ကိစ္စမျိုးမဟုတ်ဘဲ၊ သက်ဆိုင်ရာ အာဏာပိုင်၏ သဘောထားဆုံးချက်အတိုင်း ဆုံးဖြတ်ရမည့်အကြောင်းအရာနှင့် စပ်လျဉ်းသည့်ဆုံးဖြတ်ချက် မျှသာဖြစ်သည်။ ဤ

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၇။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ဦးဘိုကြီးတို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

၁၉၆၀

ဦးထွန်းအုံ နှင့် ရန်ကုန်ခရိုင် ရွှေကောက်ပဲ တာဝန်ခံ အရာရှိ (ကော်လိတ္တော် အရာရှိ) ပါ ၇။

ကဲ့သို့သော ကိစ္စမျိုးတွင် ဤရုံးတော်က အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်ရန် အကြောင်းအလွန်လုံလောက်မှသာလျှင်ဖြစ်နိုင်သည်။

အရောင်အနှုအရင့် ခွဲခြားရုံမျှဖြင့် ရွှေကောက်ပဲတာဝန်ခံအရာရှိ၏ ဆင်တူရိုးမှား ဖြစ်သည်ဟု ယူဆချက်သည် မှားသည်ဟု မဆိုသာချေ။ ထို့ပြင် ဤကိစ္စမျိုးသည် အာဏာပိုင်ဖြစ်သော ရွှေကောက်ပဲတာဝန်ခံအရာရှိအား မည်ကဲ့သို့ဆောင်ရွက်ရမည်၊ မည်ကဲ့သို့သော အရောင်မျိုးကို ဖက်ခံရမည်ဟု ဤရုံးတော်က ညွှန်ကြားခြင်း၊ အမိန့်ပေးခြင်းကို ပြုနိုင်သော ကိစ္စမျိုးမဟုတ်ချေ။

လျှောက်ထားသူအတွက်၊ တီ၊ ကေ၊ ဘွန်း လိုက်ပါဆောင်ရွက်သည်။

ပဌမလျှောက်ထားခံရသူအတွက်၊ နိုင်ငံတော် ရှေနေချုပ်ကြီး ဦးဘစိန် လိုက်ပါ ဆောင်ရွက်သည်။

သတ္တမလျှောက်ထားခံရသူအတွက်၊ ဒေါက်တာမောင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးချန်ထွန်း။** ။လျှောက်ထားသူသည်၊ ရန်ကုန်မြို့သိမ်ဖြူတောင်ပိုင်း မဲဆန္ဒနယ်မှအရွေးခံရန် အမည်စာရင်း တင်သွင်းထားသူတဦးဖြစ်သည်။ အရွေးခံသူများက မိမိတို့၏ မဲပုံးများတွင် အသုံးပြုရန် မဲပုံး အမှတ်အသားများကို တင်ပြကြသောအခါ၊ ပါလီမန် ရွေးကောက်ပွဲ နည်းဥပဒေ ၅၁ အရ၊ ရန်ကုန်မြို့ ရွေးကောက်ပွဲ တာဝန်ခံအရာရှိက၊ မဲပုံးအမှတ်အသားချင်းခြားနားကွဲပြားခြင်းရှိမရှိကိုစီစစ်ရန် တာဝန်ရှိသည့် အတိုင်း၊ ၁၉၆၀ ခု၊ ဇန္နဝါရီလ ဂ ရက်နေ့က ဤကိစ္စကို ဆောင်ရွက်လေသည်။ ထိုသို့ စီစစ်သောအခါ လျှောက်ထားသူ ဦးထွန်းအုံက တင်ပြသော၊ ၎င်းအသုံးပြုလိုသည့်မဲပုံး အမှတ်အသားမှာ၊ သန့်ရှင်း ဖ၊ဆ၊ပ၊လ၊ အမတ်လောင်း သခင်တင်က တင်ပြသည့် မဲပုံး အမှတ်အသားနှင့် ဆင်တူ ရိုးမှားဖြစ်၍ ခွဲခြားသိသာနိုင်ရန် ခဲယဉ်းသည်ဟု ရွှေကောက်ပွဲ တာဝန်ခံ အရာရှိက ယူဆပြီးလျှင်၊ ဤကိစ္စအတွက် သက်ဆိုင်ရာ နှစ်ဦးနှစ်ဘက်သော ပုဂ္ဂိုလ်များ၊ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များကို ညှိနှိုင်း တိုင်ပင်၍ သဘောတူညီချက် ရရှိနိုင်ရန် ဆောင်ရွက်စေလေသည်။ ထိုသို့ ညှိနှိုင်းကြသော်လည်း သဘောတူညီချက် မရရှိသဖြင့်၊ လျှောက်ထားသူ ဦးထွန်းအုံအား ၎င်း၏ မဲပုံး အမှတ်အသားကို ၎င်းက ရွေးချယ်ထားသော လိမ္မော်ရောင် အတိုင်း ထက်ဝက်သုံး၍ ကျန်ထက်ဝက်ကို အခြားအရောင် ထည့်သွင်းရန် အကြံဉာဏ် ပေးရာ ဦးထွန်းအုံက လက်ခံပြီးလျှင်၊ ထိုကျန် ထက်ဝက်တွင် မည်သည့်အရောင်ထည့်လိုကြောင်းကို တင်ပြရန်၊ ၁၉၆၀ ခု၊ ဇန္နဝါရီလ ၉ ရက်နေ့သို့ရွှေ့ဆိုင်းလိုက်လေသည်ဟုရွှေးကောက်ပွဲတာဝန်ခံ အရာရှိ၏အမိန့်တွင် တွေ့ရှိရသည်။ ချိန်းဆိုထားသည့်အတိုင်း၊ ၁၉၆၀ ခု၊ ဇန္နဝါရီလ ၉ ရက်နေ့တွင် လျှောက်ထားသူ ဦးထွန်းအုံက မိမိ၏ မဲပုံးအတွက် မူလတင်ပြထားသော လိမ္မော်ရောင်ကို အသုံး မပြုရလျှင် အခြား ရွေးရောင်၊ သို့မဟုတ် အဝါနုရောင်ကို

၁၉၆၀

ဦးထွန်းအုံ နှင့် ရန်ကုန်ခရိုင် ရွှေကောက်ပွဲ တာဝန်ခံ အရာရှိ (ကော်လိတ္တော် အရာရှိ) ပါ ၇။

အသုံးပြုလိုကြောင်းဖြင့် ထပ်မံတင်ပြပြန်သည်။ ထို့ကြောင့် လျှောက်ထားသူ၏မဲပုံးအမှတ်အသားတွင် မည်သို့သော အရောင်ပုံစံ စသည်တို့ကို အသုံးပြုရန်နှင့် စပ်လျဉ်း၍ တာဝန်ခံ အရာရှိက နည်းဥပဒေ ၅၁ (က) အရ၊ မိမိသဘော ထင်မြင် ယူဆသည့် အတိုင်း ဆုံးဖြတ်ချက်ပေးရလေသည်။ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက ၎င်း၏ အမိန့်တွင် ဖော်ပြထားသည်မှာ—

> "ယခု ဦးထွန်းအုံ တင်ပြသော အရောင် ၂ မျိုးမှာလည်း၊ သခင်တင်၏ မဲပုံး အရောင်နှင့် အလွန်တရာတူပြီး ဆင်တူရိုးမှားဖြစ်နေပါသည်"။
>
> "ဤကိစ္စသည် မဲပုံး အမှတ်အသား၌ ဆင်တူရိုးမှားဖြစ်၍ ခဲခြား သိသွားနိုင်ရန် ခဲယဉ်းသဖြင့် နည်းဥပဒေ ၅၁ (က) အရ ဆောင်ရွက်ရခြင်းဖြစ်သည့်အား လျော်စွာ အထက်တွင် ဖော်ပြပြီးဖြစ်သည့်အတိုင်း၊ ထိုသို့ ဆင်တူရိုးမှားဖြစ်၍ ခဲခြားမသိသာနိုင်သဖြင့်၊ အထက်တွင် ဖော်ပြသည့်အတိုင်း အရွေးခံသူများနှင့် တိုင်ပင် ညှိနှိုင်းရာ မအောင်မြင်သည့် အခြေသို့ ဆိုက်ရောက်ပါသဖြင့်၊ နည်းဥပဒေ ၅၁ (က) အရ၊ အရွေးခံသူ ဦးထွန်းအုံ၏ မဲပုံး၌ ထက်ဝက်အထက်ခြမ်းတွင် ၎င်း ရွေးချယ်ထားသော လိမ္မော်ရောင်ကို ထားရှိပြီး၊ ကျန် ထက်ဝက်အောက်ခြမ်းကို အဖြူရောင် ထားရှိရန်"

ဟု ဖော်ပြပြီးလျှင် ဆုံးဖြတ်ချက်ချမှတ်လေသည်။

ဤဆုံးဖြတ်ချက်မှာ နည်းဥပဒေ ၅၁ (က) အရ သက်ဆိုင်ရာ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက မိမိ၏ ထင်မြင်ယူဆချက်အတိုင်း ချမှတ်ရသည့် အမိန့်မျိုး ဖြစ်သည်။ ထို့ပြင် ထိုနည်းဥပဒေဥပဒေပင် ဤကဲ့သို့သော ဆုံးဖြတ်ချက်သည် နောက်ဆုံး အတည်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်ကိုလည်း သတိချပ်အပ်သည်။ ဤကိစ္စမျိုးမှာ ဥပဒေကြောင်းနှင့် စပ်လျဉ်းသည့် ကိစ္စမျိုး မဟုတ်ဘဲ သက်ဆိုင်ရာ အာဏာပိုင်၏ သဘော ယူဆချက်အတိုင်း ဆုံးဖြတ်ရမည့်အကြောင်းအရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်မျှသာ ဖြစ်သည်။ ဤကဲ့သို့သော ကိစ္စမျိုးတွင် ဤရုံးတော်က အမှုခွင် စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်ရန် အကြောင်း အလွန်လုံလောက်မှသာလျှင် ဖြစ်နိုင်သည်။ ထို့ပြင် လျှောက်ထားသူက တင်ပြသော ၎င်း၏ မဲပုံး အမှတ်အသား တခုလုံးကို၍ ခြုံကြည့်သောအခါ၊ သခင်တင်၏ မဲပုံးတွင် အသုံးပြုရန် တင်ပြထားသော မဲပုံး အမှတ်အသားနှင့် ပုံပန်းသဏ္ဌာန် အနေအထားအားဖြင့် အတော်ပင် တူလျက် ရှိသည်ကို တွေ့ရသည်။ လက်ျာဘက်တွင် ပါရှိသည့် ခါတ်ပုံမှာ သခင်တင်၏ မဲပုံးအမှတ် အသား၊ ညာဘက်တွင် ပါရှိသည့်၊ သန့်ရှင်း ဖြဆေးပြားလေ၊ အဖွဲ့ ဥက္ကဋ္ဌ ဦးနုပုံနှင့် ခေါင်း ပေါင်းကျပုံကစပြီးလျှင် အပေါ်အ က်ိ အထိ တူလျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင်

စာလုံးမျှားကို သုံးရာဒဋ္ဌလည်း စာလုံးကြီးများဖြင့်၊ ဖားဆားပားလ၊ ဟူ၍ဖေါ်ပြထားသည်ကိုတွေ့ရပြန်သည်။ ၎င်းပြင် အရောင်မှာလည်း၊ အနည်းငယ်ရင့်သော်လည်းအဝါရောင်သာလျှင် ဖြစ်သည်။ အဝါရောင် အနုအရင့်ကွဲခြားရုံမျှဖြင့် ရွှေကောက်ပဲ့တာဝန်ခံအရာရှိ၏ဆင်တူရိုးမှားဖြစ်သည် ဟူသောယူဆချက်သည် မှားသည်ဟုမဆိုသာချေ။ ထို့ပြင် ဤကိစ္စမျိုးသည် အာဏာပိုင်ဖြစ်သော ရွှေကောက်ပဲ့ တာဝန်ခံ အရာရှိအား မည်ကဲ့သို့ဆောင်ရွက်ရမည်၊ မည်ကဲ့သို့သော အရောင်မျိုးကို လက်ခံရမည်ဟု ဤရုံးတော်က ညွှန်ကြားခြင်း၊ အမိန့်ပေးခြင်းကို ပြုနိုင်သောကိစ္စမျိုး မဟုတ်ချေ။

အထက်ပါ အကြောင်းများကြောင့်၊ ရွှေကောက်ပဲ့ တာဝန်ခံအရာရှိ၏ အမိန့်ကို၊ ဤရုံးတော်က ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိသဖြင့် လျှောက်လွှာကို ပယ်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့၏ တရားစရိတ်ကို မိမိတို့ ကျခံကြရမည်။

## တရားလွှတ်တော်ချုပ်

† ၁၉၆၀
ဇန္နဝါရီလ
၂၀ ရက်။

ဦးဘီဘိုးစိန် (ခေါ်) ဦးဘီစိန် (လျှောက်ထားသူ)

နှင့်

ရွှေးကောက်ပွဲ တာဝန်ခံအရာရှိ (ခရိုင်ဝန်) ပုသိန်မြို့ ပါ ၆ (လျှောက်ထားခံရသူများ)*

ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ၅၊ ပုံစံ ၁ နှင့် ပုံစံ ၉၊ တို့တွင်ပါ သော အချက်များကို ထည့်သွင်းဖော်ပြခြင်း၏ရည်ရွယ်ချက်။

ရွေးကောက်ပွဲတာဝန်ခံအရာရှိ စစ်ဆေးရမည့်ကိစ္စ၊ အနည်းငယ်ချို့ယွင်း ချွတ်ချော်ချက်ရှိရုံမျှနှင့် အမည်တင်သွင်းလွှာကိုမပယ်နိုင်။

**ဆုံးဖြတ်ချက်။** ။ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ၅ အရ၊ ပုံစံ ၁ တွင် ပါရှိသောအချက် ၇ ခုကို ရေးသားထည့်သွင်းဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူသည်၊ မည်သူ မည်ဝါဖြစ်ကြောင်းကို တိကျသေချာစွာ သိရှိနိုင်ရန်အတွက်သာ ရည်ရွယ်ရင်းရှိသည်။ အမည် တင်သွင်းလွှာကို ပါလီမန်ရွေးကောက်ပွဲ ပုံစံ ၉ အရ၊ တင်သွင်းရမည်ဖြစ်ရာ၊ ထိုပုံစံတွင် ထည့်သွင်း ဖော်ပြရမည့်အချက်များမှာလည်း၊ အမည်စာရင်းတင်သွင်းသူသည်၊ မဲဆန္ဒပေးနိုင်သူဖြစ်သည့်ပြင်၊ မဲစာရင်းတွင်လည်း အမည်ပါဝင်သူဖြစ်ကြောင်း ထင်ရှားစေရန်ဖြစ်သည်၊ တနည်းအားဖြင့်ဆိုသော်၊ အရွေးခံရန် အမည်စာရင်းတင်သွင်းသူနှင့်မဲစာရင်းတွင် ဖော်ပြပါရှိသူသည်တဦးတည်းသာလျှင် ဖြစ်ကြောင်း သိသာစေရန်ဖြစ်သည်။

ထိုကြောင့် နည်းဥပဒေ ၄၇ (၁)(က)တွင် ''အရွေးခံရသူသည်.....အမည်တင်သွင်းလွှာတွင် အမည်နှင့် မဲစာရင်း နံပါတ်စဉ်တို့ဖြင့် ဖော်ပြထားသောသူ'' ဟုတ်၊ မဟုတ် ဟူသော အချက်ကို ရွေးကောက်ပွဲတာဝန်ခံအရာရှိက ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။ မဲစာရင်းတွင် ပါရှိသောသူသည်၊ အမည်စာရင်း တင်သွင်းသူ (အရွေးခံသူ) အမှန်ဖြစ်လျှင် ဤကိစ္စအလို့ငှါ ရွေးကောက်ပွဲ တာဝန်ခံအရာရှိက အမည်တင်သွင်းလွှာကို လက်ခံရမည်ဖြစ်သည်။ အနည်းငယ် ချို့ယွင်းချွတ်ချော်ချက်ရှိရုံမျှနှင့် အမည်တင်သွင်းလွှာကို မပယ်နိုင်ချေ။

ထို့ကြောင့် နည်းဥပဒေ ၄၇(၅)တွင် မဲစာရင်း၌သော်၎င်း၊ အမည်တင်သွင်းလွှာ၌သော်၎င်း လူအမည်နှင့်ဖြစ်စေ၊ နေရပ်နှင့်ဖြစ်စေ စပ်လျဉ်း၍ အနည်းငယ် မှားယွင်းချွတ်ချော်ခြင်းရှိသော်လည်း မည်သူမည်ဝါကို ဆိုလိုကြောင်း နားလည်နိုင်လျှင် ထိုသို့ အနည်းငယ် မှားယွင်း ချွတ်ချော်ခြင်းအတွက် အမည်တင်သွင်းလွှာကို မပယ်ရဟု ပြဋ္ဌာန်းလျက်ရှိလေသည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၁၁။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ဦးဘိုကြီးတို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

လျှောက်ထားသူအတွက်၊ ဦးအောင်ရှိန်ဝန်း လိုက်ပါ ဆောင်ရွက်သည်။

၁၉၆၀

ဦးဘိဘိုးစိန် (ခေါ်) ဦးဘိစိန် နှင့် ရွှေးကောက်ပွဲ တာဝန်ခံ အရာရှိ (ခရိုင်ဝန်) ပုသိန်မြို့ ပါ ၆။

လျှောက်ထားခံရသူအမှတ် (၁) အတွက်၊ နိုင်ငံတော် ရွှေနေချုပ်ကြီးဦးဘစိန် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၂) အတွက်၊ ဒေါက်တာမောင်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃)(၄)(၅)နှင့် (၆) တို့အတွက်၊ မည်သူမျှမလာ။

**တရားဝန်ကြီးချုပ်ထွန်း။** ။လျှောက်ထားသူ ဦးဘိဘိုးစိန် (ခေါ်) ဦးဘိစိန် သည်၊ လာမည့် ၁၉၆၀ ခုနှစ်ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်ကျင်းပမည့် ပါလီမန်လွှတ်တော် အမတ်ရွေးကောက်ပွဲတွင် ပုသိန်အနောက်ပိုင်း မဲဆန္ဒနယ်မှ အရွေးခံရန်အမည်စာရင်း တင်သွင်းသူတဦးဖြစ်သည်။ ၁၉၆၀ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် အမည်တင်သွင်းလွှာ များကို ရွေးကောက်ပွဲတာဝန်ခံ အရာရှိဖြစ်သူလျှောက်ထားခံရသူအမှတ် (၁) က ကြည့် ရှုစစ်ဆေးရာတွင် လျှောက်ထားသူ၏ အမည်တင်သွင်းလွှာတွင် ပုံစံ ၉ အရ၊ အမှတ်စဉ် ၆ မဲစာရင်းနံပါတ်ကို ၁၀၅၉ ဟုဖော်ပြထားလေရာ၊ အဆိုပါ မဲစာရင်း အမှတ် ၁၀၅၉ မှာ ပယ်ဖျက်ထားသော မဲစာရင်းဖြစ်ကြောင်း မိမိ၏ လက်ခံ မဲစာရင်းအရ တွေ့ရှိရသော ကြောင့်လျှောက်ထားသူ၏အမည်တင်သွင်းလွှာကို ပယ်လိုက်လေသည်။ ဤကဲ့သို့ မိမိ၏ အမည် တင်သွင်းလွှာကိုပယ်လိုက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်လျက် မိမိ၏ အမတ် အဖြစ်အရွေးခံနိုင်ခွင့်ကို ထိခိုက်စေသောကြောင့် ဤရုံးတော်သို့ အမှုခေါ် စာချွန် တော်ဖြင့် အဆိုပါ အမိန့်ကိုပယ်ဖျက်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ ကျမ်းကျိန်လွှာနှင့် လျှောက်ထားခံရသူ အမှတ် (၁) ရွေး ကောက်ပွဲ တာဝန်ခံ အရာရှိ (ခရိုင်ဝန်) ပုသိန်မြို့၏ ကျမ်းကျိန်လွှာများတွင် ဖော်ပြ ပါရှိ ချက်များမှ သိရှိရသည့်အကြောင်းချင်းရာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ပုသိန်အနောက်ပိုင်းမဲဆန္ဒနယ် စာရင်းတွင် ၁၉၅၆ ခုနှစ်၌ ပြုလုပ်သော ရွေး ကောက်ပွဲအတွက် လျှောက်ထားသူ ဦးဘိစိန်၏ အမည်သည် နံပါတ်စဉ် ၁၀၅၉ အဖြစ် ဖော်ပြပါရှိခဲ့သည်။ ပါလီမန် ရွေးကောက်ပွဲ နည်းဥပဒေ ၂၆ အရ၊ နှစ်စဉ် မဲစာရင်း ပြင်ဆင်ရန် အလို့ငှါ စီစစ်သောအခါ သက်ဆိုင်ရာ မဲစာရင်း ပြင်ဆင်ရေး အရာရှိက လျှောက်ထားသူအား မူလနေရပ်တွင် မတွေ့ရသောကြောင့် ၎င်း၏ နံပါတ်စဉ်နှင့် အမည်ကို မဲစာရင်းအဟောင်းမှ ထုတ်ပယ်သည့်သဘောဖြင့် "ထုတ်ပယ်စာရင်း" တွင် ဖော်ပြခဲ့လေသည်။ တဖန် ထပ်မံ စီစစ်သောအခါ လျှောက်ထားသူ ပြောင်းရွှေ့နေထိုင် အသားအိမ်သည် ယခင်ရပ်ကွက်ရှိ ယခင်လမ်းတွင်ပင် တခြားအိမ်တလုံးအဖြစ်သော ကြောင့် ထိုမဲစာရင်းတွင် ပါဝင်နိုင်သူဖြစ်သဖြင့် ၎င်း၏ အမည်ကို "နောက်တိုးမဲ

၁၉၆၁
ဦးဘီဘိုးစိန် (ခေါ်) ဦးဘီစိန် နှင့် ရွှေကောက်ပွဲ တာဝန်ခံ အရာရှိ (ခရိုင်ဝန်) ပုသိန်မြို့ ပါ ၆။

စာရင်း" တွင် နံပါတ်စဉ် ၆၄၁၄ (က)ခ၁၅ အဖြစ်ဖြင့် တဖန်ထည့်သွင်း ဖော်ပြထားသည်။

မဲစာရင်းများကို ၁၉၅၉ ခုဒီဇင်ဘာလ ၃၀ ရက်နေ့မှစောင်းခြင်းပြုရာလျှောက်ထားသူသည် မဲစာရင်းမိတ္တူတွဲကိုဝယ်ယူရရှိခဲ့သေးသည်။ ထိုဝယ်ယူရရှိသည့် မိတ္တူစာရင်းစာမျက်နှာ ၂၄ တွင် နံပါတ်စဉ် ၁၀၅၉ ၌ မိမိ၏ အမည်ကို တွေ့ရှိရလေရာ၊ မိမိမှာလွန်ခဲ့သည့် ရွှေကောက်ပွဲကာလည်း ၎င်းမဲစာရင်း အမှတ်စဉ်အရ အမတ်အဖြစ်ဖြင့် အရွေးခံခဲ့ရဘူးသောကြောင့် နောက်ပိုင်းတွင် ပူးတွဲထားသည့် "ထုတ်ပယ်စာရင်း" နှင့် "နောက်တိုးစာရင်း" တို့ကို ကြည့်ရှုစစ်ဆေးခြင်းမပြုတော့ဘဲ မိမိ၏ အမည်တင်သွင်းလွှာကို တင်သွင်းလိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြ ပြောဆိုထားလေသည်။ အမည်တင်သွင်းလွှာများကို စစ်ဆေးစဉ်အခါက ရွှေကောက်ပွဲ တာဝန်ခံ အရာရှိသည် အမည်တင်သွင်းလွှာပါ အမှတ်စဉ် ၆ တွင် ဖော်ပြထားသည့် မဲစာရင်း နံပါတ် စဉ် ၁၀၅၉ ကို မိမိ၏ လက်ခံစာရင်းတွင် ကြည့်ရှုရာ ထုတ်ပယ်ထားကြောင်း တွေ့ရှိရသဖြင့် "ထုတ်ပယ်စာရင်း" တွင် ကြည့်ပြန်ရာ လျှောက်ထားသူအား ထုတ်ပယ်ထားကြောင်း တွေ့ရှိရပြန်လေသည်။ "နောက်တိုးစာရင်း" တွင် ထပ်မံထည့်သွင်းထားသည်ကိုလည်း ရွှေကောက်ပွဲတာဝန်ခံ အရာရှိသည်ငင်း၊ လျှောက်ထားသူသည်ငင်း ထိုစဉ်အခါက မသိခဲ့ကြချေ။ ဤရုံးတော်သို့ လျှောက်ထားသည့် ဤအမှုအတွက် ပြန်လည် စီစစ် ကြည့်ရှုသောအခါမှသာ ဤကဲ့သို့ "နောက်တိုးစာရင်း" တွင် လျှောက်ထားသူ၏ အမည်ကို ထပ်မံထည့်သွင်းထားကြောင်း တွေ့ရှိကြရလေသည်။

ပါလီမန် ရွေးကောက်ပွဲ နည်းဥပဒေ ၅ အရ၊ ပုံစံ ၁ တွင် အောက်ပါ အချက် ၇ ခုကို ဇယားပုံစံအတိုင်း ကောက်ယူ ဖော်ပြရမည်ဖြစ်သည်။

(၁) နံပါတ်စဉ်။
(၂) မဲဆန္ဒရှင်၏အမည်။
(၃) ကျား/မ။
(၄) အသက်။
(၅) လူမျိုး။
(၆) အဘအမည်။
(၇) နေရပ်။

ဤကဲ့သို့ အချက် ၇ ခုကို ရေးသားထည့်သွင်း ဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ မဲဆန္ဒပေးပိုင်ခွင့် ရှိသူသည် မည်သူမည်ဝါဖြစ်ကြောင်းကို တိကျသေချာစွာ သိရှိနိုင်ရန် အတွက်သာ ရည်ရွယ်ရင်းရှိသည်။ အမည်တင်သွင်းလွှာကို ပါလီမန် ရွေးကောက်ပွဲ

ပုံစံ ၉ အရ တင်သွင်းရမည်ဖြစ်ရာ ထိုပုံစံကွင်လည်း အောက်ပါ အချက် ၆ ခုကို အခြားအချက်များအပြင် ထည့်သွင်း ပေါ်ပြရမည်ဖြစ်သည်။

(၁) အရွေးခံသူ၏အမည်။
(၂) အဘအမည်။
(၃) အသက်။
(၄) ကျား/မ။
(၅) နေရပ်။
(၆) မဲစာရင်းရှိနံပါတ်။

၁၉၆၀

ဦးဘိဘိုးစိန် (ခေါ်) ဦးဘိစိန် နှင့် ရွှေးကောက်ပဲ တာဝန်ခံ အရာရှိ (ခရိုင်ဝန်) ပုသိန်မြို့ ပါ ၆။

ဤအချက်များမှာလည်း အမည်စာရင်း တင်သွင်းသူသည် မဲဆန္ဒပေးနိုင်သူ ဖြစ်သည့်ပြင် မဲစာရင်းတွင်လည်း အမည်ပါဝင်သူဖြစ်ကြောင်း ထင်ရှားစေရန်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် အရွေးခံရန် အမည်စာရင်း တင်သွင်းသူနှင့် မဲစာရင်းတွင် ဖေါ်ပြပါရှိသူသည် တဦးတည်းသာလျှင်ဖြစ်ကြောင်း သိသာစေရန်ဖြစ်သည်။ ယို့ကြောင့် နည်းဥပဒေ ၄၇ (၁) (က) တွင် "အရွေးခံသူသည်.....အမည်တင်သွင်းလွှာတွင် အမည်နှင့် မဲစာရင်းနံပါတ်စဉ်တို့ဖြင့် ဖေါ်ပြထားသောသူ" ဟုတ်မဟုတ်ဟူသော အချက်ကို ရွေးကောက်ပဲ့ တာဝန်ခံ အရာရှိက ကြည့်ရှု စစ်ဆေးရမည်ဖြစ်သည်။ မဲစာရင်းတွင် မပါရှိသောသူသည် အမည်စာရင်း တင်သွင်းသူ (အရွေးခံသူ) အမှန်ဖြစ်ဖျင် ဤ ကိစ္စအလို့ငှါ ရွေးကောက်ပဲ့ တာဝန်ခံ အရာရှိက အမည်တင်သွင်းလွှာကို လက်ခံရမည်ဖြစ်သည်။ အနည်းငယ် ချို့ယွင်းချက်ချော်ချက် ရှိရှိမှုနှင့် အမည်တင်သွင်းလွှာကို မပယ်နိုင်ချေ။ ထို့ကြောင့် နည်းဥပဒေ ၄၇ (၅) တွင် မဲစာရင်း၌သော်၎င်း၊ အမည်တင်သွင်းလွှာ၌သော်၎င်း လူအမည်နှင့်ဖြစ်စေ၊ နေရပ်နှင့်ဖြစ်စေ စပ်လျဉ်း၍ အနည်းငယ် မှားယွင်းချက်ချော်ခြင်း ရှိသော်လည်း မည်သူ မည်ဝါကို ဆိုလိုကြောင်း နားလည်နိုင်လျှင် ထိုသို့အနည်းငယ်မှားယွင်းချက်ချော်ခြင်းအတွက် အမည်တင်သွင်းလွှာကို မပယ်ရဟူ ပြဋ္ဌာန်းချက် ရှိလေသည်။ မဲစာရင်းတွင်၎င်း၊ အမည်တင်သွင်းလွှာတွင်၎င်း ဖေါ်ပြရမည့် အထက်တွင်ပြဆိုခဲ့သည့် အချက်များသည် မည်သူ မည်ဝါ ဖြစ်သည်ကို သိရှိနိုင်ရန်အတွက်သာလျှင် ရည်ရွယ်ချက် ရှိကြောင်းကို အထက်တွင် ပြဆိုခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အဆိုပါ အချက်များနှင့် စပ်လျဉ်း၍ အမည်နှင့် နေရပ် အတွက်သာမဟုတ်ဘဲ အခြား နံပါတ်စဉ်၊ ကျား/မ၊ အသက်၊ လူမျိုး အတွက် ဖေါ်ပြရာတွင် အနည်းငယ်မှားယွင်း ချတ်ချော်ချက် ရှိလျှင်လည်း ထိုသို့ ဖေါ်ပြချက်မှာ မည်သူ မည်ဝါဖြစ်သည်ကို သိရှိနားလည်နိုင်လျှင် ဤသို့အနည်းငယ် မှားယွင်း ချတ်ချော်ခြင်းအတွက် အမည်တင်သွင်း လွှာကို မပယ်သင့်ချေ။ အမည်တင်

၁၉၆၀

ဦးဘီဘုံစိန် (ခေါ်) ဦးဘီစိန် နှင့် ရွှေးကောက်ပွဲ စာဝန်ခံ အရာရှိ (ခရိုင်ဝန်) ပုသိန်မြို့ ပါ ၆။

သွင်းလွှာတွင် ဖေါ်ပြထားသည့်အချက်များနှင့် မဲစာရင်းတွင် ဖေါ်ပြထားသည့် အချက်များကို တိုက်ဆိုင် ကြည့်ရှုသောအခါ အမည်တင်သွင်းလွှာတွင် ဖေါ်ပြထားသည့် အရွေးခံသူသည် မဲစာရင်းတွင် ဖေါ်ပြထားသူပင် ဖြစ်ကြောင်းကို သိသာနိုင်လျှင် ထိုအမည်တင်သွင်းလွှာကို လက်ခံရမည်ဖြစ်သည်။

ယခုကိစ္စတွင် ဤကဲ့သို့ အရှုတ်အထွေးပေါ်ပေါက် ရခြင်းမှာ မဲစာရင်း ပြင်ဆင်ရာ၌ သေချာ တိကျစွာမပြုလုပ်ခဲ့သောကြောင့် ပင်ဖြစ်သည်။ အကယ်၍ မူလ စာရင်းဟောင်းတွင် ထုတ်ပယ်သော အခါ၌ ထုတ်ပယ်ကြောင်း ပြဆိုသကဲ့သို့ ပြန်လည် ထည့်သွင်းသောအခါ၌လည်းပြန်လည် ထည့်သွင်းကြောင်း ပြဆိုထားလျှင် ဤအရှုတ် အထွေးမျိုးပေါ်ပေါက်နိုင်မည် မဟုတ်ချေ။ မည်သို့ပင် ဖြစ်စေမဲစာရင်း အမှတ်စဉ် ၆၄၁၄ (က) ၃၁၅ တွင်ပါရှိသည့် ဦးဘီဘိုးစိန်သည် အမည်စာရင်း တင်သွင်းသူဖြစ်ကြောင်းမှာ မည်သူကမျှမငြင်းဆိုကြသည့်ပြင်၊ အလွန်ပင် ထင်ရှားလျက်လည်းရှိခဲ့ သည်။ လျှောက်ထားသူ၏ အမည်စာရင်း တင်သွင်းလွှာမှာ တရားဥပဒေနှင့် ညီညွတ်သော တင်သွင်းလွှာဖြစ်သည်ဟု ဤရုံးတော်က ယူဆသည်။

ထို့ကြောင့် ၁၉၆၀ ခု၊ ဇန္နဝါရီလ ၅ ရက်နေ့တွင် ရွေးကောက်ပွဲ စာဝန်ခံ အရာရှိ (ပုသိန်မြို့) လျှောက်ထားသူ ဦးဘီဘိုးစိန် (ခေါ်) ဦးဘီစိန်၏ အမည်တင်သွင်းလွှာကို ပယ်လိုက်သည့် အမိန့်ကို ဤရုံးတော်က ပယ်ဖျက်လိုက်သည်။

အားလုံးသော အမှုသည်များသည် မိမိတို့၏ စရိတ်ကိုမိမိတို့ကျခံစေရမည်။

# တရားလွှတ်တော်ချုပ်

† ၁၉၆၀ ဇန္နဝါရီလ ၂၅ ရက်။

## ဦးဥဂဏ္ဍတ္တရ (စောဒက)

နှင့်

## အင်းစိန်နယ်ပိုင် တရားမတရားသူကြီး ပါ ၂ (စုဒိတကများ)*

ဝိနိစ္ဆယခုံအက်ဥပဒေ၊ ပုဒ်မ ၃၈(၃)နှင့် ဆန့်ကျင်သော ကြားခုံဝိနည်းဓိုရ်ခန့်အပ်ခြင်း၊ ဤကဲ့သို့ ဥပဒေနှင့်မညီညွတ်သော ခန့်အပ်ခြင်းကို ပယ်ဖျက်ပြီးနောက်၊ နယ်ပိုင်တရားမ တရားသူကြီး ဆက်လက်ဆောင်ရွက်သင့်သည့်ကိစ္စ။

**ဆုံးဖြတ်ချက်။** ။ဝိနိစ္ဆယခုံတခုဖွဲ့စည်းရန်အလို့ငှါ၊ စောဒကနှင့် စုဒိတကဲ့တို့က တင်မြွောက်ထားသော ခုံဝိနည်းဓိုရ် ဆရာတော်နှစ်ပါးသည်၊ နှစ်ဦးသဘောတူ ရွေးချယ်ထားသည့် ကြားခုံဝိနည်းဓိုရ်ဆရာတော်၏ ဘွဲ့တော်ကို တင်သွင်းရန် ချိန်းဆိုထားသည့်နေ့တွင် ပျက်ကွက်သောအခါ၊ မိမိဘာင်တော်သည်ထင်ခြင်သည့်အတိုင်း ခုံဝိနည်းဓိုရ် ဆရာတော်တပါးကို ရွေးချယ်ရန်ကိစ္စအတွက် အမှုသည်များအား၊ သို့မဟုတ် ဝိနည်းဓိုရ်ဆရာတော်များအား နယ်ပိုင်တရားမ တရားသူကြီးသည်၊ စာဖြင့်အကြောင်းကြားခြင်း၊ ရက်ချိန်းပေးခြင်းမပြုဘဲ ခုံဝိနည်းဓိုရ်ဆရာတော်တပါးက တင်မြွောက်လိုက်ခြင်းသည် ဝိနိစ္ဆယခုံ အက်ဥပဒေပုဒ်မ ၃၈(၃)နှင့် ဆန့်ကျင်လျက်ရှိသဖြင့် ဥပဒေအရ ပျက်ပြယ်သည်။

ဤကဲ့သို့ နယ်ပိုင်တရားမ တရားသူကြီးက ကြားခုံဝိနည်းဓိုရ် ဆရာတော်ကို ရွေးချယ်တင်မြွောက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည်ကို တွေ့ရသဖြင့် မိမိဖွဲ့စည်းလိုက်သော ဝိနိစ္ဆယခုံကို ဖျက်သိမ်းပြီးနောက်၊ ၎င်းက ဆက်လက်ဆောင်ရွက်ရန်မှာ၊ စောဒကနှင့် စုဒိတက ပုဂ္ဂိုလ်တို့က တင်မြွောက်ထားသည့် ခုံဝိနည်းဓိုရ် ဆရာတော်များထဲတွင် ဤကိစ္စအတွက် ခုံဝိနည်းဓိုရ်အဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်ရန် သဘောတူလျက်ပင်ရှိသေးသည် ဟုတ်၊ မဟုတ်ကို စာဖြင့်ရေးရှု၍ ပြန်ကြားပါရန် လျှောက်ထားသင့်သည်။ တပါးပါးက်ဖြစ်စေ၊ နှစ်ပါးလုံးကဖြစ်စေ၊ ဆက်လက်ဆောင်ရွက်လိုခြင်းမရှိလျှင်၊ သက်ဆိုင်ရာ အမှုသည်အား ခုံဝိနည်းဓိုရ်တင်မြွောက်ရန် အကြောင်းကြားသင့်သည်။ နှစ်ဦးနှစ်ဘက်သော အမှုသည်များ၏ ခုံဝိနည်းဓိုရ်များ ရရှိသောအခါ၊ ၎င်းတို့နှစ်ဦးသဘောတူ ရွေးချယ်၍၊ ကြားခုံဝိနည်းဓိုရ်ဆရာတော်တပါး၏ ဘွဲ့အမည်ကို ထိုဆရာတော်က ဆောင်ရွက်ရန် သဘောတူညီချက် စာလွှာနှင့်အတူ တင်သွင်းဘို့ အကြောင်းကြားရန်ဖြစ်သည်။ အကယ်၍ နှစ်ဦးသဘောတူ တင်သွင်းရန် ပျက်ကွက်သောအခါ၊ ရက်ချိန်းပေး၍ ပုဒ်မ ၃၈(၃)အရ မိမိကြားခုံဝိနည်းဓိုရ် ဆရာတော်တပါးရွေးချယ်တင်မြွောက်ပြီးလျှင်၊ ခုံဖွဲ့စည်း၍ အမှုကို ကြားနာစစ်ဆေး စီရင်ရန် လွှဲအပ်သင့်သည်။

---

* ၁၉၅၉ ခုနှစ်၊ တရားမအထွေးအဖွဲ့လျှောက်လွှာအမှတ် ၁၂၉။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ဦးဘိုကြီးတို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

၁၉၆၀

ဦးဥာဏ်တ္တရ နှင့် အင်းစိန် နယ်ပိုင် တရားမ တရားသူကြီး ပါ ၂။

စောဒကအတွက်၊ သခင်ချစ် လိုက်ပါ ဆောင်ရွက်သည်။

စုဒိတက အမှတ် (၂) အတွက်၊ ဦးဘသန်း (၁) လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးချန်ထွန်း။** ။စောဒကပုဂ္ဂိုလ် ဦးဥာဏ်တ္တရသည် စုဒိတကပုဂ္ဂိုလ် ဦးသောဘိတအပေါ် တွင် လှည်းကူးမြို့ရှိအာရာမ်မြေနှင့်တကွမေဆဝတီကျောင်းနှင့် စပ်လျဉ်း၍ ဝိဝါဒါဓိကရဏ်းမှုကိုစစ်ဆေးစီရင်ဆုံးဖြတ်ပေးစေခြင်းအလို့ငှါ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအရ ဝိနိစ္ဆယခုံ တခုဖွဲ့စည်းပေးပါရန် အင်းစိန်မြို့ နယ်ပိုင် တရားသူကြီးထံသို့ မေတ္တာရပ်ခံစာ တင်သွင်းခဲ့လေသည်။ ထို့နောက် စုဒိတကဘုံဝယ်တော်က ကြွရောက်ပြီးလျှင် ချေလှာနှင့်တကွ မိမိဘက်မှ ဝိနည်းဓိုရ်အဖြစ် တင်လိုသော ဆရာတော်တပါး၏ ဘွဲ့တော်နှင့် လိပ်စာကိုပါ တင်သွင်းလေသည်။ နှစ်ဦး နှစ်ဘက် တင်သွင်းသော ဝိနည်းဓိုရ် ဆရာတော် နှစ်ပါးထံသို့ ဝုံးက အကြောင်းကြားခဲ့လေသည်။ ဝိနည်းဓိုရ် ဆရာတော်များထံမှ လက်ခံကြောင်း အကြောင်းကြားစာ ရရှိသောအခါ ကြားခံ ဝိနည်းဓိုရ် ခန့်ထားရန် ၁၉၅၉ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့သို့ ချိန်းဆိုလိုက်လေသည်။ ထိုနေ့တွင်နှစ်ဦးနှစ်ဘက်သော ရဟန်းတော်များ ကြွရောက်ကြသောအခြင်း ကြားခံ ဖွဲ့စည်းရန်နှင့်စပ်လျဉ်း၍ ဝိနည်းဓိုရ်ဆရာတော်နှစ်ပါးထံမှလည်း အကြောင်းကြားစာများရရှိသောကြောင့် ၁၉၅၉ ခု၊ မတ်လ ၆ ရက်နေ့သို့ ရွှေဆိုင်းလိုက်လေသည်။ ထိုနေ့တွင်စောဒကပုဂ္ဂိုလ်နှင့်ငင်းကတင်မြောက်သော ဝိနည်းဓိုရ်ဆရာတော်သာကြွရောက်၍စုဒိတကနှင့် ငင်းကတင်မြောက်သော ဝိနည်းဓိုရ်ဆရာတော်များမှာမကြွရောက်ကြခေ။ ထိုအခါတွင် နယ်ပိုင် တရားမ တရားသူကြီးသည် စောဒက ပုဂ္ဂိုလ်က တင်မြောက်သည့် ဝိနည်းဓိုရ် ဆရာတော်က အမည်တင်သွင်းသော ဆရာတော်တပါးကို ကြားခံ ဝိနည်းဓိုရ် အဖြစ်ဖြင့် ခန့်အပ်ပြီးလျှင် ထိုအမှုကို အဆိုပါ ဆရာတော် သုံးပါး ပါဝင်သည့် ခုံဝိနည်းဓိုရ် ဆရာတော်များအား ကြားနာ စစ်ဆေး စီရင်ဆုံးဖြတ်ရန် လွှဲအပ်ခဲ့လေသည်။ ဤကဲ့သို့ မိမိတို့ မသိရသဲ့ တဘက်သတ် အနေဖြင့် ကြားခံ ဝိနည်းဓိုရ် ဆရာတော်ကို ရွေးချယ်ခန့်ထားခြင်းသည် အက်ဥပဒေပုဒ်မ ၃၈ (၃) နှင့် ဆန့်ကျင်သောကြောင့် မိမိက တင်မြောက်ထားသည့် ခုံဝိနည်းဓိုရ်ဆရာတော်က နုတ်ထွက်ကြောင်း၊ ထို့ကြောင့် ကြားခံဝိနည်းဓိုရ် တင်မြောက်ခြင်းမှာ ဥပဒေအရာ မမြောက်သဖြင့် ပယ်ဖျက်ပေးပါရန် စုဒိတက ပုဂ္ဂိုလ်က နယ်ပိုင်တရားမ တရားသူကြီးထံသို့ မေတ္တာရပ်ခံလေသည်။ ထိုအခါ ၁၉၅၉ ခု၊ ဇူလိုင်လ ၂ ရက်နေ့က နယ်ပိုင် တရားမ တရားသူကြီးသည် အထက် ဖေါ်ပြပါအတိုင်း ကြားခံဝိနည်းဓိုရ်ဆရာတော်ကို မိမိက ရွေးချယ်တင်မြောက်ခဲ့ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၁၉၅၉ ခု၊ မတ်လ ၆ ရက်နေ့က မိမိဖွဲ့စည်းလိုက်သော ဝိနိစ္ဆယခုံကို ဖျက်သိမ်းကြောင်း၊ စောဒကနှင့်

စုဒိတကာပုဂ္ဂိုလ်တို့သည် အောက်ပါအချက်များအတိုင်း လိုက်နာ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း အမိန့်ချမှတ်လေသည်။

၁၉၆၀

ဦးဥာဏာဘိရ နှင့် အင်းစိန် နယ်ပိုင် တရားမတရား သူကြီး ပါ ၂။

"(၁) ပဌမအဆင့်အနေဖြင့် နှစ်ဘက်အမှုသည်များက မိမိတို့၏ အမှုကို ဝိနိစ္ဆယဌာန၊ သို့မဟုတ် ဝိနိစ္ဆယခုံသို့ လွှဲအပ်လိုကြောင်း သတ်မှတ်သော နေ့ရက်တွင် စာဖြင့် [ပုဒ်မ ၃၇ (၂) အရ] ဖေါ်ပြကြပါရန်။

(၂) ဒုတိယအဆင့်အနေဖြင့် အမှုကို နှစ်ဘက် အမှုသည်များကဖြစ်စေ၊ တဘက် အမှုသည်ကဖြစ်စေ၊ ဝိနိစ္ဆယဌာန၊ သို့မဟုတ် ဝိနိစ္ဆယခုံသို့ လွှဲအပ်ခြင်းကို သဘောမတူက သဘောမတူကြောင်း ပုဒ်မ ၃၇ (၃) (ဂ) အရစာဖြင့် ရေးသားဖေါ်ပြကြရန်။

အထက်ပါ ပဌမအဆင့်အရ နှစ်ဘက်အမှုသည်များ သဘောတူကြောင်း စာဖြင့် ရေးသား ဖေါ်ပြလျှင်၊ ပုဒ်မ ၃၇ (၃) (က) အရငင်း၊ (ခ) အရငင်း ဤရုံးမှ ဆောင်ရွက်ရပါမည်။

အထက်ပါ ဒုတိယ အဆင့် သဘောမတူကြောင်း နှစ်ဘက် အမှုသည်ကဖြစ်စေ၊ တဘက်အမှုသည်ကဖြစ်စေ စာဖြင့် ရေးသား ဖေါ်ပြမှသာလျှင်၊ ပုဒ်မ ၃၇ အရ ဤရုံးမှ ဆက်လက် အရေးယူရမည်ဖြစ်ပါသည်။"

၁၉၅၉ ခု၊ မတ်လ ၆ ရက်နေ့က ကြားခံ ဝိနည်းဓိုရ် ဆရာတော်တပါးကို တင်မြောက်လိုက်ခြင်းသည် အက်ဥပဒေပုဒ်မ ၃၇ (၃) နှင့် ဆန့်ကျင်လျက် ရှိသည်မှာ ထင်ရှားသည်။ အဆိုပါ ဥပဒေအရမှာ ထိုသို့ ချိန်းဆို သတ်မှတ်ထားသည့် ၁၉၅၉ ခု၊ မတ်လ ၆ ရက်နေ့တွင် ခုံဝိနည်းဓိုရ် ဆရာတော် နှစ်ပါးက မိမိတို့ အချင်းချင်း သဘောတူ ရွေးချယ်ထားသော ကြား ခုံဝိနည်းဓိုရ်ဆရာတော်တပါး၏ ဘွဲ့တော်ကို ထိုသို့ ရွေးချယ်ခြင်းခံရသော ကြားခုံဝိနည်းဓိုရ် ဆရာတော်၏ သဘောတူညီချက် စာလွှာနှင့်အတူ တင်ပြနိုင်ခြင်းမရှိလျှင်၊ နယ်ပိုင်တရားမ တရားသူကြီးသည် ကြားခုံဝိနည်းဓိုရ် ဆရာတော်ရွေးချယ် တင်မြောက်မည့်နေ့ရက်နှင့် အချိန်ကို အမှုသည်များအား၊ သို့မဟုတ် ခုံဝိနည်းဓိုရ် ဆရာတော်များအား စာဖြင့် အကြောင်းကြားရမည် ဖြစ်သည်။ ထိုသို့ ချိန်းဆိုထားသော နေ့ရက်တွင်မှ ပုဒ်မ ၄၉ အရ ရရှိထားသည့် သက်ဆိုင်ရာ ခရိုင် စာရင်းတွင် ပါဝင်သော ဝိနည်းဓိုရ် ဆရာတော်များထဲမှ မိမိသင့်တော်သည်ထင်မြင်သည့် ဆရာတော်တပါးကို ခုံဝိနည်းဓိုရ် ဆရာတော်အဖြစ် ရွေးချယ်တင်မြောက်ရမည်ဖြစ်သည်။ ယခုအမှုတွင် ခုံဝိနည်းဓိုရ် ဆရာတော် နှစ်ပါးသည် နှစ်ဦးသဘောတူ ရွေးချယ်ထားသည့် ကြားခုံဝိနည်းဓိုရ် ဆရာတော်၏ ဘွဲ့တော်ကို တင်သွင်းရန် ချိန်းဆိုထားသည့် နေ့တွင် ပျက်ကွက်သောအခါ မိမိသင့်

၁၉၆၀

ဦးဥာဏတ္တရ နှင့် အင်းစိန် နယ်ပိုင် တရားမတရား သူကြီး ပါ ၂။

တော်သည်ထင်မြင်သည့်အတိုင်း ခုံဝိနည်းဓိုရ်ဆရာတော်တပါး ရွေးချယ်ရန်ကိစ္စအလို့ငှါ အမှုသည်မျာ်းအား၊ သို့မဟုတ်ခုံဝိနည်းဓိုရ် ဆရာတော်မျာ်းအား နယ်ပိုင်တရားမ တရားသူကြီးသည် စာဖြင့် အကြောင်းကြားခြင်းမပြုခဲ့ချေ။ ဤကဲ့သို့ အကြောင်းကြား၍ ရက်ချိန်းပေးခြင်းမပြုဘဲ ခုံဝိနည်းဓိုရ် ဆရာတော်တပါးက တင်ပြသော ဘွဲ့အမည်ကို လက်ခံပြီးလျှင် ကြားခုံ ဝိနည်းဓိုရ် တင်မြှောက်လိုက်ခြင်းသည် ဥပဒေနှင့် တိုက်ဖျိုက် ဆန့်ကျင်လျက်ရှိသည်၊ ထို့ကြောင့် ၁၉၅၉ ခု၊ မတ်လ ၆ ရက်နေ့က ကြားခုံဝိနည်းဓိုရ် တင်မြှောက်ခြင်းသည် ဥပဒေအရ ပျက်ပြယ်လျက်ရှိသည်မှာ ထင်ရှားသည်။

ဤအမှုတွင် နယ်ပိုင်တရားမ တရားသူကြီးက ဆက်လက်ဆောင်ရွက်ရန်မှာ စောဒကနှင့် စုဒိတက ပုဂ္ဂိုလ်တို့သည် ဝိနိစ္ဆယဌာနသို့ လွှဲအပ်လိုကြောင်း မေးမြန်းရန် အကြောင်းမပေါ် ပေါက်တော့ချေ။ အဘယ်ကြောင့်ဆိုသော် စောဒကပုဂ္ဂိုလ်၏ မေတ္တာရပ်ခံလွှာ၌ ပင်လျှင် ဝိနိစ္ဆယခုံ ပွဲစည်း၍ လွှဲအပ်ပေးရန် တောင်းဆိုထားပြီးဖြစ်သည်။ ထို့ကြောင့် စောဒကနှင့် စုဒိတက ပုဂ္ဂိုလ်တို့က တင်မြှောက်ထားသည့် ခုံဝိနည်းဓိုရ် ဆရာတော်မျာ်းထံသို့ ဤကိစ္စအတွက် ခုံဝိနည်းဓိုရ်အဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်ရန် သဘောတူလျက်ပင် ရှိသေးသည်ဟုတ်မဟုတ်ကို စာဖြင့် ရေး၍ ပြန်ကြားပါရန် လျှောက်ထားသင့်သည်။ တပါး ပါးကဖြစ်စေ၊ နှစ်ပါးစလုံးကဖြစ်စေ ဆက်လက်ဆောင်ရွက်လိုခြင်း မရှိလျှင် သက်ဆိုင်ရာ အမှုသည်အား ခုံဝိနည်းဓိုရ် တင်မြှောက်ရန် အကြောင်းကြားသင့်သည်။ နှစ်ဦး နှစ်ဘက်သော အမှုသည်မျာ်း၏ ခုံဝိနည်းဓိုရ်မျာ်း ရရှိသောအခါ ၎င်းတို့နှစ်ဦး သဘောတူ ရွေးချယ်၍ ကြားခုံဝိနည်းဓိုရ် ဆရာတော်တပါး၏ ဘွဲ့အမည်ကို ထိုဆရာတော်က ဆောင်ရွက်ရန် သဘောတူညီချက် စာသွားနှင့် အတူ တင်သွင်းဘို့ အကြောင်းကြားရန်ဖြစ်သည်။ အကယ်၍ နှစ်ဦးသဘောတူ တင်သွင်းရန် ပျက်ကွက်သောအခါ၊ ရက်ချိန်းပေး၍ ဗုဒ္ဓမ ဥဂ (၃) အရ မိမိက ကြားခုံ ဝိနည်းဓိုရ် ဆရာတော်တပါး ရွေးချယ်တင်မြှောက်ပြီးလျှင် ခုံဖွဲ့စည်း၍၊ ဤအမှုကို ကြားနာစစ်ဆေး စီရင်ရန် လွှဲအပ် သင့်သည်။

အထက်ဖေါ်ပြပါ အကြောင်းမျာ်းကြောင့် မေတ္တာရပ်ခလွှာကို ပယ်လိုက်သည်။

အမှုသည်မျာ်းသည် မိမိတို့၏ စရိတ်ကို မိမိတို့ကျခံကြရန်ဖြစ်သည်။

## တရားလွှတ်တော်ချုပ်

ဦးရဲမြင့် (လျှောက်ထားသူ)

နှင့်

ခရိုင်ဝန်၊ မိတ္ထိလာ ပါ ၆ (လျှောက်ထားခံရသူများ)*

† ၁၉၆၀

ဖေဖော်ဝါရီလ ၄ ရက်။

ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေ ၄၆ တွင် အဆိုသွင်းသူနှင့် ဆောက်ခံသူတို့သည် ရွေးကောက်ပွဲတာဝန်ခံ အရာရှိသတ်မှတ်သော အချိန်နှင့်နေရာသို့ လာရောက်ရမည်ဟု မပါ။ ထိုသို့ မလာမရောက်ခြင်းကြောင့် နည်းဥပဒေ ၄၇(၁)(က)နှင့် (ခ)အရ ချိုယွင်းချက်မဟုတ်။

**ဆုံးဖြတ်ချက်။** ။ရွေးကောက်ပွဲ နည်းဥပဒေ ၄၆ အရ ပြဋ္ဌာန်းထားသည်မှာ အရွေးခံသူ အသီးသီး၏ အဆိုသွင်းသူ ဆောက်ခံသူ တဦးစီ ရွေးကောက်ပွဲတာဝန်ခံအရာရှိ သတ်မှတ်သော အချိန်နှင့် နေရာသို့ လာရောက်နိုင်ကြောင်း၊ ထိုပြင်အမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးရန် ထိုသူတို့အား သင့်တော်သော အခွင့်အရေးများကိုပေးရမည်ဟုသာဖြစ်သည်။ ဆိုသူများ လာရောက်ရမည်ဟု မပါချေ။ မည်သည့်အရေးကြီးသော ကိစ္စနှင့်စပ်လျဉ်း၍ အဆိုသွင်းသူနှင့် ဆောက်ခံသူတို့ကို မိမိထံခိုနိုးဆိုထားသောနေ့၌ ချိန်းဆိုသောအချိန်တွင် လာရောက်ရန် အကြောင်းကြားခြင်း တစုံတရာပြုလုပ်ခြင်း မရှိဘဲနှင့် ထိုသူများမလာရောက်သည်ကို အကြောင်းပြု၍ လျှောက်ထားသူ အမည်တင်သွင်းလွှာကို ပယ်ချခြင်းမှာ၊ ရွေးကောက်ပွဲ နည်းဥပဒေနှင့် ညီညွတ်သော အမိန့်တရပ်ဟု မယူဆနိုင်ချေ။ အဆိုသွင်းသူနှင့် ဆောက်ခံသူများအား ယခုကဲ့သို့ အကြောင်းပြုခွင့် တစုံတရာ မပြုဘဲနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၄၇(၁) (က) နှင့် (ခ)အရ၊ ချိုယွင်းချက်များရှိသည်ဟု အကြောင်းမဲ့ယူဆပြီး လျှောက်ထားသူ၏ အမတ်လောင်းလျှောက်လွှာကို ပယ်ခြင်းမှာ တရားဥပဒေနှင့်သာမက၊ သဘာဝမျှတမှုနှင့်လည်း ဆန့်ကျင်ဘက်ဟု ယူဆရပေမည်။

လျှောက်ထားသူအဘက်၊ ဦးကိုကိုကြီး လိုက်ပါဆောင်ရွက်သည်။

ခလျှောက်ထားခံရသူ အဘက်၊ အစိုးရ လွှတ်တော်ရှေ့နေကြီး ဦးလှအောင် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးအောင်သာကျော်။** ။လျှောက်ထားသူ ဦးရဲမြင့်သည် ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် မိတ္ထိလာအနောက်ပိုင်းပြည်သူ့ လွှတ်တော်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက်၊ အမည်တင်သွင်းလွှာကို

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲလျှောက်လွှာအမှတ် ၂၄။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော်အမိန့်ချမှတ်သည်။

၁၉၆၀
ဦးရဲမြင့်
နှင့်
ခရိုင်ဝန်၊
မိတ္ထိလာ ပါ ၆။

သက်ဆိုင်ရာ အာဏာပိုင်များထံ၊ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တင်သွင်းခဲ့သည်၊ ၎င်းတင်သွင်းသော လျှောက်လွှာကို နိုင်ငံတော်သမတက သတ်မှတ်ထားသော ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ရွှေးကောက်ပွဲ တာဝန်ခံ အရာရှိရုံးခန်းတွင် တခြားလျှောက်လွှာများနှင့် အတူ စည်းကမ်းဥပဒေများနှင့်ညီမညီစစ်ဆေးရာတွင်၊ လျှောက်ထားသူ တဦးသာလျှင် တက်ရောက်၍ အဆိုသွင်းသူနှင့် ထောက်ခံသူများ မတက်ရောက်သည်ကို အကြောင်းပြု၍၊ ၎င်း၏ အမတ်လောင်း အမည်တင်သွင်းလွှာကို ရွှေးကောက်ပွဲ တာဝန်ခံအရာရှိက ပယ်လိုက်သည်။

အဆိုပါ တာဝန်ခံ အရာရှိအမိန့်တွင် ဖော်ပြပါရှိသည်မှာ "လျှောက်ထွားသူ ဦးရဲမြင့်၏ လျှောက်လွှာ ၂ စောင်ကို စစ်ဆေးရန် ခေါ်သောအခါ၊ ဦးရဲမြင့်တယောက် သာလာပြီး၊၎င်းအား အဆိုတင်သွင်းသူ၊ထောက်ခံသူတဦးတယောက်မျှလာရောက်ခြင်း မရှိ၊ လျှောက်လွှာများကို စစ်ဆေးရာတွင် အဆိုတင်သွင်းသူ၊ ထောက်ခံသူများကိုယ်တိုင် ရောက်ရှိရန် လိုအပ်သည့် အတိုင်း လျှောက်လွှာ ၂ စောင်စလုံးကို ပယ်လိုက်သည်။" ဟုကဲ့သို့ မိမိ၏အမည်တင်သွင်းလွှာကို ပယ်ချခံရပြီးနောက်၊ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လျှောက်ထားသူ၏ လျှောက်ထားစာရွက် အရ၊ အဆိုပါ တင်သွင်းရာတွင် တပါတည်း ပေးဆောင်ခဲ့ရသော ၎င့် ၂၀၀ ကျပ်တိတိကို ၎င်းအား ဇန်နဝါရီလ ၁၄ ရက်နေ့က ပြန်လည်ထုတ်ပေးခဲ့သည်။

ထိုကဲ့သို့ အမည်တင်သွင်းလွှာကို ပယ်ချခံရသည်ကို မကျေနပ်၍၊ ဤရုံးတော်တွင် ရွှေးကောက်ပွဲ တာဝန်ခံ အရာရှိ၏ အမိန့်ကို တရားဥပဒေနှင့် မညီညွတ်ဟု ကန့်ကွက်ပြီး ၎င်းအမိန့်ကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခဲ့သည်။

ရွှေးကောက်ပွဲ တာဝန်ခံအရာရှိ (ခရိုင်ဝန်)၏ကျမ်းကျိန်လွှာတွင် ဘတ်ရှုရသည်မှာ အမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးရန် ချိန်းဆိုသောနေ့တွင် လျှောက်ထားသူအား၊ အဆိုသွင်းသူနှင့် ထောက်ခံသူတို့ တက်ရောက်ရန် မှာကြားခြင်းမှာ၊ ရွှေးကောက်ပွဲ နည်းဥပဒေ ၄၇ (၁)(က) နှင့် (ခ)အရ၊ အရေးယူဆောင်ရွက်ရန် ကိစ္စများ အတွက်ဖြစ်၍ ထိုသူများ ချိန်းဆိုသည့်အတိုင်း မလာရောက်သည့်အတွက်ကြောင့်၊ အဆိုပါ ပုဒ်မ ၄၇ (၁)(က) နှင့် (ခ) အရ ကြည့်ရှုစစ်ဆေးခြင်းငှါ မဖြစ်နိုင်သောကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်ချရခြင်း ဖြစ်သည်ဟု အကြောင်းပြသည်။

အဆိုပါ အကြောင်းပြချက်များကို ရွှေးကောက်ပွဲ တာဝန်ခံအရာရှိ၏ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နေ့စွဲဖြင့်ချမှတ်သောအမိန့်တွင် တစုံတရာမျှ မတွေ့ရချေ။ ရွှေးကောက်ပွဲနည်းဥပဒေ ၄၆ အရပြဋ္ဌာန်းထားသည်မှာ အရွေးခံသူ အသေးသိ၏အဆိုသွင်းသူ၊ ထောက်ခံသူ တဦးစီ ရွှေးကောက်ပွဲတာဝန်ခံအရာရှိ သတ်မှတ်သော အချိန်နှင့်

၁၉၆၀

ဦးရဲမြင့် နှင့် ခရိုင်ဝန်၊ မိတ္ထိလာ ပါ ၆။

နေရာသို့ လာရောက်နိုင်ကြောင်း။ ထို့ပြင် အမည်တင်သွင်းလွှာများကိုကြည့်ရှုစစ်ဆေးရန်ထို့သူတို့အား သင့်တော်သော အခွင့်အရေးများကို ပေးရမည်ဟုသာ ဖြစ်သည်။ ထိုသူများ လာရောက်ရမည်ဟု မပါခေ့။ မည်သည့် အရေးကြီးသောကိစ္စနှင့် စပ်လျဉ်း၍ အဆိုသွင်းသူနှင့် ထောက်ခံသူတို့ကို မိမိထံခိုန်းဆိုသော နေ့၌ ခိုန်းဆိုသော အခိုန်တွင် လာရောက်ရန် အကြောင်းကြားခြင်း တစုံတရာ ပြုလုပ်ခြင်း မရှိဘဲနှင့် ထိုသူများ မလာရောက်သည်ကို အကြောင်းပြု၍၊ လျှောက်ထားသူ၏ အမည်တင်သွင်းလွှာကို ပယ်ချခြင်းမှာ ရွေးကောက်ပွဲ နည်းဥပဒေနှင့် ညီညွတ်သော အမိန့်တရပ်ဟု မယူဆနိုင်ချေ၊ အဆိုသွင်းသူနှင့် ထောက်ခံသူများအား ယခုကဲ့သို့ အကြောင်းပြခွင့် တစုံတရာမပြုဘဲနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၄၇ (၁) (က) နှင့် (ခ)အရ၊ ချို့ယွင်းချက်များရှိသည်ဟု အကြောင်းမဲ့ ယူဆပြီး၊ လျှောက်ထားသူ အမတ်လောင်း၏ လျှောက်လွှာကို ပယ်ခြင်းမှာ တရားဥပဒေနှင့် သာမက သဘာဝမျှတမှုနှင့်လည်း ဆန့်ကျင်သည်ဟု ယူဆရပေမည်။ ထို့အတွက်ကြောင့် ရွေးကောက်ပွဲ အရာရှိကချမှတ်ထားသော အမိန့်ကို ပယ်ဖျက်လိုက်သည်။

လျှောက်ထားသူအား ၁၉၆၀ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက်နေ့က ပြန်ပေးခဲ့သော နည်းဥပဒေ ၄၁ အရ ပေးသွင်းထားသည့်ငွေကို ၎င်းထံမှပြန်လည်လက်ခံပြီးလျှင်၊ ၎င်း၏ အမည်တင်သွင်းလွှာကို လက်ခံရန်သာဖြစ်သည်။

## တရားလွှတ်တော်ချုပ်

†၁၉၆၀

ဇန္နဝါရီလ ၂၁ ရက်။

# ဦးရာဟုတ် (လျှောက်ထားသူ)
နှင့်
# မထွေးခင် ပါ ၂ (လျှောက်ထားခံရသူများ)*

ယာယီဥပဒေသက်တမ်းကုန်ဆုံးခြင်းကြောင့်ဖြစ်ပေါ်သည့်ကိစ္စ။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားခံရသူအမှတ်(၁)က၊ လျှောက်ထားသူ အပေါ်တွင် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆-ကက(၄)(က)အရ၊ အရေးယူရန် ဌါးရမ်းခ ကြီးကြပ်ရေးဝန်မင်းထံ အမိန့်တောင်းခံရာ၊ ကြီးကြပ်ရေးဝန်မင်းက တောင်းခံသောအမိန့်ကို ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၌ ချမှတ်သည်တွင် လျှောက်ထားသူက အဆိုပါအမိန့်ကိုအမှုခေါ်စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးပါရန် ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် လျှောက်လွှာကို တင်သွင်းလေသည်။ သို့သော် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည်၊ ယာယီ အက်ဥပဒေသဖြစ်၍၊ ၁၉၅၉ ခုနှစ်၊ ဒေဝက်တိုဘာလ ၇ ရက်နေ့၌ သက်တမ်းကုန်ဆုံးလေသည်။

မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည် ယာယီ အက်ဥပဒေမျှသာဖြစ်သဖြင့်၊ ထိုအက်ဥပဒေ သက်တမ်းကုန်ဆုံးပြီးနောက်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန်လည်း မရှိတော့ချေ။ ပုဒ်မ ၁၆-ကက(၄)(က)အရလည်း၊ ဆောင်ရွက်ခြင်းမပြုနိုင်တော့ချေ။ လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးဝန်မင်း၏ အမိန့်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်သောကြောင့် အမှုပေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန်မလိုတော့ချေ။

စူရတီဘာထုးဘဇားကုမ္ပဏီလိမိတက်နှင့် ဟူစိန်ဟာမာဒန်နီကုမ္ပဏီ ၅ ရန်ကုန်စီရင်ထုံးများ ၁၃၉ ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်၊ ဦးအောင်းမင်း (၂) လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် ၁ အတွက်၊ ဦးလှစိန် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် ၂ အတွက်၊ ။အစိုးရရွှေ့နေကြီး ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။ဤအမှုတွင် ရန်ကုန်မြို့ လက်ထောက် ဌါးရန်းခ ကြီးကြပ်ရေးဝန်က၊ လျှောက်ထားသူ ဦးရာဟုတ်သည် ရန်ကုန်မြို့၊ ၂၂ လမ်း၊ အမှတ် ၁၄၁ ရှိ

---

* ၁၉၅၉ ခုနှစ်၊ တရားမ အသေးအဖွဲလျှောက်လွှာအမှတ် ၁၁၈။

† တရားလွှတ်တော်ဝန်ကြီး ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ဦးဘိုကြီး တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

အိမ်အောက်ထပ်မှ၊ မူလအိမ်ငှါး ဦးကျော်ဆိုသူ ထုတ်ခါသွားပြီးနောက်၊ ထိုအိမ် အောက်ထပ်တွင် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့် မရရှိဘဲ ဝင်ရောက် နေထိုင်သည်ဟု ဆုံးဖြတ်ပြီးလျှင်၊ ဦးရာဟုတ် အပေါ် ၌၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၆-ကက(၄)(က)အရ အရေးယူပြီး၊ ထိုအိမ် အောက်ထပ်ကို သင့်လျော်သူ တဦးဦးသို့ အငှါးချထားရန် အတွက် ဆောင်ရွက် ပါရန်၊ ငှါးရမ်းခ ကြီးကြပ်ရေး ဝန်မင်းထံ အမိန့်တောင်းလေသည်။ ထိုအမိန့်ကို အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် ဦးရာဟုတ်ကကျွှါရုံးတော်သို့လျှောက် ထားလေသည်။

၁၉၆၀

ဦးရာဟုတ် နှင့် မထွေးခင် ပါ ၂။

အထက်ပေါ်ပြပါ အမိန့်ကို ၁၉၅၉ ခုနှစ်၊ ဇွန်လိုင်လ ၃၁ ရက်နေ့၌ချမှတ်လေသည်။ ယင်းသို့ အမိန့်ချမှတ်ပြီးနောက်၊ ယခုလျှောက်လွှာကို ၁၉၅၉ ခုနှစ်၊ ဧက်တာဘာလ ၈ ရက်နေ့၌ တင်သွင်းလေသည်။ သို့သော်မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက် ဥပဒေသည်၊ ယာယီ အက်ဥပဒေ သဖြစ်၍ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၈ နေ့၌ သက်တမ်းကုန်ဆုံးလေ သည်။ နိုင်ငံတော် သမတသည် ထိုအက်ဥပဒေကို ဆက်လက်အတည်ဖြစ်စေရန်အတွက် အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းနိုင်သော်လည်း၊ ယင်းသို့ ပြဋ္ဌာန်းခြင်း မပြုခဲ့ချေ။

ဤအမှု အဖြစ်အပျက်များသည်၊ **စူရတီဘာရားဘဇား ကုမ္ပဏီလိမိတက် နှင့် ဟူစိန်ဟာမဒန်နိုကုမ္ပဏီ** [1] **အမှုတွင်** ပေါ်ပေါက်သော အဖြစ်အပျက်များနှင့်အလားတူပင်ဖြစ်သည်။ ထိုအမှုမှာကဲ့သို့ပင် ဤအမှုမှာလည်းမြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေသည်၊ ယာယီ အက်ဥပဒေမျှသာ ဖြစ်သဖြင့်၊ ထိုအက်ဥပဒေ သက်တမ်း ကုန်ဆုံးပြီးနောက်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်လည်း မရှိတော့ချေ။ ပုဒ်မ ၁၆-ကက(၄)(က) အရလည်း၊ ဆောင်ရွက်ခြင်း မပြုနိုင်တော့ချေ။ လတ်ဆောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ဆက်လက် ဆောင်ရွက်ခြင်း မပြုနိုင်သော ကြောင့်၊ အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန် မလိုတော့ချေ။

ဧဗျောက်လွှာကိုပယ်လိုက်သည်။ အမှုသည်များသည်၊ မိမိတို့တရားစရိတ်ကို မိမိတို့ ကိုယ်တိုင်ကျခံစေရမည်။

---

[1] ၅ ရန်ကုန်စီရင်ထုံးများ ၁၃၉။

## တရားလွှတ်တော်ချုပ်

† ၁၉၆၀
ဇန္နဝါရီလ
၅ ရက်။

အိန်တိန်လျောင် (လျှောက်ထားသူ)

နှင့်

ဦးကျော်ထူး ပါ ၃ (လျှောက်ထားခံရသူများ)*

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅၊ အဓိကရည်ရွယ်ချက်၊ မည်သည့်အခါမျိုးဌ ရာဇဝတ်တရားသူကြီးသည် ပုဒ်မပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်းနှင့် ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း မပြုနိုင်ခြင်း၊ ပိုင်ဆိုင်ခွင့်ရှိ၊ မရှိ ပြဿနာ၊ တရားမတရားရုံးများ၏ အရေးသာ။

ရာဇဝတ်ကျင့်ထုံးနောက်ဆက်တွဲ ၅၊ ပုံစံ အမှတ် ၂၂ အရထုတ်သောအမိန့်၊ ပြစ်ဒဏ်အမိန့် မဟုတ်၊ အပြီးသတ်အမိန့်၊ မည်သည့်အခါမျိုးဌ ထုတ်ရမည့်အမိန့်။

ပုဒ်မ ၁၄၅ အရ၊ အရေးယူပါရန် လျှောက်ထားသောအမှုတွင် တရားမဝင်သော အမိန့်။

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ ၏ အဓိကရည်ရွယ်ချက်မှာ၊ ရပ်ရွာငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်သည်တကြောင်း၊ ထိုပုဒ်မတွင်လည်း ဖေါ်ပြပါ ရာဇဝတ်တရားသူကြီးများသည် ရဲတိုင်တန်းချက်အရသော်ငင်း၊ အခြားသတင်းအရသော်ငင်း · ရပ်ရွာငြိမ်ဝပ်ပိပြားရေးကိုထိခိုက်ပျက်ပြားစေမည့် အဓိကရုဏ်း ပေါ် ပေါက်ကြောင်း ကြောနပ်မှုရှိမှသာလျှင်၊ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်သည်ဟု အတိအလင်း သတ်မှတ်ထားသည်တကြောင်းတို့ကြောင့်၊ အကယ်၍ ရာဇဝတ်တရားသူကြီးသည် အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း ကြောနပ်မှုမရှိလျှင်၊ ဆက်လက် အရေးယူနိုင်ခွင့် မရှိသည်မှာ ထင်ရှားလေသည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅ အရ၊ အရေးယူပါရန် လျှောက်ထားသော အမှုတွင် မူခင်းဖြစ်ပွါးရံ့မျှနှင့် ရာဇဝတ်တရားသူကြီးက ဝင်ရောက်ဆောင်ရွက်ဖြင်းမပြုနိုင်၊ ပိုင်ဆိုင်ခွင့် ရှိ၊မရှိ ဆိုသည့် ပြဿနာကို ဆုံးဖြတ်ရန်မှာ တရားမတရားရုံးများ၏ အရေးအရာသာဖြစ်သည်။ သို့သော် မြေယာစသည့် ပစ္စည်းမျာနှင့် စပ်လျဉ်း၍ အငြင်းဖြစ်ပွါးရာမှ ရပ်ရွာငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့်အဓိကရုဏ်းမှုမျာ ပေါ် ပေါက်လျှင်၊ ရာဇဝတ်တရားသူကြီးသည်၊ ငြိမ်ဝပ်ပိပြားရေးကိုထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှါ၊ ဝင်ရောက် ဆောင်ရွက်ရန် တာဝန်ရှိလေသည်။

ရာဇဝတ်ကျင့်ထုံး နောက်ဆက်တွဲ ၅၊ ပုံစံအမှတ် ၂၂ အရ၊ ထုတ်သောအမိန့်မှာ ပုဒ်မ ၁၄၅(၁) အရ၊ ထုတ်နိုင်သော ပဏာမအမိန့်မျိုးမဟုတ်၊ ပုဒ်မ ၁၄၅(၄)အရ၊ နှစ်ဦးနှစ်ဘက်စုံဖမ်းစစ်ဆေးပြီးမှ ပုဒ်မ ၁၄၅(၆)အရ၊ ထုတ်ရသော အပြီးသတ် အမိန့်ဖြစ်လေသည်။ ထိုမျှမကသေးထိုသို့သော အပြီးသတ်အမိန့်မျိုးတွင် တရားပြိုင်တဦးဦးသည် မြေလက်ရှိဖြစ်ကြောင်း သက်သေ အထောက်

---

* ၁၉၅၉ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲလျှောက်လွှာအမှတ် ၁၁၃။

† နိုင်ငံတော် တရားဥန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ဦးဘိုကြီးတို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

၁၉၆၀
အိန်တိန်လျော်
နှင့်
ဦးကျော်ထူး
ပါ ၃။

အထားခိုင်လုံသည်ဟုယူဆလျှင်၊ ထိုသူသည် အခင်းဖြစ် ပစ္စည်းကို လက်ရှိဖြစ်ကြောင်း တရားဥပဒေနှင့်အညီ နှင်ထုတ်ခြင်းမခံရသမျှကာလပတ်လုံး လက်ရှိထားနိုင်ကြောင်းကျေညာပြီး၊ ထိုသို့အခိုက် အတန့်အားဖြင့် လက်ရှိထားသည်ကို အခြား မည်သူတဦးတယောက်ကမျှ ဝင်ရောက်နှောင့်ရှက်ခြင်း မပြုရန် တားမြစ်သည်ဟု အမိန့်ထုတ်ပြန်ရမည်ဖြစ်သည်။

လျော်ကြေးထားသူနှင့် လျော်ကြေးထားခံရသူ အမှတ် (၁) တို့ အခင်းဖြစ် မြေနှင့်ပတ်သက်၍ အငြင်းပွါးရာ၊ လျော်ကြေးထားခံရသူအမှတ် (၁) က ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅ အရ၊ အရေးယူပါရန်လျော်ကြေးထားသည်တွင် ရာဇဝတ်တရားသူကြီးက လျော်ကြေးထားသူနှင့် အပေါင်းပါတို့အား အခင်းဖြစ်မြေကို လျော်ကြေးထားခံရသူ အမှတ် (၁) သို့ လက်ရောက်ပေးအပ်၍ မြေမှ ထွက်ခွါသွားစေရန် ချမှတ်သောအမိန့်သည်ပုဒ်မ ၁၄၅ (၆) ပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်းပြီး ချမှတ်သောအမိန့်ဖြစ်လေသည်။

လျော်ကြေးထားသူ အတွက်၊ ဦးဝမ်ဟုတ်လိုက်ပါဆောင်ရွက်သည်။

လျော်ကြေးထားခံရသူ အမှတ် (၁) အတွက်၊ ဦးဘိုးအေး ကိုယ်စား ဦးကျော်လိုက်ပါဆောင်ရွက်သည်။

လျော်ကြေးထားခံရသူ အမှတ် (၂) နှင့် (၃) တို့အတွက်၊ အစိုးရလွှတ်တော်လွှဲနေကြီး ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီးဦးဘိုကြီး။** ။ဤအမှုတွင် မြို့တော်ခရိုင်၊ တနင်္သာရီမြို့အပိုင်၊ သံတောင်စခန်းရှိ သတ္တုတွင်း လုပ်ကွက်တကွက်နှင့် ပတ်သက်၍၊ ယခုလျော်ကြေးထားသူ အိန်တိန်လျော်နှင့် လျော်ကြေးထားခံရသူ အမှတ် (၁) ဦးကျော်ထူးတို့ အငြင်းပွါးကြရာမှ ဦးကျော်ထူးက၊ အိန်တိန်လျော်နှင့်အပေါင်းပါ ၃ ဦးထိုအပေါ်၌ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၁၄၅ အရ၊ အရေးယူပါရန် လျော်ကြေးထားသည်တွင်၊ မြို့တော်မြို့၊ ပဌမ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၅၇ ခုနှစ်၊ ရာဇဝတ်သေးမှု အမှတ် ၆၅ ၌၊ အမိန့်သုံးရပ် ချမှတ်သည်ကို မကျေနပ်သဖြင့်၊ အမှုခေါ် စာချုပ်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန် အိန်တိန်လျော်က လျှောက်ထားလေသည်။

ပဌမရာဘက် ရာဇဝတ်တရားသူကြီးသည်၊ ဦးကျော်ထူး လျှောက်ထားသည့် ဦးတိုက်လျှောက်လွှာကို မြို့တော်ခရိုင်၊ ရာဇဝတ်တရားသူကြီးထံမှ ၁၉၅၇ ခု၊ နိုဝင်ဘာလ ၂၁ ရက်နေ့၌ရရှိသောအခါ၊ ထိုနေ့မှာပင် အောက်ပါ အမိန့်ကို ချမှတ်လေသည်။

"တရားလို၏ လျှောက်လွှာနှင့် ကျမ်းကျိန်လွှာများကို ဘတ်ရှုလေ့လာသည်။ တရားလို လျှောက်ချက်အရ၊ သံတောင်စခန်းနှင့် စပ်လျဉ်း၍၊ တရားလိုနှင့် ထရားခံတို့အချင်းချင်း အငြင်းအခုံ၊ အချင်းဖြစ်ပွါးပြီး အဓိကရုဏ်း ဖြစ်မည်ကို ကြိုတင်ကာကွယ်ရန် အလို့ငှါ၊ ၎င်းကိစ္စကို စုံစမ်းစစ်ဆေးခြင်းအားဖြင့်သာ၊ တရားသဖြင့် ဖြစ်မြောက်နိုင်စရာ ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည့်

၁၉၆၀
အိန်တိန်လျောင်နှင့် ဦးကျော်ထူး ပါ ၃။

ဖြစ်၍၊ တရားခံအပေါ် ချိန်းနေ့ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင်၊ ရုံးတော်သို့လာရောက်၍ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၅ (၁)အရ၊ အမိန့်ထုတ်ပေးသင့် မသင့်ထုချေရှင်းလင်းရန် လျောက်ခံရသူများအပေါ် အမိန့်နှင့် တကွ နို့တစ်စာထုတ်ဆင့်ပါ။"

ထိုအမိန့်တွင် အချင်းဖြစ် မြေနှင့်စပ်လျဉ်း၍ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် အဓိကရုဏ်းမှု ပေါ်ပေါက်သည်ဟု မိမိကြေနပ်ကြောင်းကို ပဌမရာဇာက် ရာဇဝတ်တရားသူကြီးက ဖော်ပြခြင်းမပြုခဲ့။ ယင်းသို့ ကြေနပ်သည်ဟု ထင်မြင်ယူဆရန် အတွက်လည်း၊ ထိုအမိန့်တွင် အရိပ်အခြည် စိုးစဉ်းမျှ မပေါ်ခဲ့။ အမှန်အားဖြင့် ဆိုသျှင်၊ မှုခင်းဖြစ်ပွါးရုံမျှဖြင့် ရာဇဝတ် တရားသူကြီးက၊ ဝင်ရောက် ဆောင်ရွက်ခြင်း မပြုနိုင်။ ပိုင်ဆိုင်ခွင့် ရှိ မရှိ ဆိုသည့်ပြဿနာကို ဆုံးဖြတ်ရန်မှာ၊ တရားမ တရားရုံးများ၏ အရေးအရာသာဖြစ်သည်။ သို့သော် မြေယာ စသည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ အငြင်းပွါးရာမှ၊ ရပ်ရွာငြိမ်ဝပ် ပိပြားရေးကို ထိခိုက်စေမည့် အဓိကရုဏ်းမူများ ပေါ်ပေါက်လျှင်၊ ရာဇဝတ်တရားသူကြီးသည်၊ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှါ ဝင်ရောက် ဆောင်ရွက်ရန် တာဝန်ရှိလေသည်။ ယင်းသို့ ဆောင်ရွက်ရန် အတွက်လည်း၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ ၌ ဖော်ပြပါ အခြေအနေမျိုးတွင်၊ ရာဇဝတ် တရားသူကြီး အချို့အား၊ မိမိတို့အာဏာကို အသုံးပြုရန် ပြဋ္ဌာန်းထားလေသည်။ ထိုပုဒ်မ၏ အကောရည်ရွယ်ချက်မှာ ရပ်ရွာ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်သည် တကြောင်း၊ ထိုပုဒ်မတွင်လည်း ဖော်ပြပါ ရာဇဝတ် တရားသူကြီးများသည်၊ ရဲ တိုင်တန်းချက် အရသော်ငင်း၊ အခြားသတင်းအရသော်ငင်း၊ ရပ်ရွာ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်ပျက်ပြားစေမည့် အဓိကရုဏ်း ပေါ်ပေါက်ကြောင်း ကြေနပ်မှု ရှိမှသာလျှင်၊ ထိုပုဒ်မပါ ပြဋ္ဌာန်းချက် အတိုင်း ဆောင်ရွက်နိုင်သည်ဟု အတိအလင်း သတ်မှတ်ထားသည် တကြောင်းတို့ကြောင့်၊ အကယ်၍ ရာဇဝတ် တရားသူကြီးသည်၊ အဆက်၌ ဖော်ပြခဲ့သည့် အတိုင်း ကြေနပ်မှု မရှိလျှင်၊ ဆက်လက် အရေးယူနိုင်ခွင့် ရှိသည်မှာ ထင်ရှားလေသည်။

ယခုမူကား၊ ပဌမရာဇာက် ရာဇဝတ်တရားသူကြီးသည်၊ ရပ်ရွာငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် အကြောင်းရှိသည်မရှိသည်ကို လုံးဝသတိမူခဲ့ဟန်မတူခဲ့။ ၎င်း၏ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့စွဲပါအမိန့်အရ ဆိုလျှင်လည်း၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅ (၁) အရ အမိန့်ထုတ်ပေးသင့် မပေးသင့်ထုချေရှင်းလင်းရန် လိုအပ်ကြောင်း ဖော်ပြပြီးလျှင်၊ ထိုသို့လိုအပ်သည်ကို သိလျက်နှင့်အိန်တိန်လျောင်နှင့် ၃ ဦးတို့ထံ နို့တစ်စာထုတ်သည့်အပြင်၊ ရာဇဝတ်ကျင့်ထုံး နောက်ဆက်တွဲ ၅၊ ပုံစံအမှတ် ၂၂ အရ၊ အမိန့်တရပ်

၁၉၆၀

အိန်ဘိန်လျောင်နှင့် ဦးကျော်ထူး ပါ ၃။

ကိုလည်းထုတ်လေသည်။ ထိုအမိန့်မှာ ပုဒ်မ ၁၄၅ (၁) အရ၊ ထုတ်နိုင်သော ပဏာမအမိန့်မျိုးမဟုတ်။ ပုဒ်မ ၁၄၅ (၄) အရ၊ နှစ်ဦးနှစ်ဘက် စုံစမ်းစစ်ဆေးပြီးမှ ပုဒ်မ ၁၄၅ (၆) အရ၊ ထုတ်ရသော အပြီးသတ်အမိန့်ဖြစ်လေသည်။ ထိုမျှသာမကသေးထိုသို့သော အပြီးသတ် အမိန့်မျိုးတွင် တရားပြိုင်တဦးဦးသည် မြေယာစသည် လက်ရှိဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည်ဟူ၍ ယူဆလျှင်၊ ထိုသူသည် အခင်းဖြစ်ပစ္စည်းကို လက်ရှိဖြစ်ကြောင်း တရားဥပဒေနှင့် အညီ နှင်ထုတ်ခြင်း မခံရသမျှကာလပတ်လုံး လက်ရှိထားနိုင်ကြောင်း ကျေညာပြီး၊ ထိုသို့ အခိုက်အတန့်အားဖြင့် လက်ရှိထားသည်ကို အခြားမည်သူ တဦးတယောက်မျှ ဝင်ရောက် နှောင့်ရှက်ခြင်း မပြုရန် တားမြစ်သည်ဟု အမိန့်ထုတ်ပြန်ရမည် ဖြစ်သည်။ ပဌမရာဘက် ရာဇဝတ် တရားသူကြီး ထုတ်လိုက်သော အမိန့်မှာမူကား၊ အိန်ဘိန်လျောင်နှင့် အပေါင်းပါတို့အား အခင်းဖြစ်မြေကို ဦးကျော်ထူးသို့ လက်ဆုက် ပေးအပ်၍ မြေမှ ထွက်ခွါသွားရန် ချမှတ်သော အမိန့်ဖြစ်သည်။ ပုဒ်မ ၁၄၅ (၆) ပါ၊ ပြဋ္ဌာန်းချက်များကို ကျော်လွန်ပြီးချမှတ်သော အမိန့်ဖြစ်လေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ပဌမရာဘက် ရာဇဝတ် တရားသူကြီး၏ ပုဒ်မ ၁၄၅ (၁) အရ၊ ထုတ်သောအမိန့်သည်၊ တရားမဝင် အတည်မဖြစ်နိုင်ချေ။ ယင်းသို့ဖြစ်ရကား ထိုတရားသူကြီး၊ ပုဒ်မ ၁၄၅(၄)၊ ခြွင်းချက် (၂) အရ၊ ထုတ်ဝေသော ဝါရမ်းအမိန့်နှင့် အိန်တိန်လျောင်နှင့် အပေါင်းပါတို့အပေါ် ၌ ရာဇသတ်ကြီး ပုဒ်မ ၁၀၈ အရ၊ တရားစွဲဆိုရန် ချမှတ်သော အမိန့်သည်လည်း တရားမဝင်အတည် မဖြစ်ချေ။ ဤအမိန့်များမှာ အပြီးသတ်အမိန့်များ မဟုတ်သော်လည်း၊ ပုဒ်မ ၁၄၅ (၁) အရ၊ ဆောင်ရွက်ရန် အာဏာမရှိသေးမီ ချမှတ်သော အမိန့်များဖြစ်သဖြင့် အားလုံးပင် ပျက်ပြယ်ရပေမည်။ ဆက်သက်၍ ဆောင်ရွက်လျှင်လည်း အချီးနှီး အလဟဿသာ ဖြစ်ချေမည်။

ထို့ကြောင့် ပဌမရာဘတ် ရာဇဝတ်တရားသူကြီးက ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၄၅ (၁) အရ၊ ထုတ်သောအမိန့် ပုဒ်မ ၁၄၅ (၄) ခြွင်းချက် (၂) အရ၊ ထုတ်သော ဝါရမ်းနှင့် ရာဇသတ်ကြီး ပုဒ်မ ၁၀၈ အရ၊ တရားစွဲဆိုရန် ချမှတ်သော အမိန့်အသီးသီးတို့ကို ပယ်ဖျက်လိုက်လေသည်။

ဤအမှုကို ထိုထိုသော အကြောင်းများကြောင့် မြိတ်ခရိုင်၊ ရာဇဝတ်တရားသူကြီးက မိမိရုံးသို့ခေါ်ယူပြီး ကိုယ်တိုင် စုံစမ်းစစ်ဆေးသင့်ပေသည်။ အထူးသဖြင့် သက်ဆိုင်ရာ ရဲအရာရှိက အခင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်ရန် အကြောင်း မရှိပါဟု အစီရင်ခံသည်ကိုငင်း၊ ဦးကျော်ထူး တင်သွင်းသော ကျမ်းကျိန်

၁၉၆၀

အိန်တိန်လျော်ငှဲ့ နှင့် ဦးကျော်ထူး ပါ ၃။

လွှာများဌ်လည်း မိမိ၏မန်နေဂျာ မရှိခိုက်၊ အိန်တိန်လျော်ငှဲ့၏ လုပ်သားများ အဝမ္မ စံနစ်ဖြင့် အခင်းဖြစ်မြေကို ဝင်ရောက် လုပ်ကိုင်နေကြသဖြင့် မိမိ၏လုပ်သားများ အတင်းဝင်ရောက် လုပ်ကိုင်လျက်၊ ခိုက်ရန် ဖြစ်ပွါးမည်ကို စိုးရိမ်ရကြောင်း ဆိုသည့် အချက်မှာ၊ တရားဥပဒေအရ ခိုင်လုံသည် မခိုင်လုံသည်ကိုငင်း သတိမူသင့်ပေသည်။

အမှုသည်များသည်၊ မိမိတို့စရိတ်ကို မိမိတို့ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## SUPREME COURT

EVGONI T. KOVTUNENKO (APPLICANT)

*v.*

U LAW YONE (RESPONDENT).*

†S.C. 1960

*March* 18.

*International law and International Agreements—Not part of Municipal laws—S. 214 of Constitution—Existing Law, s. 226—Meaning to be placed on s. 211—Penal Laws, no immunity from.*

K was prosecuted upon a complaint for defamation in regard to a statement which appeared in a periodical published by a Department of a Foreign State. He claimed diplomatic immunity as an employee of a department of a Sovereign State.

*Held*: Though in Britain and in the United States international law is deemed to be part of the law of the land, the position is different in Burma. Even an international agreement, as such, is not part of Burmese Municipal Laws save as may be determined by Parliament (s. 214 of the Constitution). Nor is it included in "existing law" which is deemed to remain in force after the change in Burma's Constitutional Status and which is defined in s. 221 (1).

Recognised principles of international law may be accepted, not as such, but in accordance with s. 13 (3) of the Burma Laws Act under which, in the absence of specific enactments, decisions are to be made in accordance with "justice, equity and good conscience".

S. 211 ensures the acceptance by the Union of Burma of recognised principles of international law as its rule of conduct in its relation with foreign States. But a rule of conduct the Union Government should follow is not necessarily the procedure that a Burmese Court must observe, in the absence of a specific enactment which would make such observance legal.

To accept the principle of diplomatic immunity in regard to criminal prosecutions would be in conflict with s. 2 of the Penal Code which applies to every person. Unlike the Code of Civil Procedure, the Penal Code makes no reservations in regard to members of a foreign Mission. But liability of such a person under criminal law does not fetter executive action in that a prosecution may be withdrawn on grounds of public policy, so that it is unlikely that a member of a foreign mission with diplomatic status would have to go through a trial, there being other methods to deal with the situation.

*Krajina* v. *Tass*, (1949) (2) A.E.R. 274; *Blackstone Bk. I Chap.* VII "*of the Royal Prerogative; Mighell* v. *The Sultan of Johore*, (1894) I.Q.B. 149; *Statham* v. *Statham & Gaekwar of Baroda*, (1912) P.D. 92; *Compagnia*

---

* Criminal Misc. Application No. 272 of 1959.

† *Present*: U MYINT THEIN, Chief Justice of the Union, U CHAN HTOON, J. and U BO GYI, J.

S.C. 1960

EVGONI T. KOVTUNENKO v. U LAW YONE.

*Mercantile Argentina* v. *The United States Shipping Board*, 40 T.L.R. (1924) 601 ; *Porte Alexandre*, (1920) P.D. 30 ; *Holland's Diplomatic Immunity in English Law* ; *Oppenheims International Law* ; *Report of Diplomatic Immunity* (*Lord Justice Somervell*), referred to.

*E Maung* for the applicant.

*Kyaw Min* for the respondent.

*Maung Maung* (Assistant Attorney-General) as *amicus curiae*.

U MYINT THEIN, C.J.—In the "Tass" Bulletin of the 23rd April 1959, issued at Rangoon, an item of news was published under the date line "Delhi, April 21st." The Editor-in-Chief of a leading English newspaper was stated to have received a large sum of dollars from the local American Embassy. The suggestion was, the Editor had been paid this sum to agitate for a change in Burma's policy and to bring her into the South East Asian Treaty Organization.

The Editor naturally took grave exception to this and therefore lodged a complaint against one Kovtunenko, the local representative of the "Tass" Agency, for criminal defamation under section 500 of the Penal Code.

On the complainant's sworn statement, a warrant of arrest bailable at K 10,000, was issued by the District Magistrate, Rangoon. The accused took refuge in the precincts of the Soviet Embassy, and on approach being made by the officer executing the warrant, he was told by a Secretary in the Embassy that the matter should more fittingly be channelled through the Foreign Office. On the accused's failure to appear, the learned District Magistrate enhanced the bail to one of K 25,000 (*vide* Diary Order of the 8th May 1959). In the meantime, it seems that representations were made by the Embassy to the Foreign Office and according to the information contained in the Foreign Office's letter of the 23rd May 1959 addressed to the District Magistrate, the Embassy

was informed that the accused should comply with the orders of the Court.

The applicant ultimately made his appearance in Court and deposited the sum of K 25,000, the amount of his bail, and claimed immunity from process. It is common ground that his name is not among the list of diplomats issued by the Foreign Office and the applicant does not claim diplomatic status which would accord personal immunity from process but maintains that the "Tass" Agency, of which he is an official, is a department of the Union of Soviet Socialist Republics. He also filed a certificate to that effect, issued by the Chargé d'Affaires of the Soviet Embassy at Rangoon. He has thus claimed immunity of a Sovereign State, from process.

This averment that the "Tass" is a department of a sovereign government will have to be accepted, coming as it does from the Charge d'Affaires, though it would have been more proper if such intimation had been conveyed to us by our Foreign Office. In this case, however, we have not insisted upon this procedure since the aggrieved party in his sworn statement had said: "The *Tass* is the Telegraphic Agency of the Soviet Union" and we are satisfied that it is.

Learned counsel for applicant Kovtunenko maintained before the District Magistrate that the complaint in effect was against the "Tass" and that the "Tass" being part of a sovereign state, it was not amenable to process of our Courts, unless of course the Soviet Union voluntarily submits to the jurisdiction. Among the various authorities that he cited before the District Magistrate, he relied greatly upon *Krajina v. The* Tass *Agency* (1), a decision of the British Court of Appeal in which it was held that the "Tass" being a department of a foreign sovereign state was immune from suit. The learned District Magistrate however

(1) (1949) (2) A.E.R. 274.

S.C. 1960

EVGONI T. KOVTUNENKO v. U LAW YONE.

seemed to have thought that there would be a distinction between a civil suit and criminal proceedings. He pointed out that *Krajina's* case was a claim for damages for libel while the case before him was a criminal complaint for defamation. He therefore decided to proceed with the hearing of the case, giving his reasons thus:

> "But the case before me is a criminal one, and though legal principles generally must apply to civil and criminal proceedings alike, there is no ruling to show that in a criminal case of defamation, where it is alleged that the accused himself had defamed the complainant, he may plead his employer's sovereignty."

This order is now sought to be quashed.

Counsel for the applicant reiterated before us the submissions that he had made before the District Magistrate. He concedes that a person in applicant's position, because of lack of diplomatic status, can be prosecuted for assault or for an infringement of traffic regulations. He may even be sued for the recovery of a private debt but it is contended that the publication of the "Tass" Bulletin was an official act of the Soviet government and if the applicant in fact had published the item complained of, it was within the scope of his duties authorised by his government. The grievance of the complainant is in regard to the action of a department of the Soviet government, and though the complaint is levelled at the applicant formally, it is in effect against the Soviet government. And the Soviet government being a sovereign state, learned counsel further contends, is immune from the process of our Courts. Learned counsel for the respondent stressed the fact that the applicant is merely an official of a department of a sovereign government and that therefore he is not cloaked with the same kind of immunity which an Ambassador or his retinue enjoy. He even maintained that diplomatic immunity

does not cover criminal process. The learned Assistant Attorney-General, who appeared at our request, mentioned that Government had taken a neutral attitude in the matter which had arisen out of a private complaint. He accepts that a sovereign state is immune from process but maintains that as the " Tass " Agency has been operating in Rangoon as a private news agency the question of sovereign immunity does not arise. He suggested also that the matter is more the concern of the Foreign Office rather than that of the Court, the Court's task being to proceed with the trial in the absence of any bar to it.

A host of authorities were cited. We have been referred to Blackstone who in his Commentaries* said that no suit or action could be brought against the King and that no jurisdiction upon earth would have the power to try him in a criminal way, much less to condemn him to punishment. And it would appear that no distinction can be drawn between acts done by a sovereign in his political and his private capacity. See *Mighell v. The Sultan of Johore* (1) where the action was for breach of promise, undoubtedly an extreme case of contract made in private. Also *Statham v. Statham and the Gaekwar of Baroda* (2), where the action was for divorce with the Prince as the co-respondent. In both cases it was held that the Courts had no jurisdiction over a sovereign. This concept of sovereignty is now universally accepted and all states have, as a matter of policy, agreed to certain limitations of their territorial jurisdiction, such as personal jurisdiction over a foreign sovereign within their territory, over his army, over his property and over his ships of war.

These limitations naturally extend to the state itself since the King's sovereignty is because of his representation of the state. The concept of state sovereignty, at

* Bk. I, Chap. VII " Of the Royal Prerogative ".
(1) (1894) 1Q.B. 149. (2) (1912) P.D. 92.

S.C. 1960

EVGONI T. KOVTUNENKO v. U LAW YONE.

least in England, is so well established that in *Compagnia Mercantil Argentina* v. *The United States Shipping Board* (1), where the latter was sued for return of alleged overpayment of freight, the Court of Appeal in setting aside the proceedings said:

> "it is established to the satisfaction of the Court that the body against whom the proceedings are taken is a body representing a sovereign state."

From the certificate furnished by the Ambassador of the United States, the Court held that the Shipping Board was "just as much a representative of the United States as the Ambassador himself" and further that "there is no authority anywhere to be found that the mere fact that a sovereign in engaging in some trading business subjects himself to the processes in the Courts of a foreign country."

The latest decision cited to us is *Krajina* v. *The Tass Agency* (2) which we have mentioned earlier, another decision of the Court of Appeal. On the certificate filed by the Soviet Ambassador the Court accepted the statement therein that the "Tass" was a department of the Soviet Government and held that the normal immunity attaching to a department of a foreign state under international law would prevail.

The concept of sovereign immunity, as understood in England, seems limitless and many would share the anxiety of Scrution. L. J. expressed in the *Porte Alexandre* (3), when he said:

> "Now this State and other States proceed in their jurisprudence on the assumption that sovereign states are equal and independent and that as a matter of international courtesy no one sovereign state will exercise jurisdiction over the person or the property of any other sovereign state; and now that sovereigns move about more freely than they used to do, and do things which they used not to do, and

(1) 40 T.L.R. (1924) 601. (2) (1949) (2) A.E.R. 274.
(3) (1920) P.D. 30.

> now that states do things which they used not to do, the question arises whether there are limits to the immunity which international courtesy gives as between sovereign independent states and their sovereigns."

But, be that as it may, Krajina's case is still authority for the proposition that a department of a sovereign government is immune from civil process.

The position in regard to immunity from criminal process however remains unclear. Judicial pronouncements do not exist. Mention is made in text-books of *R.* v. *Guerchy* (1) and *R.* v. *A. B.* (2). Neither case decided the issue, for in respect of the first a *nolle prosequi* was entered and in respect of the second, immunity had been waived. It is inconceivable that a sovereign state as such would ever be tried criminally. Satisfaction would have to be sought through the usual diplomatic channels or through war.

In the case of a person of diplomatic status who has committed a crime no doubt the Foreign Office will move the Head of Mission to deal with the matter or even to waive immunity. If neither is forthcoming the offender's stay in the country could be terminated.

This then appears to be the position that prevails in England.

After a hundred years of British rule and trained in the law as we are according to Anglo-Saxon concepts, we tend to rely upon English and American authorities but in dealing with the matter before us, we must bear in mind that that in the Anglo-American systems there is always the Common Law to rely upon and that international law is deemed to be part of the law of the land. According to Oppenheim *—

> ". . . . As regards Great Britain . . . . all such rules of international law as are either universally recognised or have at any rate received the assent of the country are *per se*

(1) I Wm. Bl. 545. (2) (1941) I K.B. 454.

* Oppenheim's International Law, 8th Edn. by Lauterpacht at pp. 39—42.

S.C.
1960
EVGONI T. KOVTUNENKO v. U LAW YONE.

part of the law of the land. To that extent there is still valid in England the Common Law doctrine, to which Blackstone gave expression in a striking passage that the Law of Nations is part of the law of the land. It has been repeatedly acted upon by Courts. Apart from isolated *obiter dicta* it has never been denied by Judges.

* * * *

. . . . In the United States the principle that International Law is part of the law of the land has been adopted even more clearly. Such customary International Law as is universally recognised or has at any rate received the assent of the United States, and further all international conventions ratified by the United States, are binding upon American Courts even if in conflict with previous American statutory law;"

The position prevailing in our country is not quite the same, in that section 214 of our Constitution provides that no international agreement as such shall be part of the Municipal Law save as may be determined by Parliament. Under section 226 subject to the Constitution and to the extent to which they are not inconsistent therewith, the "existing laws" continue in force. But the definition of "existing law" in section 222(1) makes no mention of international law. It is however urged that because of section 211 of the Constitution which in part reads:

> "The Union of Burma . . . . accepts the generally recognised principles of international law as its rule of conduct in its relation with foreign states.",

it should be taken that International Law is recognised as part of the law of the land.

It is an attractive proposition, but in our judgment, a rule of conduct that the Union Government should follow "in its relation with foreign states" is not necessarily the procedure that a Burmese Court is to observe in the

absence of a specific enactment which would make such observance legal. We interpret the section to mean that it is a declaration of policy which provides guidance to Government in its international relations and makes it incumbent upon it to take such legislative measures as may be necessary to bring it in line with other states.

There is section 13 (3) of the Burma Laws Act under which, in the absence of a specific enactment, our Courts must decide "according to justice, equity and good conscience." The law relating to Torts is an example where this provision has to be invoked. It would thus be within the competence of the Courts to follow the principles of international law, not as such, but as being in accord with justice, equity and good conscience. However, in considering whether a particular principle can be adopted, the provisions of sections 211 and 213 of the Constitution, to which reference has already been made, should not be lost sight of. Thus, for a particular principle of international law to be acceptable in our Courts, firstly it must be generally recognised customary law of the Nations and secondly it must not conflict with our Municipal Law. To illustrate the position, we shall take the case of an Ambassador who, according to accepted principles of international law, is immune from process. In this country, however, he may in theory be sued, but under section 86 of the Civil Procedure Code, the President's consent is necessary. The section itself restricts the grant of consent only to cases specified in it and in actual practice the stage for the President to accord such consent is unlikely to be reached.

In regard to criminal prosecutions in this country, the Penal Code, in view of section 2, applies to every person. Exemptions from the operation of the Code are by way of exceptions enumerated in Chapter IV of the Code. Thus, for example, section 82 provides that nothing is an offence which is done by a child under

S.C. 1960 — EVGONI T. KOVTUNENKO v. U LAW YONE.

seven years of age. No person, not even the President of the Union, merely by virtue of his status, can claim immunity from the penal laws of this country and, in so far as the Courts are concerned, a complaint of the nature involved in the present case, will have to be dealt with according to law. There is no provision in the Penal Code similar to section 361 (1) of the Indian Constitution in view of which the President or the Governor is not answerable to any Court for the exercise and performance of the powers and duties of their office or for any act done or purported to be done in pursuance thereof.

This, however, does not mean that every alleged offender without exception, has to undergo the indignity of a trial, because it is within the competence of the executive to intervene by withdrawing the prosecution, a procedure which is often resorted to in many countries, on the ground of public policy. The incapacity of the Court to reject a complaint, except for reasons permissible in law, does not in any way fetter the Union Government's freedom of action in dealing with the matter.

We have no doubt that the Foreign Office will consider the matter and in its wisdom decide upon what is appropriate. But calling to mind the Burmese adage that even the wise might be inadvertent, we quote below the opinions of eminent authorities on International Law, on the subject of criminal process.

Holland, dealing with Diplomatic Immunity in English Law * said:

> "Exemption from civil jurisdiction and all civil process is, then, well established. The position with regard to criminal liability is, however, not clear. In works on International Law it is usually stated that persons enjoying diplomatic status are exempt from criminal jurisdiction as well as civil jurisdiction. There is, however, not a single

* Current Legal Problems, 1951, p. 97.

judicial decision in English law as laying down the proposition. On the other hand, there is no case in which a foreign diplomatic agent has been subjected to criminal liability in this country, except where his Government had waived immunity on his behalf. The probable explanation of this lack of judicial authority is that it is not the policy of the executive to initiate criminal proceedings against persons enjoying diplomatic status, and for this reason, the Courts have never been called upon to adjudicate upon the matter."

Oppenheim * has this to say:

"As regards the exemption of diplomatic envoys from criminal jurisdiction, the doctrine and practice of International Law agree nowadays that the Receiving States have no right, in any circumstances whatever, to prosecute and punish envoys. But this does not mean that a diplomatic envoy must have the right to do what he likes. The presupposition of the privileges he enjoys is that he acts and behaves in such a manner as harmonises with the internal order of the receiving state. He is therefore expected to comply with all such commands and injunctions of the Municipal Law as do not restrict him in the effective exercise of his functions. In case he acts and behaves otherwise, and disturbs the internal order of the state, the latter will certainly request his recall, or send him back at once."

The above extracts deal with those who are accorded diplomatic status. In regard to Commercial Agents, the position as explained in Oppenheim † is this:

"Occasionally a state sends to the territory of another agents to represent in some public service or business carried on by it, for instance the management of a state railway or a State Tobacco Industry or even a Trade Delegation for the purpose of general trading. Agents of these kind do not possess diplomatic characters or immunities, and are fully subject to the jurisdiction of the state in whose territory they are. They only differ from their fellow nationals in the respect that, being government agents, both prudence and

* P. 791. † P. 860.

S.C. 1960

EVGONI T. KOVTUNENKO v. U LAW YONE.

international courtesy demand that as far as possible special consideration should be shown by the local authorities to them and to premises occupied by them for official purposes. No distinct rules have been developed with regard to their position, but in some cases the matter is dealt with by agreement, between the two states."

In many countries diplomatic immunity is not confined to persons enjoying diplomatic status but extends to non-diplomatic personal such as the Ambassador's domestic servants, even if they should be nationals of the receiving State. Our attention has been drawn to the Report on Diplomatic Immunity * submitted to His Britannic Majesty's Foreign Secretary by an inter-departmental Committee presided over by Lord Justice Somervell, in which the following appears:—

> "There are, for example, a limited number of States which do not give full immunity to the clerical and similar staff of foreign political Missions in their territory, although a great majority of countries do so. Some of the personnel in this category perform duties of a most important and secret nature and are repositories of important and secret information. The nature of their work and the practice of the majority of the States seem to us to point to the conclusion that any withholding of immunity would, or at any rate might, be contrary to International Law.
>
> * * * *
>
> . . . . In our opinion under International Law full immunity from civil and criminal process attaches not only to the Ambassador but to his staff down to the secretaries and attaches. It also would, we think, attach to clerical and similar staff where as in this and most other countries they are recognised as having full diplomatic immunity from civil process. With regard to domestic servants there is a good deal of difference among writers on International Law."

As far as we can see, the purpose of the existence of the "Tass" Agency in Rangoon is to gather informaiton in Burma and to disseminate information obtained from

* Report of Diplomatic Immunity (Lord Justice Somervell), referred to.

sources which are not confined to Burma, on behalf of the Soviet Government through the medium of the "Tass" Bulletin which is distributed free and widely, six days a week. If the applicant is concerned at all in the publication of the bulletin including the item to which exception has been taken, his act in publishing it might be an official act authorised by his Government and within the scope of his official duties, as the applicant's learned counsel contends. But that in itself could not be a defence in law in this country. However, it is a factor to be taken into consideration if executive intervention is sought.

The contention made by the learned Assistant Attorney-General that in the absence of formal or official accreditation the "Tass" should be regarded as operating as a private news agency, has no relevance. A sovereign can make known his real character at any time, whereupon he assumes the privileges due to him, as did the Sultan of Johore when the suit against him was launched.

ထို့ပြင် လျှောက်ထားသူက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက် ဥပဒေပုဒ်မ ၉၊ ဒုတိယ ခွင့်ချက်ကိုညွှန်း၍ အခင်းဖြစ်မြေကို ပိုင်ဆိုင်သူ သံဃာတော် များက သီးစားချထားခွင့်ရှိကြောင်းနှင့် လျှောက်ထားလေသည်။ သို့သော်လည်း ထိုခွင့်ချက်အရမှာပင် တည်ဆဲ အခြား တရားဥပဒေတခုခုနှင့် မဆန့်ကျင်မှသာလျှင် ယင်းသို့ သီးစားချထားနိုင်ခွင့် ရှိကြောင်း ပြဋ္ဌာန်းထားလေသည်။ ၁၉၅၃ ခုနှစ်၊ သီး စားချထားရေး အက်ဥပဒေကို ဖော်ပြပါ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၅၁ အရ၊ အာဏာတည်ခြင်းမှ ရပ်စဲခြင်းမပြုသေးသဖြင့် ယခုတိုင် တည်မြဲ ဥပဒေ အဖြစ်ဖြင့် ရှိလေသည်။ ယင်းသို့ ဖြစ်၍ အဆိုပါ ဒုတိယ ခွင့်ချက်သည် ဤအမှုနှင့် မသက်ဆိုင်ပေ။

၁၉၆၀

မောင်လူမောင်
နှင့်
ဦးစိန်ကြီး
ပါ ၄။

ထို့နောက် လျှောက်ထားပြန်သည်မှာ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၄ (၂) အရ၊ သန္ဓေပင်သီးစားချထားရေး ကော်မိတီသည် အခင်းဖြစ် မြေကို ဦးစိန်ကြီးအား ချထားခြင်း မပြုမီ လျှောက်ထားသူသို့ဝင်း၊ ပိုင်ဆိုင်သူ သံဃာတော် များသို့ဝင်း၊ အကြောင်းမကြားသဖြင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များမှာ ပျက်ပြယ်သင့် ကြောင်းဖြင့် လျှောက်ထားလေသည်။ သို့သော် ထိုအပိုဒ် ၁၄ မှာ သီးစားချထားရာ တွင် အငြင်းပွါးသောအမှုအခင်းများနှင့်သာ သက်ဆိုင်သည်။ ထိုအပိုဒ် ၁၄ ကို အပိုဒ် ၁၃ နှင့် အတူ လေ့လာ သုံးသပ်ရမည်ဖြစ်သည်။ အပိုဒ် ၁၃ အရဆိုလျှင်၊ လယ်ယာမြေ လုပ်ကိုင်လိုသူတို့သည် သီးစားချထားရန် လျှောက်လွှာများကို သက်ဆိုင်ရာ ကျေးရွာ၊ သို့တည်းမဟုတ် မြို့မရပ်ကွက် သီးစားချထားရေး ကော်မိတီထံသို့ အချိန်မီ တင်သွင်း ရမည်။ ယခုမူ လျှောက်ထားသူ မောင်လူမောင်သည် ယင်းသို့ လျှောက်ထားခဲ့ဟန် မတူချေ။ ဦးစိန်ကြီးတယောက်သာလျှင် လျှောက်ထားသဖြင့် သီးစားချထားရေး ကော်မိတီက ဦးစိန်ကြီးသည် သီးစားလက်ငုတ်ဖြစ်သည့်ပြင် သီးစားချထားရေး နည်း ဥပဒေအပိုဒ် ၁၁ အရ၊ ပျက်ကွက်ခြင်း မရှိဟု ဆုံးဖြတ်ပြီး၊ အခင်းဖြစ်မြေကို၊ ၁၉၅၈ ခုနှစ် အတွက် ဦးစိန်ကြီးအား ချထားခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားသူအား ဤအမှုတွင် ဤရုံးတော်က သက်သာခွင့် မပေးနိုင်။ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၃၊ ခြွင်းချက်(ခ) အရ၊ အခင်းဖြစ် မြေကို ရရှိထားသည့် သံဃာတော်များက နိုင်ငံတော်သမတထံသို့ လျှောက်ထားရန်သာ ဖြစ်တော့သည်။

ယခု လျှောက်လွှာကို ပယ်လိုက်သည်။ လျှောက်ထားခံရသူများ ဤရုံးတော်သို့ မလာရောက်သဖြင့် တရားစရိတ်နှင့် ပတ်သက်၍ ဤရုံးတော်က အမိန့်ချမှတ်ခြင်းမပြု။

## တရားလွှတ်တော်ချုပ်

† ၁၉၆၀ မတ်လ ၁၆ ရက်။

# မောင်အေး (လျှောက်ထားသူ) နှင့် ရောဝတီတိုင်း သီးစားချထားရေး ကော်မိတီ ပါ ၃ (လျှောက်ထားခံရသူများ)*

သီးစားချထားရေး အဖွဲ့များ၏ မှားယွင်းသော ယူဆချက်၊ ခွင့်ပြုနိုင်သည့်ကိစ္စ၊ ဆုံးဖြတ်ပိုင်ခွင့်မရှိသော ကိစ္စများ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူ မောင်အေးပိုင် လယ်မြေကို ယခင်နှစ်များက ဦးဘိုးသွင် ဆိုသူအား သီးစားအဖြစ် ချလာခဲ့ရာ၊ ဦးဘိုးသွင် သေဆုံးသည့်အခါတွင်၊ လျှောက်ထားသူ မောင်အေးက၊ အဆိုပါ လယ်မြေကို ၎င်းက ဆက်လက် လုပ်ကိုင်လိုကြောင်း မြို့နယ် သီးစားချထားရေး အဖွဲ့ထံ လျှောက်ထားရာ၊ လျှောက်ထားခံရသူ မခင်စန်း ဆိုသူက၊ ဒီမိုသည် ကွယ်လွန်သူ ဦးဘိုးသွင်၏ မွေးစားသမီး ဖြစ်သောကြောင့်၊ ဦးဘိုးသွင်၏ လက်ငုတ်သီးစားကို ၎င်းက ဆက်လက် ရထိုက်သည်ဟု အကြောင်းပြ၍ လျှောက်ထားသော်လည်း၊ မြို့နယ် သီးစားချထားရေး အဖွဲ့က မခင်စန်း၏ အကြောင်းပြချက်ကို လက်မခံဘဲ၊ လျှောက်ထားသူ မောင်အေးအား ထိုလယ်ယာမြေကို ကိုယ်တိုင် လုပ်ကိုင်ခွင့် ပြုလိုက်၏။ အဆိုပါ အမိန့်ကို ခရိုင် သီးစားချထားရေး အဖွဲ့က ပယ်ဖျက်၍ မခင်စန်းမှာ သေဆုံးသူ ဦးဘိုးသွင်၏ အိမ်ထောင်စုတဦးဖြစ်သည်ဟု ယူဆပြီး အခင်းဖြစ်လယ်မြေကို ၎င်းအား လုပ်ကိုင်ခွင့် ပေးလိုက်လေသည်၊ လျှောက်ထားသူ မောင်အေးက၊ အယူခံဝင်သော်လည်း တိုင်းသီးစားချထားရေး အဖွဲ့က ခရိုင်သီးစားချထားရေးအဖွဲ့၏ အမိန့်ကို အတည်ပြုလေသည်။

တိုင်း သီးစားချထားရေး အဖွဲ့က၊ မခင်စန်းသည် ကွယ်လွန်သူ ဦးဘိုးသွင်နှင့်ဥင်းနှစ်မ မမယ်စိန်တို့က မွေးစားသော မွေးစားသမီး ဖြစ်သောကြောင့် မခင်စန်းပင်လျှင် သီးစားအခွင့်အရေးကို ဆက်ခံထိုက်သည်ဟု ယူဆခြင်းမှာ မှားယွင်းသော ယူဆခြင်းတရပ်ဟု ထင်မြင်သည်။

သီးစားချထားရေး အဖွဲ့များသည် နည်းဥပဒေ ပုဒ်မ ၁၁ နှင့် ၁၂ တို့ပါ အကြောင်းရပ်များနှင့် စပ်လျဉ်း၍သာလျှင် စစ်ဆေးခြင်း ပြုလျက် မူခင်း ဖြစ်ပွါးခြင်း မရှိသော လယ်ယာမြေကို သီးစားတဦးအား စိုက်ပျိုး လုပ်ကိုင်ခွင့် ပြုနိုင်သည်။

လျှောက်ထားခံရသူ မခင်စန်းသည် အဆိုပါ ပုဒ်မများအရ၊ ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့် အညီ လျှောက်ထားသူ တဦး မဟုတ်သောကြောင့် ၎င်း၏ သီးစား လုပ်ကိုင်ခွင့်ကို သီးစားချထားရေးအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့် မရှိခဲ့။

---

* ၁၉၅၉ ခုနှစ်၊ တရားမ အသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၄၂။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီးနှင့်နိုင်ငံတော်တရားဝန်ကြီး ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

လျှောက်ထားခံရသူ မခင်စန်းသည် ကွယ်လွန်သူ လက်ငုတ်သီးစား ဦးဘိုးသွင်၏ အမွေစား အမွေခံ သမီးဖြစ်သည် မဖြစ်သည်ဟူသော ပြဿနာကိုလည်း အဆိုပါ အဖွဲ့များက ဆုံးဖြတ်ပိုင်ခွင့် မရှိချေ။

၁၉၆၀ မောင်အေး နှင့် ရောဝတီတိုင်း သီးစား ချုထား ရေးကော်တီမီ ပါ ၃။

လျှောက်ထားသူအတွက်၊ ဦးတင်မောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) အတွက်၊ ဦးတင်မောင်ကြူ လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။လျှောက်ထားသူပိုင်၊ မြောင်းမြခရိုင်၊ မော်လမြိုင်ကျန်းမြို့နယ်၊သီဆိပ်ရွာမကျေးရွာ အပိုင်၊ ကွင်းနံပါတ် ၁၂၇၂ ဦးပိုင် နံပါတ် ၃၄၊ မြေရိယာ ၁၀·၆၀ ကေ ရှိ လယ်မြေကို ယခင်နှစ်များက ဦးဘိုးသွင်ဆိုသူအား သီးစားအဖြစ်ချထားလာခဲ့ရာ၊ ဦးဘိုးသွင် သေဆုံးသည့်အခါတွင်၊ လျှောက်ထားသူ လယ်ပိုင်ရှင် မောင်အေးက အဆိုပါ လယ်မြေကို ငှင်းက ဆက်လက် လုပ်ကိုင်လိုကြောင်း မြို့နယ်သီးစားချထားရေး အဖွဲ့ထံ လျှောက်ထားခဲ့သည်။ လျှောက်ထားခံရသူ မခင်စန်း ဆိုသူက မိမိသည် ကွယ်လွန်သူ ဦးဘိုးသွင်၏ မွေးစားသမီးဖြစ်သောကြောင့်၊ ဦးဘိုးသွင်၏ လက်ငုတ်သီးစားကို ငှင်းက ဆက်လက် ရထိုက်သည်ဟု အကြောင်းပြ လျှောက်ထားသည်။ မြို့နယ် သီးစားချ ထားရေးအဖွဲ့က မခင်စန်း၏ အကြောင်းပြချက်ကို လက်မခံဘဲ လျှောက်ထားသူ မောင်အေးအား၊ လယ်ပိုင်ရှင်အဖြစ် ထိုလယ်ယာမြေကို ကိုယ်တိုင် လုပ်ကိုင်ခွင့် ပြုလိုက်သည်။ အဆိုပါ အမိန့်ကို ခရိုင်သီးစားချထားရေးအဖွဲ့က ပယ်ဖျက်၍ လျှောက်ထားခံရသူ မခင်စန်းမှာ သေဆုံးသူဦးဘိုးသွင်၏အိမ်ထောင်စုတွင်ပါဝင်သူ တဦးဖြစ်သည်ဟု ယူဆ၍ အခင်းဖြစ် လယ်မြေကို ငှင်းအား လုပ်ကိုင်ခွင့်ပေးလိုက်သည်။ ဆက်လက်၍ တိုင်း သီးစားချထားရေး အဖွဲ့တွင် အယူခံဝင်ရာ၊ ငှင်းအဖွဲ့က လျှောက်ထားခံရသူ မခင်စန်းပင်လျှင် သီးစားအခွင့် အရေးကို လက်ခံထိုက်သူဟု ယူဆ၍ မြို့နယ် သီးစားချထားရေး အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး၊ ခရိုင်သီးစားချထားရေး အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

တိုင်း သီးစားချထားရေးအဖွဲ့က မခင်စန်းသည်၊ ကွယ်လွန်သူ ဦးဘိုးသွင်နှင့် ငှင်း၏ နှစ်မ မမယ်စိန်တို့က မွေးစားသော မွေးစားသမီးဖြစ်သောကြောင့် မခင်စန်းပင်လျှင် သီးစား အခွင့်အရေးကို ဆက်ခံထိုက်သည်ဟု ယူဆခြင်းမှာ မှားယွင်းသော ယူဆခြင်း တရပ်ဟု ထင်မြင်သည်။ သီးစားချထားရေး အဖွဲ့မျှားသည် နည်းဥပဒေ ပုဒ်မ ၁၁ နှင့် ၁၂ တို့ပါ အကြောင်းရပ်များ နှင့် စပ်လျဉ်း၍ သာလျှင် စစ်ဆေးခြင်း ပြုလျက် မှုခင်း ဖြစ်ပွါးခြင်း မရှိသော လယ်ယာမြေကို သီးစားတဦးအား စိုက်ပျိုး လုပ်ကိုင်ခွင့် ပြုနိုင်သည်။ လျှောက်ထားခံရသူ မခင်စန်းသည် အဆိုပါ ပုဒ်မများအရ၊ ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့် အညီ လျှောက်ထားသူတဦးမဟုတ်သောကြောင့်၊ ငှင်း၏သီးစား

၁၉၆၀

မောင်အေးနှင့် ရောဝတီတိုင်းသီးစား ချထားရေးကော်မီတီ ပါ ၃။

လုပ်ကိုင်ခွင့်ကို သီးစားချထားရေးအဖွဲ့များက ဆုံးဖြတ်ပိုင်ခွင့် မရှိချေ။ လျှောက်ထားခံရသူ မခင်စန်းသည် ကွယ်လွန်သူ လက်ဝုတ် သီးစား ဦးဘိုးသွင်၏ အမွေစား အမွေခံသမီးဖြစ်သည် မဖြစ်သည်ဟူသောပြဿနာကိုလည်း အဆိုပါအဖွဲ့များက ဆုံးဖြတ်ပိုင်ခွင့် မရှိချေ။

သို့အတွက်ကြောင့် ခရိုင်နှင့် တိုင်း သီးစားချထားရေး အဖွဲ့များက ချမှတ်ထားသော အမိန့်များကို ပယ်ဖျက်၍ မြို့နယ် သီးစားချထားရေးအဖွဲ့၏ အမိန့်ကို အတည်ပြုလိုက်သည်။

တရားစရိတ် ၈၅ ကျပ် ပေးဆောင်စေ။

# တရားလွှတ်တော်ချုပ်

ဦးချစ်ဖေ (လျှောက်ထားသူ)

နှင့်

ဆရာဝန်ကြီး ဦးငဏ္ဍ (လျှောက်ထားခံရသူ)*

†၁၉၆၀ မတ်လ ၁၀ ရက်။

တိုင်းရင်း ဆေးဆရာအဖွဲ့ဝင် ရွေးကောက်ပွဲ နည်းဥပဒေအရ၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိ၏ တာဝန်၊ ဆောင်ရွက်ရမည့်ကိစ္စသည် အမှား အမှန် ဆုံးဖြတ်ရန် လိုသော ပြဿနာမဟုတ်သဖြင့်၊ ဤရုံးတော်က စစ်ဆေး ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ ရွေးကောက်ပွဲ တာဝန်ခံက စည်းမျဉ်း ဥပဒေနှင့် ဆန့်ကျင်၍ ဝတ္ထုရားတခုခုကို ဆောင်ရွက်သော်၊ အရေးဆိုနိုင်သည့် ဌာန၊ ဤရုံးတော်၏ အာဏာ။

**ဆုံးဖြတ်ချက်။** ။တိုင်းရင်း ဆေးဆရာအဖွဲ့ဝင် ရွေးကောက်ပွဲ သက်ဆိုင်သော နည်းဥပဒေအရ၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက ဆောင်ရွက်ရသော တာဝန်မှာ၊ မိမိထံ ရောက်ရှိလာသော အမည်တင်သွင်းလွှာများတို့သည်၊ မိမိက ကျေညာပြီးသော နည်းဥပဒေအရ၊ စည်းကမ်း ဥပဒေနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို **ကြည့်ရှု စစ်ဆေးရန်သာဖြစ်သည်၊ မိမိ၏** သဘောအရ၊ စဉ်းစားဉာဏ်ကို အသုံးပြု၍ **မှားသည် မှန်သည် ဟူသော ပြဿနာရပ်တို့ကို စစ်ဆေး** ဆုံးဖြတ်ရန် တာဝန်မရှိပေ၊ နည်းဥပဒေအရ၊ **သတ်မှတ်ထားသော** စည်းမျဉ်းများနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ဟူသောကိစ္စရပ်မှာ အသိုအလျောက် ပေါ်လွင် ထင်ရှားသော ကိစ္စရပ်များသာ ဖြစ်၍ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက၊ အမှား အမှန် ဆုံးဖြတ်ရန် လိုသော ပြဿနာရပ်များ မဟုတ်သောကြောင့် ဤရုံးတော်က အမှုခေါ် စာချွန်တော်ဖြင့် အမိန့်တရပ်ထုတ်ပေးပါရန် တောင်းဆိုသော လျှောက်လွှာကို လက်ခံစစ်ဆေး ဆုံးဖြတ်ပိုင်ခွင့်မရှိ။

ဦးထွေး (ခေါ်) (A. E. Madari) နှင့် ဦးထွန်းအုံ ပါ ၂၊ 1948, B.L.R. 541; (D. D. Grover ၈. A.C. Koonda and one, 1955, B.L.R. 54;)ကို လိုက်နာသည်။

ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက၊ စည်းမျဉ်းဥပဒေနှင့် ဆန့်ကျင်လျက် မိမိ၌ ကျရောက်သော ဝတ္ထုရားတခုခုကို ဆောင်ရွက်ခဲ့သော်၊ ထိုကဲ့သို့ ဆောင်ရွက်သော ကိစ္စသည်၊ တရား မဝင်၍ ပျက်ပြယ်သည်ဟု သက်ဆိုင်သူ တဦးဦးက အရေးဆိုလိုလျှင် မူလ သက်ဆိုင်ရာ အာဏာကို သုံးစွဲနိုင်ခွင့်ရှိသည်၊ ဤရုံးတော်၌ အခြေခံ ပုဒ်မ ၂၅ အရ၊ စွဲဆိုသော အမှုမျှားမှအပအခြားသော ကိစ္စများအတွက် မူလ ဘက်ဆိုင်ရာ စစ်ဆေးပိုင်ခွင့် အာဏာမရှိခဲ့။

---

* ၁၉၅၉ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၂၅။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးဘိုကြီးနှင့် တရားဝန်ကြီး ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချ မှတ်သည်။

၁၉၆၀

ဦးချစ်ဖေ နှင့် ဆရာဝန်ကြီး ဦးဝဏ္ဏ။

လျှောက်ထားသူအတွက်၊ တီပီဝမ်းက လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်၊ အစိုးရလွှတ်တော် ရွှေနေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီးဦးအောင်သာကျော်။ ။တိုင်းရင်း မြန်မာ ဆေးဆရာအဖွဲ့ကို ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၄ အရ၊ ၁၉၅၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှ စ၍၊ ဖွဲ့စည်းခဲ့ရာ၊ အဆိုပါအက်ဥပဒေပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်၍၊ နည်းဥပဒေများကို ၁၉၅၉ ခုနှစ်၊ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံတော် သမတ၏ အတည်ပြုချက်ဖြင့်၊ ၁၃၂၀ ပြည့်နှစ်၊ တိုင်းရင်း ဆေးဆရာအဖွဲ့ဝင် ရွေးကောက်ပွဲ နည်းဥပဒေများဟူ၍ ကျေညာခဲ့သည်။ လျှောက်ထားသူ ဦးချစ်ဖေသည်၊ အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မငယ် ၃ အရ၊ တိုင်းရင်းဆေးဆရာအဖွဲ့တွင် ၁၈ ဦး ပါဝင်သည့်အနက်၊ တဦးပါဝင်လိုသော မှတ်ပုံတင် တိုင်းရင်း ဆေးဆရာတဦးဖြစ်သည်။ လျှောက်ထားခံရသူ ဆရာဝန်ကြီး ဦးဝဏ္ဏသည်ကား၊ အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မငယ် ၃ (က) အရ၊ တိုင်းရင်း မြန်မာ ဆေးဆရာ အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်နိုင်ငံတော် သမတက ခန့်အပ်ခြင်း ခံရသူ ဖြစ်ပြီးလျှင်၊ ရွေးကောက်ပွဲနည်းဥပဒေအပိုဒ် ၂ (c) နှင့် အပိုဒ် ၃ အရ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိ ဖြစ်သည်။

၁၃၁၅ (၁၉၅၃) ခုနှစ်တိုင်းရင်း မြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေ ပုဒ်မ ၃ ခြင်း ချက်ပါ စကားရပ်များအရ၊ ကနဦး စတင်ဖွဲ့စည်းထားသည့် တိုင်းရင်း မြန်မာ ဆေးဆရာအဖွဲ့၏ သက်တမ်းမှာ ကုန်ဆုံးတော့မည် ဖြစ်သောကြောင့်၊ အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ ၃ အပိုဒ် (ခ) တွင် ဖေါ်ပြ ပါရှိသည့် မှတ်ပုံတင် တိုင်းရင်း ဆေးဆရာများအား မိမိတို့အထမှ ရွေးကောက်တင်မြှောက်ရမည့် အဖွဲ့ဝင် လူကြီး ၈ ဦး၏နေရာများလစ်လပ်တော့မည်ဖြစ်သောကြောင့်၊ အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဆရာဝန်ကြီး ဦးဝဏ္ဏသည်၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိအဖြစ် ရွေးကောက်ပွဲနည်းဥပဒေအပိုဒ် ၅ အရ လိုအပ်သော ကျေညာစာတစောင်ကို ထုတ်ပြန်ခဲ့လေသည်။ ထိုသို့ ကျေညာပြီးနောက်၊ မိမိလက်ဝယ်သို့ ရောက်ရှိလာသော အမည်တင်သွင်းလွှာများတို့ကို စေ့စပ်ကြည့်ရှုပြီးနောက်၊ စည်းကမ်းကျန နည်းဥပဒေနှင့် ညီညွတ်သော အမည်တင်သွင်းလွှာများအရ၊ အမည်တင်သွင်းသူ ပုဂ္ဂိုလ် ၃၉ ဦးတို့၏ အမည်များကို အရွေးခံလိုသူများအဖြစ် လက်ခံကြောင်း၊ ရွေးကောက်ပွဲ နည်းဥပဒေအပိုဒ် ၁၁ (၂) အရ ကျေညာလိုက်လေသည်။

လျှောက်ထားသူ ဦးချစ်ဖေက၊ ရွေးကောက်ပွဲ အရွေးခံလိုသူများ၏ စာရင်းကို ကျေညာခြင်းမှာ၊ တရားဥပဒေနှင့် မညီသည်သာမက၊ မိမိ၏ကန့်ကွက်ခြင်းကိုပင် အရေးမယူဘဲပြုလုပ်သောကိစ္စတရပ်ဖြစ်သောကြောင့်၊ ဤရုံးတော်တွင်လာရောက်၍၊ အမှုခေါ်

စာချုပ်တော် အမိန့်တရုပ်ထုတ်ဆင့်ကာ၊ အကြောင်းစုံကိုစစ်ဆေးပြီးနောက်၊ တာဝန်ခံ အရာရှိက အတည်ပြု လက်ခံ ထားသော အမည်တင်သွင်းလွှာများနှင့် စပ်လျဉ်း၍ မည်သို့မျှ ဆက်လက် အရေးယူ ဆောင်ရွက်ခြင်းကို တားမြစ်ပေးပါရန်လျှောက်ထားခဲ့ လေသည်။

၁၉၆၀

ဦးချစ်ဖေ နှင့် ဆရာဝန်ကြီး ဦးဝဏ္ဏ။

လျှောက်ထားသူ ဦးချစ်ဖေ၏ လျှောက်ထားချက်ကား၊ ဤရုံးတော်က အစဉ် သဖြင့် လိုက်နာ ဆောင်ရွက်လာခဲ့သောမူအရ၊ အရေးပါ အရာရောက်သော လျှောက် ထားချက်တရုပ်မဟုတ်ဟု ယူဆရပေမည်။ အကြောင်းမူကား၊ လျှောက်ထားခံရသူ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက သက်ဆိုင်သော ရွေးကောက်ပွဲနည်းဥပဒေအရ၊ ရွက်ဆောင်ရသော တာဝန်မှာ၊ မိမိထံရောက်ရှိလာသော အမည်တင်သွင်းလွှာများ တို့သည်၊ မိမိက ကျေညာပြီးသော နည်းဥပဒေများအရ၊ စည်းကမ်း ဥပဒေနှင့် ကိုက်ညီ သည်၊ မကိုက်ညီသည်ကို ကြည့်ရှု စစ်ဆေးရန်သာဖြစ်သည်။ မိမိ၏ သဘောအရ စဉ်း စားဉာဏ်ကို အသုံးပြု၍ မှားသည် မှန်သည်ဟူသော ပြဿနာရပ်တို့ကို စစ်ဆေး ဆုံး ဖြတ်ရန် တာဝန်မရှိပေ။ နည်းဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ကိုက်ညီသည် မကိုက်ညီသည်ဟူသော ကိစ္စရပ်မှာ အလိုအလျောက် ပေါ်လွင်ထင်ရှား လျက် ရှိသော ကိစ္စရပ်များသာဖြစ်၍၊ ရွေးကောက်ပွဲတာဝန်ခံ အရာရှိက၊ အမှား အမှန် ဆုံးဖြတ်ရန်လိုသော ပြဿနာရပ်များ မဟုတ်သောကြောင့်၊ ဤရုံးတော်က၊ ဦးထွေး (ခေါ်) (A.E. Madari) နှင့် ဦးထွန်းအုံနှင့် ၁ (၁) နှင့် [D. D. Grover ၈. A.C. Koonda and one, (2).] အမှုတို့တွင် ချမှတ်ထားသော မူရင်းများ အရ၊လျှောက်ထားသူ၏ လျှောက်လွှာကို လက်ခံစစ်ဆေး ဆုံးဖြတ် ပိုင်ခွင့် မရှိခဲ့။

တိုင်းရင်း မြန်မာဆေးဆရာအဖွဲ့ကို အက်ဥပဒေအရဖွဲ့စည်းထား၍၊ ၎င်းအဖွဲ့၏ အရေးကိစ္စများတို့ကို နည်းဥပဒေအရ သတ်မှတ်ထားလင့်ကစား၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက၊ စည်းမျဉ်း ဥပဒေနှင့် ဆန့်ကျင်လျက်၊ မိမိ၌ ကျရောက်သော ဝတ္တရားတခုခုကို ဆောင်ရွက်ခဲ့လျှင်၊ ထိုကဲ့သို့ ဆောင်ရွက်သော ကိစ္စသည်၊ တရား မဝင်၍ ပျက်ပြယ်သည်ဟု ဒေါက်ဆိုင်သူ တဦးဦးက အရေးဆိုလိုလျှင်၊ မူလ သက်ဆိုင်ရာ အာဏာကို သုံးစွဲနိုင်ခွင့် ရှိသည်။ ဤရုံးတော်၌ အခြေခံ ပုဒ်မ ၂၅ အရ၊ စွဲဆိုသော အမှု များမှအပ အခြားသော ကိစ္စများအတွက် မူလကသက်ဆိုင်ရာ စစ်ဆေးပိုင်ခွင့် အာဏာ မရှိခဲ့။

ဤသို့သော အကြောင်းများကြောင့်၊ လျှောက်ထားသူ၏ လျှောက်လွှာကို ပယ် လိုက်သည်။ ယာယီ ဆိုင်းငံ့မိန့်ကိုလည်း ရုပ်သိမ်းလိုက်သည်။

(1) 1948, B.L.R. P. 541.
(2) 1955, B.L.R. P. 54.

## တရားလွှတ်တော်ချုပ်

ဦးပညောဘာသ (စောဒက)

နှင့်

ဦးမွေ့သာရ ပါ ၅ (စုဒိတကများ)*

† ၁၉၆၀
ဖြေလ ၄ ရက်။

ဝိနိစ္ဆယဌာနနှင့် ခုံအက်ဥပဒေ ပုဒ်မ ၁၅ တွင် ဖေါ်ပြထားသည့် ဝိနည်းဓမ္မကံ အဓိကရဏ်းများ ဖြစ်နိုင်သော အကြောင်းအရာမပါသည့် လျှောက်လွှာ၊ ဝိနိစ္ဆယနည်းဥပဒေ ၆ အရ ပယ်ရှားရန်။

စံချက် လျှောက်လွှာတွင် အမှုအကြောင်းချင်းရာနှင့် မိမိရခွင့် ရထိုက်သည့် အခွင့် အရေးများကို တိကျ ဖေါ်ပြခြင်း မရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကိစ္စ။

ဝိနိစ္ဆယခုံက ထည့်သွင်းစဉ်းစားဆုံးဖြတ်ခြင်း မပြုနိုင်သောကိစ္စ။

**ဆုံးဖြတ်ချက်။** ။ဝိနိစ္ဆယခုံသို့ တင်သွင်းသည့် စံချက်လျှောက်လွှာတွင် ဖေါ်ပြပါရှိသည့် အကြောင်းအချက်များသည်၊ ဝိနိစ္ဆယဌာနနှင့် ခုံအက်ဥပဒေ ပုဒ်မ ၁၅ ၌ ဖေါ်ပြထားသည့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှု ဖြစ်နိုင်သော အကြောင်းချင်းရာများ မပါဘဲ၊ ရာဇဝတ်တရား ရုံးများက စီရင်ရမည့်ကိစ္စများဖြစ်လျှင် အဆိုပါစံချက်လျှောက်လွှာကို အရေးယူ လက်ခံစီရင်ခြင်းပြုဆင့်သည်မဟုတ်သဖြင့် ဝိနိစ္ဆယဌာန နည်းဥပဒေ ၆ တွင် ဖေါ်ပြပါထားသကဲ့သို့ ပယ်ရှားရန်သာဖြစ်သည်။

စောဒက ပုဂ္ဂိုလ်က အမှုအကြောင်းချင်းရာတို့ကိုလည်း၊ မိမိရခွင့် ရထိုက် ရှိသည့် အခွင့် အရေးများကိုလည်း တိကျစွာ ဖေါ်ပြခြင်း မရှိလျှင်၊ ထို့ပြင် ဝိနည်းအရလည်း၊ တရားဥပဒေအရလည်း၊ မည်သို့သော သက်သာခွင့်ကို ရလိုကြောင်းဖြင့် တောင်းဆိုချက် တိကျစွာ မရှိလျှင်၊ သက်ဆိုင်ရာ ခုံရုံး၊ သို့မဟုတ် တရားရုံးက ဒီမိ၏ စီရင်ပိုင် ခွင့် ရှိမရှိကို စဉ်းစားနိုင်မည်မဟုတ်သည့်အပြင် စုဒိတက ပုဂ္ဂိုလ်များကလည်း မည်သည့် အကြောင်း အချက်မျှားနှင့် စပ်လျဉ်း၍ ချေပရမည်ကိုပင် သိနိုင်မည်မဟုတ်ချေ၊ စံဆိုချက်နှင့် ချမှတ်သည့် အမိန့်များတခြားစီ ဖြစ်လာနိုင်သည်။

အမှု၌မပေါ် ပေါက်သည့် အချက်များကို၊ ဝိနိစ္ဆယခုံက ထည့်သွင်းစဉ်းစားဆုံးဖြတ်ခြင်း မပြုနိုင်။

စောဒကပုဂ္ဂိုလ်အတွက်၊ သခင်ချစ် လိုက်ပါ ဆောင်ရွက်သည်။

စုဒိတက အမှတ် (၄) အတွက်၊ အစိုးရလွှတ်တော် ရွှေနေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

စုဒိတက အမှတ် (၅) ကိုယ်တိုင် ကြွရောက်သည်။

---

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၁၃။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီး တို့ ရွှေ့ပြောင်းတွင် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

တရားဝန်ကြီးဦးချန်ထွန်း။ ။ဤအမှုတွင် ပဉ္စမ စုဒိတက ပုဂ္ဂိုလ်ဖြစ်သူ ဦးဝိလာသက ဝိနိစ္ဆယဌာန ခုံအာဏာပဒေအရ၊ ဝိနိစ္ဆယခုံဖွဲ့ပေးပါရန်၊ ရန်ကုန်မြို့တော်တရားမရုံးတော်သို့ ၁၉၅၈ ခုနှစ်၊ မတ်လ ၅ ရက်နေ့က မေတ္တာရပ်ခံခဲ့လေသည်။ ဝိနိစ္ဆယခုံသို့ စစ်ဆေးစီရင် ဆုံးဖြတ်ပေးရန် စွဲချက် လျှောက်လွှာတွင် ဖေါ်ပြထားသည်မှာ မိမိသည် ရန်ကုန်မြို့ ကြည့်မြင်တိုင် ရပ်ကွက်၊ ဒေါ်ကြီးကြီးလမ်းနှင့်ကျန်းတောလမ်းဒို့ချေတိုကုံစေတီတော်ဘဏ္ဍာတော်ထိမ်းအဖွဲ့ပိုင် မြေပေါ်တွင် ဤစွဲဆသယဟူခေါ်တွင်သော ကျောင်းတခုကို ၁၃၀၉ ခုနှစ်မှစ၍ ဆောက်လုပ် နေထိုင် သီတင်းသုံးခဲ့ကြောင်း၊ ဦးပညောဘာသ (ယခုအမှုတွင် စောဒကဖြစ်သူ) သည် ချေတိုကုံစေတီတော် ဘဏ္ဍာတော်ထိမ်းအဖွဲ့မှ ဤစွဲဆသယ ကျောင်းမြေနှင့် အခြား မြေများကို မိမိအား အသိမပေးဘဲ ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့က တိတ်တဆိတ် ဝယ်ယူ သိမ်းပိုက်ခဲ့ကြောင်း၊ ထိုသို့ ဝယ်ယူခဲ့သည့် မြေထဲမှ ဤစွဲဆသယ ကျောင်းမြေကို မိမိအားခွဲဝေရောင်းချရန် မေတ္တာရပ်ခံခဲ့သော်လည်း ခွဲဝေရောင်းချခြင်း မပြုကြောင်း၊ မိမိပိုင်ဆိုင်သော သစ်ပင်များကို ခုတ်ဖြတ် ဖျက်ဆီးခြင်း၊ ပြောင်းလွှဲ၍ စိုက်ပျိုးခြင်းတို့ကို ဦးပညောဘာသသည် ပြုလုပ်လျက်နေကြောင်း " ထိုကဲ့သို့ ဧသော ဝိဝါဒါဓိကရဏ်းမှကြီးကို ငြိမ်းအေးစေရန် ဝိနည်းတော်နှင့် အညီ အဆုံးအဖြတ် ပေးပါရန် ရှိသေစွာ လျှောက်ထားပါသည်ဘုရား " ဟု အဆိုပါ စွဲချက် လျှောက်လွှာ အဆုံးတွင် တောင်းဆိုထားသည်ကို တွေ့ရသည်။

ဦးပညောဘာသက ကန့်ကွက်သော်လည်း ယခုအမှုတွင် ပထမ၊ ဒုတိယ၊ တတိယ စုဒိတက ပုဂ္ဂိုလ်များ ပါဝင်သော ခုံတခုကို ဖွဲ့စည်းလိုက်လေသည်။ ထိုခုံက သက်သေများကို ကြားနာ စစ်ဆေးပြီးနောက် တတိယ စုဒိတကဖြစ်သူ ဦးဥတ္တမက ဆုံးဖြတ်ချက် အမိန့်တခုကို ချမှတ်သည်။ ကျန်ခုံဆရာတော်နှစ်ပါးက အခြား ဆုံးဖြတ်ချက် အမိန့်တခုကို ပူးတွဲ ချမှတ်ကြသည်။ ဦးဥတ္တမက ချမှတ်သော အမိန့်တွင် ချေတိုကုံစေတီတော် ဘဏ္ဍာတော်ထိမ်းအဖွဲ့မှ ဦးပညောဘာသတို့က မဝယ်မီ ထိုမြေပေါ်တွင် သီတင်းသုံးလျက်ရှိသော ပုဂ္ဂိုလ်တို့အား လက်ရှိ အဆောက်အဦများတွင် တသက်ပတ်လုံး နေထိုင်ခွင့်ပြုသင့်သည်ဟု ဆုံးဖြတ်ချက် ချမှတ် ထားသည်ကို တွေ့ရသည်။ ကျန်ခုံဆရာတော်နှစ်ပါးက ချမှတ်သည့် အမိန့်တွင် " အမှုအခင်းဖြစ်ရာ မြေသည် ပုဂ္ဂလိက အဖြစ် ခိုင်လုံထင်ရှားမှု မရှိသဖြင့် စောဒက ဦးဝိလာသသည် ဖွေးဦးစွာ နေလာသော မူလပုဂ္ဂိုလ် ဖြစ်၍ မူလအတိုင်းနေမြဲနေစေ " ဟု ဆုံးဖြတ်ချက် ချမှတ်ထားသည်ကို တွေ့ရသည်။

အဆိုပါ ဝိနိစ္ဆယခုံ၏ ဆုံးဖြတ်ချက်များကို မကျေနပ်သဖြင့် ပယ်ဖျက်ပေးရန် ဤရုံးတော်သို့ ဦးပညောဘာသက လာရောက် မေတ္တာရပ်ခံလေသည်။ ဤမေတ္တာရပ်ခံလွှာ၌ ဖေါ်ပြထားသည်မှာ ဦးဝိလာသ၏ စွဲဆိုလွှာတွင် " တိကျသော တောင်းဆို မေတ္တာရပ်ခံချက်တစုံတရာမပါရှိပါ။ အကယ်၍ ပါရှိသည်ဟု ဟူဆစေကာမူ ခုံဝိနည်း

၁၉၆၀

ဦးပညောဘာသ နှင့် ဦးခမ်မိသာရ ပါ ၅။

၁၉၆၀

ဦးပညောဘာသနှင့် ဦးခမ်မီသာရပါ ၅။

မိုရ်ဆရာတော်များ၏ ဆုံးဖြတ်ချက်သည် စွဲဆိုလွှာနှင့် တခြား စီဖြစ်နေပါသည်။ ထို့ကြောင့် ထိုဆုံးဖြတ်ချက်များသည် တရားဥပဒေနှင့် ဆန့်ကျင်နေပါသည်။" ဟု ဖေါ်ပြထားသည်။

ဝိနိစ္ဆယခုံသို့ တင်သွင်းသည့် ဦးဝိလာသ၏ စွဲချက် လျှောက်လွှာတွင် ဖေါ်ပြပါရှိသည့်အကြောင်း အချက်များသည် ဝိနိစ္ဆယဌာနနှင့် ခုံအက်ဥပဒေ ပုဒ်မ ၁၅ ဦ့ဖေါ်ပြထားသည့် ဝိနည်း ဓမ္မက် အပိကရဏ်းမှ ဖြစ်နိုင်သော အကြောင်းချင်းရာများကို မတွေ့ရချေ။ ဦးပညောဘာသတို့က ပိုင်ရှင်ဖြစ်သော ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိမ်းအဖွဲ့မှ ရေစစ်တြိစာချုပ်ဖြင့် မြေကို ဦးဝိလာသအား အသိမပေးဘဲ တိတ်တဆိတ် ဂယ်ယူခြင်းသည်၎င်း၊ ထိုသို့ ဝယ်ယူပြီးနောက် ဦးဝိလာသအား ခွဲဝေရောင်းချခြင်း မပြုဘဲ နေခြင်းသည်၎င်း၊ ဝိနိစ္ဆယဌာန၊ သို့မဟုတ် ဝိနိစ္ဆယခုံ၊ သို့မဟုတ် တရားရုံးတို့က စစ်ဆေး စီရင် ဆုံးဖြတ်နိုင်သော ကိစ္စမဟုတ်ချေ။ ထို့ပြင် ထိုကဲ့သို့ ဦးပညောဘာသတို့က ဝယ်ယူရရှိထားသည့် မြေပေါ် တွင် ဦးဝိလာသက စိုက်ပျိုးထားသော သစ်ပင်များကို ခုတ်ဖြတ်ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဝင်ပေါက်ထွက်ပေါက်လမ်း ပိတ်ဆို့ခြင်းတို့သည် ရာဇဝတ်ရုံးက စစ်ဆေးရမည့် ရာဇဝတ်မှုများ ဖြစ်သောကြောင့် ဝိနိစ္ဆယခုံရုံးက စစ်ဆေးရမည့် ကိစ္စမျိုးဟု မယူဆနိုင်ချေ။ မည်သို့ပင် ဖြစ်စေ စောဒက ပုဂ္ဂိုလ်အနေဖြင့် အဆိုပါ စွဲချက် လျှောက်လွှာတွင် ဦးဝိလာသက မည်ကဲ့သို့သော သက်သာခွင့်မျိုးကို ဝိနိစ္ဆယခုံရုံးက ချမှတ်ပေးရန်အတွက် တိကျသော တောင်းဆို မေတ္တာရပ်ခံချက် လုံးဝ မပါရှိသည်ကို သတိချပ်အပ်သည်။ စောဒက ပုဂ္ဂိုလ်၏ စွဲချက်လျှောက်လွှာတွင် မိမိ၌ မည်ကဲ့သို့သော အခွင့် အရေးများ ရှိသည်၊ထို့အခွင့် အရေးများနှင့် စပ်လျဉ်း၍ စုဒိတက ပုဂ္ဂိုလ်က မည်သို့ မည်ပုံ နှောင့်ယှက်တားဆီး ထိပါးထားသည်၊ ထို့ကြောင့် မည်ကဲ့သို့သော သက်သာခွင့်မျိုးကို ဝိနည်းတော်အရ ချမှတ်ပေးရန် တိကျစွာ တောင်းဆိုခြင်း ရှိမှသာလျှင် ဝိနိစ္ဆယရုံး၊ သို့မဟုတ် ဝိနိစ္ဆယခုံတို့က အရေးယူ ဆောင်ရွက် စီရင်နိုင်မည် ဖြစ်သည်။ သို့မှသာလျှင် စွဲဆိုသော အမှုတွင် မည်သည့် ကောက်ချက်မျိုးကို ထုတ်နှုတ်၍ စစ်ဆေးကြားနာရမည်၊ မည်သည့် သက်သာခွင့်မျိုးကို ပေးရမည် စသည်ဖြင့် နှစ်ဦးနှစ်ဘက်သော အမှုသည်များက သိနားလည်ပြီးလျှင် လိုအပ်သည့် သက်သေခံများကို တင်ပြခြင်း၊ ချေပခြင်း စသည်တို့ကိုထိရောက်စွာ ပြုနိုင်မည်ဖြစ်သည်။ အကယ်၍ စောဒက ပုဂ္ဂိုလ်က အမှု၏အကြောင်းချင်းရာတို့ကိုငင်း၊ မိမိရခွင့် ရထိုက်ရှိသည့် အခွင့် အရေးများကိုငင်း တိကျစွာ ဖေါ်ပြခြင်းမရှိလျှင် ထို့ပြင် ဝိနည်းတော်အရငင်း၊ တရား ဥပဒေအရငင်း မည်သို့သော သက်သာခွင့်ကို ရလိုကြောင်းဖြင့် တောင်းဆိုချက် တိကျစွာ မရှိလျှင် သက်ဆိုင်ရာ ခုံ၊ သို့မဟုတ် တရားရုံးက မိမိ၏ စီရင်ပိုင်ခွင့်ရှိ မရှိကို စဉ်းစားနိုင်မည်မဟုတ်သည့်ပြင်၊ စုဒိတကပုဂ္ဂိုလ်များကလည်းမည်သည့် အကြောင်းအချက်

များနှင့် စပ်လျဉ်း၍ ချေပရမည်ကိုပင် သိနိုင်မည်မဟုတ်ချေ။ စွဲဆိုချက်နှင့် ချမှတ်သည့် အမိန့်များ တခြားစီ ဖြစ်လာနိုင်သည်။

၁၉၆၀

ဦးပညောဘာဝ နှင့် ဦးခမို့သာရ ပါ ၅။

ကျွန်ုပ်သို့ စွဲချက် လျှောက်လွှာတွင် စောဒက ပုဂ္ဂိုလ်က မိမိ၏ အခွင့်အရေးနှင့် ရရှိလိုသည့် သက်သာခွင့်တို့ကို တိကျစွာ ဖော်ပြခြင်းမရှိသောကြောင့် ယခုအမှုတွင် ဝိနိစ္ဆယခုံက အမှု၌ မပေါ်ပေါက်သည့် အချက်များကို ထည့်သွင်း စဉ်းစား ဆုံးဖြတ် ထားသည်ကို တွေ့ရသည်။ ဥပမာ အခင်းဖြစ်မြေသည် စေတီယသန္ဓကဖြစ်သောကြောင့် မည်သည့်ရဟန်းမဆို မည်သူကမျှ မခန့်ထားရဘဲ ရက္ခိတ ဂေါပိတ အဖြစ်ဖြင့် ဝင်ရောက် သိမ်းပိုက် နေထိုင်နိုင်သည်ဟုလည်း၊ အခင်းဖြစ်မြေသည် စေတီယသန္ဓက မြေဖြစ်သော ကြောင့် မည်သို့သော နည်းနှင့်မျှ လွှဲပြောင်း ရောင်းချခြင်း မပြုနိုင်ဟုလည်း စေတီယ သန္ဓက မြေကို လွှဲပြောင်း ရောင်းချရာ၌ သာသနာရေးအတွက်သာလျှင် အသုံးပြုရမည် ဟူသော စည်းကမ်း ပဋိညာဉ်ပါလျှင် ရောင်းဝယ်လွှဲပြောင်းခြင်း ပြုနိုင်သော်လည်း၊ ယခုအမှုတွင်အခင်းဖြစ် မြေပေါ်၌ လူနေအိမ်များ လက်ခံထားသောကြောင့် လွှဲပြောင်း ရောင်းချသည့် စာချုပ်များသည် ပျက်ပြယ်ပြီးဖြစ်သည်ဟုလည်း၊ ရေစစ်တြိမှတ်ပုံတင်စာချုပ် တင်ပြထားသည့်ပြင် စောဒက ပုဂ္ဂိုလ်ကလည်း ဝယ်ယူပြီးဖြစ်ကြောင်း ဝန်ခံထားပြီး ဖြစ်ပါလျက် ဝယ်ယူကြောင်းကို "လူသက်သေခိုင်လုံစွာ ပြနိုင်ခြင်းမရှိသောကြောင့်" ပုဂ္ဂလိကပစ္စည်းမမြောက်ဟုလည်း၊ ထို့ပြင် "လယ်ယာမြေ အစရှိသော အလုံးစုံတို့သည် သံဃိကသာလျှင် အပ်ကုန်၏၊ ပါဠိတော်၌ ပုဂ္ဂလိက အစွမ်းဖြင့် လယ်ယာမြေကို ခံယူခြင်းငှါ ခွင့်မပြုသောကြောင့်" မြေသည် ပုဂ္ဂလိကပိုင် မဖြစ်နိုင်ဟုလည်း ချမှတ်သည့်ဆုံး ဖြတ်ချက်များသည် သာသနာတော်နှင့် စပ်လျဉ်း၍ အလွန်အရေးကြီးသော ပြဿနာ များဖြစ်သော်လည်း ယခုအမှုတွင် ထည့်သွင်း စဉ်းစားစီရင် ဆုံးဖြတ်နိုင်သော ပြဿနာ များမဟုတ်ချေ။

ယခုအမှုတွင် ဦးဝိလာသက ၎င်း၏ စွဲချက် လျှောက်လွှာ၌ ဖော်ပြထားသော အချက်မှာ ဝိနိစ္ဆယဌာနများကလည်း၊ ဝိနိစ္ဆယခုံများကလည်း အရေးယူ လက်ခံ စီရင်ခြင်း ပြုသင့်သည့် အမှုမျိုးမဟုတ်ချေ။ ဝိနိစ္ဆယဌာန နည်းဥပဒေ ၆ ၌ ဖော်ပြထားသကဲ့သို့ စွဲချက်လျှောက်လွှာကို ပယ်ရှားရန်သာ ဖြစ်သည်။

ထို့ကြောင့် ဝိနိစ္ဆယခုံဆရာတော်များက ချမှတ်ထားသော အမိန့်များကို ပယ်ဖျက် လိုက်သည်။

အမှုသည်များသည် မိမိတို့၏ စရိတ်ကို မိမိတို့ကျခံစေရန်ဖြစ်သည်။

## တရားလွှတ်တော်ချုပ်

†၁၉၆၀
ဧပြီလ ၄ ရက်။

ဦးဝမ်မိုန် (လျှောက်ထားသူ)

နှင့်

ခရိုင်ဝန်၊ မြောင်းမြမြို့ ပါ ၃ (လျှောက်ထားခံရသူများ)*

မြို့နယ်စီပါယ်ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ ၂၉၊ ကန့်ကွက်လွှာနှင့်ပတ်သက်၍ ဆုံးဖြတ်ရမည့်တာဝန် ရွေးကောက်ပွဲ တာဝန်ခံ အရာရှိ၌သာရှိခြင်း၊ ပုဒ်မ ၃၀၊ ခရိုင်ဝန်၏ အာဏာ၊ ပုဒ်မ ၆ (၇) "Rates and Taxes" ဆိုသော စကားတွင်၊ ကူးတို့ လိုင်စင်ခမပါဝင်။

သမဝါယမအသင်း၊ ဥပဒေပုဒ်မ ၆၉ (၂)၊ ပေးဆပ်ရန်ရှိသော ငွေများကို တောင်းမှုရာ လိုက်နာရန်အချက်၊ မည်သည့်အခါမှ အသင်းသားက ပယ်ရှင်းလိမ်အနေဖြင့် ပေးဆပ်ရန် တာဝန်ရှိသနည်း။

ဝါးယော်မြို့၊ တရုပ်တန်းရပ်ကွက်မှ မြို့နယ်စီပါယ်အဖွဲ့သို့ ဇင်ရန်လျှောက်ထားသူနှင့် အခြား ၂ ဦး တို့၏ လျှောက်လွှာများကို၊ အရည်အချင်းမပြည့်စုံဟု ကန့်ကွက်လွှာများ ထင်သွင်းရာ၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိဖြစ်သူ ဝါးခယ်မြို့နယ်ပိုင်ဝန်ထောက်မင်းက သက်သေများကို စစ်ဆေးပြီး၊ ၃ ဦး စလုံးသည် မြို့နယ်စီပါယ် အဖွဲ့အား ကူးတို့ လိုင်စင်ခ ပေးရန် အကြေးရှိနေသော တရုပ်တန်း သယ်ယူပို့ဆောင်ရေး၊ သမဝါယမ အသင်းသားများဖြစ်သည့်အလျောက် အရွေးခံရန် အရည်အချင်း မျက်ကွက်၍၊ ၎င်းတို့၏ အမည်လွှာများကို လက်မခံထိုက်ကြောင်း မြောင်းမြခရိုင်ဝန်မင်းထံသို့ အစီရင်ခံခဲ့ရာ၊ ခရိုင်ဝန်မင်းက နယ်ပိုင်ဝန်ထောက်မင်း ထင်မြင်ယူဆသည့် အတိုင်း လက်ခံလေသည်။

ဆုံးဖြတ်ချက်။ ။မြို့နယ်စီပါယ် ရွေးကောက်ပွဲ နည်းဥပဒေပုဒ်မ ၂၉ အရ၊ ဤကဲ့သို့ ကန့်ကွက်လွှာများနှင့် ပတ်သက်၍၊ ရွေးကောက်ပွဲတာဝန်ခံ အရာရှိ ကိုယ်ထိုင်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်၊ ခရိုင်ဝန်မင်းထံသို့ ဆုံးဖြတ်ရန်တင်ဆက်သည်မှာမှားယွင်းသည်၊ ခရိုင်ဝန်မင်းမှာလည်း၊ ဤကဲ့သို့ တင်ဆက်၍ ဆုံးဖြတ်နိုင်ရန် အာဏာမရှိ။ နည်းဥပဒေပုဒ်မ ၂၉အရ၊ နယ်ပိုင်ဝန်ထောက်မင်းက ဆုံးဖြတ်သည်ကိုမကျေနပ်ခဲ့လျှင်၊ ပုဒ်မ ၃၀ အရ၊ ခရိုင်ဝန်မင်းထံသို့ အမိန့်ကိုပြင်ဆင်ပေးရန်မကျေနပ်သူက လျှောက်ထားမှသာ၊ အမိန့်ချမှတ်နိုင်ပေမည်။

မြို့နယ်စီပါယ် ရွေးကောက်ပွဲ နည်းဥပဒေ ၆ (၇) တွင် သုံးနှုန်းထားသော စကားလုံးများဖြစ်သော (Rates and Taxes) ကို အဓိပ္ပါယ်ကောက်ယူရာ၌ကူးတို့ လိုင်စင်ခ (Ferry License Rent) လည်းပါဝင်သည်ဟု မယူဆနိုင်။

ကူးတို့လိုင်စင်နှင့် ပတ်သက်၍၊ သယ်ယူပို့ဆောင်ရေး သမဝါယမအသင်းက၊ မြို့နယ်စီပါယ်အဖွဲ့သို့ ပေးရန်ရှိသော ငွေကို၊ သမဝါယမအသင်းများ အက်ဥပဒေပုဒ်မ ၆၉ (၂) အရ၊ တောင်းယူရာ၌၊

---

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၆၆။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ဦးဘိုကြီးတို့ရှေ့မှောက်တွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း အမိန့်ချမှတ်သည်။

ပဌမအသင်းပိုင် ပစ္စည်းကို လိုက်ရပေမည်၊ ထိုနောက်မှ အက်ဥပဒေရ၊ ကြေးမြို့ပေးဆပ်ရန် တာဝန်ကန့်သတ်ချက်များကို၊ အထောက်အထားပြု၍ အသင်းသားများထံမှ တောင်းဆိုခွင့်ရှိသည်၊ အသင်းပိုင်ပစ္စည်းကို မလိုက်မီ၊ ထိုသမဝါယမ အသင်းသားဖြစ်ကြသည့် ပုဂ္ဂိုလ်များသည်၊ မြူနီစီပါယ်အဖွဲ့သို့ ငွေပေးဆပ်ရန် တာဝန်ရှိသူများဟု မဆိုနိုင်။

လျှောက်ထားသူအတွက်၊ ဦးအေးမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) နှင့် (၂) အတွက်၊ အစိုးရလွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) အတွက်၊ ဦးတင့် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီးချုပ် ဦးမြင့်သိန်း။** ။ဝါးခယ်မမြို့၊ တရုပ်တန်း ရပ်ကွက်မှ မြူနီစီပါယ်အဖွဲ့သို့ ဝင်ရန် လျှောက်ထားလာခဲ့ ၄ ဦးတို့သည် အမည်လွှဲမှားမှုများ တင်သွင်းခဲ့ကြရာ ၄ ဦးစလုံးကိုပင် အရည်အချင်းမပြည့်စုံဟု ကန့်ကွက်လွှာများတင်သွင်းခြင်း ခံရကြသည်။ ၎င်းတို့ ၄ ဦးအနက်၊ ဦးမောင်ဥ ဆိုသူမှာ မိမိအမည်လွှဲမှားကို ရှုပ်သိမ်းခဲ့လေသည်။ ကျန် ၃ ဦးနှင့်ပတ်သက်သော ကန့်ကွက်လွှာကိုရွေးကောက်ပွဲ အရာရှိဖြစ်သူ၊ ဝါးခယ်မမြို့၊ နယ်ပိုင်ဝန်ထောက်မင်းက၊ သက်သေများကို စစ်ဆေးပြီး ၃ ဦးစလုံးပင် အရွေးခံရန် အရည်အချင်း ပျက်ကွက်၍၊ ၎င်းတို့၏ အမည်လွှဲမှားကို လက်မခံ ထိုက်ကြောင်း၊ မြောင်းမြခရိုင်ဝန်မင်းထံသို့ အစီရင်ခံခဲ့သည်။ ခရိုင်ဝန်မင်းက နယ်ပိုင်ဝန်ထောက်မင်း ထင်မြင်ယူဆသည့်အတိုင်း လက်ခံရာ၌၊ လူကြီးလောင်း ၃ ဦး စလုံးပင်၊ တရုပ်တန်း သယ်ယူပို့ဆောင်ရေး သမဝါယမ အသင်းသားများ ဖြစ်ကြကြောင်း။ ထိုအသင်းက မြူနီစီပါယ် အဖွဲ့အား ကူးတို့ လိုင်စင်ခ ပေးရန် အကြွေးရှိကြောင်း။ သမဝါယမ အက်ဥပဒေပုဒ်မ ၆၉ အရ၊ အသင်းသားများလည်း ထို ကြွေးဆပ်ရန် တာဝန်ရှိကြောင်း။ သို့အတွက် မြူနီစီပါယ် ရွေးကောက်ပွဲ နည်းဥပဒေပုဒ်မ ၆ (ဂ) အရ၊ အရည်အချင်း ပျက်ယွင်းသူများဖြစ်သည်ဟု ယူဆကြောင်း ဖေါ်ပြထားသည်။ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ နေ့စဉ်ပါ အမိန့်နှင့် အမည် တင်သွင်းလွှာများကို ပယ်လိုက်ပြီး၊ တရုပ်တန်းရပ်ကွက်အတွက် အရွေးခံမည့်သူ မရှိတော့သဖြင့်၊ ထိုရပ်ကွက်အတွက် ကြားရွေးကောက်ပွဲ ပြန်လည်ကျင်းပရန် အမိန့် ချမှတ် လိုက်လေသည်။

မြူနီစီပါယ် ရွေးကောက်ပွဲ နည်းဥပဒေ ပုဒ်မ ၂၉ အရ၊ ဤကဲ့သို့ ကန့်ကွက်လွှာများနှင့် ပတ်သက်၍၊ ရွေးကောက်ပွဲ တာဝန်ခံ အရာရှိကိုယ်တိုင်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ခရိုင်ဝန်မင်း ထံသို့ ဆုံးဖြတ်ရန် တင်ဆက်သည်မှာ မှားယွင်းသည်။ ခရိုင်ဝန်မင်းမှာလည်း၊ ဤကဲ့သို့ တင်ဆက်၍ ဆုံးဖြတ်နိုင်ရန် အာဏာမရှိ။ နည်းဥပဒေပုဒ်မ ၂၉

၁၉၆၀

ဦးဝမ်မိုန်
နှင့်
ခရိုင်ဝန်၊မြောင်းမြို့ ပါ ၃။

အရ၊ နယ်ပိုင်ဝန်ထောက်မင်း က ဆုံးဖြတ်သည်ကို မကျေနပ်ခဲ့လျှင်၊ ပုဒ်မ ၃၀ အရ၊ ခရိုင်ဝန်မင်းထံသို့၊ အမိန့်ကို ပြင်ဆင်ပေးရန် မကျေနပ်သူက လျောက်ထားမှသာ အမိန့်ချမှတ် နိုင်ပေမည်။

သို့အတွက်၊ ခရိုင်ဝန်မင်း၏ အမိန့်မှာ၊ နည်းဥပဒေ ပုဒ်မ ၂၉ တွင် အကြုံးမဝင်သော အမိန့်ဖြစ်၍၊ ပယ်ဖျက်ပြီး ရွေးကောက်ပွဲ အထာရှိ၊ ဝါးခယ်မမြို့၊ နယ်ပိုင်ဝန်ထောက်မင်း ထံသို့၊ ဤကိစ္စကို နည်းဥပဒေတွင် ပါရှိသည့်အတိုင်း ဆက်လက် ဆောင်ရွက်ရန်၊ အမှုတွဲများကို ပြန်၍ ပို့လိုက်သည်။

ဆက်လက်၍ ဆောင်ရွက်ရမည်မှာ၊ ဦးဝမ်မိုန်၊ ဦးခွေးကြီးနှင့် ဦးသက်တို့အပေါ် ၌ ကန့်ကွက်ထားသည့် အလှဘများကို၊ မိမိကိုယ်တိုင်က ဆုံးဖြတ်ချက် ချရမည်။ ဤကဲ့သို့ ဆုံးဖြတ်ချက် ချထုတ်ပွင့်၊ တကယ်တင် ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၆ (ဂ) နှင့် သက်ဆိုင်သည် မသက်ဆိုင်သည်ကို၊ ပြန်လည် စဉ်းစားရပေလိမ့်မည်။ ထိုအပြင်တွင် သုံးနှုန်းထားနှုံးသော စကားလုံးများဖြစ်ကြသော (**Rates and Taxes**) ကို အဓိပ္ပါယ်ကောက်ယူထုတ်၍၊ ကူးတို့ လိုင်စင်ခ (**Ferry License Rent**) လည်း ပါဝင်သည်ဟု ယူဆရန်ခဲယဉ်းပေလိမ့်မည်။

ကူးတို့ လိုင်စင်နှင့် ပတ်သက်သည့် မြူနီစီပါလိုတီ အဖွဲ့သို့ ပေးရန် ရှိသော ငွေကို၊ သမဝါယမအသင်းများ အက်ဥပဒေ ပုဒ်မ ၆၉ အရ၊ မြေခွန်တော် မပြေကျန်ငွေကို တောင်းခံသည့် နည်းလမ်းအတိုင်း၊ တောင်းခံနိုင်သည်မှာ မှန်သော်လည်း၊ ဤကဲ့သို့ တောင်းခံ နိုင်၍သာ၊ ထိုသို့သော ကျန်ငွေမှာ (**Rates and Taxes**) ဖြစ်သည်ဟု မဆိုသာချေ။ အလွယ်တကူ တောင်းယူနိုင်ရန်အတွက်သာ ပြဋ္ဌာန်းထားသော ဥပဒေအချက် အလက်များသာ ဖြစ်သည်။ ထို့ပြင်လည်း၊ ပုဒ်မ ၆၉ (၂) အရ၊ တောင်းယူထုတ်၍ ပဌမ အသင်းပိုင်ပစ္စည်းကို လိုက်ရဖေမည်။ ထို့နောက်မှ အက်ဥပဒေအရ ကြွေးမြီ ပေးဆပ်ရန် တာဝန် ကန့်သတ်ချက်များကို၊ အထောက်အထား ပြု၍၊ အသင်းသားများထံမှ တောင်းဆိုခွင့် ရှိသည်။ အသင်းပိုင် ပစ္စည်းကို မလိုက်မီ၊ အရွေးခံအမည်လွှာ တင်သွင်းကြသော၊ ထိုသမဝါယမအသင်းသားများ ဖြစ်ကြသည့် ပုဂ္ဂိုလ်များသည်၊ မြူနီစီပါလိုတီ အဖွဲ့သို့ ငွေပေးအပ်ရန် တာဝန်ရှိသော သူများဖြစ်သည်ဟု၊ ယခုအချိန်၌ ဆိုနိုင်ရန် ခဲယဉ်းကြောင်းကို ပေါ်ပြလိုက်သည်။

# တရားလွှတ်တော်ချုပ်

## ချန်ကင်းဂွမ် (အယူခံတရားလို)

နှင့်

## ဝေါင်ခိုင်ဖွန်း (အယူခံတရားခံ) *

၁၉၆၀ ဇွန်လ ၂၄ ရက်။

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆၊ အပိုင်း ၂ ပိုင်း၊ ပုထမအပိုင်း ၁၅ ရက် တင်ကြွေးချ၊ နို့တစ်စာရရှိ စေရမည်၊ ဒုတိယအပိုင်း၊ နို့တစ်စာ မည်သို့မည်ပုံပေးခြင်း၊ တရားမဝင်သော နို့တစ်စာ။

**ဆုံးဖြတ်ချက်။** ။ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ တွင် ဖေါ်ပြပါရှိသော စကားရပ်တို့မှာ၊ နို့တစ်စာပေးခြင်းနှင့် စပ်လျဉ်း၍ နှစ်ပိုင်းခွဲခြားထားသည်။

ပထမအပိုင်းအရ၊ နို့တစ်စာအပေးခံရသောအိမ်ရှင်၊ အိမ်ငှါးတို့ကို အိမ်ငှါးလမကုန်ခင် ၁၅ ရက် တင်ကြွေးချ၊ နို့တစ်စာရရှိစေရမည်။

ဒုတိယအပိုဒ်တွင် မည်သို့မည်ပုံ အဆိုပါ နို့တစ်စာ အပေးခံရသူထံ ပေးပို့ရမည်အကြောင်း နို့တစ်စာပေးသူက နို့တစ်စာအပေးခံရသူထံ စာတိုက်မှ တဆင့်သော်ငင်း၊ သို့မဟုတ် ကိုယ်တိုင် သော်ငင်း၊ လက်ခံရရှိစေရန် ပေးပို့ရမည်။ ငင်းကိုယ်တိုင် မရှိက ငင်း၏မိသားစုတာယောက်၊ သို့မဟုတ် ငင်း၏ အစေခံများအား နို့တစ်စာကိုပေးရမည်။ ထိုသို့မဖြစ်နိုင်က ပစ္စည်းအပေါ်တွင် လွှယ်လင့်တကူမြင်နိုင်သော နေရာတွင် နို့တစ်စာကို ကပ်ထားရမည်အကြောင်းများ ဖေါ်ပြပါရှိလေသည်။

အထက်ဖေါ်ပြပါ ပုဒ်မတွင် အပိုဒ်နှစ်ပိုဒ်ခွဲခြား၍ ဖေါ်ပြပါရှိသော စည်းကမ်းချက်များကို ရောလုံး၍ အဓိပ္ပါယ်ကောက်ယူရန်မဖြစ်နိုင်ပေ။ နို့တစ်စာအပေးခံရသူမှာ လမကုန်မီ ၁၅ ရက် က တင်ကြွေး၍ နို့တစ်စာရရှိရမည်။ ထိုသို့ရရှိနိုင်စေရန် နို့တစ်စာပေးသူက လိုအပ်သလို အဆိုပါ ပုဒ်မ၏ အပိုဒ် ၂ တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ရန်လိုပေသည်။

လျော်ကြေးထားသူက ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့၌ဖြင့်၊ နို့တစ်စာတစောင်ကို လျော်ကြေးထားခံရသူထံပေးပို့ရာ၊ ထိုနို့တစ်စာထဲတွင် လျော်ကြေးထားခံရသူထံ နိုဝင်ဘာလ ၁၇ ရက်နေ့မှသာလျှင် ရောက်ရှိသဖြင့် ပစ္စည်းလွှဲ ပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆၊ အပိုဒ် ၁ တွင် ပါရှိသော လိုအပ်သည့် လမကုန်ခင် ၁၅ ရက်အတွင်း နို့တစ်စာ မရောက်ရှိခြင်းကြောင့်၊ အဆိုပါ နို့တစ်စာသည် တရားမဝင်သော နို့တစ်စာဖြစ်သည်။

---

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲလျော်ကြေးအမှတ် ၇၅။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးဦးဘိုကြီးနှင့် ဦးမောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၀

ချန်ကင်းဂူမ် နှင့် ဝေါင်ခိုင်ဖွန်း။

အယူခံတရားလိုအတွက်။ ။ဦးရှိန်ဝန်း လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးဘစိုး လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးအောင်သာကျော်။** ။ရန်ကုန်မြို့၊ တရားလွှတ်တော်၏ ၁၉၅၈ ခုနှစ်၊ အထူးအယူခံမှုအမှတ် ၁၀ တွင် ချမှတ်သော အမိန့်ကို မကျေနပ်၍ ဤရုံးတော်တွင် အထူးအယူခံဝင်ခွင့် လျှောက်တောင်းသော ကိစ္စတရပ် ဖြစ်သည်။

အယူခံတရားလိုမှာ ရန်ကုန်မြို့၊ ကျုံးကြီးလမ်း၊ အိမ်အမှတ် ၁၆၆ ကိုပိုင်ဆိုင်သော အိမ်ရှင်တဦးဖြစ်သည်။ **အ**ဆိုပါ အိမ်ခန်းအမှတ် ၅ တွင် အိမ်ငှါးအဖြစ် နေထိုင်သော အယူခံ တရားခံ ဝေါင်ခိုင်ဖွန်း ဆိုသူကို အိမ်ခန်းမှ နှင်ထုတ်လိုသဖြင့် ၁၉၅၄ ခုနှစ်၊ နိဝင်္ဘာလ ၁၂ ရက် နေ့စွဲဖြင့် နို့တစ်စာတစောင်ကို ရေစွမ်းကြိုပြုလုပ်၍ ပေးပို့ခဲ့ရာ ထိုနို့တစ်စာကို အိမ်ငှါးက ၁၉၅၄ ခုနှစ်၊ နိဝင်္ဘာလ ၁၇ ရက်နေ့တွင် ရရှိခဲ့သည်။ **အိမ်ငှါးက မိမိနေသော** အိမ်ခန်းမှ ပြောင်းရွှေ့ခြင်း မပြုသောကြောင့် အယူခံတရားလိုက မြို့တော်တရားမရုံးတွင် တရားစွဲဆိုလေရာ၊ အိမ်ငှါးက ၎င်းထံ ရောက်ရှိသော နို့တစ်စာမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ အရ၊ လကုန်သောနေ့မှ ၁၅ ရက်မတိုင်မီ ၎င်း၏ လက်ထဲသို့မရောက်ရှိ၍ အိမ်ရှင်ကပေးပို့သော နို့တစ်စာမှာ တရားမဝင်သော နို့တစ်စာ အဖြစ်သို့ ရောက်ရှိခြင်းကြောင့် ၎င်းအပေါ်တွင် စွဲဆိုသော အမှုပလပ်သင့်ကြောင်း ငြင်းဆိုခဲ့သည်။ မြို့တော်တရားမရုံးက ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ တွင် နို့တစ်စာနှင့် စပ်လျဉ်း၍ ပါရှိသော ရက်ကန့်သတ်ခြင်းမှာ အိမ်ပိုင်ရှင်ထံမှ နို့တစ်စာပေးပို့သော နေ့ရက်နှင့်သာဆိုင်သည်၊ အိမ်ငှါးထံ အဆိုပါ နို့တစ်စာ ရောက်ရှိသော နေ့ရက်နှင့် မဆိုင်ဟု ယူဆ၍ အဆိုပါ ငြင်းဆိုချက်ကို ပယ်ချလိုက်သည်။ တရားလွှတ်တော်တွင် အယူခံဝင်ရောက်ရာ၊ ၁၉၅၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၆ တွင် မူလစစ်ဆေးခဲ့သော တရားရုံးကဲ့သို့ ကေ၊ အမ်၊ မိုဒီနှင့် မိုဟာမက်ဆီးဒစ် (က်) ဖြတ်ထုံးကို အကိုးအကားပြု၍ အယူခံလွှာကို စရိတ်နှင့်တကွပယ်လိုက်လေသည်။

တရားလွှတ်တော်၌ တဖန် အထူးအယူခံအဖြစ် လျှောက်ထားပြန်ရာ၊ ၁၉၅၈ ခုနှစ်၊ အထူးအယူခံမှု အမှတ် ၁၀ တွင် အယူခံ ခုံရုံးတော်က ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ တွင် ပါရှိသော နို့တစ်စာနှင့် စပ်လျဉ်း၍ နေ့ရက် သတ်မှတ်ခြင်းသည် နို့တစ်စာ အပေးခံရသော သူနှင့်သာ လုံးဝသက်ဆိုင်သည်၊ နို့တစ်စာပေးသော သူနှင့် သက်ဆိုင်ခြင်း မရှိဟု အောက်ရုံးများက အကိုးအကားပြုသော ဖြတ်ထုံးနှင့် ကွဲလွဲ၍ အဓိပ္ပါယ် ကောက်ယူပြီးလျှင်၊ အယူခံတရားလို၏ အမှုကို ပွလပ်လိုက်သည်။ ထိုကဲ့သို့ အောက်ရုံးများက အကိုးအကား ပြုသော ဖြတ်ထုံးနှင့် ဆန့်ကျင်ပြီး အဓိန့်ချမှတ်

ခြင်းမှာ မှားယွင်းသည်ဟု အကြောင်းပြ၍ ဤရုံးတော်တွင် အယူခံဝင်ခွင့် တောင်းခဲ့သည်။

၁၉၆၀

ချန်ကင်းဂွမ် နှင့် ဝေါင်ခိုင်ဖွန်း။

ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ တွင် ပေါ်ပြပါရှိသော စကားရပ်ကို စိစစ် ကြည့်ရှုရာ၊ ထိုစကားရပ်တို့မှာ နို့တစ်စာပေးခြင်းနှင့် စပ်လျဉ်း၍ နှစ်ပိုင်းခွဲခြားထားသည်ကို တွေ့ရှိရသည်။ ပထမပိုင်းမှာ "**Firstly, that a lease of immoveable property for any purpose other than for agricultural or manufacturing purposes shall be deemed to be a lease from month to month, terminable, on the part of either lessor or lessee, by 15 days' notice expiring with the end of a month of the tenancy**" ဟူသောစကားရပ်တို့ကို တွေ့ရှိရသည်။ ထိုစကားရပ် တို့၏ အဓိပ္ပါယ်မှာ ရှင်းလင်းစွာ ပေါ်လွင်လျက် ရှိသည်။ နို့တစ်စာ အပေးခံရသော အိမ်ရှင်၊ သို့မဟုတ် အိမ်ငှါးတို့ကို အိမ်ငှါးလမကုန်ခင် ၁၅ ရက်တင် ကြို၍ နို့တစ်စာရရှိစေသုံးသည်။

အဆိုပါ ပုဒ်မ၏ ဒုတိယအပိုဒ်ဘွင်သာလျှင်၊ မည်သို့မည်ပုံအဆိုပါနို့တစ်စာအပေးခံရသူထံ ပေးပို့ရမည့်အကြောင်းနှင့် စပ်လျဉ်း၍ ပေါ်ပြပါရှိသည်ကို မွေ့ရသည်။ ၎င်း ဒုတိယအပိုဒ်တွင် ပါရှိသော စကားအသုံးအနှုန်းအရဆိုလျှင်၊ နို့တစ်စာပေးသူက နို့တစ်စာ အပေးခံရသူထံ စာတိုက်မှတဆင့် သော်၎င်း၊ သို့မဟုတ် ကိုယ်တိုင်သော်၎င်း လက်ခံရရှိစေရန် ပေးပို့ရမည်။ ၎င်းကိုယ်တိုင်မရှိက ၎င်း၏ မိသားစုတယောက်ယောက်၊ သို့မဟုတ် ၎င်း၏ အစေခံများအား၊ နို့တစ်စာကို ပေးရမည်။ ထိုကဲ့သို့ မဖြစ်နိုင်က ပစ္စည်းအပေါ် တွင်လွယ်လင့်တကူမြင်နိုင်သောနေရာတွင်နို့တစ်စာကိုကပ်ထားရမည်။

အထက် ပေါ်ပြပါ ပုဒ်မတွင် အပိုဒ် နှစ်ပိုဒ်ခွဲခြား၍ ပေါ်ပြပါရှိသော စည်းကမ်းချက်များကို ဆောလုံး၍ အဓိပ္ပါယ် ကောက်ယူရန် မဖြစ်နိုင်ပေ။ နို့တစ်စာ အပေးခံရသူမှာ လမကုန်မီ ၁၅ ရက်ကတင်ကြို၍နို့တစ်စာရရှိရမည်။ထိုသို့ရရှိစေနိုင်ရန်နို့တစ်စာပေးသူက လိုအပ်သလို အဆိုပါ ပုဒ်မ၏ အပိုဒ် ၂ တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ရန် လိုပေသည်။ ထိုနည်းဖြင့် အဓိပ္ပါယ် ကောက်ယူက တရားလွှတ်တော်က အကိုးအကားပြုသော မြန်မာနိုင်ငံယေဘုယျစကားရပ်များ အက်ဥပဒေပုဒ်မ ၂၇ ကို ထည့်သွင်းစဉ်းစားရန်ပင်မလိုတော့ချေ။ လျှောက်ထားသူက ပေးပို့သောနို့တစ်စာသည်လျှောက်ထားခံရသူထံ နိဝင်္ဘာလ ၁၇ ရက်နေ့မှသာလျှင် ဆောက်ရှိသဖြင့် ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆၊ အပိုဒ် ၁ တွင် ပါရှိသော လိုအပ်သည့်လမကုန်ခင် ၂၅ ရက်အတွင်း နို့တစ်စာမဆောက်ရှိခြင်းကြောင့်အဆိုပါနို့တစ်စာသည် တရား မဝင်

၁၉၆၀

ချုန်ကင်းဂွမ်
နှင့်
ဝေါင်ခိုင်ဖွန်း။

သော နို့တစ်စာ ဖြစ်သည်မှာ ထင်ရှားသည်။ အောက်ရုံးများက အကိုးအကားပြု ထားသော တရားလွှတ်တော်၏ ဖြတ်ထုံးတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ တွင် ပြဋ္ဌာန်းထားသော စာပိုဒ် တို့ကို အသေးစိတ် စဉ်းစား ဆွေးနွေးခဲ့ဟန် မတူပေ။

အယူခံတရားလို၏ လျှောက်လွှာကို စရိတ်နှင့် ပယ်လိုက်သည်။

ရွှေနေစရိတ် ၇၅ ကျပ် ပေးဆောင်စေ။

# တရားလွှတ်တော်ချုပ်

ဒေါ်မြင့် ပါ ၂ (လျှောက်ထားသူများ)

နှင့်

ဦးသိုက် ပါ ၅ (လျှောက်ထားခံရသူများ) *

† ၁၉၆၀

ဇွန်လ ၂၄ ရက်။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆၊ အယူခံဝင်ရန်အခွင့်ထူးပေးခြင်း၊ ပုဒ်မ ၅ နှင့် ခြားနားပုံ၊ ပုဒ်မ ၆ အရ၊ ကာလစည်းကမ်းသတ်အတွင်းနှင့် ကာလစည်းကမ်းသတ် ကျော်လွန်မှ အယူခံဝင်ရန် ထောက်ခံချက်ရရန် လျှောက်ထားရာတွင် ဤရုံးတော်က ဆုံးဖြတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ ၌၊ တရားရုံးတရပ်ရပ်မှ ချမှတ်သော စီရင်ချက်ကို၊ သို့တည်းမဟုတ် ဒီကရီကို၊ သို့တည်းမဟုတ် အပြီးသတ်အမိန့်ကို အယူခံဝင်ရန် တရားလွှတ်တော်ချုပ်က မိမိ၏သဘောအတိုင်း၊ အခွင့်ထူးပေးနိုင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ ထိုပုဒ်မ ၆ သည်၊ ၎င်းအက်ဥပဒေပုဒ်မ ၅ မှာကဲ့သို့၊ သာမန်အယူခံလွှာများကို တရားလွှတ်တော်ချုပ်က လက်ခံကြားနာ စစ်ဆေးရန်အတွက်၊ ပြဋ္ဌာန်းထားသော ဥပဒေအမဟုတ်ခေ့၊ ပုဒ်မ ၅ အရဆိုလျှင်၊ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျှင်၊ အယူခံလွှာကို တရားလွှတ်တော်ချုပ်က လက်ခံရမည်ဖြစ်သည်။ ပုဒ်မ ၆ အရမှာမူကား အယူခံဝင်ရန် တရားလွှတ်တော်ချုပ်က၊ အခွင့်ထူးပေးသင့်သည်ဟု ယူဆလျှင်၊ မိမိသဘောအတိုင်း အခွင့်ထူးပေးနိုင်သည်။

ယခုကဲ့သို့သော တန်ဘိုး ၂,၀၀၀ မျှရှိသော မှုခင်းတွင် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးဖြင့် အယူခံဝင်လိုသူသည်၊ ထိုအက်ဥပဒေပုဒ်မ ၂၀ အရ အခွင့်အရေးရှိထားသည့်အတိုင်း၊ တရားဝန်ကြီးတဦး အယူခံမှုတွင် ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ တရားလွှတ်တော်သို့ အယူခံဝင်ရမည်ဖြစ်သည်။ အကယ်၍ ကာလစည်းကမ်းသတ်အတွင်း အယူခံဝင်ရန် အတွက် လိုအပ်သည့်၊ ထိုတရားဝန်ကြီး၏ ထောက်ခံချက်ရရှိရန် လျှောက်ထားရာ၌၊ ထောက်ခံခြင်းမပြုဘဲ လျှောက်လွှာကိုပယ်လျှင်၊ တရားဝန်ကြီး၏ အယူခံမှုတွင် ချမှတ်သောအမိန့်သည်၊ ပုဒ်မ ၆ တွင်အကျုံးဝင်သော အပြီးသတ်အမိန့်ဖြစ်သည်ဟု ဤရုံးတော်က ယူဆ၍၊ အခွင့်ထူးပေးသင့်က ပေးခဲ့လေသည်။ သို့ရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်မှ ထောက်ခံချက် လျှောက်ထားသည့် စည်းကမ်းချက်မျိုးတွင် ဤရုံးတော်က ယင်းသို့ယူဆခြင်းမပြုနိုင်ပေ။

လျှောက်ထားသူများအတွက်။ ။မစ္စတာ ဂျိအင် (နှ) ဘနာဂျီ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) နှင့် (၂) တို့အတွက်။ ။ဦးမွန် စံလှိုင် လိုက်ပါ ဆောင်ရွက်သည်။

---

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၇၉။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

၁၉၆၁

ဒေါ်မြင့် ပါ နှင့် ဦးသိုက် ပါ ၅။

တရားဝန်ကြီး ဦးဘိုကြီး။ ။လျှောက်ထားသူ ဒေါ်မြင့်၊ မသန်းခင်နှင့် အပေါင်းပါတို့ အပေါ်၌၊ ဦးသိုက်၊ ဒေါ်အိမ်ကြွယ်တို့က၊ ကာလတန်ဘိုး ၂,၀၀၀ တန် အခင်းဖြစ်မြေကွက်ကို လက်ရောက် ရလိုမှုဖြင့်၊ မန္တလေးနယ်ပိုင်တရားမရုံး၌ တရားစွဲဆိုရာ၊ အနိုင် ဒီကရီ ရရှိခဲ့လေသည်။ ယင်းသို့ ရရှိသော ဒီကရီနှင့် အမိန့်ကို မန္တလေးခရိုင်၊ တရားမရုံးက ပယ်ဖျက်သည်တွင်၊ ဦးသိုက်၊ ဒေါ်အိမ်ကြွယ်တို့က၊ တရားလွှတ်တော်သို့ အယူခံဝင်ရာ၊ တရားလွှတ်တော်က ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ဖြင့်၊ ခရိုင် တရားမရုံး၏ အမိန့် ဒီကရီကို ပယ်ဖျက်ပြီး၊ မူလ ရုံး ချမှတ်သည့် အမိန့် ဒီကရီကို အတည်ပြုလိုက်လေသည်။

ထိုအမိန့်ကို အယူခံရန်အတွက်၊ ဒေါ်မြင့်၊ မသန်းခင်နှင့် အပေါင်းပါတို့သည်၊ အမိန့်ချမှတ်သော တရားဝန်ကြီးထံမှ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ၊ ထောက်ခံသည့် အမိန့်ကို လျှောက်တောင်းသောအခါ၊ တရားဝန်ကြီးက ထိုသို့ လျှောက်တောင်းသည်မှာ ဥပဒေအရ၊ သတ်မှတ်ထားသည့် ကာလ အပိုင်းအခြားထက်၊ ရက်ပေါင်း ၁၇၆ ရက်ကျော်လွန်နေပြီဖြစ်ကြောင်း။ လျှောက်ထားသူတို့ကိုးကားသော ၁၉၅၀ ပြည့်နှစ်၊ အထူး ကာလစည်းကမ်းသတ်နှင့် အတိုးသတ်မှတ်ရေး အက်ဥပဒေမှာလည်း၊ တရားလွှတ်တော်နှင့် မသက်ဆိုင်ကြောင်းတို့ကို ဖော်ပြပြီးလျှင်၊ ထောက်ခံချက် ရရှိရေး လျှောက်လွှာကို ပယ်လိုက်သည်။ ထိုပယ်သည့်အမိန့်မှာ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့စွဲဖြင့် ဖြစ်သည်။

၁၉၅၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့၌၊ ဒေါ်မြင့်၊ မသန်းခင်တို့က ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အယူခံဝင်ရန် အခွင့်ထူး လျှောက်ထားလေသည်။ ထိုပုဒ်မ၌ တရားရုံးတရပ်ရပ်ကချမှတ်သော စီရင်ချက်ကို၊ သို့တည်းမဟုတ်ဒီကရီကို၊ သို့တည်းမဟုတ် အပြီးသတ် အမိန့်ကို အယူခံဝင်ရန်၊ တရားလွှတ်တော်ချုပ်က မိမိ၏ သဘော အတိုင်း အခွင့်ထူးပေးနိုင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ ပုဒ်မ ၆ အရ၊ လျှောက်ထားသည်မှာလည်း၊ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက် လမေါင်းများစွာ ကျော်လွန်နေပြီဖြစ်သဖြင့်၊ ယင်းသို့ကျော်လွန်သည်ကိုဖြေရှင်းရန်အတွက်၊ ဒေါ်မြင့်၏ ကျမ်းကျိန်လွှာတစောင်ကို တင်သွင်းလေသည်။ ထိုကျမ်းကျိန်လွှာတွင် ဖော်ပြထားသည့်အကြောင်းအချက်များသည်၊ မပြည့်စုံ မခိုင်လုံချေ။

သို့သော် ယင်းသို့တင်ပြသောအကြောင်းအချက်များ၊ ခိုင်လုံသည် မခိုင်လုံသည်မှာ ပဓါနမဟုတ်၊ အဓိက အချက်မှာ ယခုလျှောက်ထားသူများသည်၊ တရားလွှတ်တော် တရားဝန်ကြီးထံ လျှောက်ထားရာ၌ ကာလစည်းကမ်းသတ် ကျော်လွန်မှ လျှောက်ထားသည့်အချက်သာလျှင် ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ တရား လွှတ်တော်တရပ်သာလျှင် ရှိသည်ကိုငင်း၊ တရားလွှတ်တော် တရားဝန်ကြီးများ၊ မန္တလေးမြို့၌အမှုကြားနာစစ်ဆေးသဖြင့်၊ မန္တလေးတရားလွှတ်တော်တရပ်မပေါ် ပေါက် ခဲ့သည်ကိုငင်း၊ လျှောက်ထားသူများ၏ပညာရှိ ရှေ့နေကြီးက ဝန်ခံလေသည်။ ယင်းသို့ ဝန်ခံသည့်အတိုင်းပင် တရားဥပဒေအရ မှန်ကန်သဖြင့်၊ တရားလွှတ်တော် တရားဝန်ကြီး ၏ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဆိုသည့် အဆုံးအဖြတ်ကို၊ ဤရုံးတော်က သဘောတူ လက်ခံသည်။

၁၉၆၀ ဒေါ်မြင့် ပါ နှင့် ဦးသိုက် ပါ ၅။

ယင်းသို့ ကာလစည်းကမ်းသတ် ကျော်လွန်မှသာ၊ တရားလွှတ်တော် တရားဝန်ကြီး ထံသို့၊ တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ အရ၊ လျှောက်ထားသဖြင့်၊ လျှောက်လွှာ ကို ပယ်သည်တွင်၊ ဤရုံးတော်က ထိုအက်ဥပဒေ ပုဒ်မ ၆ အရ၊ အယူခံဝင်ရန် အခွင့်ထူး ပေးရေးပြဿနာပေါ် ပေါက်လေသည်။ ပုဒ်မ ၆ သည်၊ ထိုအက်ဥပဒေ ပုဒ်မ ၅ မှာကဲ့သို့ သာမန် အယူခံလွှာများကို တရားလွှတ်တော်ချုပ်က လက်ခံကြားနာ စစ်ဆေးရန် အံတွက်၊ ပြဋ္ဌာန်းထားသော် ဥပဒေ မဟုတ်ချေ။ ပုဒ်မ ၅ အရဆိုလျှင်၊ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျှင်၊ အယူခံလွှာကိုတရားလွှတ်တော်ချုပ်ကလက်ခံရမည် ဖြစ်သည်။ ပုဒ်မ ၆ အရမှာမူကား၊ အယူခံဝင်ရန် တရားလွှတ်တော်ချုပ်က အခွင့်ထူး ပေးသင့်သည်ဟု ယူဆလျှင်၊ မိမိ၏သဘောအတိုင်း အခွင့်ထူး ပေးနိုင်သည်။

သို့သော်ငြားလည်း၊ ယခုကဲ့သို့သော တန်ဘိုး ၂,၀၀၀ မျှရှိသော မှုခင်းတွင်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အခွင့်ထူးဖြင့် အယူခံဝင်လိုသူ သည်၊ ထိုအက်ဥပဒေ ပုဒ်မ ၂၀ အရ၊ အခွင့်အရေးရရှိထားသည့်အတိုင်း၊ တရားဝန်ကြီး တဦးအယူခံမှုတွင် ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ တရားလွှတ်တော်သို့ အယူခံ ဝင်ရမည်ဖြစ်သည်။ အကယ်၍ ကာလစည်းကမ်းသတ် အတွင်း အယူခံဝင်ရန်အာဏာ လိုအပ်သည့်၊ ထိုတရားဝန်ကြီး၏ ထောက်ခံချက်ကို ရရှိရန် လျှောက်ထားရာ၌၊ တရား ဝန်ကြီးက ထောက်ခံခြင်း ပြုဘဲ လျှောက်လွှာကို ပယ်လျှင်၊ တရားဝန်ကြီး၏ အယူခံမှု တွင် ချမှတ်သော အမိန့်သည် ပုဒ်မ ၆ တွင် အကျုံးဝင်သော အပြီးသတ် အမိန့်ဖြစ်သည် ဟု ဤရုံးတော်က ယူဆ၍ အခွင့်ထူး ပေးသင့်က ပေးခဲ့လေသည်။ သို့ရာတွင်၊ ကာလ စည်းကမ်းသတ် ကျော်လွန်မှ ထောက်ခံချက် လျှောက်ထားသည့် ကိစ္စရပ်မျိုးဘွင် ဤရုံးတော်က ယင်းသို့ယူဆခြင်း မပြုနိုင်ပေ။ အကယ်၍ ထိုကိစ္စရပ်မျိုး၌ယင်းသို့ယူဆ ၍အခွင့်ထူးပေးရန် လျှောက်လွှာကို လက်ခံ ဆုံးဖြတ်မည်ဆိုလျှင် အမှုသည်များသည်၊ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေပုဒ်မ ၂၀ ပါပြဋ္ဌာန်းချက်များအတိုင်း၊ မိမိတို့၏

၁၉၆၀

ဒေါ်မြင့် ပါ နှင့် ဦးသိုက် ပါ ၅။

အခွင့်အရေးရရှိရန်အတွက် ဆောင်ရွက်ရာ၌၊ ပေါ့လျော့သောကြောင့်ၾကောင်း၊ အခြားအကြောင်းများကြောင့်ၾကောင်း၊ တရားလွှတ်တော်တွင် လမ်းဆုံးတိုင်မလိုက်ဘဲ ဖြတ်လမ်းဖြင့် ဤရုံးတော်သို့ အယူခံဝင်ရန် အားထုတ်ကြမည်ကို စိုးရိမ်ရလေသည်။

ထို့ကြောင့်၊ ယခုလျှောက်ထားသော အယူခံဝင်ရန် အခွင့်ထူးပေးရေးအတွက် လျှောက်လွှာကို ပယ်လိုက်သည်။

## တရားလွှတ်တော်ချုပ်

## တရုပ်-မြန်မာနယ်နိမိတ်သတ်မှတ်ရေးစာချုပ်နှင့်ပတ်သက်သောလွှဲအပ်မှု

၁၉၆၀

ဇွန်လ ၁၇ ရက်။

## လွှဲအပ်မှုအမှာ်(၁) ၁၉၆၀ ခုနှစ်

အကြောင်းအရာ။ ။နိုင်ငံတော် သမတက၊ ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ထိုစဉ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုပ် ပြည်သူ့သမတနိုင်ငံအစိုးရ ဝန်ကြီးချုပ် ချူအင်လိုင်တို့သည် တရုပ်ပြည်နှင့် မြန်မာပြည်နယ်နိမိတ် သတ်မှတ်ရေးနှင့် နယ်မြေအလွှဲ လဲလှယ်ရေးအတွက် သဘောတူ စာချုပ် ချုပ်ဆိုကြသည့် ကိစ္စနှင့် စပ်လျဉ်း၍၊ ပေါ်ပေါက်လာသော ပြဿနာကို ဆုံးဖြတ်ချက်ရယူရန် လွှဲအပ်မှု။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၁၃(၂)၊ ''သဘောတူညီချက်ပေးခြင်း'' ''ဥပဒေပြုခြင်း'' မည်သည့်ကိစ္စကို ပါလီမန်က အလျင်ဦးစွာ ဆောင်ရွက်ရခြင်း၊ ''ဥပဒေပြုခြင်း'' ၏ အဓိပ္ပါယ်၊ အကျုံးဝင်သည့်အချက်များ၊ ပါလီမန်သို့ အပ်နှင်းထားသည့် လုပ်ငန်းများ။

၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ထိုစဉ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုပ်ပြည်သူ့သမတနိုင်ငံအစိုးရ ဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်တို့သည်၊ တရုပ်ပြည်နှင့် မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအလွှဲ လဲလှယ် ရေးအတွက် သဘောတူ စာချုပ်ဆိုရာ၊ ထိုသဘောတူ စာချုပ်၏ အပိုဒ် ၂(၂)နှင့် အပိုဒ် ၂ (၃) တို့၌ ဖေါ်ပြထားသော ဥပဒေပြုရန်လိုသော၊ သို့တည်းမဟုတ် ဥပဒေပြုခြင်းကို လိုရန် အကြောင်း ရှိသော အချက်အလက်ဘို့ပါဝင်စေကာမူ၊ ထိုသဘောတူ စာချုပ်အတည်ပြုခြင်းကို ပါလီမန်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၃ (၂)အရသဘောတူညီချက်ပေးနိုင်သည်။

ပြည်ထောင်ချင်းချင်း သဘောတူညီချက်ကို လက်ခံအတည်ပြုရေးအတွက် ပါလီမန်သည်၊ ''သဘောတူညီချက်ပေးခြင်း'' နှင့် ''ဥပဒေပြုခြင်း'' တည်းဟူသော ကိစ္စနှစ်ရပ်အနက်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၂၁၃(၂)အရ၊ ဥပဒေပြုခြင်းကို မဆောင်ရွက်မီ သဘောတူညီချက် ပေးခြင်းကို အလျင်ဦးစွာ ဆောင်ရွက်ရမည်။

''ဥပဒေပြုခြင်း'' ဆိုသည်မှာ၊ နည်းအမျိုးမျိုးဖြင့် ဥပဒေအမျိုးမျိုးပြဋ္ဌာန်းခြင်းကို ဆိုလိုသည်။ ပါလီမန်က အခြေခံဥပဒေဘွင် ပါရှိသည့် နည်းလမ်းများအတိုင်း အက်ဥပဒေပြဋ္ဌာန်းခြင်းများသည်ဉင်း၊ ထိုအက်ဥပဒေက လွှဲအပ်သည့် အာဏာပိုင်တဦးဦးက နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေပြုခြင်း များသည်ဉင်း၊ ဥပဒေပြုခြင်းဟူသော စကားရပ်၏ အဓိပ္ပါယ်တွင် အကျုံးဝင်လေသည်။ ထိုကြောင့် အခြေခံ ဥပဒေပုဒ်မ ၂၁၃(၂)တွင် ပါရှိသည့် ဥပဒေပြုခြင်း ဟူသော စကားရပ်၏ အဓိပ္ပါယ်ဘွင် ပါလီမန်က အခြေခံ ဥပဒေအခန်း ၆၊ အပိုင်း ၅ အရ၊ အက်ဥပဒေများ ပြဋ္ဌာန်း ခြင်းသာမက၊ အခန်း ၁၁ အရ၊ အခြေခံဥပဒေကို ပြင်သည့် ဥပဒေပြုခြင်းလည်းပါဝင်သည်။ ထိုသုပ်ငန်းနှစ်ရပ်လုံးမှာ ပါလီမန်သို့သာလျှင် အခြေခံဥပဒေက ပေးအပ်ထားသော ဥပဒေပြုခြင်း လုပ်ငန်းများဖြစ်သည်။

---

* ၁၉၆၀ ခုနှစ်၊ လွှဲအပ်မှုအမှတ် ၁။

နိုင်ငံတော်တရားဝန်ကြီးများဖြစ်သော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးချန်ထွန်း အစီရင်ခံချက် ဂိုမြွက်ကြားသည်။

၁၉၆၀

တရုပ်-မြန်မာ နယ်နိမိတ် သတ်မှတ်ရေးစာချုပ် နှင့်ပတ်သက်သော လုံအပ်မှု။

နိုင်ငံတော်အစိုးရအတွက်။ ။နိုင်ငံတော် ရှေနေချုပ်ကြီး ဦးရန်အောင်နှင့် အစိုးရလွှတ်တော် ရှေနေကြီး မစ္စတာ ဂန်ဂူလီတို့ လိုက်ပါ ဆောင်ရွက်သည်။

လွှတ်တော် ရှေနေကြီးများ ဖြစ်ကြသော ဦးရှိန်ဝန်း၊ ဦးညွန့်ဟန်၊ ပြည်သူ့လွှတ်တော် အမတ် ဦးထွန်းဝင်းနှင့် လွှတ်တော်ရှေနေကြီးများ ဖြစ်သော ဦးဘဆွေ ဦးမောင်တို့အားကြားနာသည်။

**တရားဝန်ကြီး ဦးချန်ထွန်း။** ။တရုပ်-မြန်မာ နယ်နိမိတ် ပြဿနာဆိုင်ရာ သဘောတူစာချုပ် နှင့်စပ်လျဉ်း၍ နိုင်ငံတော် သမတသည် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၅၁ အရ၊ ဤရုံးတော်သို့ အောက်ပါ အတိုင်း လုံအပ်ခဲ့လေသည်။

"၁။ ။၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်၊ ထိုစဉ်ကပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်**ကြီး နေဝင်းနှင့် တရုပ်** ပြည်သူ့ သမတနိုင်ငံအစိုးရ ဝန်ကြီးချုပ် မစ္စတာ ချူးအင်လိုင်တို့သည်၊ **တရုပ်ပြည်နှင့် မြန်မာပြည် နယ်နိမိတ် သတ်မှတ်ရေးနှင့် နယ်မြေ အချို့** လဲလှယ်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

၂။ ။ထိုသဘောတူစာချုပ် မိတ္တူကို၊ အလွယ်တကူ ကြည့်ရှုနိုင်စေရန် **ပူးတွဲ** ပေးပို့ပါသည်။

၃။ ။၁၉၆၀ ပြည့်နှစ်၊ ဖေဖော်လ ၂၈ ရက်နေ့တွင် နိုင်ငံတော် အစိုးရက၊ ထို သဘောတူ စာချုပ် အတည်ပြုခြင်းကို သဘောတူညီချက် ပေးရန် ပါလီမန်သို့တင်ပြသဖြင့်၊ ပါလီမန်သည်ထိုစာချုပ် အတည်ပြုခြင်းကို ထိုနေ့ကပင် သဘောတူခဲ့ပါသည်။

၄။ ။၁၉၆၀ ပြည့်နှစ်၊ မေလ ၁၄ ရက်နေ့တွင် ထိုသဘောတူစာချုပ်ကို အတည်ပြု၍၊ အတည်ပြု စာချွန်တော်များကို တပြည်နှင့် တပြည် အပြန်အလှန် ကမ်းလှမ်းကြပါသည်။

၅။ ။ထိုအကြောင်း အရာများနှင့် စပ်လျဉ်း၍၊ တရားလွှတ်တော်ချုပ်၏ ထင်မြင် ယူဆချက်ကို ယူရလောက်အောင်ပြည်သူများအတွက် အရေးကြီးသည်ဟူသော ဥပဒေကြောင်းဆိုင်ရာ ပြဿနာနှစ်ရပ် အောက်ပါ အတိုင်း ပေါ် ပေါက်လာပါသည်။

(၁) ပါလီမန်သည်၊ အထက်ပါ အပိုဒ် ၃ တွင် ဖေါ်ပြထားသည့်အတိုင်း သဘောတူစာချုပ် အတည်ပြုရေးအတွက် ထိုစာချုပ်၏ အပိုဒ် ၂ (၂) နှင့် အပိုဒ် ၂ (၃) တို့၌ ပါဝင်သော အချက် အလက်တို့ကြောင့် သဘောတူချက် ပေးနိုင်ပါသလော။

၁၉၆၀

တရုပ်-မြန်မာ နယ်နိမိတ် သတ်မှတ်ရေးစာချုပ် နှင့်ပတ် သက်သော လုံအပ်မှု။

(၂) ပါလီမန်က ဤသို့သဘောတူချက် ပေးခဲ့ခြင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်ပါက၊ ထိုဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့် ညီညွတ်အောင် မည်သို့ အရေးယူ ဆောင်ရွက်ရပါမည် နည်း။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အပိုဒ် ၁၅၁ အရ၊ ဤပြဿနာ ၂ ရပ်ကို စဉ်းစား အဓိရင်ခံနိုင်စေရန်၊ တရားလွှတ်တော်ချုပ်သို့ လွှဲအပ် ပါ ကြောင်း။ ”

ပထမ ပြဿနာတွင် ရည်ညွှန်းထားသော အဆိုပါ စာချုပ်၏ အပိုဒ် ၂ (၂) နှင့် အပိုဒ် ၂ (၃) တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

“ ၂။ (၂) တရုပ်ပြည်က ပိုင်ဆိုင်သော ဖီမော်၊ ဂေါ်လန်နှင့် ကန်ဖန်ဒေသကို မြန်မာအစိုးရက တရုပ်ပြည်သို့ ပြန်လည်ပေးအပ်ရန် သဘောတူသည်။ တရုပ်ပြည်သို့ ပြန်လည် ပေးအပ်ရန်ဖြစ်သော ဤဒေသ၏ အကျယ်အဝန်းနှင့်စပ်လျဉ်း၍၊ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နှင့် ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ အသီးသီးတွင် မြန်မာ နိုင်ငံအစိုးရနှင့် တရုပ် နိုင်ငံအစိုးရတို့က မြေပုံများပေါ်တွင် မှတ်သားလျက် တင်ပြသော အဆိုပြုချက်များနှင့် လျော်ညီစွာ ပူးတွဲကော်မီတီက နှီးနှောဆုံးဖြတ် သတ်မှတ်ရမည်။ တရုပ်ပြည်သို့ ပြန်လည် ပေးအပ်ရန် ဖြစ်သော ဤဒေသအကျယ်အဝန်းကို ဆုံးဖြတ်ပြီးသည်နောက်၊ တရုပ်-မြန်မာ နယ်နိမိတ်၏ ဤအစိတ်အပိုင်း အတိအကျ တည်နေပုံကို သက်ဆိုင်ရာ မြေပေါ်တွင် တိုင်းထွာမှု ပြုရန်နှင့် နယ်နိမိတ် မှတ်တိုင်များ စိုက်ထူရန် ပူးတွဲ ကော်မီတီသည် တဘက် တဘက်စီမှ ပုဂ္ဂိုလ်ဦးရေအညီအမျှ ပါဝင်သော ပူးတွဲ မြေတိုင်းအဖွဲ့များကို စေလွှတ်ရမည်။

(၃) နမ်ဝမ်နှင့် ရွှေလီမြစ်များ ဆုံရာ အရပ်၌ တည်ရှိ၍၊ တရုပ်ပြည်က ပိုင်ဆိုင် လျက်မြန်မာပြည်သို့ ငှါးထားသော မိုင်းမောတြိဂံဒေသ ( Namwan Assigned Tract ) ဆိုင်ရာ ‘ထာဝစဉ် အငှါးစာချုပ်ကို’ ဖျက်သိမ်း ရန်အလို့ငှါ၊ ထိုဒေသကိုပြည်ထောင်စုမြန်မာနိုင်ငံတော်၏နယ်မြေတစိတ် တဒေသဖြစ်စေခြင်းငှါ မြန်မာပြည်သို့ လွှဲပြောင်းပေးရန် တရုပ်အစိုးရ က သဘောတူသည်။ မိုင်းမော တြိဂံဒေသနှင့် လဲလှယ်သောအားဖြင့် ပန်ဟုံနှင့် ပန်လောင် လူမျိုးများ အုပ်ချုပ်သည့် နယ်မြေ ဒေသများကို တရုပ်ပြည်၏ နယ်မြေ တစိတ်တဒေသဖြစ်စေခြင်းငှါ၊ တရုပ်ပြည်သို့ လွှဲပြောင်းပေးရန် မြန်မာအစိုးရက သဘောတူသည်။ ယင်းနယ်မြေ

၁၉၆၀

တရုပ်-မြန်မာ နယ်နိမိတ် သတ်မှတ်ရေးစာချုပ် နှင့်ပတ်သက်သော လွှဲအပ်မှု။

ဒေသများသည်၊ ၁၉၄၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် တရုပ် အစိုးရနှင့် ဗြိတိသျှ အစိုးရတို့ အပြန်အလှန် ပေးစာများ၌ ဖော်ပြပါရှိသော နမ်တင်းနှင့် နမ်ဖ မြစ်ဆုံမှ နယ်နိမိတ်၏ သတ်မှတ်ပြီးသော တောင်ဘက် အစိတ်အပိုင်းပေါ်ရှိ အမှတ် ၁ နယ်နိမိတ် မှတ်တိုင်အထိ ဖြစ်သော နယ်နိမိတ်မျဉ်း၏ အနောက်ဘက်တွင် ကပ်လျက်ရှိကြသည်။ တရုပ်ပြည်သို့လွှဲပြောင်းပေးရန်ဖြစ်သော ဤနယ်မြေဒေသများ၏အကျယ်အဝန်းနှင့်စပ်လျဉ်း၍၊ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့နှင့် ၁၉၅၉ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့အသီးသီးတွင်တရုပ်နိုင်ငံ အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့က မြေပုံများပေါ်တွင် မှတ်သားလျက် အဆိုပြုထားကြသည်။ နှစ်နိုင်ငံ အစိုးရတို့၏ အဆိုပြုချက်များတွင် ထပ်တူထပ်မျှဖြစ်သော နယ်မြေဒေသကို တရုပ်ပြည်သို့ လွှဲပြောင်းပေးမည်။ ပန်ဟုံလူမျိုးများ အုပ်ချုပ်သည့် နယ်မြေဒေသနှင့် စပ်လျဉ်း၍၊ နှစ်နိုင်ငံအစိုးရတို့၏ အဆိုပြုချက်များ၌ ခြားနားချက်ရှိရာ၊ ထိုခြားနားသော နယ်မြေ ဒေသသည် ပန်ဟုံလူမျိုးများ အမှန် အုပ်ချုပ်သည့် နယ်မြေဟုတ်သည်၊ မဟုတ်သည်ကို ထိုနယ်မြေသို့ သွားရောက် စုံစမ်း၍၊ တရုပ်ပြည်သို့ လွှဲပြောင်းပေးရမည်၊ မပေးရမည်ကို ဆုံးဖြတ်ရန်အတွက် တဘက် တဘက်စီမှ ပုဂ္ဂိုလ်ဦးရေ အညီအမျှပါဝင်သော အဖွဲ့တဖွဲ့ကို ပူးတွဲ ကော်မီတီက စေလွှတ်ရမည်။ တရုပ်ပြည်သို့ လွှဲပြောင်းပေးမည့် ပန်ဟုံနှင့် ပန်လုံ လူမျိုး များအုပ်ချုပ်သည့် နယ်မြေ ဒေသများ၏ အကျယ်အဝန်းကို ဤနည်းအားဖြင့် ဆုံးဖြတ်ပြီးသည့်နောက်၊ တရုပ်-မြန်မာ နယ်နိမိတ်၏ ဤအစိတ်အပိုင်းအတိအကျ တည်နေပုံကို သက်ဆိုင်ရာ မြေပေါ်တွင် တိုင်းထွာမှုပြုရန်နှင့် နယ်နိမိတ် မှတ်တိုင်များ စိုက်ထူရန် ပူးတွဲ ကော်မီတီသည် တဘက်တဘက်စီမှ ပုဂ္ဂိုလ်ဦးရေ အညီအမျှ ပါဝင်သော ပူးတွဲ မြေတိုင်း အဖွဲ့များကို စေလွှတ်ရမည်။"

နိုင်ငံတော် အစိုးရက ထိုသဘောတူ စာချုပ်ကို လက်ခံအတည်ပြုရေးအတွက် သဘောတူညီချက်ပေးရန် ပါလီမန်သို့ တင်ပြခြင်းသည် ၎င်း၊ ပါလီမန်က သဘောတူညီချက်ကို ပေးခဲ့ခြင်းသည်၎င်း ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၁၃ (၂) ပြဋ္ဌာန်းချက်များကို လိုက်နာသောသဘောဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ပုဒ်မ ၂၁၃ (၂) မှာ အောက်ပါ အတိုင်းဖြစ်သည်။

"၂၁၃ (၂)။ ။သဘောတူညီချက်အတိုင်း အထမြောက်အောင် ဆောင်ရွက်ရေးအတွက်၊ ဥပဒေပြုရန်လိုသော၊ သို့တည်းမဟုတ် ဥပဒေပြုခြင်း

ကို လိုရန် အကြောင်းရှိသော ပြည်ထောင်ချင်းချင်း သဘောတူညီချက်ကို ပါလီမန်က သဘောမတူခဲ့သော် လက်ခံအတည်မပြုရ။"

၁၉၆၀

တရုပ်-မြန်မာနယ်နိမိတ် သတ်မှတ်ရေးစာချုပ် နှင့်ပတ်သက်သော လုံအပ်မှု။

ပါလီမန်သည် ထိုသဘောတူ စာချုပ် အတည်ပြုရေးအတွက် ဤကဲ့သို့ သဘောတူညီချက်ကို ပေးနိုင်သလောဟူသော ပထမ ပြဿနာ၏အဖြေကို အလွယ်တကူနှင့် ပြတ်သား ထင်ရှားစွာသိမြင်စေနိုင်သော နည်းလမ်းတခု ရှိသည်။ ထိုနည်းလမ်းမှာ အောက်ပါ ပုစ္ဆာ၏ အဖြေကို စီစစ်ရယူခြင်းပင် ဖြစ်သည်။

ပြည်ထောင်ချင်းချင်းသဘောတူညီချက်ကို လက်ခံအတည်ပြုရေးအတွက် ပါလီမန်သည် "သဘောတူညီချက်ပေးခြင်း" နှင့် "ဥပဒေပြုခြင်း" တည်းဟူသော ကိစ္စနှစ်ရပ်အနက် မည်သည့် ကိစ္စကို ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ အလျင်ဦးစွာ ဆောင်ရွက်ရမည်နည်း။

ဤပုစ္ဆာကိုဖြေရန်အလို့ငှါ 'ဥပဒေပြုခြင်း' ဟူသောစကားရပ်၏အဓိပ္ပါယ်ကိုဦးစွာ ကောက်ယူရပေမည်။ ဥပဒေပြုခြင်းဆိုသည်မှာ နည်းအမျိုးမျိုးဖြင့် ဥပဒေ မျိုးမျိုး ပြဋ္ဌာန်းခြင်းကို ဆိုလိုသည်။ ပါလီမန်က အခြေခံ ဥပဒေတွင် ပါရှိသည့် နည်းလမ်းမျှားအတိုင်း အက်ဥပဒေ ပြဋ္ဌာန်းခြင်းမျှားသည်ဖြင့်၊ ထိုအက်ဥပဒေက လုံအပ်သည့် အာဏာပိုင် တဦးဦးက နည်းဥပဒေနှင့် စည်းမျဉ်း ဥပဒေ ပြုခြင်းမျှားသည်ဖြင့် ဥပဒေ ပြုခြင်းဟူသော စကားရပ်၏ အဓိပ္ပါယ်တွင် အကျုံးဝင်လေသည်။ ထို့ကြောင့် အခြေခံ ဥပဒေပုဒ်မ ၂၁၃ (၂) တွင် ပါရှိသည့် ဥပဒေပြုခြင်းဟူသော စကားရပ်၏ အဓိပ္ပါယ်တွင် ပါလီမန်က အခြေခံ ဥပဒေအခန်း ၆၊ အပိုင်း ၅ အရ၊ အက်ဥပဒေမျှား ပြဋ္ဌာန်းခြင်းသာမက အခန်း ၁၁ အရ၊ အခြေခံဥပဒေကို ပြင်သည့် ဥပဒေပြုခြင်းလည်း ပါဝင်သည်။ ထိုလုပ်ငန်းနှစ်ရပ်လုံးမှာ ပါလီမန်သို့သာလျှင် အခြေခံဥပဒေက ပေးအပ်ထားသော ဥပဒေပြုခြင်း လုပ်ငန်းများ ဖြစ်သည်မှာ အလွန် ထင်ရှားသည်။

ထို့ကြောင့် အခြေခံ ဥပဒေ အခန်း ၆၊ အပိုင်း ၅ အရ၊ အက်ဥပဒေအသစ်၊ သို့မဟုတ် တည်ဆဲ ဥပဒေကို ပြင်သည့် အက်ဥပဒေပြုရန်ဂင်းအခန်း ၁၁ အရ၊ အခြေခံ ဥပဒေကို ပြင်သည့် ဥပဒေပြုရန်ဂင်း လိုသော၊ သို့တည်းမဟုတ် လိုရန်အကြောင်းရှိသော ပြည်ထောင်ချင်းချင်း သဘောတူညီချက်ကို နိုင်ငံတော်အစိုးရက လက်ခံ အတည်ပြုရေးအတွက် ပါလီမန်က ဥပဒေပြုခြင်းကို မဆောင်ရွက်မီ သဘောတူညီချက် ပေးခြင်းကို ဆောင်ရွက်ရမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် (အကယ်၍ ဥပဒေပြုခြင်းကို အလျင်ဦးစွာ ဆောင်ရွက်ရန် လိုအပ်သဖြင့်) ဥပဒေကို ပြဋ္ဌာန်းပြီး ဖြစ်ပါမူသဘောတူညီချက် ပေးခြင်းကို ဆောင်ရွက်ရန် မလိုတော့ချေ။ သဘောတူညီချက်ပေးခြင်းကိုလည်း ပြုရဦးမည်ဟု ဆိုခြင်းမှာ အဓိပ္ပါယ် လုံးဝမရှိချေ။ သို့ဖြစ်၍ အခြေခံ ဥပဒေပုဒ်မ

၁၉၆၀

ထရပ်-မြန်မာ နယ်နိမိတ် သတ်မှတ်ရေးစာချုပ် နှင့်ပတ်သက်သော လွှဲအပ်မှု။

ထိုကဲ့သို့ ချေပချက်သည် အဆိုပါမြို့နယ်စီပါယ် အက်ဥပဒေပုဒ်မ ၂၃၁ တွင်ပါရှိသော ပြဋ္ဌာန်းချက်၏ သဘောအရ၊ အရေးပါ အရာရောက်သော ချေပချက်တရပ်ဟု ယူဆရပေမည်။ အယူခံ တရားလိုအပေါ် တွင်မူ နိစီပါယ်အက်ဥပဒေအရ တရားစွဲဆိုလိုလျှင် မြို့နယ်စီပါယ်ကော်မိတီ၊ သို့မဟုတ် မြို့နယ်စီပါယ်ကော်မိတီမှ တဆင့်၊ အာဏာလွှဲအပ်သော သူ့အသာလျှင်၊ တရားလိုအဖြစ် ရုံးတွင်လျှောက်ထားနိုင်ခွင့် ရှိသည်။ မြို့နယ်စီပါယ်ကော်မိတီက တခြားသူတဦးတယောက်အား တရားစွဲဆိုရန် အာဏာလွှဲအပ်လိုသော် မြို့နယ်စီပါယ်အဖွဲ့က အစည်းအဝေးတွင် ဆိုက်စွန့်စပ်လျှင် ၎၊ အဆိုတင်သွင်း၍သာ အာဏာလွှဲအပ်ရမည်။

ယခု ဤရုံးတော်ရှေ့သို့ရောက်လာသောကိစ္စတွင် ထိုကဲ့သို့သောစာဖြင့် အပ်နှင်းသည့် အာဏာတရပ်လွှဲအပ်ထားသည်ကို မတွေ့ရချေ။ အမှုတိုင်တန်းသည့် လျှောက်လွှာတွင် မြို့နယ်စီပါယ်အတွင်းရေးမှူးကသာလျှင် အရေးယူဆောင်ရွက်ပြီး၊ တရားလိုအဖြစ် လက်မှတ်ရေးထိုးထားသည်ကို တွေ့မြင်ရသည်။ ၎င်း၏ တိုင်စာကို မြို့နယ်စီပါယ်အဖွဲ့၏ ဥက္ကဋ္ဌ ဦးဘိုးသီက တဆင့်၊ ဆိုင်ရာရုံးသို့ အရေးယူပါရန် ပေးပို့ခဲ့သည်။ ထိုကဲ့သို့ တဆင့် မြို့နယ်စီပါယ်၏ ဥက္ကဋ္ဌက တိုင်စာကိုပေးပို့ခြင်းမှာ၊ မြို့နယ်စီပါယ်ကော်မိတီကိုယ်တိုင်က တိုင်တန်းသည့် သဘောသို့ ကျရောက်သည်ဟု တရားလွှတ်တော်၏ စီရင်ချက်တွင် ဖော်ပြထားသည်မှာ မှားယွင်းသည်ဟု ကျွန်ုပ်တို့ယူဆသည်။ ပုဒ်မ ၂၃၁ အရ ပြဋ္ဌာန်းထားသော တရားစွဲဆိုပိုင်ခွင့် အာဏာကို၊ မြို့နယ်စီပါယ်အဖွဲ့က အစည်းအဝေးတွင် အဆိုတင်သွင်းပြီးနောက်၊ ၎င်း၏ဥက္ကဋ္ဌအား စာဖြင့်ရေးရှိသာလျှင် လွှဲအပ်နိုင်ခွင့်ရှိသည်။ ဥက္ကဋ္ဌတဦးတည်းက ၎င်း၏ သဘောအတိုင်း မြို့နယ်စီပါယ်အဖွဲ့၏ အာဏာများကို ၎င်းအား လွှဲအပ်ပြီးသည့်အနေနှင့် မဆောင်ရွက်နိုင်ချေ။

ထို့ကြောင့် အယူခံတရားလို၏အပေါ် တွင် မြို့နယ်စီပါယ်အဖွဲ့၏ အတွင်းရေးမှူးကသော်၎င်း၊ ဥက္ကဋ္ဌကသော်၎င်း၊ တိုင်တန်းစွဲဆိုသောတိုင်တန်းစာကို မအုပ်မြို့ တတိယရာဇာဂ် တရားသူကြီးရုံးက အရေးယူနိုင်ခွင့်မရှိသောကြောင့်၊ ၎င်းအပေါ် ချမှတ်ထားသော ပြစ်ချက်နှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်လိုက်သည်။

## တရားလွှတ်တော်ချုပ်

## မစ္စတာ ဂျွန်၊ ဒီဆေးလဗါး (လျှောက်ထားသူ)

နှင့်

## ရန်ကုန်မြို့ ဌါးရမ်းခကြီးကြပ်ရေးဝန်ပါ ၂ (လျှောက်ဆားခံရသူ) *

† ၁၉၆၀ သြဂုတ်လ ၂၆ ရက်။

၁၉၄၈ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တန်း ကုန်ဆုံးခဲ့သဖြင့် ကြီးကြပ်ရေးဝန်ထံတွင် မပြီးပြတ်ဘဲ ကျန်ရှိနေသေးသော အမှုအခင်းများကို ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) အရ အပ်နှင်းထားသော အာဏာအတိုင်း ပြီးပြတ်အောင်ဆောင်ရွက်ခြင်း။

•မိမိဌါးရမ်းနေထိုင်သော အိပ်ခန်းကို ကြီးကြပ်ရေးဝန်၏ အမိန့်မရဘဲ တဆင့် ဌါးရမ်းခဲ့သဖြင့်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆(ကက)(၄)(က) အရ၊ ကြီးကြပ်ရေးဝန်က လျှောက်ထားသူ မစ္စတာ ဂျွန်၊ ဒီဆေးလဗါးအပေါ် တွင် အရေးယူနေစဉ် အတွင်း ၁၉၅၉ ခုနှစ်၊ အောက်ဘိုဘာလ ၈ ရက်နေ့၌ ထိုဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တန်း ကုန်ဆုံးသွားရာ၊ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့စွဲပါ အမိန့်ဖြင့် လျှောက်ထားသူ မစ္စတာ ဂျွန်၊ ဒီဆေးလဗါးအား အခင်းဖြစ် အိမ်ဥပစာမှ ထွက်ခွါဖယ်ရှားပေးရန် အမိန့်ချမှတ်ခဲ့သော်လည်း၊ ၎င်း အမိန့်မှာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တန်းကုန်ဆုံးပြီးမှ ချမှတ်သော အမိန့်ဖြစ်ရကား တရားမဝင်၊ အတည်မဖြစ်သော အမိန့်ဖြစ်သဖြင့် အခင်းဖြစ် အိမ်ခန်းကို လျှောက်ထားသူ မစ္စတာ ဂျွန်၊ ဒီဆေးလဗါးအား လျှောက်ထားခံရသူ အမှတ် ၂ အိမ်ပိုင်ရှင် ဒေါ်ရင်မှုံက ပြန်လည်ပေးအပ်လိုက် ရလေသည်။ ထိုနောက် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြးကြပ်ရေး အက်ဥပဒေပြဋ္ဌာန်း ပြီးမှ ထိုအက်ဥပဒေ ပုဒ်မ ၄၄(ခ)အရ၊ ကြီးကြပ်ရေးဝန်က ဆက်လက်အရေးယူပြီး၊ မစ္စတာ ဂျွန်၊ ဒီဆေးလဗါးအား ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့စွဲပါ အမိန့်ဖြင့် အခင်းဖြစ် ဥပစာမှ ထွက် ခွါဖယ်ရှားပေးရန် ချမှတ်သည့် အမိန့်ကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပေးပါရန် မစ္စတာ ဂျွန်၊ ဒီဆေးလဗါးက လျှောက်ထားလေသည်။

**ဆုံးဖြတ်ချက်။** ။၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသက်တန်း ကုန်ဆုံးခဲ့ခြင်းသော်လည်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ စတင် အာဏာတည်သည့်အချိန်၌ ထိုသက်တန်းကုန်ဆုံးခဲ့သည့်အက်ဥပဒေအရခန့်ထားသည့် ကြီးကြပ်ရေးဝန်

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၉၅။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးက အမိန့်ချမှတ်သည်။

၁၉၆၀

**မစ္စတာ ဂျွန်၊ ဒီဆေးလဗါး နှင့် ရန်ကုန်မြို့ ဌါးရမ်းခ ကြီးကြပ်ရေး ဝန် ပါ ၂။**

ထံတွင် မပြီးမပြတ်ဘဲ ကျန်ရှိနေသေးသော ရာဇဝတ်မှုမျိုးဖြစ်သော မှုခင်းများမှတပါး၊ အခြား ဒေသမှုခင်းများကို ထိုသက်တန်းကုန်ဆုံးခဲ့သည့် အက်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြီးပြတ်အောင် စစ်ဆေးဖို့ရာရမည်ဖြစ်သည်။

အခင်းဖြစ် အိမ်ခန်းကို မစ္စတာ ဂျွန်၊ ဒီဆေးလဗါးက ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေပြဋ္ဌာန်းမှီ လက်ရှိပြန်ရသည်မှာ ဒုံမှန်သော်လည်း ယင်းကဲ့သို့ အိမ်ခန်းကို ပြန်လည်ရရှိခြင်းမှာ ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့်အရမဟုတ်၊ ကြီးကြပ်ရေးဝန် အာဏာမရှိဘဲ ဆောင်ရွက်ခဲ့သည်ကို ဖြန်ဖြေသည့်သဘော ဖြင့် မစ္စတာ ဂျွန်၊ဒီဆေးလ်ါးနှင့် ဒေါ်ရင်မှုတို့အား အကြံပေးသောကြောင့်သာ ဖြစ်ခြင်းကြောင့် အခြင်းဖြစ် အိမ်ခန်းပြန်လည်ရရှိခဲ့သည့်ကို တရားဥပဒေအရ မဟုတ်သဖြင့် ဤရုံးတော်က အသိ အမှတ်မပြုနိုင်ခြင်းကြောင့် ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေပြဋ္ဌာန်းပြီးနောက်၊ မှုခင်းမှာ မပြီးမပြတ် ရှိနေသေးသည်ဟု ဆိုရပေမည် ဖြစ်၍၊ ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ ပုဒ်မ ၄၄ (ခ)အရ၊ အာဏာ အပ်နှင်းထားသည့်အတိုင်း ကြီးကြပ်ရေးဝန် ဆက်လက်ဆောင်ရွက်သည်ကို ဤရုံးတော်က ဝင်ရောက် စွက်ဖက်ရန် အကြောင်းမမြင်ချေ။

လျှောက်ထားသူအတွက်။ ။ဦးကျော်ထွန်း လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။ဦးကျော်ခင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။ယခု လျှောက်ထားသူ မစ္စတာ ဂျွန်၊ ဒီဆေးလဗါးသည်၊ လျှောက်ထားခံရသူ အမှတ် (၂) ဒေါ်ရင်မှုပိုင်၊ ရန်ကုန်မြို့၊ ရေကျော်ရပ်၊ ဇီဇဝါလမ်း၊ အိမ်အမှတ် ၁၄ အောက်ထပ် တောင်ဘက်ခန်း၌ အိမ်ငှါးအဖြစ် နေထိုင်ခဲ့ ရာတွင် ဦးမောင်မောင်ဆိုသူအား၊ ထိုအိမ်ခန်းကို ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေး ဝန်၏ အမိန့်မရဘဲ တဆင့်ငှါးရမ်းခဲ့သဖြင့် အရေးယူပါရန် ဒေါ်ရင်မှုက လျှောက်ထား ရာ၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က စုံစမ်းစစ်ဆေးပြီး ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့၌ မစ္စတာ ဂျွန်၊ ဒီ ဆေးလဗါးသည်၊ ဒေါ်မှင်မှု့ စွပ်စွဲသည့်အတိုင်း အခင်းဖြစ်အိမ်ခန်းကို စွန့်လွှတ်ပြီး ဦးမောင်မောင်အား တဆင့် အငှါးချထားခဲ့သည်ဟု တွေ့ရှိဆုံးဖြတ်ပြီး၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (ကက) (၄) (က) အရ ဆက်လက် အရေးယူလေသည်။ ထို့နောက် ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့၌ ထိုငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသက်တမ်း ကုန်ဆုံးလေသည်။ သို့သော်ငြားလည်း ကြီးကြပ်ရေးဝန်သည်၊ ဒေါ်ရင်မှုံ လျှောက် ထားချက်အရ မစ္စတာ ဂျွန်၊ ဒီဆေးလဗါးအပေါ်၌ အရေးယူပြီး ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့စွဲပါ အမိန့်ဖြင့် ၎င်းအား အခင်းဖြစ်အိမ်ဥပစာမှ ထွက်ခွာဖယ်ရှား

ရန် အမိန့်ချမှတ်ခဲ့လေသည်။ ယင်းသို့ အမိန့်ချမှတ်သည်မှာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တမ်းကုန်ဆုံးပြီးမှဖြစ်ရကား၊ တရားမဝင် အတည်မဖြစ်နိုင်တော့ချေ။ သို့ဖြစ်၍ ဒေါ်ရင်မှုံက မစ္စတာ ဂျွန်၊ ဒီဆေးလဗါးအား အခင်းဖြစ်အခန်းကို ပြန်လည် ပေးအပ်လိုက်ရလေသည်။

မစ္စတာ ဂျွန်၊ ဒီ၊ဆေးလဗါးနှင့် ရန်ကုန်မြို့ ငှါးရမ်းခ ကြီးကြပ်ရေးဝန် ပါ ၂။

ထို့နောက် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပြဋ္ဌာန်းပြီးမှ ထိုအက်ဥပဒေ ပုဒ် ၄၄ (ခ) အရ ကြီးကြပ်ရေးဝန်က ဆက်လက် အရေးယူပြီး မစ္စတာ ဂျွန်၊ ဒီဆေးလဗါးအား ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့စွဲပါ အမိန့်ဖြင့် အခင်းဖြစ်ဥပစာမှ ထွက်ခွါဖယ်ရှားပေးရန် အမိန့်ချမှတ်လိုက်လေသည်။ ထိုအမိန့်ကို အမှုခေါ် စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန် မစ္စတာ ဂျွန်၊ ဒီဆေးလဗါးက ဤရုံးတော်သို့ လျှောက်ထားလေသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၄၄ (ခ)ပါ ပြဋ္ဌာန်းချက်များကို ယနေ့မူခင်းပါ အဖြစ်အပျက်များနှင့် စပ်လျဉ်းသမျှ ဖေါ်ပြ မည် ဆို့လျှင် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ သက်တမ်း ကုန်ဆုံးခဲ့ငြားသော်လည်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက် ဥပဒေ စတင်အာဏာတည်သည့်အချိန်၌ ထိုသက်တမ်း ကုန်ဆုံးခဲ့သည့် အက်ဥပဒေအရ ခန့်ထားသည့် ကြီးကြပ်ရေးဝန်ထံတွင် မပြီးမပြတ်ဘဲ ကျန်ရှိနေသေးသော ရာဇဝတ် မှုမျိုးဖြစ်သော မှုခင်းများမှတပါး အခြားမှုခင်းများကို ထိုသက်တမ်း ကုန်ဆုံးခဲ့သည့် အက်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်ဖြစ်သည်။

မစ္စတာ ဂျွန်၊ ဒီဆေးလဗါး၏ ပညာရှိရွှေနေကြီးက ထိုသူသည် ၁၉၄၈ ခုနှစ်၊ အက်ဥပဒေသက်တမ်း ကုန်ဆုံးပြီး၊ ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ မပြဋ္ဌာန်းမီ အခင်းဖြစ် အိမ်ခန်းကို လက်ရှိပြန်ရသဖြင့် မှုခင်းမှာ ပြီးပြတ်ပြီး ဖြစ်နေသောကြောင့် ၁၉၆၀ ပြည့် နှစ်၊ အက်ဥပဒေပုဒ်မ ၄၄ (ခ) နှင့် ယခုအမှု မည်ကဲ့သို့မျှ မသက်ဆိုင်တော့ကြောင်းဖြင့် လျှောက်လဲ လေသည်။ သို့သော် ထိုအချိန်ကာလ၌ မစ္စတာ ဂျွန်၊ ဒီဆေးလဗါး အခင်းဖြစ် အိမ်ခန်းကို ပြန်လည် ရရှိခဲ့သည်မှာ တရားဥပဒေအရမဟုတ်။ ကြီးကြပ်ရေး ဝန် အာဏာမရှိဘဲ ဆောင်ရွက်ခဲ့သည်ကို ဖြန်ဖြေသည့် သဘောဖြင့် မစ္စတာ ဂျွန်၊ ဒီဆေးလဗါးနှင့် ဒေါ်ရင်မှုတို့အား အကြံပေးသောကြောင့်သာ မစ္စတာ ဂျွန်၊ ဒီဆေး လဗါးအိမ်ခန်းကို ပြန်လည်ရရှိခဲ့လေသည်။ ယင်းကဲ့သို့ အိမ်ခန်းကို ပြန်လည်ရရှိခဲ့သည် မှာလည်း ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့်အရမဟုတ်ချေ။ ထို့ကြောင့် အိမ်ခန်း ပြန် လည် ရရှိခဲ့သည်ကို ဤရုံးတော်က အသိအမှတ်မပြုနိုင်ချေ။ ယင်းသို့ဖြစ်၍ ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ ပြဋ္ဌာန်းပြီးနောက် မှုခင်းမှာ မပြီးမပြတ် ရှိနေသေးသည်ဟု

၁၉၆၀

မစ္စတာ ဂျွန်၊ ဒီဆေးလဗါး နှင့် ရန်ကုန်မြို့ ဥပဒေး ကြီးကြပ်ရေးဝန် ပါ ၂။

ဆိုရပေမည်ဖြစ်၍ ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ ပုဒ်မ ၄၄ (၁) အရ အာဏာအပ်နှင်းထားသည့်အဟိုင်း ကြီးကြပ်ရေးဝန် ဆက်လက်ဆောင်ရွက်သည်ကို ဤရုံးတော်က ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ချေ။

သို့ဖြစ်၍ မစ္စတာ ဂျွန်၊ ဒီဆေးလဗါး၏ လျှောက်လွှာကို ပလပ်လိုက်သည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရန် အမိန့်ချမှတ်လိုက်သည်။

## တရားလွှတ်တော်ချုပ်

# ယိုဘွန်ဝှက် (ခေါ်) ကက်နက်ဝှက်လာ (လျှောက်ထားသူ)
နှင့်
# ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန်နှင့် အခြားသူများ (လျှောက်ထားခံရသူများ) *

† ၁၉၆၀ သြဂုတ်လ ၈ ရက်။

ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေအရ၊ ဖမ်းဆီးသူ၏စိတ်တွင် ဖြစ်ရမည့် ကိစ္စ။ ပုဒ်မ ၅ (က)၏အာဘော်၊ အရေးယူရာတွင် လိုက်နာအောင် ဆောင်ရွက်ရမည့်ကိစ္စ။ ဥပဒေတွင် မပြဋ္ဌာန်းသည့်အချက်။

**ဆုံးဖြတ်ချက်။** ။ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေကိုတသွေမတိမ်း လိုက်နာဆောင်ရွက်ခဲ့ပါလျှင်၊ ဖမ်းဆီးသူကိုယ်တိုင်က မသက်ဝင်ခြင်းပင်ဖြစ်ရပေမည်။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၅(က)၏အာဘော်မှာ၊ နိုင်ငံတော် သမတ ကိုယ်တိုင်သော်၎င်း၊ နိုင်ငံတော် သမတက ဤကိစ္စအလို့ငှါ၊ အာဏာလွှဲအပ်ထားသူ ကိုယ်တိုင်သော်၎င်း၊ သူတဦးတယောက် ဘိန်းကုန်ကူးခြင်း စသည့် ယင်း အက်ဥပဒေ ပုဒ်မ ၂(၂)တွင် ဖော်ပြ ထားသော နိုင်ငံတော်အကျိုးကို ထိခိုက်စေရာသည့် ပြုမူတခုခုကို ကျူးလွန်ခြင်းမှ ကာကွယ်ရန် လိုအပ်သည်ဟု ယုံကြည်ကြေနပ်မှသာလျှင် ပုဒ်မ ၅ (က) အရ အရေးယူနိုင်ပေမည်။ ယင်းသို့ အရေးယူရာ၌လည်း တရားစီရင်ရေးဆိုင်ရာ အာဏာမျိုးကို အသုံးပြုရ သည်ဖြစ်သဖြင့် အရေးယူသည့် အာဏာပိုင်သည် မိမိရှေ့မှောက်သို့ ရောက်ရှိလာသော သက်သေ ခံ အသော က်အထား ခိုင်လုံသည်၊ မခိုင်လုံသည်ကို မိမိကိုယ်တိုင် သုံးသပ်ဝေဖန်စိစစ်၍ ဆုံးဖြတ်ရပေမည်။

အကယ်၍ ဘိန်းကုန်ကူးသည်ဟု သံသယရှိကာမျှနှင့် နှယ်နှင်မိန့် ချမှတ်နိုင်သည်ဟု ဥပဒေ၌ ပြဋ္ဌာန်းချက်မရှိချေ။

***Lim Lyan Hwat* (alias) *Lim Sway Gaung* v. *The Secretary, Ministry of Home Affairs and one*, (1960) B.L.R. (S.C.) July issue,** ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးကျော်မြင့်နှင့် ဦးသန်းဝင်းတို့ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရဘက်မှ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၀ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲလျှောက်လွှာအမှတ် ၇၈။

† နိုင်ငံတော် ဓာရုံးဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီး၊ ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း အမိန့်ချမှတ်သည်။

၁၉၆၀

ယိုဘွန်ဝှက် (ခေါ်) ကက်နက်ဝှက် လာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထဲရေး ဝန်ကြီးဌာန အတွင်းဝန်နှင့် အခြားသူများ ။

**တရားဝန်ကြီးချုပ် ဦးမြင့်သိန်း။** ။ဇလျောက်သူ အသက် ၄၄ နှစ်ရှိ တရုပ်လူမျိုး၊ မြန်မာနိုင်ငံသား ယိုဘွန်ဝှက် (ခေါ်) ကက်နက်ဝှက်လာ က မိမိအား နိုင်ငံတော်သမတ၏ အမိန့်နှင့် မင်းဘူးခရိုင်၊ ငဖဲမြို့သို့ သွားရောက်နေထိုင်ရန် နယ်နှင်းဖော်ပေးခြင်းကို မကျေနပ်၍ ဤရုံးတော်တွင် ရှေ့တော်သွင်း စာချုန်တော် လျောက်ထားလေသည်။

စစ်မဖြစ်မီက လျောက်သူသည်၊ ရန်ကုန်မြို့နီစီပါယ်အဖွဲ့၌ ဝက်သားအင်စပိတ်တော်အဖြစ် အမှုထမ်းခဲ့သည်။ ဂျပန်ခေတ်မှစ၍ စီးပွါးဥစ္စာ ချမ်းသာကြွယ်ဝလာပြီး မြန်မာခေတ်တွင် တရုပ်တန်း၌ အရေးပါ အရာရောက်သူတဦး ဖြစ်လာခဲ့၍ နိုင်ငံရေး ခေါင်းဆောင်များနှင့် ရင်းနှီးလာပြန်ရာ၊ အများအားထားရသူတဦးလည်း ဖြစ်လာပြန်သည်။ ယစ်မျိုးဌာနကမူ လျောက်သူသည် စီးပွါးကုန်သွယ်မှု လုပ်ငန်းများကို ဟန်ပြထားသော်လည်း ဘိန်းကုန် ကူးသန်းရောင်းဝယ်ရေး ကြီးထွားကျယ်ပြန့်စွာ လုပ်သူ၊ လူမိုက်မွေးခြင်း၊ ကလပ်ထောင်ခြင်း စသော ဥပဒေကျူးလွန်သည့် ပြစ်မှုများကို ကျူးလွန်သူတဦးဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

အိမ်စောင့် အစိုးရလက်ထက်တွင် လျောက်သူနှင့်ပတ်သက်၍ **ပြည်တွင်းလုံခြုံမှု** ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၏ ၁၉၅၉ ခုနှစ်၊ ဖြေလ ၂ ရက်နေ့ အစည်းအဝေးတွင် အောက်ပါအတိုင်း မှတ်ချက်ချမှတ်ကြသည်။

> "ရန်ကုန်မြို့၊ ၁၇ လမ်း၊ အမှတ် ၇၅ နေ၊ ယိုဘွန်ဝှက် (ခေါ်) ကက်နက်ဝှက်လာသည်၊ လျှို့ဝှက်၍ ဘိန်းကုန်ကူးခြင်း၊ ကစားဝိုင်းထောင်၍ အမြဲတန်း ဒိုင်လုပ်နေကြောင်း ကျော်ဇောသတင်းရှိသူဖြစ်သဖြင့် အရေးယူရန် ထောက်လှမ်းညွှန်ကြားရေးမှူးနှင့် ဒုတိယရဲမင်းကြီးတို့ပါ ဤအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးကြသည်ကို လက်ခံ၍၊ ၎င်း ယိုဘွန်ဝှက် (ခေါ်) ကက်နက်ဝှက်လာအား သက်ဆိုင်ရာ ရဲအဖွဲ့က ၁၉၄၇ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) ပြင်ဆင်ချက် အက်ဥပဒေ ၅ (က) (၁) (ဃ) အရ၊ အရေးယူ၍တောင်တန်းခရိုင်၊ စင်ကာလိုင်း ခမ္မတီး ဒေသသို့ နယ်ပြောင်းရန် သဘောတူဆုံးဖြတ်ကြသည်။"

ပြည်တွင်းလုံခြုံမှု ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ဆိုသည်မှာ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေအရ ဖွဲ့စည်းထားသည့်အဖွဲ့မဟုတ်၊ ထို အက်ဥပဒေတွင် ပါရှိသည့် အာဏာများကို အပ်နှင်းခြင်းခံရသည့် အဖွဲ့လည်းမဟုတ်၍၊ ဆိုင်ရာရဲအဖွဲ့က အရေးယူရန်အတွက်သာ ယင်းသို့ဆုံးဖြတ်ရခြင်း ဖြစ်သည်။

၁၉၆၀

ယိုဘွန်ဝုက် (ခေါ်) ကက်နက်ဝုက် လာ နှင့် မြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ မြည်ထဲရေး ဝန်ကြီးဌာန အတွင်းဝန်နှင့် အခြားသူများ။

ဤကောက်နုတ်ချက်ကို ရန်ကုန်မြို့ ဒုတိယရဲမင်းကြီးထံသို့ ၇-၄-၅၉ နေ့၌ ပေးပို့ခဲ့ရာ၊ "အရေးယူရန်" ဟု အမိန့်ချမှတ်၍ ထိုနေ့တွင်ပင် လတ္တာလမ်း ရဲဌာနာမှူးက လျှောက်သူကို အဆိုပါ အက်ဥပဒေ ပုဒ်မ ၅ (၁) (၂) အရ—

"ငြိမ်ဝပ်ပိပြားရေး ပျက်ပြားအောင် ပြုလုပ်လျက်၊ ပြုလုပ်ရန်၊ ပြုလုပ်ပြီး ရှိသည်ဟု မသက်ဘွယ်ရာ အကြောင်းများရှိ၍"

ဟု ဖော်ပြခါ အက်ဥပဒေတွင် ပါရှိသည့် စကားလုံးများနှင့် ကိုက်ညီသော မှတ်ချက်ကို ရေးမှတ်ပြီး လျှောက်သူကို ဖမ်းဆီးချုပ်နှောင်လိုက်သည်။

အက်ဥပဒေကို တသွေမတိမ်း လိုက်နာ ဆောင်ရွက်ခဲ့ပါလျှင် ဖမ်းဆီးသူကိုယ်တိုင်က မသက်ဘခြင်းပင် ဖြစ်ရပေမည်။ ဤကဲ့သို့ အကြောင်းကြောင့် ဖမ်းဆီးသည်ဟု ရေးသားထားသော်လည်း လုံခြုံမှု ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၏ အမိန့်နှင့် ဒုတိယရဲမင်းကြီးတို့၏ အမိန့်များကြောင့်သာ ရဲဌာနာမှူးလည်း မသက်ဘရခြင်းဖြစ်ပုံရသည်။

ဖမ်းဆီးထားခံမျှနှင့်မပြီး၊ အက်ဥပဒေက လူတဦးတယောက်ကို အကြောင်းမဲ့ ဖမ်းဆီး ချုပ်နှောင်ထားသည်ကို ကာကွယ်သည့်သဘောနှင့် ဤကဲ့သို့ ဖမ်းဆီးခဲ့သော်၊ ဘယ်အကြောင်းကြောင့် ဖမ်းဆီးသည်ကို နိုင်ငံတော်သမတ၊ သို့မဟုတ် နိုင်ငံတော်သမတက မိမိ၏အာဏာများကို ပေးအပ်ထားသော အရာရှိထံသို့ အကြောင်းကြားစာ ပေးရမည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း ရဲဌာနာမှူးသည် အာဏာပေးအပ်ခြင်းခံရသူ အရာရှိထံ အစီရင်ခံစာ တင်ဆက်ခဲ့သည်။ လုံခြုံရေးအဖွဲ့က ဘိန်းကုန်ကူးသည်၊ ကစား ဝိုင်း ထောင်သည်ဟု အတိအလင်း ဆုံးဖြတ်ချက်ချပြီးဖြစ်၍ ဤအတိုင်းပင် အစီရင်ခံရတော့သည်။ အာဏာအပ်နှင်းခြင်းခံရသော အရာရှိကလည်း အခြားသူမဟုတ် ဒုတိယရဲမင်းကြီးပင်ဖြစ်နေသည်။ မူလကပင် လုံခြုံရေးအဖွဲ့၏လိုလားချက်အရ အရေးယူရန် မိမိကပင် အမိန့်ပေးခဲ့ပြီးဖြစ်သည့်အလျောက် ဝုက်လာအား ၇-၄-၅၉ နေ့ကစ၍ ၂ လ တိတိ ချုပ်နှောင်ထားစေဟု အမိန့်ချမှတ်ပြန်သည်။ ထို ၂ လ ကုန်ဆုံးသောအခါ၌ နောက် ၂ လ (၇-၈-၅၉) နေ့အထိ ဆက်လက်ချုပ်ထားရန် ထပ်မံအမိန့်ချမှတ်ခဲ့သေးသည်။ အချိန်ကုန်ဆုံးခါနီးတွင် တဖန် ၃-၈-၅၉ နေ့စွဲပါ အစီရင်ခံစာနှင့် ရဲဌာနမှူးက ဆက်လက်ချုပ်ထားရန်ထောက်ခံသော်လည်း ၅-၈-၅၉ နေ့၌ ဒုတိယရဲမင်းကြီးက—

"လုံခြုံရေးစည်းပေါ်၏ ဆုံးဖြတ်ချက်အရ၊ ပုဒ်မ ၅ မှလွှတ်ပါရန်"

ဟု အမိန့်ချမှတ်ပြီး လျှောက်သူကို ထိုနေ့၌ပင် လွှတ်လိုက်တော့သည်။

လျှောက်သူကို ဤကဲ့သို့မလွှတ်မီ ၂ ရက်က ယစ်မျိုးဌာနကလည်း လျှောက်သူသည် ဘိန်းကုန်ကူးသူဖြစ်သည်ဟု ယစ်မျိုးဌာန၌ စီစဉ်သော "ပန်းရောင်စာအုပ်" ခေါ် ဘိန်းကုန်ကူးသည် ဆိုသူတို့၏ စာရင်းတွင် လျှောက်သူ၏ နာမည်ကို ထည့်သွင်းသည်။

၁၉၆၀

ယိုဘွန်ဝုက် (ခေါ်) ကက်နက်ဝုက် လာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရ၊ ပြည်ထဲရေး ဝန်ကြီးဌာန အတွင်းဝန်နှင့် အခြားသူများ။

ထိုနောက် လျှောက်သူသည်၊ ၁၉၅၂ ခုနှစ်မှစ၍ ဘိန်းကုန်အလုပ် အကြီးအကျယ် လုပ်ခဲ့ကြောင်း ၅-၅-၅၉ နေ့က မိသောဘိန်းများနှင့် ပတ်သက်ပြီး ကြိုးကိုင်ကြံစည်ခဲ့သူမှာ လျှောက်သူပင် ဖြစ်ကြောင်းကို ယစ်မျိုးမှူးတဦးက ၇-၁-၆၀ ရက်နေ့စွဲနှင့် ယစ်မျိုးဝန်ထောက်မင်းထံသို့ အစီရင်ခံခဲ့သည်။

ယစ်မျိုးဝန်ထောက်မင်းက—

"လွန်ခဲ့သည့် ၂ နှစ်၊ ၃ နှစ်လောက်မှစ၍ ဝုက်လာသည်၊ နိုင်ငံရေးနယ်ထဲသို့ ပြတ်ပြတ်သားသား ဝင်ရောက်ဆောင်ရွက်ခြင်းကြောင့်၊ မြန်မာပြည် ထိပ်တန်း နိုင်ငံရေး ခေါင်းဆောင်ကြီးများနှင့်လည်း အလွန်ပင် ရင်းနှီးမှုရှိသဖြင့် ၎င်း၏ ဩဇာများကို တရုပ်တန်းရပ်ကွက်တွင် ဘုရင်တဆူလောက် လွှမ်းမိုးလျက်ရှိပါသည်။ ..... ရန်ကုန်မြို့၊ တရုပ်တန်းရပ်ကွက်တွင် လူမိုက်လောကကို တည်ဆောက်လျက်၊ ..... ဘိန်းကုန်ကူးခြင်း၊ ကုတ်ကင်းထောင်ခြင်း၊ ကစားဝိုင်း ဖိုင်လုပ်ခြင်း စသော မသမာမှုလုပ်ငန်းများဟူသရွေ့ကို ကျူးလွန်နေသည်မှာထင်ရှား ပါသည်။"

ဟု ယစ်မျိုးဝန်ထောက်ကြီးထံသို့ ၉-၂-၆၀ ရက်နေ့စွဲနှင့် အစီရင်ခံပြန်သည်။

ယစ်မျိုးဝန်ထောက်ကြီးကလည်း ၁၁-၂-၆၀ ရက်နေ့စွဲနှင့် လျှောက်သူ၏—

"ချေလှမ်းသည် နိုင်ငံရေးနယ်ထဲသို့ပင် ကျယ်ပြန့်လာသဖြင့်၊ ပြည်ထောင်စုကြီးကို မည်မျှအန္တရာယ်ပေးနိုင်ကြောင်း ထင်ရှားပါသည်။"

ဟု အစီရင်ခံသည်။ ဤအစီရင်ခံစာ အသီးသီးတို့ကို အကြောင်းပြု၍ ယစ်မျိုးမင်းကြီးက—

"သို့ပါ၍ ဝုက်လာ၏ မတရားနည်းအဖုံဖုံဖြင့် စီးပွါးဖြစ်မြောက်ခြင်းနှင့် မြေအောက် ရာဇဝတ်ကောင်များအပေါ် စိုးမိုးလာခြင်းတို့ကို အခြားသူများ အားမကျရန်၊ အတုမခိုးကြရန် အချိန်မှီကာကွယ်ရန် အထူးလိုအပ်ပါသဖြင့်၊ ဝုက်လာအား အမြန်နယ်နှင်ဒဏ်ပေးမှ တော်ဦးကျမည်ဟု ယုံကြည်၍ ပူးတွဲပါ ယစ်မျိုးဝန်ထောက် (၂) ၏ အစီရင်ခံစာကို လေးနက်စွာ ထောက်ခံပါသည်။"

ဟု ရေးသားပြီး ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနသို့ ၂၄-၃-၆၀ ရက်နေ့စွဲနှင့် ပေးပို့လေသည်။ ထိုဝန်ကြီးဌာနက တဖန် ဝုက်လာသည်—

"ဘိန်း၊ ကုတ်ကင်း စသည်တို့ကို မတရား ကူးသန်းရောင်းဝယ်နေခြင်း၊ လူမိုက်ခေါင်းဆောင်အဖြစ် ပြုလုပ်သည့်အပြင်၊ ကလပ်ထောင်၍ ကစားဝိုင်း

တည်ထောင်ခြင်း စသည်ဖြင့် နိုင်ငံတော် အစိုးရ၏ ဥပဒေစည်းကမ်းများကို ချိုးဖောက်နေသူဖြစ်ခြင်းကြောင့်၊ နယ်နှင်းဇ၊ ၂ နှစ်ထားရှိရန်"

၈-၄-၆၀ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံခဲ့သည်။

ဤကဲ့သို့ မေတ္တာရပ်ခံစာကို ရရှိသည့်အခါ၌ ပြည်ထဲရေးဝန်ကြီးဌာနက ကလပ်၊ ကစားဝိုင်းထောင်ခြင်း၊ နိုင်ငံရေးလောကသို့ ခြေလှမ်းလှမ်းခြင်း၊ နိုင်ငံရေး ခေါင်းဆောင်ကြီးများနှင့် ရင်းနှီးခြင်းဆိုသည်မှာ ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေနှင့် လုံးဝ မဆိုင်သည်ကို သတိမမူခဲ့ပေ။ ဤမျှသာမကသေး ၅-၅-၅၉ နေ့က ဖမ်းဆီးမိသည့်ဘိန်းနှင့် လျှောက်သူကို ဆက်စပ်ရန်လည်း မဖြစ်နိုင်။ လျှောက်သူသည် ၇-၄-၅၈ နေ့ကစ၍ ၄ လတာမျှ အချုပ်ခံနေရသည်။ ဘိန်းလုပ်ငန်းကို တကယ်ပင် ၁၉၅၂ ခုနှစ်ကစ၍ လုပ်ခဲ့သည် ဆိုလျှင်လည်း ထိုအချိန်အခါလောက်က စပြီး ပန်းဇောင်စာအုပ်တွင် လျှောက်သူ၏နာမည်ကို မသွင်းခဲ့ခြင်းသည် အံ့ဩစရာပင် ဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်များနှင့် ရင်းနှီး၍ အရေးမယူခဲ့ဟု ဆိုလျှင်လည်း အရင် ၂ နှစ်၊ ၃ နှစ်ကစ၍သာ နိုင်ငံရေးလောကသို့ ခြေလှမ်းလှမ်းခဲ့သည်ဟု ယစ်မျိုးဝန်ထောက်မင်း၏ အစီရင်ခံစာတွင် ပါရှိသည်။ ပန်းဇောင်စာအုပ်တွင် နာမည်တင်သွင်းသည်မှာလည်း အချုပ်မှ မလွတ်မီ ၂ ရက် (၃-၈-၅၈) နေ့ကစ၍ တင်သွင်းခြင်းဖြစ်၍ ပြည်တွင်းလုံခြုံမှု ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့က ဘိန်းကုန်ကူးသည်ဟု စွပ်စွဲထားသောကြောင့် ယစ်မျိုးဌာနအနေနှင့် ဧွန်းက မည်ကဲ့သို့မျှ အရေးမယူခဲ့ခြင်းသည် တာဝန်ချိုယွင်းနေသည်ဟု စွပ်စွဲမည်ကို ကာကွယ်ရန်အနေနှင့် လျှောက်သူသည် ဘိန်းဘုရင်တဆူဖြစ်သည်ဟု ပြောရခြင်းသာ ဖြစ်နိုင်ပေသည်။ ဤကဲ့သို့ယူဆနိုင်ရန်လည်း ရပ်ကွက်လူကြီးနှစ်ဦးနှင့် နိုင်ငံရေးခေါင်းဆောင်ကြီး ဝန်ကြီးချုပ်ဟောင်းတဦးဖြစ်သူ ဖားဆပါလ ဥက္ကဋ္ဌတို့က လျှောက်သူကို နှစ်ပေါင်းများစွာ ရင်းရင်းနှီးနှီး သိခဲ့ကြောင်း။ ဘိန်းလုပ်ငန်းလုပ်ခဲ့သူ၊ ဥပဒေနှင့်ဆန့်ကျင်သော အလုပ်ကို လုပ်ခဲ့သူမဟုတ်ကြောင်း။ တရုပ်ဘုံအိမ်ဥက္ကဋ္ဌ ဖြစ်သည့်အားလျော်စွာ တရုပ်လူမျိုးများနှင့် မြန်မာလူမျိုးများကြည်ညိုလေးစားသော လူကြီးလူကောင်းတယောက် ဖြစ်သည်ဟု ကျမ်းကျိန်စာတင်သွင်းကြသည်။ ဤအကြောင်းများကြောင့် ဤရုံးတော်အနေနှင့် လျှောက်သူသည်၊ ဘိန်းကုန်ကူးသည်ဟု ယူဆရန် အထောက်အထား လုံလောက်သည်ဟု မဆိုနိုင်သည့်အပြင်၊ အလားတူ အမှုများ (၁၉၆၀ ခုနှစ်၊ ဆုဇဝတ်အသေးအဖွဲ့ လျှောက်လွှာ အမှတ် ၂၀ နှင့် ၇၁) တွင် ဖေါ်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေကို အပြစ်ဒဏ်ပေးသည့်အနေနှင့် သုံးစွဲခြင်းသည်၊ ဥပဒေကို အလွဲသုံးစားပြုလုပ်ရာရောက်သည်။

၁၉၆၀

ယိုဘွန်ဝုက် (ခေါ်) ကက်နက်ဝုက် လာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထဲရေး ဝန်ကြီးဌာန အတွင်းဝန်နှင့် အခြားသူများ။

၁၉၆၀

ယိုဘွန်ဝုက် (ခေါ်) ကက်နက်ဝုက် လာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရ၊ ပြည်ထဲရေး ဝန်ကြီးဌာန အတွင်းဝန်နှင့် အခြားသူများ။

အကယ်ပင် ဘိန်းကုန်ကူးသည်ဟု သံသယရှိကာမျှနှင့် နယ်နှင်မိန့်ချမှတ်နိုင်သည်ဟု ဥပဒေ၌ ပြဋ္ဌာန်းချက်မရှိခေ။ ဤအမှုပါ အကြောင်းခြင်းရာများကို ထောက်၍ ရှင်းလင်း ဖော်ပြရမည်ဆိုလျှင် အဆိုပါ အက်ဥပဒေ ပုဒ်မ ၅ (က) ၏ အာဘော်မှာ နိုင်ငံတော်သမတကိုယ်တိုင်သော်၎င်း၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှါ အာဏာလွှဲအပ်ထားသူ ကိုယ်တိုင် သော်၎င်း သူတဦးတယောက် ဘိန်းကုန်ကူးခြင်း စသည့် ယင်းအက်ဥပဒေ ပုဒ်မ ၂ (၂) တွင် ဖော်ပြထားသော နိုင်ငံတော်၏ အကျိုးကို ထိခိုက်စေရာသည့် ပြုမူတခုခုကို ကျူးလွန်ခြင်းမှ ကာကွယ်ရန်လိုအပ်သည်ဟု ယုံကြည်ကြေနပ်မှသာလျှင် ပုဒ်မ ၅ (က) အရ အရေးယူနိုင်ပေမည်။ ယင်းသို့ အရေးယူရာ၌လည်း တရားစီရင်ရေးဆိုင်ရာ အာဏာမျိုးကို အသုံးပြုရသည်ဖြစ်သဖြင့် အရေးယူသည့် အာဏာပိုင်သည်၊ မိမိ၌မျှော်လင့်ရှိလာသော သက်သေခံ အထောက်အထား ခိုင်လုံသည် မခိုင်လုံသည်ကို မိမိကိုယ်တိုင် သုံးသပ်ဝေဖန်စိစစ်၍ ဆုံးဖြတ်ရပေမည်။ ယခုမူကား ဤအဓိကအချက်များကို လျှောက်သူအပေါ်၌ အရေးယူသည့် အာဏာပိုင် သတိချပ်မိဟန်မတူခေ။ ဘဏ္ဍာရေးဌာနက နယ်နှင်သင့်သည် ဆိုသည်ကို လိုက်လျောခြင်းအားဖြင့် အရေးယူခဲ့ခြင်းမျှသာ ဖြစ်ကြောင်း အမှုတွဲများတွင် ပေါ်လွင်ထင်ရှားလေသည်။ အထက်၌အသေးစိတ် ဖေဖန်ခဲ့သည့်အတိုင်းလျှောက်သူအပေါ်၌ အရေးယူနိုင်လောက်အောင် သက်သေခံအထောက်အထား ခြေခြေမြစ်မြစ် ခိုင်ခိုင်လုံလုံ စုံးစဉ်းမျှမရှိခေ။

လျှောက်သူကို ၇-၄-၅၉ နေ့မှ ၄ လတာမျှ ချုပ်နှောင်ထားခဲ့ကြောင်း။ သို့သော် လျှောက်သူသည် အလွန်အင်အားကြီးမားသော အဆက်အသွယ်ရှိသူတဦး ဖြစ်သည့် အတွက် ၎င်းအားဆက်လက်အရေးမယူနိုင်ဘဲ အချုပ်မှ လွှတ်မြောက်သွားခဲ့သည်ဟု ယစ်မျိုးဌာန၏ အစီရင်ခံချက်ကို ပြည်ထဲရေးဌာနကလည်း လက်ခံ ဖော်ပြထားသည်ကို တွေ့မြင်ရသည်။ အမှန်မှာ လျှောက်သူကို လုံခြုံမှု ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ကပင် လွှတ်ပစ်ရန် အမိန့်ချမှတ်၍ လွှတ်မြောက်ခဲ့သည်။ လုံခြုံမှုအဖွဲ့ဝင်များအပေါ်တွင်လျှောက်သူက သြဇာအာဏာ ရှိနိုင်လိမ့်မည်မဟုတ်ဟု ဤရုံးတော်က ယူဆကြောင်းဖော်ပြလိုက်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် လျှောက်သူကို မင်းဘူးခင်ငှါ၊ ဖဲမြို့သို့ ပြောင်းရွှေ့ နေထိုင်ရန် ချမှတ်သောအမိန့်ကို ပယ်ဖျက်လိုက်ပြီး ချုပ်ဆိုထားသည့် ငွေသုံးထောင် အာမခံစာချုပ် ပျက်ပြယ်စေရမည့်အပြင် ဤရုံးတော်တွင် တင်သွင်းထားသော အာမခံငွေငါးထောင်ကိုလည်း လျှောက်သူအား ပြန်၍ပေးရန် အမိန့်ချမှတ်လိုက်သည်။

# တရားလွှတ်တော်ချုပ်

## ရဲဘော် ဖေတင်နှင့် (လျှောက်ထားသူများ)

နှင့်

## ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရ အဖွဲ့များဌာန ဝန်ကြီးပါ ၂ (လျှောက်ထားခံရသူများ) *

† ၁၉၆၀ ဩဂုတ်လ ၁ ရက်။

မြို့နိုစီပါယ် အက်ဥပဒေ ပုဒ်မ ၂၂၀ (၁) အရ၊ အာဏာသုံးစွဲသည့်အခါ လုပ်ဆောင်ရမည့်ကိစ္စ။

ပုဒ်မ ၂၂၀(၃)အရ ရာထူးသက်တမ်းကုန်ဆုံးသော မြို့နိုစီပါယ်အဖွဲ့၏ အာဏာနှင့် ဝတ်တရားများ ဆင်းသက်ခြင်း၊ မြို့နိုစီပါယ်အဖွဲ့ဝင်မရှိခိုက်၊ အမှုထမ်းနေသော မင်းကြီးချမှတ်သော အမိန့်များ တရားဝင်ခြင်း၊ မည်သည့်အခါ စာချုန်တော် အမိန့်ကို လျှောက်ထားနိုင်ခြင်း။

**ဆုံးဖြတ်ချက်။** ။မြို့နိုစီပါယ် အက်ဥပဒေ ပုဒ်မ ၂၂၀ (၁) တွင် ပေးအပ်ထားသည့် အာဏာကို သုံးစွဲ၍၊ မြို့နိုစီပါယ်အဖွဲ့ဝင်လူကြီးများ၏ ရာထူးသက်တမ်းမည်သည့်နေ့ရက်တွင်ကုန်ဆုံးစေရမည်ဟု နိုင်ငံတော် အစိုးရက ပြဋ္ဌာန်းထားခြင်း ရှိသည့်အတွက် ၂ ရပ် ထုတ်ပြန်ရပေမည်။ ရာထူး သက်တမ်း ကုန်ဆုံးသည့်နေ့ရက်ကို သတ်မှတ် ညွှန်ကြားရမည့်အပြင်၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း ညွှန်ကြားရမည်။ သို့သော် ပြဋ္ဌာန်းခဲ့သည့် အမိန့်သည် ပဌမအချက်သာပါရှိ၍၊ ပြဋ္ဌာန်းချက်သည် မပြည့်စုံ ချို့ယွင်းသော ပြဋ္ဌာန်းချက်ပင်ဖြစ်ငြားသော်လည်း၊ နိုင်ငံတော် အစိုးရက ဒုတိယညွှန်ကြားချက်ကို ထပ်မံ ကျေညာနိုင်သည်ဖြစ်၍၊ ပြဋ္ဌာန်းချက်သည် တရားဝင်သည်။

ထိုကဲ့သို့ ကျေညာပြီး မြို့နိုစီပါယ်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်း ကုန်ဆုံးကြ၍၊ ပုဒ်မ ၂၂၀ (၃) အရ၊ မြို့နိုစီပါယ်အဖွဲ့၏အာဏာနှင့်ဝတ်တရားများသည်၊ ထိုစဉ်အခါက အမှုထမ်းနေသော မြို့နိုစီပါယ် မင်းကြီးအား အပ်နှင်းပြီးဖြစ်ခဲ့သည်။

မြို့နိုစီပါယ်မင်းကြီးရာထူးလစ်လပ်၍ ယာယီအားဖြင့် အခြားသူတဦးတယောက်ကိုခန့်ရန်ရှိလျှင်လည်း မြို့နိုစီပါယ်အဖွဲ့ကဿပုဒ်မ ၂၇(၄)အရ၊ ခန့်အပ်ပိုင်ခွင့်ရှိသည်။ သာမန်အားဖြင့်အဖွဲ့ဆိုသည့်မှာအဖွဲ့ဝင်လူကြီးများဖြစ်ရမည်။ အခြေအနေအရမြို့နိုစီပါယ်အဖွဲ့ဝင်ဟူ၍လည်းမရှိသည့်အခါ၌ အဖွဲ့၏ အာဏာနှင့် ဝတ်ဘရားများမှာ အမှုထမ်းနေသောမင်းကြီး၌သာ ပုဒ်မ ၂၂၀(၃)အရတည်ရှိနေ၍၊ ၎င်းမင်းကြီးကမိမိကိုယ်ကိုမိမိ အခွင့်ပေးပြီး၊ မိမိနေရာ၌ဗိုလ်မှူးကြီး ထွန်းစိန်ကို ခန့်အပ်ပြီးသကာလ ဗိုလ်မှူးကြီး ထွန်းစိန်ကတဖန် ဦးကျော်မင်းကို ခန့်အပ်သဖြင့် မြို့နိုစီပါယ်အဖွဲ့၏ အာဏာနှင့်အလုပ် ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်သောသူများ ဖြစ်သည့် အားလျော်စွာ၊ ၎င်းပုဂ္ဂိုလ်များက ချမှတ်ခဲ့သော အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အမိန့်များမှာ၊ ရန်ကုန်မြို့နိုစီပါယ် အက်ဥပဒေ

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲ့ လျှောက်လွှာအမှတ် ၈၃။

† နိုင်ငံတော်တရား ဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးဘိုကြီးနှင့် တရားဝန်ကြီး ဦးဖောသောကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း အမိန့်ချမှတ်သည်။

၁၉၆၀

ရဲဘော် ဖေတင်နှင့် ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ် ရေးနှင့် ဒေသန္တရအဖွဲ့ များဌာနဝန်ကြီး ပါ ၂ ။

အရ ချမှတ်သော အမိန့်များဖြစ်သည့်အလျောက် ဥပဒေစည်းဝိုင်းအတွင်းသို့ ကျရောက်သောအမိန့် များဖြစ်သည်။

စာချုန်ကော် အမိန့်ကို ချမှတ်နိုင်ရန် လျှောက်သူက၊ လျှောက်ထားခံရသူများထံမှ လိုသည်ကို ဘောင်းဆိုရဦးမည်။ ဘောင်းဆိုသည်ကိုလျှောက်ထားခံရသူများကငြင်းပယ်မှသာ၊ အာဏာပေး စာချုန်တော် လျှောက်ထားနိုင်သည့်အခြေသို့ဆိုက်ရောက်မည်။

လျှောက်ထားသူအတွက်။ ။ဦးချောင်ဖိုး လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။အစိုးရ လုပ်တော် ရွှေနေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။ဦးညွန့်တင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီးချုပ်ဦးမြင့်သိန်း။** ။ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်မြို့နီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၂၀ (၁) အရ၊ နိုင်ငံတော်သမတ၏နာမည်နှင့် ထုတ်ပြန်ခဲ့သည့် ၁၉၅၈ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့စွဲပါအမိန့်ဖြင့် ရန်ကုန်မြို့နီစီပါယ် အဖွဲ့ဝင်လူကြီးများသည်၊ ၁၉၅၈ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့ မှန်းလွဲအချိန်၌ **ရာထူး** သက်တမ်း ကုန်ဆုံးစေရမည်ဟု သတ်မှတ်ခဲ့သည်။ ဤကဲ့သို့ အစိုးရအနေနှင့် အမိန့် ချမှတ်ခဲ့ခြင်းမှာ မြို့နီစီပါယ်အဖွဲ့သည်၊ အဖွဲ့၏ တာဝန်ဝတ်တရားများကို မဆောင်ရွက် နိုင်သည့်အတွက် ဖြစ်ကြောင်းကို ပြဋ္ဌာန်းသည့်အမိန့်တွင် ဖော်ပြထားသည်။

ပုဒ်မ ၂၂၀ (၁) တွင် ပေးအပ်ထားသည့်အာဏာကို သုံးစွဲခဲ့သော်၊ ညွှန်ကြားချက် ၂ ရပ် ထုတ်ပြန်ရပေမည်။ ရာထူးသက်တမ်းကုန်ဆုံးသည့်နေ့ရက်ကို သတ်မှတ်ညွှန်ကြား ရမည့်အပြင်၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း ညွှန်ကြားရမည်။ သို့သော် ပြဋ္ဌာန်း ခဲ့သည့်အမိန့်မှာ ပဌမအချက်သာပါရှိ၍ ပြဋ္ဌာန်းချက်သည်၊ မပြည့်စုံ ချို့ယွင်းသော ပြဋ္ဌာန်းချက်ပင် ဖြစ်ငြားသော်လည်း၊ နိုင်ငံတော်အစိုးရက ဒုတိယညွှန်ကြားချက်ကို ထပ်မံ ကျေညာနိုင်သည်ဖြစ်၍၊ ပြဋ္ဌာန်းချက်သည် တရားဝင်ပါသည်ဟု လိုက်ပါ ဆောင် ရွက်သူ ပညာရှိရွှေနေကြီး ၃ ဦးစလုံးကပင် လက်ခံကြသည်။

ထိုကဲ့သို့ကျေညာခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့ မှန်းလွဲအချိန်၌ အဖွဲ့ဝင်များသည်၊ ရာထူးသက်တမ်း ကုန်ဆုံးကြ၍၊ ပုဒ်မ ၂၂၀ (၃)အရ၊ မြို့နီစီပါယ်အဖွဲ့၏ အာဏာနှင့် ဝတ်တရားများသည်၊ ထိုစဉ်အခါက အမှုထမ်းနေသော မြို့နီစီပါယ်မင်းကြီးအား အပ် နှင်းပြီးဖြစ်ခဲ့သည်။ သို့သော် မြို့နီစီပါယ်မင်းကြီး ဦးထွန်းအုံက ဆက်လက်အမှုမထမ်းဘဲ ထိုနေ့စွဲနှင့်ပင် မိမိရထိုက်သော အခွင့် ၃ လနှင့် ရက် ၂၀ ကို ရယူသည်ဟုအမိန့်ချ မှတ်သည်။ ထိုအမိန့်နှင့်အတူ မိမိအခွင့်ယူ၍ လစ်လပ်မည်ဖြစ်သောနေ့ရာ၌ မင်းကြီး

၁၉၆၀

ရဲဘော် ဖေတင်
နှင့်
ဒီမိုကရေစီ
ဒေသန္တရ
အုပ်ချုပ်ရေးနှင့်
ဒေသန္တရအဖွဲ့
များဌာနဝန်ကြီး
ပါ ၂။

အဖြစ်နှင့်ဆောင်ရွက်ရန် ဗိုလ်မှူးကြီး ထွန်းစိန်ကို ခန့်အပ်ခဲ့သည်။ အခွင့်စေ့သောနေ့၌ ဦးထွန်းအုံက အလုပ်မှ နုတ်ထွက်ခဲ့၍၊ ဗိုလ်မှူးကြီး ထွန်းစိန်ကပင် လက်ခံပြီး မင်းကြီးအဖြစ်နှင့် ဆက်လက်အမှုထမ်းခဲ့သည်။ အိမ်စောင့်အစိုးရ နုတ်ထွက်မည့်အချိန်၌ မိမိ၏ မူလဌာနဖြစ်သော တပ်မတော်သို့ ဗိုလ်မှူးကြီး ထွန်းစိန် ပြန်ရမည်ဖြစ်၍ ယခုလက်ရှိ မင်းကြီး ဦးကျော်မင်းကို ၎င်းနေရာ၌ မင်းကြီးအဖြစ် ခန့်အပ်ခဲ့ပြန်သည်။

ဤကဲ့သို့ ထူးထူးဆန်းဆန်း ပြုလုပ်ခဲ့ရခြင်းမှာ မြို့နိုစီပါယ်မင်းကြီးတဦးကို အစိုးရ အနေနှင့် အခွင့်လည်း မပေးနိုင်။ ခန့်အပ်ခြင်းလည်း မပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။ သာမန်အားဖြင့် မင်းကြီးကို မြို့နိုစီပါယ်အဖွဲ့ကသာ မြို့နိုစီပါယ် အက်ဥပဒေ ပုဒ်မ ၂၇ အရ ခန့်အပ်နိုင်သည်။ မင်းကြီးရာထူး လစ်လပ်၍ ယာယီအားဖြင့် အခြားသူ တဦးတယောက်ကို ခန့်ရန်ရှိလျှင်လည်း မြို့နိုစီပါယ်အဖွဲ့ကသာ ပုဒ်မ ၂၇ (၄) အရ ခန့်အပ်နိုင်ခွင့်ရှိသည်။ သာမန်အားဖြင့် အဖွဲ့ဆိုသည်မှာလည်း အဖွဲ့ဝင်လူကြီးများပင် ဖြစ်ရမည်။ အခြေအနေအရ မြို့နိုစီပါယ်အဖွဲ့ဝင်ဟူ၍လည်း မရှိသည့်အခါ၌ အဖွဲ့၏ အာဏာနှင့် ဝတ်တရားများမှာ အမှုထမ်းနေသော မင်းကြီး၌သာ ပုဒ်မ ၂၂ဂ (၃) အရ တည်ရှိနေ၍ မင်းကြီးနှင့် အစိုးရ နားလည်မှုယူပြီး အစိုးရ၏ ညွှန်ကြားချက်အရ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ပြုလုပ်ခဲ့ရခြင်းသာဖြစ်သည်။ [ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးဝန်ကြီးဌာနဖိုင်တွဲ၊ အုပ်ချုပ်ရေးဌာနခွဲ အမှတ် ၁၆၁ ဌဒ (ဂ) ၅၀ တွင် ပါရှိသည့် နိုင်ငံတော်ချေနေချုပ်၏ထင်မြင်ချက်၊ အတွင်းဝန်နှင့် ဝန်ကြီးတို့၏ မှတ်ချက်များကိုကြည့်ပါ။]

လျှောက်ထားသူ ရဲဘော်ဖေတင်သည်၊ မြို့နိုစီပါယ်အဖွဲ့တွင် လူကြီးအဖြစ် အရွေးခံပါဝင်ခဲ့သူတဦးဖြစ်သည်။ မိမိအတွက် လိုက်ပါ ဆောင်ရွက်သော ပညာရှိ ရွေးကြီး ဦးချောင်ဖိုးက အဖွဲ့ဝင်များ၏သက်တမ်းကို အစိုးရက ကုန်ဆုံးသည်ဟု သတ်မှတ်နိုင်ခွင့် ရှိကြောင်းကို မငြင်း။ သို့သော် ဦးထွန်းအုံက မိမိကိုယ်ကို မိမိအခွင့်ပေးခဲ့ခြင်း၊ မိမိ နေရာ၌ ဗိုလ်မှူးကြီးထွန်းစိန်ကို ခန့်အပ်ခြင်း၊ ဗိုလ်မှူးကြီး ထွန်းစိန်ကတဖန် ဦးကျော်မင်းကို ခန့်အပ်ခြင်းမှာ လုံးဝတရားမဝင်။ ရန်ကုန်မြို့နိုစီပါယ်အက်ဥပဒေအရ၊ မင်းကြီးကဲ့သို့သော ပုဂ္ဂိုလ်တဦးကို အဖွဲ့ဝင်များကသာ ခန့်အပ်ရန် ရည်ရွယ်သည်မှာ ထင်ရှား၍ မင်းကြီးတဦးက မိမိနေရာတွင် လုပ်ငန်းခန့်အပ်ခြင်းမှာ တရားမဝင်ဟု လျှောက်ထားသည်။ အဖွဲ့ဝင်များမရှိသည့်အချိန်၌ ဖြစ်ပေါ်လာသောကိစ္စ ဖြစ်၍ မြို့နိုစီပါယ် အက်ဥပဒေပုဒ်မ ၂၇ အရ မင်းကြီးတဦး ခန့်အပ်နိုင်ပါရန် လတ်တလောဥပဒေတခု ထုတ်ပြန်ကျေညာပြီးအဖွဲ့ဝင်လူကြီးများ ခန့်အပ်သင့်ကြောင်းကိုလည်း လျှောက်ထားပြန်သည်။

ယင်းသို့ အစိုးရ လုပ်သင့်သည်ဆိုသောအချက်ကို ချုံးတော်က စဉ်းစားရန်မလို။ အဘယ်ကြောင့်ဆိုသော် ဤချုံးတော်၏ တာဝန်သည် ဦးထွန်းအုံနှင့် ဗိုလ်မှူးကြီး

၁၉၆၀

ရဲဘော် ဖေတင်နှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များဌာနဝန်ကြီးပါ ၂။

ထွန်းစိန်တို့ ချမှတ်ခဲ့သော အမိန့်များကို အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်သင့်သည် မသင့်သည်ဟူသော ပြဿနာကိုသာ ဆုံးဖြတ်ရန်ဖြစ်သည်။

ချမှတ်ခဲ့သောအမိန့်များမှာ အုပ်ချုပ်ရေးနှင့်သာ ပတ်သက်သော အမိန့်များ ဖြစ်သည့်အပြင် အထက်တွင် ဖော်ပြပြီးသည့်အတိုင်း ထိုပုဂ္ဂိုလ် ၂ ဦးသည်၊ မြို့နီစီပါယ် အဖွဲ့၏ အာဏာနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်သူများဖြစ်ကြသည်။ ထိုပုဂ္ဂိုလ် ၂ ဦးမှလွဲ၍ ဤကဲ့သို့သော အမိန့်များကို ချမှတ်နိုင်သူလည်းမရှိ။ ချမှတ်ခဲ့သော အမိန့်များမှာလည်း ရန်ကုန် မြို့နီစီပါယ်အက်ဥပဒေအရ ချမှတ်သော အမိန့်များ ဖြစ်သည့်အလျောက်၊ ဥပဒေစည်းဝိုင်းအတွင်းသို့ ကျရောက်သော အမိန့်များ ဖြစ်သည်ဟု ဤရုံးတော်က ယူဆရပေမည်။

လျှောက်လွှာတွင် ဖော်ပြသည့် အခြား လျှောက်ထားချက်မှာ နိုင်ငံတော်အစိုးရနှင့် မြို့နီစီပါယ်မင်းကြီးတို့အား အာဏာပေး စာချုန်တော် အမိန့်ဖြင့် ရွေးကောက်ပွဲ ကျင်းပရန် ညွှန်ကြားရန်ပင်ဖြစ်သည်။ ဤကဲ့သို့သော စာချုန်တော်အမိန့်ကို ချမှတ်နိုင်ရန် လျှောက်သူက လျှောက်ထားခံရသူများထံမှ လိုသည်ကို တောင်းဆိုရဦးမံည်။ တောင်းဆိုသည်ကို လျှောက်ထားခံရသူများက ငြင်းပယ်မှသာ အာဏာပေး စာချုန်တော် လျှောက်ထားနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်မည်။ ရဲဘော်ဖေတင်က ဤကဲ့သို့ တောင်းဆိုခြင်းလည်းမပြု။ ယခုလက်ရှိ မြို့နီစီပါယ်မင်းကြီးကလည်း ရွေးကောက်ပွဲကျင်းပရန် စိုင်းပြင်းနေပါသည်ဟု ကျမ်းကျိန်စာတွင် ဖော်ပြထားသည်။

မြို့နီစီပါယ်မင်းကြီးအတွက် လိုက်ပါ ဆောင်ရွက်သူ ပညာရှိ ရှေနေကြီး ဦးညွန့်တင်က ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း လျှောက်ထားသည်။

(၁) အစိုးရပြဋ္ဌာန်းသည့်အမိန့်တွင် ရွေးကောက်ပွဲလုပ်ရန်ကို ဖော်ပြထားခြင်း မရှိ၍၊ နောက်ထပ်လာမည့် ညွှန်ကြားချက်ကို စောင့်ဆိုင်းရင်း မြို့နီစီပါယ်အဖွဲ့ရှိစဉ်က မဆောင်ရွက်နိုင်ခဲ့သော တာဝန်ဝတ်တရားများကို ဆောင်ရွက်နေရ၍ ရွေးကောက်ပွဲ လုပ်ရန် မစီစဉ်ခဲ့ကြောင်း။

(၂) ပုဒ်မ ၂၂၉ အရ ပြဋ္ဌာန်းသော ရွေးကောက်ပွဲ နည်းဥပဒေများမှာလည်း အက်ဥပဒေလိုက်ဖက်သို့ပင် လိုက်နာဆောင်ရွက်ရမည်ဖြစ်၍ နည်းဥပဒေ ပုဒ်မ ၂၀ အရ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းက ရွေးကောက်ပွဲ လုပ်သင့်ကြောင်း။ သို့သော် တဲ့အိမ်များဖျက်ပြီး လူဦးရေ တသိန်းကျော်ကို ရန်ကုန်မှပြင်ပ၌ နေထိုင်ခွင့်ပြုခဲ့ရ၍ မဲစာရင်းကိုပင် တိကျမှန်ကန်စွာ မပြင်နိုင်ခဲ့ကြောင်း။

(၃) ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရွှေးကောက်ပွဲ ကျင်းပထိုက်ပြန်သော်လည်း နိုင်ငံတော် ပါလီမန် ရွှေးကောက်ပွဲနှင့် ရင်ဆိုင်နေသည်ဖြစ်၍ ရွှေးကောက်ပွဲ မကျင်းပနိုင်ခဲ့ကြောင်း။

(၄) ယခုလက်ရှိ မင်းကြီး ဦးကျော်မင်းသည်၊ ၁၉၆၀ ခုနှစ်၊ ဧပြီလ ၃၀ ရက် နေ့တွင် အလုပ်ဝင်ခဲ့ပြီး ချက်ခြင်းလိုပင် စတင်၍ ရွှေးကောက်ပွဲ လုပ်နိုင်ရန် စိုင်းပြင်းနေကြောင်း။

၁၉၆၀ ရဲတော် ဖေတင်နှင့် ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့ များဌာနဝန်ကြီး ပါ ၂။

ဤလျှောက်လဲချက်များမှာ များစွာ စဉ်းစားထိုက်သောလျှောက်လဲချက်များ ဖြစ်သည်။ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလလောက်က အခြားမြို့များမှာကဲ့သို့ ရန်ကုန်မြို့မှာလည်း ရွှေးကောက်ပွဲ မလုပ်နိုင်ခဲ့သည်မှာ လုံလောက်သော အကြောင်းများ ရှိကောင်း ရှိပေလိမ့်မည်။ မည်သို့ပင် ဖြစ်စေကာမူ၊ မြန်မာပြည်၏မြို့တော်ဖြစ်သော ရန်ကုန်မြို့ကြီးတွင် မြူနီစီပါယ်အဖွဲ့ဟူ၍ မရှိသည်မှာ ၂ နှစ်ပင် နီးနေပြီဖြစ်၍ ယခုလက်ရှိ မင်းကြီးသည် ကျင်းပရမည်ဖြစ်သော ရွှေးကောက်ပွဲ အမြန်ဖြစ်မြောက်စေရန် ဆက်လက် ကြိုးစားသင့်ကြောင်း။ နိုင်ငံတော်အစိုးရကလည်း ပုဒ်မ ၂၂၈ (၁) အရ၊ ရွှေးကောက်ပွဲ ဖြစ်မြောက်စေရန် မပြဋ္ဌာန်းရသေးသည့် ညွှန်ကြားချက်ကို ပြဋ္ဌာန်းသင့်ကြောင်း ဤရုံးတော်က ဖော်ပြပြီး လျှောက်လွှာကို စရိတ်မရှိဲ ပယ်လိုက်သည်။

# တရားလွှတ်တော်ချုပ်

†၁၉၆၀

ဩဂုတ်လ
၂၆ ရက်။

ရန်ကုန်မြို့၊ ပစ္စည်းထိန်းဝန် (အယူခံတရားလို)

နှင့်

ဒေဘီချန်း ပါဉ (အယူခံတရားခံများ) *

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်းဥပဒေ ၁၀(၁)လူမဲ့ပိုင် ပစ္စည်းထိန်းဝန်အား၊ တရားခံအဖြစ် အစားထိုးသွင်းခြင်းအားဖြင့် မူလတရားစွဲဆိုသော အမှုမှာ အမှုသစ်မဖြစ်နိုင်။ ချေလွှာ အသစ်တင်သွင်းခွင့်မရှိ။ အမိန့် ဂ၊ နည်းဥပဒေ ၉ အရရှိသော အခွင့်အရေးများ။

မူလတရားခံအစား အမှုတွင် ဝင်ရောက်ချေပလျှောက်ထားသင့်သူ။

အယူခံ တရားခံ ဒေဘီချန် ဆိုသူက မီ(လ်)ကဆင်း ဆိုသူအပေါ်တွင် ငွေ ၁,၆၀,၀၀၀ ကျပ်ရလို ကြောင့်၊ တရားစွဲဆိုသည့်အမှုဌ် တရားလိုနှင့် တရားခံတို့ အဆိုနှင့် ချေလွှာဖြေလွှာများအသီးသီး တင်သွင်းကြပြီးနောက်၊ အမှုစစ်ဆေးရန် အစီအစဉ်များ ပြုလုပ်နေဆဲတွင် တရားခံဖြစ်သူမှာ လူမဲ့ (Insolvent)အဖြစ် ပြဋ္ဌာန်းခြင်းခံရသဖြင့် တရားလို၏လျှောက်ထားချက်အရ လူမဲ့ပိုင်ပစ္စည်း ထိန်းဝန်အား၊ တရားခံ၏ကိုယ်စား တရားခံအဖြစ် ထည့်သွင်းပြီးသည့်နောက်၊ တရားခံ၏ရှေ့နေက အငြင်းဖြစ်ချေလွှာကို တင်သွင်းခဲ့ရာ၊ ထိုချေလွှာကို တရားလိုက ကန့်ကွက်သဖြင့် တရားလွှတ်တော် ဒုတိယအတွင်းဝန်က အ ဆိုပါချေလွှာကို လက်မခံနိုင်ကြောင်း အမိန့်ချမှတ်လေသည်။ ထိုအမိန့်ကို မကျေနပ်၍၊ တရားလွှတ်တော်တွင် အယူခံဝင်ရောက်ရာ၊ တရားလွှတ်တော်ကလည်း ဒုတိယအတွင်းဝန်၏ အမိန့်ကို ထောက်ခံခဲ့သဖြင့်၊ ဤခုံးတော်၌ လာရောက်၍ စာချုန်တော်တရပ်လျှောက်ထားပြန်လေသည်။

**ဆုံးဖြတ်ချက်။** ။လူမဲ့ပိုင် ပစ္စည်းထိန်းဝန်အား၊ တရားခံအဖြစ် အစားထိုးသွင်းခြင်းအားဖြင့် မူလတရားစွဲဆိုသော အမှုမှာ အမှုသစ်တခုပြန်၍ မဖြစ်နိုင်ခေ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၁၀(၁)တွင်ပါသော စကားရပ်များအရ၊ အမှုသစ်တခု မဖြစ်နိုင်ခြင်းမှာ ထင်ရှားသည်။

သာမန်အားဖြင့်ဆိုလျှင်၊ တရားခံ၏အကျိုးကျေးဇူးတို့ကို ဆက်ခံသောသူကသာလျှင် မူလတရားခံအစားဝင်ရောက်၍၊ အမှုတွင် ချေပလိုကြောင်း ရုံးတွင် လျှောက်ထားသင့်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၇၇။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၀

ရန်ကုန်မြို့၊ ပစ္စည်းထိန်းဝန် နှင့် ဒေဘီချန်း ပါ ၃။

မည်သည့်နည်းနှင့်ဖြစ်စေ၊ အမှုတွင် တရားခံ၏အစား ဝင်ရောက်ချေပရာတွင် အမှုသစ်ဇာခုတွင် ဝင်ရောက်ချေပသကဲ့သို့ ချေလွှာအသစ်တင်သွင်းခွင့်မရှိချေ။ မူလတရားခံ၏ အခွင့်အရေးကိုသာလျှင် ဆက်ခံသူဖြစ်သည့်အဘွက်ကြောင့်တရားမကျင့်ထုံးဥပဒေအမိန့် ဂ၊ နည်းဥပဒေ ၉ အရ ထပ်လောင်း၍၊ ချေလွှာတင်သွင်းခြင်း (Additional written Statement)၊ သို့မဟုတ် နည်းဥပဒေ ၆(၁၇) အရ၊ မူလဘင်သွင်းသည့် ချေလွှာကို ပြင်ဆင်သော ချေလွှာများကို ရုံးတော်၏ ခွင့်ပြုချက်အရ တင်သွင်းခွင့်ရှိသည်။

အယူခံတရားလိုအတွက်။ ။ဦးဟုတ်စိန် လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံ အမှတ် (၁) အတွက်။ ။ဦးဟုန်ကျန် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးအောင်သာကျော်**။ ။ဤအမှုခေါ် စာချုန်တော် လျှောက်ထားသောကိစ္စသည်၊ တရားလွှတ်တော် မူလဘက်ဌာန၊ ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၄ မှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှုတွင် တရားလိုဖြစ်သူ ယခုအယူခံ တရားခံ ဒေဘီချန်းဆိုသူက မီ(လ်)ကဆင်း ဆိုသူအပေါ်တွင် ငွေ ၁,၆၀,၀၀၀ (ငွေတသိန်း ခြောက်သောင်းကျပ်တိတိ) ရလိုကြောင်း တရားစွဲဆိုခဲ့လေသည်။ ၎င်းအမှုတွင် တရားလိုနှင့် တရားခံတို့ အဆိုနှင့် ချေလွှာ ဖြောသွားများ အသီးသီး တင်သွင်းကြပြီးနောက်၊ အမှုစစ်ဆေးရန် အစီအစဉ်များ ပြုလုပ်နေဆဲတွင်၊ တရားခံဖြစ်သူမှာ လူမဲ့ (Insolvent) အဖြစ် ပြဋ္ဌာန်းခြင်းခံရလေသည်။ သို့ ပြဋ္ဌာန်းခြင်းခံရပြီးသည့်နောက် တရားလို၏ လျှောက်ထားချက်အရ လူမဲ့ပိုင်ပစ္စည်း ထိန်းဝန်အား၊ တရားခံ၏ကိုယ်စား တရားခံအဖြစ်ထည့်သွင်းရန် ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့စွဲဖြင့် အမိန့်တရပ် ချမှတ်ခဲ့လေသည်။ ထို့နောက် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ချေလွှာတင်ရန် ရက်ချိန်းရာ၊ နောက်ဆုံး ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ယခုအငြင်းဖြစ်ပွါးသော ချေလွှာကို တရားခံ၏ ရှေ့နေက တင်သွင်းခဲ့လေသည်။ ထိုချေလွှာကို တရားလိုက ကန့်ကွက်သဖြင့်၊ ၁၉၆၀ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဒုတိယအတွင်းဝန်က အဆိုပါချေလွှာကို လက်မခံနိုင်ကြောင်း အမိန့်ချမှတ်လေသည်။ ထိုအမိန့်ကို မကျေနပ်၍ တရားလွှတ်တော်တွင် အယူခံ ဝင်ရောက်ရာ၊ တရားလွှတ်တော်ကလည်း ဒုတိယအတွင်းဝန်၏ အမိန့်ကို ထောက်ခံခဲ့သဖြင့်၊ ဤရုံးတော်၌ လာရောက်၍ စာချုန်တော်တရပ် လျှောက်ထားပြန်လေသည်။

လူမဲ့ပိုင် ပိစ္စည်းထိန်းဝန်အား၊ တရားခံအဖြစ် အစားထိုးသွင်းခြင်းအားဖြင့်၊ မူလ တရားစွဲဆိုသောအမှုမှာ အမှုသစ်တခု ပြန်၍မဖြစ်နိုင်ချေ။ တရားမကျင့်ထုံးဥပဒေ

၁၉၆၀

ရန်ကုန်မြို့ ပစ္စည်းထိန်းဝန် နှင့် ဒေဘီချန်း ပါ ၃။

အမိန့် ၂၂၊ နည်းဥပဒေ ၁၀ (၁) တွင် ပါသောစကားရပ်များအရ အမှုသစ် တခုမဖြစ်နိုင်ခြင်းမှာ ထင်ရှားသည်။

10. (S.372) (1) In other cases of an assignment, creation or devolution of any interest during the pendency of a suit, the suit may, by leave of the Court, be continued by or against the person to or upon whom such interest has come or devolved.

Procedure in case of assignment before final order in suit.

သာမန်အားဖြင့်ဆိုလျှင် တရားခံ၏ အကျိုးကျေးဇူးတို့ကို ဆက်ခံသောသူကသာလျှင် မူလတရားခံအစား ဝင်ရောက်၍ အမှုတွင် ခုခံချေပလိုကြောင်း ရုံးတွင် လျှောက်ထားသင့်သည်။ မည်သည့်နည်းနှင့် ဖြစ်စေ၊ အမှုတွင် တရားခံ၏အစား ဝင်ရောက်ချေပရာတွင် အမှုသဘောတခုတွင် ဝင်ရောက် ချေပသကဲ့သို့ ချေလွှာအသစ် တင်သွင်းခွင့် မရှိချေ။ မူလတရားခံ၏အခွင့်အရေးကိုသာလျှင်ဆက်ခံသူတဦးဖြစ်သည့်အတွက်ကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ဂ၊ နည်းဥပဒေ ၉ အရ ထပ်လောင်း၍ ချေလွှာတင်သွင်းခြင်း (Additional Written Statement)၊ သို့မဟုတ် နည်းဥပဒေ ၆ (၁၇) အရ မူလတင်သွင်းသည့် ချေလွှာကို ပြင်ဆင်သော ချေလွှာများကို ရုံးတော်၏ခွင့်ပြုချက်အရ တင်သွင်းခွင့်ရှိသည်။ ယခုကိစ္စတွင် တင်သွင်းထားသော ချေလွှာမှာ အဆိုပါ နည်းဥပဒေများအရ တင်သွင်းခွင့်မရှိသော ချေလွှာဟု တရားလွှတ်တော် ဒုတိယအတွင်းဝန်နှင့် တရားငန်ကြီးတို့က ဆုံးဖြတ်ထားခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သော ကျင့်ထုံးကို အသုံးပြု၍ ချမှတ်သော အမိန့်များဟု မဆိုနိုင်ချေ။ လျှောက်ထားသူ အယူခံတရားလိုမှာ အထက် ဖေါ်ပြပါ နည်းဥပဒေနှင့် ကိုက်ညီသော ချေလွှာကို တင်သွင်းနိုင်သည့် အခွင့်အရေးရှိသည်။

ဤနှုံးတော်က ဝင်ရောက်စွက်ဖက်ရန် တစုံတရာ အကြောင်းမရှိသောကြောင့် အယူခံတရားလို၏ လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရွှေနေစရိတ် ၇၅ ကျပ်စေ။

## တရားလွှတ်တော်ချုပ်

## လင်ခွေးယား (ခေါ်) ရောင်အိပ် (လျှောက်ထားသူ)
## နှင့်
## ပြည်ထဲရေးဌာနဝန်ကြီး (လျှောက်ထားခံရသူ)*

† ၁၉၆၀ သြဂုတ်လ ၂၂ ရက်။

ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေပုဒ်မ ၅(က)ကို သုံးစွဲ၍ချမှတ်သော နယ်နှင်ဒဏ် အမိန့်ကို ပယ်ဖျက်ရန် အမှုခေါ် စာချွန်တော် လျှောက်ထားမက်ဆုံးဖြတ်ရန်မူများ။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူသည်၊ ဘိန်းကုန်ကူးသည်ဟု စွပ်စွဲခံပြီး၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ၅ (က)ကိုသုံးစွဲလျက်၊ ၎င်းအား ရန်ကုန်မြို့မှ ပခုက္ကူခရိုင်၊ ဆောမြို့သို့ ပြောင်းရွှေ့နေထိုင်စေသည့် နယ်နှင်ဒဏ် အမိန့်ကို ပယ်ဖျက်ပေးပါရန် အမှုခေါ် စာချွန်တော် လျှောက်ထားသော အမှုတွင် ဤရုံးတော်က ဆုံးဖြတ်ရန်မူများမှာ—

(၁) ဘိန်းသုပ်ငန်းလုပ်သည်ဆိုသည်ကို ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅(က)အရ အရေးယူသည့် အာဏာပိုင်ရွေးမှောက်၌ ခိုင်လုံသော အထောက်အထား ရှိ၊မရှိ။

(၂) ယင်းသို့ အထောက်အထားရှိလျှင်၊ ထိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမှ တားမြစ်ပိတ်ပင်ရန်အလို့ငှါ၊ အဆိုပါ အက်ဥပဒေ ပုဒ်မ ၅(က)အရ၊ အကယ်ပင်အရေးယူရန် လိုအပ်သည်၊ မလိုအပ်သည်။

အာဏာပိုင်များက လျှောက်ထားသူသည်၊ တကယ်ပင် ဘိန်းလုပ်ငန်းလုပ်ခဲ့သူဟု ယူဆစေကာမူ၊ နောက်ကာလ၌ ဆက်လက်လုပ်ကိုင်ခြင်းမှ ကာကွယ်ရန်အတွက် ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေပုဒ်မ ၅(က)အရ၊ အရေးယူရန် အကယ်ပင် လိုအပ်သည်ဟု ယုံကြည်ခဲ့ကျနပ်မှု ရှိ၊မရှိကို မစဉ်းစားဘဲ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက နယ်နှင်ပေးရန် ဘောင်းဆိုချက်ကို လိုက်လျောခြင်းသည် ဥပဒေနှင့်မကိုက်ညီ၊ လျှောက်ထားသူအား ဆောမြို့၌ နေထိုင်ရမည်ဟု ချမှတ်သောအမိန့်ကို ပယ်ဖျက်လိုက်လေသည်။

လျှောက်ထားသူအတွက်။ ။ဦးသိန်းဟန် လိုက်ပါ ရှေ့ဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါ ရှေ့ဆောင်ရွက်သည်။

---

* ၁၉၆၀ ခုနှစ်၊ ထုဇဝတ်အသေးအဖွဲလျှောက်လွှာအမှတ် ၉၀။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း အမိန့်ချမှတ်သည်။

၁၉၆၀

လင်ခွေးယား (ခေါ်) ရောင်အိပ် နှင့် ပြည်ထဲရေးဌာန ဝန်ကြီး။

ကရားဝန်ကြီးချုပ် ဦးမြင့်သိန်း။ ။စာချွန်တော် လျှောက်သူ လင်ခွေးယား (ခေါ်) ရောင်အိပ်သည်၊ ဘိန်းလုပ်ငန်းလုပ်သူတဦး ဖြစ်သည်ဟု ရန်ကုန်ရဲအဖွဲ့၏ စုံစမ်းချက်အရ နိုင်ငံတော်သမတ၏ နာမည်နှင့် ပြည်ထဲရေးဝန်ကြီးဌာနက ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅ (က) ကို သုံးစွဲလျက် ရန်ကုန်မြို့မှ ဟသံတခုခိုင်၊ အင်္ဂပူမြို့သို့ တနှစ် ပြောင်းရွှေ့နေရန် ၂၃-၄-၅၄ ရက်နေ့စွဲနှင့် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်က ထပ်မံ၍ အရေးယူခြင်းမရှိသဖြင့် လျှောက်ထားသူသည်၊ ရန်ကုန်မြို့သို့ ၁၉၅၅ ခုနှစ်၊ မတ်လလောက်တွင် ပြန်ရောက်နေထိုင်သည်။

၂၀-၇-၅၅ နေ့တွင် S.S. "Inchkilda" အမည်ရှိ သင်္ဘောပေါ်ဘွင် မိသော ဘိန်းအလုံး ၁၀၀ နှင့်ပတ်သက်၍ လျှောက်ထားသူအပေါ် ဥယစ်မျိုးဌာနက သံသယရှိခဲ့သည်။ ထိုကဲ့သို့ သံသယရှိခဲ့ခြင်းကြောင့် လျှောက်ထားသူ၏အိမ်ကို ရှာဖွေရာ၌တွေ့ရှိရသောလိပ်စာကပ်ပြား (Visiting Card) တွင် Messrs. Chong Siong Trading Company 109/111, Market Street, Singapore ဟုပါရှိ၍ စက််ပူမြို့၌ အလုပ်တိုက်ပင်ဖွင့်ထားပြီး ဘိန်းကုန်ကူးနေသည်ဟု ယူဆပုံရသည်။ သို့အတွက် စက််ပူမြို့ရှိ မူးယစ်စေတတ်သော ပစ္စည်းများ စုံစမ်းထောက်လှမ်းရေးဗဟိုအဖွဲ့ချုပ်သို့ မေးမြန်းခဲ့ရာ၊ အဖွဲ့၏ညွှန်ကြားရေးဝန်က ၂၀-၇-၅၅ နေ့စွဲပါစာနှင့် ချောင်ရှောင် ထရေဒင်ကုမ္ပဏီဆိုသည်မှာ အစုဝင် ၄ ဦးနှင့် စတည်ခဲ့ကြောင်း။ သို့သော် ၃၁-၇-၅၄ နေ့မှစ၍ ရောင်အိပ်ဆိုသူက အစုစပ်မှ နုတ်ထွက်ခဲ့ကြောင်း ပြန်ကြားသည်။

၁၉၅၅ ခု၊ အောက်တိုဘာလ ၂၄ ရက်နေ့စွဲပါစာနှင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာနက ယစ်မျိုးဌာန၏ အစီရင်ခံချက်အရ လျှောက်ထားသူကို နယ်နှင်ဒဏ် ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အရေးဆိုခဲ့သည်။ ကန့်သတ်သည့်ရက်မကုန်ဆုံးမီ အရေးဆိုခဲ့ပါလျှင် ကန့်သတ်သည့်ရက်တိုး၍ သတ်မှတ်ရန် ခဲယဉ်းမည်မဟုတ်။ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာနက အရေးဆိုသည့်အချိန်၌ လျှောက်ထားသူကလည်း ရန်ကုန်သို့ ပြန်ရောက်နေသည့်အပြင်၊ စက််ပူမြို့နှင့်ဆက်သွယ်သည်ဆိုသည်မှာလည်း စက််ပူ ညွှန်ကြားရေးဝန်၏ စာအရ အဆက်အသွယ် မရှိတော့ကြောင်း ပေါ်လွင်နေ၍ ရန်ကုန်ရဲအဖွဲ့သို့ မှတ်ချက်ချရန် စာရွက်စာတမ်းများကို ၃-၁၂-၅၇ ရက်နေ့က ပို့လိုက်လေသည်။ သို့သော်လည်း ယခုအမှု ပေါ်ပေါက်လာသည့်အချိန်အထိ ထိုစာရွက်စာတမ်းများ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်၍မရောက်ကြောင်း သိရှိရသည်။

၁၉၆၀

လင်ခွေးယား (ခေါ်) ရောင်အိပ် နှင့် ပြည်ထဲရေးဌာန ဝန်ကြီး။

ပြည်ထဲရေးဌာနက အရေးမယူခဲ့၍ လျှောက်ထားသူသည်၊ နယ်နှင်ဒဏ်မှ လွတ်မြောက်လာခဲ့ပါသည်ဟု ယာယီမျိုးမင်းကြီးနှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက စွပ်စွဲချက်မှာ အခြေအမြစ်မရှိ။ လျှောက်ထားသူသည် ၁၉၅၅ ခုနှစ်၊ မတ်လလောက်က ရန်ကုန်သို့ ပြန်ရောက်နေပြီးဖြစ်သည်။

* ၁၉၅၉ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြစ်ဝဲ့၌ သမ္မာန်တီးပေါ်က ဘိန်း ၄၆၃ လုံးကို ဘမ်းမိရာ၊ ယာယီမျိုးဌာနက စုံစမ်းပြီး ထိုဘိန်းမှာ လျှောက်ထားသူနှင့် ဆက်သွယ်သော ဘိန်းဟု အောက်ပါအကြောင်းများကြောင့် ယူဆခဲ့သည်။

(၁) လျှောက်ထားသူ နေထိုင်သည့် ၃၉ လမ်းရှိ အိမ်အမှတ် ၁၀၀ အောက်ထပ်ကို မြန်မာအမျိုးသမီးဖြစ်သူ ဒေါ်ရင်မေအား ပင်လယ်ငါးလုပ်ငန်းဌာန ရုံးခန်းဖွင့်လှစ်ရန် လျှောက်ထားသူက ငှါးရမ်းခဲ့သည်။

(၂) ထိုအမျိုးသမီးမှာ ရှေးကပင် ဘိန်းကုန်ကူးခဲ့ဘူးသောသူ တဦးဖြစ်သည်။

(၃) ပင်လယ်ငါးလုပ်ငန်း တည်ထောင်ရန် ထိုအမျိုးသမီးနှင့် စာချုပ်ချုပ်ဆိုသည့် စက်ဘီးမြို့ရှိ ငါးကုမ္ပဏီပိုင်ရှင် ဟန်ကိဆိုင်ဆိုသူမှာ ငါးလုပ်ငန်းကိုဘန်းပြပြီး စက်ဘီးမြို့၌ အကြီးအကျယ်ဘိန်းကုန်ကူးသူတဦးဖြစ်သည်။

(၄) အမျိုးသမီး၏ ငါးလုပ်ငန်း ကုမ္ပဏီမှာလည်း ဟန်ပြရုံသာဖြစ်၍ အကယ်စင်စစ် ဘိန်းလုပ်ငန်းကိုသာ လုပ်ခြင်းဖြစ်သည်။

(၅) ၄-၅-၅၉ နေ့ကမိသောဘိန်းမှာ စက်လေ့တခုပေါ်တင်ရန်ဖြစ်သည်။ သို့သော်လည်း ထိုစက်လေ့မှာ စက်ဘီးအထိသွားနိုင်သော စက်လေ့မဟုတ်။ အမျိုးသမီးနှင့် အစုစပ်ပါဝင်သည့် စက်ဘီးကုမ္ပဏီ၏ သဘော်ဘာ ၃ ဦးမှာ ၅-၅-၅၉ နေ့၌ ရန်ကုန်မထွက်ခွါရန် ပင်လယ်ဝင် အဆင်သင့်ရှိသည်။ ထိုသဘော်ဘာ တစင်းစင်းပေါ်သို့ ဘိန်းများကို တင်ပေးလိုက်ရန် ကြံရွယ်ခဲ့သည်ဟု ယာယီမျိုးဌာနကယူဆသည်။

ဤအကြောင်းများကိုကိုးကား၍ လျှောက်ထားသူသည် အမျိုးသမီးကို ဘန်းပြ၍၊ မိမိကိုယ်တိုင်ပင် ဘိန်းကုန်ကူးသည်ဟု စွပ်စွဲပြီး ၎င်းအား နယ်နှင်ဒဏ်ပေးရန် ယာယီမျိုးမင်းကြီးက ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနမှတဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ အရေးဆိုခဲ့ပြန်သည်။ ပြည်ထဲရေးဝန်ကြီးဌာနကလည်း လိုက်လျောရ၍ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့စွဲနှင့် လျှောက်ထားသူကို ပခုက္ကူခရိုင်၊ ဆောမြို့၌ ၁၉၆၁ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့အထိ ပြောင်းရွှေ့နေထိုင်ရန် အမိန့်ချမှတ်ခဲ့သည်။ လျှောက်ထားသူသည်၊ ယခုအခါ၌ ဆောမြို့တွင်နေထိုင်ရ၍ ဤငွေးတော်တွင် အမှုခေါ် စာချွန်တော် လျှောက်ထားလေသည်။

၁၉၆၀

လင်ခွေးယား (ခေါ်) ရောင်အိပ် နှင့် ပြည်ထဲရေးဌာန ဝန်ကြီး။

ဤအမှုကဲ့သို့ အလားတူအမှုမျိုးများတွင် ဤရုံးတော်က ဆုံးဖြတ်ရန်မူများချပြီး ဖြစ်သည်။ ထိုမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဘိန်းလုပ်ငန်း လုပ်သည်ဆိုသည်ကို ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅ (က) အရ အရေးယူသည့် အာဏာပိုင် ရှေ့မှောက်၌ ခိုင်လုံသော အထောက်အထားရှိ၊ မရှိ။

(၂) ယင်းသို့ အထောက်အထားရှိလျှင် ထိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမှ တားမြစ်ပိတ်ပင်ရန်အလို့ငှါ အဆိုပါ အက်ဥပဒေ ပုဒ်မ ၅ (က) အရ အကယ်ပင် အရေးယူရန် လိုအပ်သည်၊ မလိုအပ်သည်။

ဤမူများအတိုင်းသာလျှင် ယခုအမှုကိုလည်း ဆုံးဖြတ်ရပေမည်။ လက်ခံနိုင်သည့် အချက်မှာ စက်ဘူမြို့ရှိ ဘိန်းအကြီးအကျယ်လုပ်သူတဦးနှင့် မြန်မာအမျိုးသမီးတဦး တို့သည်၊ ပင်လယ်ငါးလုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ပြီး သဘော်သုံးစင်း ရန်ကုန်သို့ ရောက်လာသည်။ ဘိန်း ၄၆၃ လုံး မြစ်ဝရှိ သမ္မာန်တစင်းပေါ်တွင် မိသည့်နေ့ နောက်တရက်မှာ ထိုသဘော်ဘများ ရန်ကုန်မှ ထွက်ခွါသွားကြသည်။ သို့သော် ငါးလုပ်ငန်းအတွက် သဘော်ဘများ လာရောက်ခြင်းမှာလည်း ဤတကြိမ်သာဖြစ်သည်။ လုပ်ငန်းလည်း ၃ လမျှသာကြာခဲ့၍ လျှောက်ထားသူအိမ်ရှင်မှာ အိမ်လခပင် အပြည့်မရလိုက်ဟု သိရှိရသည်။ ဘိန်းလုပ်ငန်းကို စက်ဘူမြို့မှ ကုမ္ပဏီပိုင်ရှင်က လုပ်ခဲ့သည်ဟုပင် ယူဆခဲ့ပါမူ၊ ရန်ကုန်မှ ထိုကုမ္ပဏီပိုင် သဘော်ဘများနှင့် ထုတ်မည် ကြံစည်ကြောင်းကို မြန်မာအမျိုးသမီးက သိမှသိပေမည်။ အကြံတူလုပ်ခဲ့ကြသည်ဟုလက်ခံရန်ခဲယဉ်းသည်။ ၎င်းအမျိုးသမီး၏အလုပ်ခန်းတွင် စက်ဘူမြို့ရှိ သဘော်ရှင်၏ ကိုယ်စားလည်ဖြစ်သူ တဦး တည်းခိုသွားခြင်းမှာလည်း ငါးလုပ်ငန်းအတွက် လာရောက်ခြင်း ဖြစ်နိုင်သည်။ တဖန် ဒေါ်ရင်မေနှင့် လျှောက်ထားသူ အဆက်အသွယ် ရှိသည်မှာ ဒေါ်ရင်မေက အိမ်ငှါးဖြစ်ခြင်းကြောင့်သာ ဖြစ်နိုင်သည်။

ယစ်မျိုးမင်းကြီး၏ ၇-၁၂-၅၉ နေ့စွဲပါစာတွင် အောက်ပါအတိုင်း ပါရှိသည်။

"မြန်မာနိုင်ငံတွင် လင်ခွေးယား (ခေါ်) ရောင်အိပ်သည်၊ ဒေါ်ရင်မေအား ဘန်းပြပြီး နောက်ပိုင်းက ဘိန်းကုန်ကူးသက်သို့ စက်ဘူတွင်လည်း ဘိန်းဘုရင် တန်ကျင်စိန်နှင့် လင်စူး (ခေါ်) ကင်ဟိုဆိုင်အား ဘန်းပြပြီး ဘိန်းများကို အကြီးအကျယ် ကုန်ကူးကြပါသည်..... လင်ခွေးယားနှင့် တန်ကိစိန် တို့သည်၊ မြန်မာပြည်မှ ဘိန်းများကို ခိုးထုတ်ပြီး၊ စက်ဘူတွင် လှောင်ထားပြီး နောက်၊ အခြားတိုင်းပြည်များသို့ ဖြန့်ဖြူးကူးသန်းရောင်းဝယ်နေကြောင်း ပါရှိသော စက်ဘူမြို့၊ မူးယစ်စေတတ်သော စုံစမ်းထောက်လှမ်းရေးဗဟိုအဖွဲ့ချုပ်ညွှန်ကြားရေးဝန်၏စာတွင် ဖော်ပြထားပါသည်။"

၁၉၆၀

လင်ခွေးယား (ခေါ်) ရောင်အိပ် နှင့် ပြည်ထဲရေးဌာန ဝန်ကြီး။

ရည်ညွှန်းသော ညွှန်ကြားရေးဝန်၏ ၁၃-၅-၅၉ နေ့စွဲပါစာတွင် ဤကဲ့သို့ပါရှိသည်ကို မတွေ့ရ၊ ညွှန်ကြားရေးဝန်၏ ရေးသားချက်မှာ တန်ကိဆိုင်သည် စက်ဘူးမြို့တွင် ဘိန်းလုပ်ငန်း အကြီးအကျယ်လုပ်ကြောင်း ၁၉၅၉ ခုနှစ်တွင်း၌ နှစ်ကြိမ်၊ ၎င်းတန်ကိဆိုင်၏ ဘိန်းများကို စက်ဘူးတွင် ဘမ်းမိကြောင်းသာ ပါရှိသည်။ ရန်ကုန်အဆက်မှာ မည်သူ ဖြစ်သည်ဟု လုံးဝ ဖော်ပြထားခြင်းမရှိချေ။

ယခုအမှုကဲ့သို့သော အမှုများတွင် အမိန့်ချမှတ်ခံရသူများကို ချေပရန် အခွင့် ပေးလေ့ထုံးစံမရှိ၍ လျှောက်ထားသူသည် ထိုအခွင့်အရေးကိုမရခဲ့၊ သို့ရာတွင် ၎င်း အပေါ်၌ သံသယရှိသည်မှာ ဒေါ်ရင်မေနှင့်ဆက်၍သာဖြစ်ကြောင်း ထင်ရှားသည်။ ဒေါ်ရင်မေမှာလည်း အမြင်အားဖြင့် ကုန်သွယ်လုပ်ငန်း လိုက်စားသူ စစ်ဗိုလ်ကတော် တဦးဖြစ်သည့်အလျောက်၊ အိမ်ရှင်တဦးက လူငှါးမရှိသော အခန်းကို ၎င်းအားငှါးရမ်း ခဲ့ခြင်းမှာ အံ့သြဘွယ်ရာမရှိ။ယစ်မျိုးဌာနက ဒေါ်ရင်မေသည် ရှေးကပင် ဘိန်းလုပ်ငန်း လုပ်ခဲ့ဘူးသူတဦး ဖြစ်သည်ဟု စွပ်စွဲသော်လည်း ဤအကြောင်းကို လျှောက်ထားသူ အိမ်ရှင်က သိသည်ဟု ယူဆရန် ခဲယဉ်းပေလိမ့်မည်။

"အိမ်ငှါးမိ၍သာ ဘိန်းလုပ်ငန်းတွင်လည်း ပါဝင်သည်ဟု ယူဆခြင်းမှာ လုံလောက် သောအချက်အလက် မဟုတ်ဟု ဤရုံးတော်က ယူဆသည်။

ထို့ပြင်လည်း ဒေါ်ရင်မေ၏ ပင်လယ်ငါးလုပ်ငန်းမှာ ပျက်ပြားပြီးဖြစ်သဖြင့် ထပ်မံ၍ စက်ဘူးကုမ္ပဏီနှင့်လည်း စာချုပ်ခြင်းမရှိ၍ တန်ကိဆိုင်၏ သဘော်များ ရန်ကုန်သို့ လာရောက်နိုင်ရန် မဖြစ်နိုင်တော့ပေ။ သို့အတွက် အာဏာပိုင်များက လျှောက်ထား သူသည် တကယ်ပင် ဘိန်းလုပ်ငန်း လုပ်ခဲ့သူဟု ယူဆစေကာမူ၊ နောက်ကာလ၌ ဆက်လက်လုပ်ကိုင်ခြင်းမှ ကာကွယ်ရန်အတွက် ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်း စောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ ၅ (က) အရ အရေးယူရန်အကယ်ပင်လိုအပ်သည် ဟု ယုံကြည်ကြေနပ်မှု ရှိ မရှိကို မစဉ်းစားဘဲ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက နယ်နှင်းဒဏ်ပေးရန် တောင်းဆိုချက်ကို လိုက်လျောခြင်းသည် ဥပဒေနှင့်မကိုက်ညီ၊ လျှောက်ထားသူအား ဆောမြို့၌ နေထိုင်ရမည်ဟု ချမှတ်သောအမိန့်ကို ပယ်ဖျက် လိုက်သည်။ တင်ထားသော ၁၀,၀၀၀ တန် စာချုပ်ကိုပယ်ဖျက်စေရမည်ဟု အမိန့် ချမှတ်လိုက်သည်။

## တရားလွှတ်တော်ချုပ်

†၁၉၆၀
ဩဂုတ်လ
၅ ရက်။

အက် (စ်)၊ တီ၊ ဂလိုဗါး ပါ၂ (လျှောက်ထားသူများ)
နှင့်
ရေနံချောင်းမြို့၊ နယ်ပိုင် (အထူး) ရာဇဝတ်တရားသူကြီး (လျှောက်ထားခံရသူ)*

ရေနံမြေ(အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ ပုဒ်မ ၇၀(၂)၊ ပုဒ်မ ၆၂ နှင့် တွဲဘက်၍သာ အသုံးပြုနိုင်ခြင်း၊ ပုဒ်မ ၆၂ တွင် ပြစ်ဒဏ်များပါရှိခြင်း၊ ပုဒ်မ ၂(တ)''အလုပ်ရှင်''၏ အဓိပ္ပါယ်၊ တရားစွဲခံရမည့်သူများ။

ရေနံချောင်းမြို့၊ အလုပ်ရုံနှင့် ရေနံမြေ စစ်ဆေးရေးအရာရှိ မစ္စတာ ကေ၊ ဘာနာဂျီက လျှောက်ထားသူ ၂ ဦးအပေါ်တွင် ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေပုဒ်မ ၃၈ နှင့် ၄၀ အ ရ၊ တရားစွဲဆိုရာဝယ်၊ ၎င်းအက်ဥပဒေ ပုဒ်မ ၇၀(၂)အရ၊ လျှောက်ထားသူများသည်၊ မိမိတို့အမှုထမ်းနေသည့် အနည်းပိုင်ကုမ္ပဏီဖြစ်သော ဘီ၊အိုု၊စီ၊ကုမ္ပဏီတွင်အစုပါဝင်သူများမဟုတ်သဖြင့်၊ ၎င်းတို့အပေါ် ၌ တရားမစွဲနိုင်ခြင်းကြောင့်၊ ၎င်းတို့အပေါ်တွင်စွဲဆိုထားသော အဆိုပါ အမှုများကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန်သော်၎င်း၊ တားမြစ်စေစာချွန်တော်အမိန့်ဖြင့် ရပ်ဆိုင်းစေရန်သော်၎င်း လျှောက်ထားလေသည်။

**ဆုံးဖြတ်ချက်**။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၇၀(၂)ပါ ပြဋ္ဌာန်းချက်များသည်၊ ထိုဥပဒေ ပုဒ်မ ၆၂ ပါ ပြဋ္ဌာန်းချက်များနှင့် တွဲဘက်၍၊ အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသာဖြစ်သည်။ ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍၊ အဓိကပြဋ္ဌာန်းချက်များမှာမူ၊ ပုဒ်မ ၆၂ တွင်ပါရှိလေသည်။ ထိုပုဒ်မ ၆၂ အရဆိုလျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာ အလုပ်ရှင်သည်၊ အဆိုပါ အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံထိုက်စေရမည်ဟု ဖေါ်ပြထားလေသည်။ ထို့ပြင် ထိုအက်ဥပဒေပုဒ်မ ၂(တ)၌ ''အလုပ်ရှင်''ဆိုသည်မှာ၊ ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ရယူသည့် အလုပ်ကို ကြီးကြပ်လုပ်လိုသူများလည်း အပါအဝင်ဟု ပြဋ္ဌာန်းထားလေသည်။

ယင်းသို့ဖြစ်၍၊ အဆိုပါအက်ဥပဒေပုဒ်မ ၆၂ နှင့် ပုဒ်မ ၇၀(၂)တို့ကိုပုဒ်မ ၂(တ)နှင့်တွဲဘက်၍၊ လေ့လာသုံးသပ်လျှင်၊ ယခုကဲ့သို့သော မှုခင်းမျိုးတွင် တရားလို မစ္စတာ ကေ၊ ဘာနာဂျီသည်၊ ဘီ၊အိုု၊စီ၊(၁၉၅၄ ခု)လီမိတက်ကိုသော်၎င်း၊ ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက်၊ မည်သည့်အစုပါဝင်သူကိုမဆိုသော်၎င်း၊ ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ရယူသည့် အလုပ်ကို ကြီးကြပ်လုပ်ကိုင်သူ မည်သူကိုမဆိုသော်၎င်း တရားစွဲဆိုနိုင်သည်။

---

* ၁၉၆၀ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲလျှောက်လွှာအမှတ် ၉၁၊ ၉၂။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီး နှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

ဤအမှုဌ္ဌ ယခုလျှောက်ထား သူများသည်၊ မစ္စတာ ကေ၊ ဘာနာဂျီက ထိုသို့တရားဆွဲဆို နိုင်သော သူများဟုတ်၊ မဟုတ်ကို၊ တရားလိုဘက်က သက်သေ အထောက်အထား ပြရမည်ဖြစ်သည်။

၁၉၆၀

အက်(စ်)၊ တီ၊ ဂလိုဗါး ပါ ၂ နှင့် ရေနံချောင်းမြို့၊ နယ်ပိုင်(အထူး) ရာဇဝတ် တရား သူကြီး။

လျှောက်ထားသူများအတွက် ။ ။ဦးသန်းအောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက် ။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင် ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။လျှောက်ထားသူအမှတ် (၁) မစ္စတာ ဂလိုဗါးသည် ဘီ၊အိုး၊စီ၊ (၁၉၅၄ ခု) လိမိတက်တွင် ဒါရိုက်တာလူကြီးတဦးဖြစ်၍၊ လျှောက်ထားသူ အမှတ် (၂) မစ္စတာ ဖင်လေ သည်၊ ထိုကုမ္ပဏီတွင် ယခုလက်ထောက်အုပ်ချုပ်ရေး အရာရှိအဖြစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်ဟုဆို၏။ ရေနံချောင်းမြို့၊ အလုပ်ရုံနှင့် ရေနံမြေ စစ်ဆေးရေးအရာရှိ မစ္စတာ ကေ၊ ဘာနာဂျီက ထိုလျှောက်ထားသူ ၂ ဦး အပေါ်၌ ရေနံချောင်းမြို့၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၀ ခု၊ ရာဇဝတ်ကြီးမှု အမှတ် ၂၆ ၌ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ ပုဒ်မ ၃၀ အရရှင်း၊ ထိုရုံးရာဇဝတ်ကြီးမှုအမှတ် ၂၇/၆၀ ၌ ယင်းအက်ဥပဒေပုဒ်မ ၄၀ အရရှင်း တရားစွဲဆိုခဲ့ရာ၊ ထိုအမှုများကိုအမှုခေါ်စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ရန် သော်၎င်း၊ တားမြစ်စေ စာချုန်တော်အမိန့်ဖြင့် ရပ်ဆိုင်းစေရန်သော်၎င်း လျှောက်ထား ကြလေသည်။

လျှောက်ထားသူများ၏ ပညာရှိ ရှေ့နေကြီးက အထက် ဖော်ပြပါ အက်ဥပဒေ ပုဒ်မ ၇၀ (၂) ကို အကိုးအကားပြု၍ ထိုကုမ္ပဏီသည်၊ အနည်းပိုင်ကုမ္ပဏီဖြစ်ရကား၊ လျှောက်ထားသူများသည်၊ ထိုကုမ္ပဏီတွင် အစုပါဝင်သူများမဟုတ်သဖြင့်၊ ၎င်းတို့ အ ကြောင်း တရားမစွဲဆိုနိုင်ပါဟု လျှောက်ထားလေသည်။ သို့သော် ထိုပုဒ်မ ၇၀ (၂) ပါ ပြဋ္ဌာန်းချက်များသည် အဆိုပါ အက်ဥပဒေပုဒ်မ ၆၂ ပါ ပြဋ္ဌာန်းချက်များနှင့် တဲ့ဝက်၍ အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသာဖြစ်သည်။ ပြစ်ဒဏ်များနှင့် စပ် လျဉ်း၍ အဓိကပြဋ္ဌာန်းချက်များမှာမူ ပုဒ်မ ၆၂ တွင် ပါရှိလေသည်။ ထိုပုဒ်မ ၆၂ အရ ဆိုလျှင် ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာ အလုပ်ရှင်သည်၊ အဆိုပါ အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံထိုက် စေရမည်ဟု ဖော်ပြထားလေသည်။ ထို့ပြင် ထိုအက်ဥပဒေ ပုဒ်မ ၂ (တ) ၌ "အလုပ် ရှင်" ဆိုသည်မှာ ရှေ့နေ၊ သို့တည်းမဟုတ် ရေနံခါတ်ငွေ့ ရယူသည့်အလုပ်ကို ကြီးကြပ် လုပ်ကိုင်သူများလည်း အပါအဝင် ဖြစ်သည်ဟု ပြဋ္ဌာန်းထားလေသည်။

၁၉၆၀

အက်(စ်)၊ တီး ဂလိုဗါး ပါ ၂ နှင့် ရေနံချောင်းမြို့၊ နယ်ပိုင်(အထူး) ရာဇဝတ် တရား သူကြီး။

ယင်းသို့ဖြစ်၍ အဆိုပါ အက်ဥပဒေပုဒ်မ ၆၂ နှင့် ပုဒ်မ ၇၀ (၂) တို့ကို ပုဒ်မ ၂ (တ) နှင့် တွဲဘက်၍ လေ့လာသုံးသပ်လျှင် ယခုကဲ့သို့သော မှုခင်းမျိုးတွင် တရားလို မစ္စတာ ကေ၊ ဘာနာဂျီသည်၊ ဘီ၊အိုး၊စီ၊ (၁၉၅၄ ခု) လိမိတက်ကိုသော်၎င်း၊ ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက်၊ မည်သည့်အစုပါဝင်သူကိုမဆိုသော်၎င်း၊ ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ ရယူသည့်အလုပ်ကို ကြီးကြပ်လုပ်ကိုင်သူ မည်သူ့ကိုမဆိုသော်၎င်း ဟရူး စွဲဆိုနိုင်သည်။ ဤအမှုဌ် ယခု လျှောက်ထားသူ မစ္စတာ ဂလိုဗါးနှင့် မစ္စတာ ဖင်လေတို့သည်၊ မစ္စတာ ကေ၊ ဘာနာဂျီက ထိုသို့တရားစွဲဆိုနိုင်သောသူများ ဟုတ် မဟုတ်ကို တရားလိုဘက်က သက်သေ အထောက်အထားပြရမည်ဖြစ်သည်။ ယခုအမှု၏ အခြေအနေတွင် သက်သေ မစစ်ဆေးရသေးသည်ဖြစ်၍ ဤရုံးတော်က မည်ကဲ့သို့မျှ ဆုံးဖြတ်ချက် ပေးနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် မစ္စတာ ဂလိုဗါးနှင့် မစ္စတာ ဖင်လေတို့၏ လျှောက်လွှာများကို ပယ်လိုက်သည်။

# တရားလွှတ်တော်ချုပ်

ဦးစောဦး (လျှောက်ထားသူ)

နှင့်

၁။ အကောက်တော်မင်းကြီး၊ ရန်ကုန်မြို့။

၂။ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး)၊ ရန်ကုန်မြို့၊ (လျှောက်ထားခံရသူများ)*

†၁၉၆၀ ဩဂုတ်လ ၅ ရက်။

**ပင်လယ်ကြောင်း၊ အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇(က)၊ အထူးသက်သေဥပဒေ၊ မည်သည့် အခါ အသုံးပြုရန်မသင့်တော်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ရှေ့ရောင်းရှေ့ငယ် ကိစ္စကို တွင်တွင်ကျယ်ကျယ်ကြီး ၁၀ နှစ်ကျော်မျှလုပ်ကိုင်လာသူ၏ လက်ဝယ်တွင် စုစုပေါင်း တန်ဘိုးငွေ ၃၉,၀၄၂ ကျပ်တန် ရွှေများတွေ့ရှိရသည့်အနက်၊ ဟာဘစ်ဘဏ်တံဆိပ်ပါ ငါးတိုလာစီးသော ရွှေပြားတပြားမှာ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (ဂ) နှင့် နိုင်ငံခြားငွေလဲမှု ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၉(၃)ပါ ဥပဒေရပ်များကို ချိုးဖောက်၍ သွင်းယူလာသော ရွှေတရပ်ဖြစ်သည်ဟု ပင်လယ်ကြောင်းအကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇(က)အရ ပြဋ္ဌာန်းထားသော အထူးသက်သေခံမူကို အသုံးပြု၍၊ အရေးယူသည့်ကိစ္စတွင် နိုင်ငံခြားရွှေများကို ၁၉၅၁ ခုနှစ်လောက်က အစိုးရလိုင်စင်ဖြင့် ရွှေကုန်သည်များ တင်သွင်းနိုင်ခဲ့ရာ၊ ယခုမျှလောက် သေးငယ်သော အလေးချိန်ရှိရွှေကို လုပ်ရိုးလုပ်စဉ်အတိုင်း သဘောရိုးဖြင့် ရန်ကုန်မြို့တွင်ပင်ဝယ်ယူနိုင်ခြင်း၊ အခြားမိမိပိုင်ရွှေအမြောက်အမြားမှာ လိုင်စင်အရ ဝယ်ယူတင်သွင်းခဲ့သော ရွှေများဖြစ်သည်ကို ထောက်ထား၍၊ အဘိုးအနည်းငယ်မျှတန်သော ရွှေပြား ကလေး တပြားမှာ ဥပဒေကို ချိုးဖောက်၍ တင်သွင်းလာသော ပစ္စည်းဟု မသက်ဆိုစရာအကြောင်းမရှိခြေ။ ရိုးရိုးသားသားဝယ်ယူရရှိသော ပစ္စည်းဟုသာလျှင် ယူဆဘွယ်ရာအကြောင်းရှိသည်။ သို့အတွက် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (က) အရ ပြဋ္ဌာန်းထားသော အထူးသက်သေခံမူကို အသုံးပြုရန် လုံးဝမသင့်တော်ခြေ။

လျှောက်ထားသူအတွက်။ ။ဦးဝမ်ဟုတ် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထား ခံရသူများအတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၇၁။

† နိုင်ငံတော် တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီး နှင့် ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၀

ဦးစောဦးနှင့် ၁။ အကောက်တော်မင်းကြီး၊ ရန်ကုန်မြို့။ ၂။ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး)၊ ရန်ကုန်မြို့။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။ဒေလျှောက်ထားသူ ရွှေကုန်သည်ကြီး ဦးစောဦးသည်၊ ရန်ကုန်မြို့၊ ရွှေဘုံသာသနာ့မှူးတွင် စီးပွါးရေး အခြေစိုက်၍ ရွှေရောင်းရွှေဝယ်ကိစ္စကို တွင်တွင်ကျယ်ကျယ်ကြီး လုပ်ကိုင်လာခဲ့ရာ၊ ၎င်း၏လက်ဝယ်ဘွင် စုစုပေါင်း တန်ဘိုးငွေ ၃၉,၀၄,၂၄၂ ကျပ်တန် ရွှေများ တွေ့ရှိရသည့်အနက်၊ ဟာဘစ်ဘဏ် တံဆိပ်ပါ ငါးဘိုလာစီးသော ရွှေပြားတပြားမှာ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၁) နှင့် နိုင်ငံခြားငွေလဲလှယ်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၉ (၃) ပါ ဥပဒေရပ်များကို ချိုးဖောက်၍ သွင်းယူလာသော ရွှေတရပ်ဖြစ်သည်ဟု ယူဆ၍ အကောက်တော်မင်းကြီးက ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၈၃ အရ ဦးစောဦးအား၊ ဒဏ်ငွေ ၁,၀၀၀ တပ်ရိုက်သည်ကို မကျေနပ်၍ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ထံ အယူခံဝင်ရာ၊ အကောက်တော်မင်းကြီး၏ အမိန့်ကို အတည်ပြုလိုက်သဖြင့်၊ ဤရုံးတော်တွင် အဆိုပါအမိန့်များကို ပယ်ဖျက်ပေးရန် အမှုခေါ် စာချုပ်တော်တရပ် လျှောက်ထားခဲ့သည်။

အကောက်တော် အာဏာပိုင်များက ၎င်းတို့၏ အမိန့်များကို ချမှတ်ရာတွင် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (က) တွင်ပါသော ပြဋ္ဌာန်းချက်ကို အကိုးအကားပြု၍ အမိန့်ချမှတ်ကြသည်ကို တွေ့ရှိရသည်။ အဆိုပါ ပြဋ္ဌာန်းချက်၏ သဘောအဓိပ္ပါယ်မှာ—

> "ကုန်ပစ္စည်းတခုခုကို နိုင်ငံတွင်းသို့ သွင်းသည့်ကိစ္စ၊ သို့မဟုတ် နိုင်ငံတွင်းမှ ထုတ်သည့် ကိစ္စများကို ပုဒ်မ ၁၉ အရ တားမြစ်ချုတ်ချယ်ထားခြင်း ရှိခဲ့လျှင် အဆိုပါ ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သော အမှုကိစ္စရပ်တို့တွင် ထိုပစ္စည်းကို ထိုသို့သွင်းခြင်း၊ ဆုတ်ခြင်းစသော ပြဿနာရပ်များ ပေါ်ပေါက်ခဲ့သော်၊ သက်သေပြရန် တာဝန်မှာ စွပ်စွဲခြင်း ခံရသူအပေါ်တွင် ရှိစေရမည်။"

ဟူ၍ဖြစ်သည်။

လျှောက်ထားသူ၏ လက်ဝယ်ဘွင် တွေ့ရှိရသော ငါးတိုလာမျအချိန်စီးသော ဟာဘစ်ဘဏ်ဆိပ်ပါသည့်ရွှေနှင့် စပ်လျဉ်း၍ အရေးယူရာတွင် ပင်လယ်ကြောင်း အကောက်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၆၇ (က) အရ ပြဋ္ဌာန်းထားသော အထူးသက်သေခံမူကို အသုံးပြုရန် လုံးဝမသင့်တော်ဟု ယူဆစရာ အကြောင်းရှိသည်။ လျှောက်ထားသူသည် ရွှေရောင်းရွှေဝယ် စီးပွါးရေးလုပ်ငန်းတွင် ၁၀ နှစ်ကျော်မျှ တွင်တွင်ကျယ်ကျယ်ကြီးလုပ်ကိုင်လာသူတဦးဖြစ်သည်။ နိုင်ငံခြားရွှေများကို ၁၉၅၁ ခု နှစ်လောက်က အစိုးရလိုင်စင်ဖြင့် ရွှေကုန်သည်များ တင်သွင်းနိုင်ခဲ့ရာ၊ ယခုမျှလောက်

သေးငယ်သော အလေးချိန်ရှိ ရွှေကို လုပ်ရိုးလုပ်စဉ်အတိုင်း သဘောရိုးဖြင့် ရန်ကုန်မြို့တွင်ပင် ဝယ်ယူနိုင်ပေသည်။ အခြားမိမိပိုင်ရွှေ အမြောက်အမြားမှာ လိုင်စင်အရ ဝယ်ယူတင်သွင်းခဲ့သော ရွှေများဖြစ်သည်ကို ထောက်ထား၍ အဘိုးအနည်းငယ်မျှသာ တန်သော ရွှေပြားကလေးတပြားမှာ ဥပဒေကို ချိုးဖောက်၍ တင်သွင်းလာသော စစ္စည်းဟု မသက်ဆိုအကြောင်းမရှိချေ။ ရိုးရိုးသားသားဝယ်ယူရရှိသော ပစ္စည်းဟု သာလျှင် ယူဆတွယ်ရာ အကြောင်းရှိသည်။ သို့အတွက် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (က) အရ ပြဋ္ဌာန်းထားသော သက်သေခံဥပဒေကို အသုံးပြု၍ လျှောက်ထားသူအပေါ်တွင် ချမှတ်ထားသော အမိန့်မျှားမှာ မှားယွင်းသည်ဟု ယူဆ၍ အဆိုပါအမိန့်မျှားကို ပယ်ဖျက်လိုက်သည်။

၁၉၆၀

ဦးစောဦးနှင့်

၁။ အကောက်တော်မင်းကြီး၊ ရန်ကုန်မြို့။

၂။ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ရန်ကုန်မြို့။

# တရားလွှတ်တော်ချုပ်

ဦးပဏ္ဏဝပါ ၄ (စောဒကများ)

နှင့်

ဦးကောလိတ ပါ ၆ (စုဒိတကများ)*

†၁၉၆၀

ဇူလိုင်လ

၁၅ ရက်။

၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၃၅ (၁) အရ၊ သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံ၏ ဆုံးဖြတ်ပိုင်ခွင့် အာဏာ၊ ခုံဖွဲ့စည်းရာ သဘောတူချက် မပေးသော ပုဂ္ဂိုလ်များအပေါ် တွင် စီရင်ပိုင်ခွင့်အာဏာမရှိ။

**ဆုံးဖြတ်ချက်။** ။စုဒိတကများဖြစ်သူ၊ ဦးပညာသီဟ နှင့် ဦးသောမ တို့ဖြစ်ကြသော အနုဝါဒါဓိကရုဏ်းမှုတွင် ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၅ အရ၊ စုဒိတကများဖြစ်သော အရှင်နာဂဘိဝံသနှင့် ဦးပဒုမတို့အား၊ ခုံဝိနည်းခိုရ် ဆရာတော်များအဖြစ် တင်မြှောက်ပြီး၊ ဦးကောလိတက ကြားခုံဝိနည်းခိုရ် ဆရာတော်အဖြစ် ဆောင်ရွက်ရာ၊ ထိုဆရာတော်များက ဦးသောမ၏ အပေါင်းပါ ဆိုသူများမှာ၊ မည်သူမည်ဝါ ဖြစ်ကြောင်း ရှင်းလင်းဖော်ပြရန်မိန့်ဆိုလျှင်၊ ဦးသောမက ၎င်းတို့မှာ ယခုအမှုတွင် စောဒကများဖြစ်သော ဦးပဏ္ဏဝ၊ ဦးဇုန္နောဘာသ၊ ဦးပညာဇောတ နှင့် မောင်တင်တို့ဖြစ်သည်ဟု ဖော်ပြသောအခါ၊ ၎င်းပဂ္ဂိုလ် ၄ ဦးထံသို့ဆင့်စာများပေးပို့သော်လည်း၊ ၎င်းတို့က လာရောက်ချေပခြင်းမပြုကြချေ။ သို့အတွက် ဆရာတော်များသည် အမှုဆက်လက် စစ်ဆေးပြီးနောက်၊ ဝိနိစ္ဆယအဆုံးအဖြတ်ချမှတ်လိုက်လေသည်။

၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၅ (၁) အရဆိုလျှင်၊ စောဒကနှင့် စုဒိတကတို့ သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံမှသာလျှင်၊ ၎င်းတို့၏ အမှုကို စစ်ဆေးပိုင်ခွင့်ရှိသည်။ ယခုအမှုတွင်မူကား၊ အနုညာတခုံဖွဲ့စည်းရာ၌ စောဒကများဖြစ်သော ဦးပဏ္ဏဝ ပါ ၄ ဦးတို့မပါဝင်ခဲ့ချေ။ သို့ဖြစ်ရကား၊ ဝိနိစ္ဆယခုံသည် ၎င်းတို့၌ စပ်လျဉ်း၍ စစ်ဆေးစီရင်ပိုင်ခွင့်အာဏာမရှိသောကြောင့်၊ ၎င်းတို့အပေါ် ၌ ချမှတ်သောအမိန့်မှာ တရားမဝင် အတည်မဖြစ်နိုင်ချေ။

စောဒကများအတွက်။ ။ဦးဘသန်း (၁) လိုက်ပါ ဆောင်ရွက်သည်။

စုဒိတကအမှတ် (၄) အတွက်။ ။သခင်ချစ် လိုက်ပါဆောင်ရွက်သည်။

စုဒိတကအမှတ် (၅) အတွက်။ ။ကိုယ်တိုင်လာရောက်သည်။

စုဒိတကအမှတ် (၆) အတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

---

* ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၁၀၉။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီး နှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၀

ဦးပဏ္ဍ၀ ပါ ၄ နှင့် ဦးကောလိတ ပါ ၆။

တရားခန်းကြီး ဦးဘိုကြီး။ ။ဤအမှုတွင် မေတ္တာရပ်ခံသူ ဦးပဏ္ဍ၀၊ ဦးဇာနွေဘာသာ၊ ဦးပညာဇောတနှင့် မောင်တင်တို့က လျှောက်ထားခံရသည့်ပုဂ္ဂိုလ် ဦးပညာသီဟ စွဲဆိုသော အနုဝါဒါဓိကရဏ်းမှုတွင် ခုံဝိနည်းဓိုရ် ဆရာတော်များဖြစ်သော ဦးကောလိတ၊ အရှင်နာဂဝံသတိဝံသနှင့် ဦးပရမတ္ထိက မိမိတို့၏ သဘောတူညီချက်ကို တင်ကြို ရယူခြင်းမပြုဘဲ၊ ဗဟန်း၊ ရေတာရှည် တောင်ပေါ် ကျောင်းတိုက်မှ မိမိတို့အား ထွက်ခွါသွားကြစေရန်ချမှတ်သောအမိန့်မှာ ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၅ နှင့် ဖြောင့်ဖြောင်းကြီး ဆန့်ကျင်နေသောကြောင့် ထိုအမိန့်မှာ တရားမ၀င် မခိုင်လုံသဖြင့် အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပေးပါရန် ဤစုံးတော်သို့ မေတ္တာရပ်ခံကြလေသည်။

အမှုအဖြစ်အပျက်မှာ ဦးပညာသီဟသည်၊ ထို ဗဟန်း၊ ရေတာရှည် တောင်ပေါ် ကျောင်းတိုက်၏ နာယက ဆရာတော်အဖြစ်ဖြင့် ဦးသောမနှင့် အပေါင်းပါတို့သည် မိမိ၏ အမိန့်အာဏာကို မလိုက်နာဘဲ ဆန့်ကျင်မှုများ ပြုလုပ်နေကြကြောင်းဖြင့် ထိုကျောင်းတိုက်မှ ထွက်ခွါသွားကြစေရန် တရားစွဲဆိုလေသည်။ ဦးပညာသီဟနှင့် ဦးသော်မတို့သည်၊ ဤဖော်ပြပါ အက်ဥပဒေပုဒ်မ ၃၅ အရ အရှင်နာဂဝံသတိဝံသနှင့် ဦးပရမတ္ထိအား ခုံဝိနည်းဓိုရ်ဆရာတော်များအဖြစ် တင်မြှောက်ပြီး ဦးကောလိတက ကြားခုံဝိနည်းဓိုရ် ဆရာတော်အဖြစ် ဆောင်ရွက်လေသည်။ ထိုဆရာတော်များက ဦးသောမ၏ အပေါင်းပါ ဆိုသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ရှင်းလင်း ဖော်ပြရန် မိန့်ဆိုသောအခါ ဦးသောမက ၎င်းတို့မှာ ဦးပဏ္ဍ၀၊ ဦးဇာနွေဘာသာ၊ ဦးပညာဇောတနှင့် မောင်တင်တို့ ဖြစ်ပါသည်ဟု ဖော်ပြလေသည်။ ယင်းသို့ ဖော်ပြသည့်အတိုင်း ထိုပုဂ္ဂိုလ်များထံသို့ ဆင့်စာများပေးပို့ရာ၊ ၎င်းတို့က လာရောက် ချေပခြင်း မပြုကြချေ။ သို့အတွက် ဆရာတော်များသည် အမှုကို ဆက်လက်စစ်ဆေးပြီးနောက် ဝိနိစ္ဆယ အဆုံးအဖြတ်ချမှတ်လိုက်လေသည်။

အထက်ဖော်ပြပါ အက်ဥပဒေ ပုဒ်မ ၃၅၊ အပိုဒ် ၁ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

> "၃၅။ ။(၁) အခြားတည်ဆဲ ဥပဒေတခုခုတွင်သော်၎င်း၊ ပုဒ်မ ၁၆ တွင်သော်၎င်း မည်သို့ပင် ပါရှိစေကာမူ၊ ပုဒ်မ ၁၅ တွင် အကျုံးဝင်သည့် ဝိနည်းဓမ္မကံအဂိကရဏ်းမှု တမှုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန်အလို့ငှါ၊ မိမိတို့သဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်နိုင်သည်။"

ထိုပုဒ်မအရဆိုလျှင် စောဒကနှင့် စုဒ်တကတို့ သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံမှသာလျှင် ၎င်းတို့၏အမှုကို စစ်ဆေးပိုင်ခွင့်ရှိသည်။ ယခုအမှုတွင်မူကား၊ အနုညာတခုံဖွဲ့စည်းရာ၌ မေတ္တာရပ်ခံသူများမပါဝင်ခဲ့ချေ။ သို့ဖြစ်ရကား၊ ဝိနိစ္ဆယခုံသည်၊ ၎င်းတို့နှင့်

၁၉၆၀

ဦးပဏ္ဍ ပါ ၄ နှင့် ဦးကောလိတ ပါ ၆။

စပ်လျဉ်း၍ စစ်ဆေးစီရင်ပိုင်ခွင့်အာဏာ မရှိသောကြောင့် ၎င်းတို့အပေါ်၌ ချမှတ်သော အမိန့်မှာ တရားမဝင် အတည်မဖြစ်နိုင်ခေါ်။

ယင်းသို့ဖြစ်၍ ဦးပညာသီဟသည်၊ မေတ္တာရပ်ခံသူများအပေါ်၌ ဆက်လက် အရေးယူလိုလျှင် ငိုနီစ္ဆယခုံရုံးဖွဲ့ရန်အတွက် ယခုလျှောက်ထားသူများ၏ သဘောတူညီချက်ကို မရနိုင်ပါက အထက်ဖေါ်ပြပါ အက်ဥပဒေပုဒ်မ ၃၆ အရ ရန်ကုန်မြို့ရှိ၊ သက်ဆိုင်ရာ တရားမရုံးတွင် တရားစွဲဆိုရပေမည်။

ယခုအခင်းဖြစ်ကျောင်းတိုက်နှင့် စပ်လျဉ်း၍ ဦးပညာသီဟသည်၊ ဦးကုသလအား အလယ်ပိုင်းမြို့နယ် ငိုနီစ္ဆယဌာန၏ ၁၉၅၈ ခုနှစ်၊ အမှုအမှတ် ၄၈ တွင် တရားစွဲဆိုခဲ့ရာ အနိုင်ရရှိခဲ့သဖြင့် ယခုမေတ္တာရပ်ခံသူများမှာလည်း ဦးကုသလ၏ အခွင့်နှင့် လာရောက် နေထိုင်သူများ ဖြစ်သောကြောင့် ၎င်းတို့အား နှင်ထုတ်ပိုင်ခွင့်ရှိကြောင်းဖြင့် ဦးပညာသီဟက မေတ္တာရပ်ခံလေသည်။ သို့သော်ငြားလည်း ထိုအမှုတွင် ချမှတ်သော ငိုနီစ္ဆယ အဆုံးအဖြတ်မှာ ဦးပညာသီဟသည်၊ ရေတာရှည် တောင်ပေါ်ကျောင်းတိုက် နာယက ဆရာတော် ဖြစ်ကြောင်းမျှသာ မြွက်ဟသည့်အမိန့်ဖြစ်သည်ကိုသာတွေ့ရှိရလေသည်။ ဦးကုသလအား ထိုကျောင်းတိုက်မှ ထွက်ခွါသွားစေရန် တရားစွဲဆိုခြင်းမဟုတ်။ ယင်းသို့ ထွက်ခွါသွားစေရန် အမိန့်လည်း ချမှတ်သည်ကို မတွေ့ရခေါ်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ယခု မေတ္တာရပ်ခံသူများအပေါ်၌ ငိုနီစ္ဆယခုံ ချမှတ်သောအမိန့်မှာ တရားမဝင် အတည်မဖြစ်ဟု ဆုံးဖြတ်၍ ပယ်ဖျက်ရမည် ဖြစ်သည့်အတိုင်း ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့ တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြစေရန် ဖြစ်သည်။

# တရားလွှတ်တော်ချုပ်

ဦးမောင်မောင်ကြီး (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး ပါ ၃ (လျှောက်ထားခံရသူများ) *

† ၁၉၆၀ ဩဂုတ်လ ၂၆ ရက်။

ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) နိုင်ငံခြားကုန်ကို ပြည်တွင်းမှ ခိုးထုတ်ပြီး၊ ပြန်သွင်းသည့်ကိစ္စ၊ သိမ်းဆည်းသည့်အမိန့် လျော်ကန်သင့်မြတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။မြန်မာပြည်တွင်းသို့ အစိုးရအခွင့်အမိန့်ဖြင့် တင်သွင်းခဲ့သော နိုင်ငံခြားကုန်ပစ္စည်းများကို မသမာသောနည်းဖြင့် ပြည်ပသို့ ခိုးထုတ်ပြီးနောက် ပြည်တွင်းသို့ တဖန်ပြန်လည်တင်သွင်းသည့်အတွက် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇(ဂ)အရ အကောက်တော်မင်းကြီးက ၎င်းကုန်ပစ္စည်းများ သိမ်းဆည်းရန် ချမှတ်သည့်အမိန့်မှာ အလွန်လျော်ကန်သင့်မြတ်သောအမိန့်ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ အာ(ရှ်)၊ ဘာစူးနှင့် ဦးချောင်ဖိုးတို့ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။ယခု လျှောက်ထားသူ ဦးမောင်မောင်ကြီးသည်၊ ပေါင်ကောင်မြို့မှ တန်ဘိုးငွေ ၁၀,၂၅၀ ရှိ အော်ရီယိုမိုက်ဆင် ဆေးပုလင်း ၄၀၀ တင်သွင်းခဲ့ရာ၊ ရန်ကုန် အကောက်တော်ဌာနက ထိုဆေးပုလင်းများကို စစ်ဆေးရာ၌၊ ၎င်းတို့အနက် ၁၆၆ ပုလင်းမှာ အာ(ရှ်)၊အာ(ရှ်)၊ဂန္ဓိကုမ္ပဏီသည်၊ မူလကမြန်မာပြည်တွင်းသို့ တင်သွင်းခဲ့ပြီးနောက်၊ တဦးဦးက ပြည်ပသို့ ပြန်လည်ထုတ်ခဲ့သော ဆေးပုလင်းများဖြစ်ကြောင်း အထောက်အထားများကို အကောက်တော်မင်းကြီး တွေ့ရှိသဖြင့် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) အရ သိမ်းဆည်းပြီး ယင်းအက်ဥပဒေ ပုဒ်မ ၁၈၃ အရ၊ ထိုကုန်ပစ္စည်းများကို ရွှေးယူလိုလျှင်

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၅၈။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့နှောက်တင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၀

ဦးမောင်မောင်
ကြီး
နှင့်
ဘဏ္ဍာရေးနှင့်
အခွန်တော်
ဌာန
ဝန်ကြီး ပါ ၃။

ဒဏ်ငွေ ဂ,၅၀၀ နှင့် ကျသင့်သော အကောက်တော်ခွန်ကို ပေးဆောင်၍ ရွေးယူခွင့် ပြုလိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ယခု လျှောက်ထားသူက ဘဏ္ဍာတော်မင်းကြီးထံသို့ အယူခံဝင်ရာ၊ ဘဏ္ဍာတော်မင်းကြီးက ထိုပစ္စည်းများကို ရွေးယူခွင့်မပြုဘဲ အပြီးအပိုင် သိမ်းဆည်း၍ အကောက်တော်ဌာနမှ သင့်တော်သလို ရောင်းချရန် အမိန့် ချမှတ်လိုက်လေသည်။ သို့သော် ယင်းသို့အမိန့်ချမှတ်ခြင်းမပြုမီ၊ အကောက်တော်မင်းကြီးက ယခု လျှောက်ထားသူအား ရွေးယူခွင့်ပြုခဲ့သည့်အတိုင်း လျှောက်ထားသူက ရွေးယူပြီးဖြစ်နေသဖြင့် ဘဏ္ဍာတော်မင်းကြီးသည် မိမိ၏အမိန့်ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်လိုက်လေသည်။ ဘဏ္ဍာတော်မင်းကြီးအမိန့်ကို ဘဏ္ဍာရေးဝန်ကြီးက အတည် ပြုလိုက်လေသည်။

အကောက်တော်မင်းကြီးသည်၎င်း၊ ဘဏ္ဍာတော်မင်းကြီးသည်၎င်း၊ ဘဏ္ဍာရေးဝန်ကြီးသည်၎င်း အခင်းဖြစ် ဆေးပုလင်း ၁၆၆ ပုလင်းအပေါ်တွင် "မြန်မာပြည်သို့ တင်ပို့ရန်" ဟူသော အမှတ်အသားများပါရှိသည်တကြောင်း၊ မူလက ထိုဆေးမျိုးကိုမြန်မာပြည်တွင်းသို့တင်သွင်းခဲ့သူ အာ(ရ်)၊အာ(ရ်)၊ဂန္ဓီကုမ္ပဏီ၏အမှတ်အသားများ ပါရှိသည်တကြောင်း၊ ထိုဆေးပုလင်းများမှာလည်း အကိုင်အတွယ်များသဖြင့် တပတ်ရစ်ကဲ့သို့ ဟောင်နွမ်းလျက် ရှိသည် တကြောင်းတို့ကို ထည့်သွင်း စဉ်းစားပြီး ထိုဆေးပုလင်းများမှာ အာ(ရ်)၊ အာ(ရ်)၊ဂန္ဓီကုမ္ပဏီကမြန်မာပြည်တွင်းသို့ အင်္ဂလန်ပြည်မှတင်သွင်းခဲ့ပြီးနောက် တဦးဦးက၎င်းတို့ကိုပြည်ပသို့ခိုးထုတ်ပြီးမှ ယခု ပြန်လည် ရောက်ရှိလာသည်ဟု ယူဆဆုံးဖြတ်ကြလေသည်။ ယင်းအာဏာပိုင် ၃ ဦးရှေ့မှောက်၌ ထိုကဲ့သို့ ဆုံးဖြတ်ရန်အတွက် လုံလောက်သော အထောက်အထားများ ရှိသည်ဟု ဆိုရမည်ပေမည်။

ယခု လျှောက်ထားသူမှာ အထက်၌ ဖော်ပြသည့်အတိုင်း မြန်မာပြည်တွင်းသို့ အစိုးရ၏ အခွင့်အမိန့်ဖြင့် တင်သွင်းခဲ့သော နိုင်ငံခြားကုန်ပစ္စည်းများကို မသမာသော နည်းဖြင့် ပြည်ပသို့ ခိုးထုတ်ပြီးနောက် ပြည်တွင်းသို့ တဖန် ပြန်လည်တင်သွင်းရာ၌ မရိုးမဖြောင့်သော သဘောဖြင့် အပါအဝင်ဖြစ်သည်ဟု သက်သေအထောက်အထား မရှိချေ။ သို့အတွက် အကောက်တော်မင်းကြီးက ကုန်ပစ္စည်းများကို သိမ်းဆည်းရန် ပဋမချမှတ်သည့်အမိန့်မှာ အလွန် လျော်ကန်သင့်မြတ်သော အမိန့်ဖြစ်သည်။ သို့သော် အကောက်တော်မင်းကြီးက ထိုသိမ်းဆည်းပြီး ပစ္စည်းများကို လျှောက်ထားသူက ရွေးယူလိုသော် ပုဒ်မ ၁၈၃ အရ ငွေ ဂ,၅၀၀ ပေးသွင်း၍ ထုတ်ယူနိုင်သည်ဟု အမိန့် ချမှတ်ခဲ့သောကြောင့် လျှောက်ထားသူကလည်း ကြေကြေနပ်နပ် ထုတ်ယူခဲ့ပြီး ဖြစ်နေသဖြင့် ဘဏ္ဍာတော်မင်းကြီးသည်၊ မိမိ၏ ပဋမအမိန့်ကို ပုဒ်မ ၁၈၃ နှင့် ကိုက်ညီအောင် ထပ်မံ၍ ပြင်ဆင်ခဲ့ရသည်။

၁၉၆၀

ဦးမောင်မောင်
ကြီး
နှင့်
ဘဏ္ဍာရေးနှင့်
အခွန်တော်
ဌာန
ဝန်ကြီး ပါ ၃။

အာဏာပိုင်များသည်၊ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ဂ) အရ ထိုပစ္စည်းမျိုးကို သိမ်းဆည်းနိုင်သည့်အပြင်၊ သက်ဆိုင် ပါဝင်သူ အဖေါ်ခွင့်လည်း အရေးယူနိုင်သည်ဖြစ်ရာ၊ ယခု လျှောက်ထားသူအပေါ် ၌ အရေးမယူဘဲ ပစ္စည်းကိုသာ သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့လေသည်။ ထိုပစ္စည်းများကို ရွေးရန် ခွင့်ပြုသည်မှာလည်း၊ ယင်းအက်ဥပဒေ ပုဒ်မ ၁၇၃ အရ အခွင့်ပြုနိုင်၍သာ ဆောင်ရွက်ခြင်းဖြစ်သည်။

လျှောက်ထားသူမှာ အလိမ်ခံရပုံရသော်လည်း ဤအမှုတွင် ဤရုံးတော်က ဝင်ရောက်စွက်ဖက်ရန် မဖြစ်နိုင်။ နိုင်ငံတော်အစိုးရထံ၌သာ သက်သာခွင့်ရနိုင်ရန် လျှောက်ထားသင့်ကြောင်း ဖေါ်ပြလိုက်ပြီး လျှောက်လွှာကို ပလပ်လိုက်သည်။

## SUPREME COURT.

† S.C. 1960

*Oct.* 26.

STATE AGRICULTURAL MARKETING BOARD (APPELLANTS)

*v.*

MESSRS. THE BURMESE AGENCIES LTD. (RESPONDENTS).*

*Reimbursement—Liability of principal to agent for—Contract Act, s. 60—Absence of specific direction—Liberty to apply payment to any debt.*

Rice and rice-products bought ex-hopper and paid for by the respondents acting as procurement agents for the appellants were looted or destroyed by insurgents who over-ran the locality where the respondents operated. Under the agreement entered into between the parties the appellants had accepted all risks. The claim for balance of money due and payable on account of the price of rice and rice-products looted or destroyed by the insurgents was resisted on the ground that the contract must be deemed to have become void under s. 56 of the Contract Act, as one impossible of performance.

*Held:* That rice having been sold ex-hopper title had passed to the appellants and under the agreement the appellants had accepted all risks. That furthermore the respondents having paid the sellers in full, this sum in its entirety was recoverable from the appellants and that the fact that due to circumstances no despatch could be made, would not absolve the appellants from their liability to reimburse their agents.

Where it is contended that certain payments received from the appellants and appropriated by the respondents towards their commission should have been credited towards the rice bills.

*Held:* That in the absence of any specific direction, the respondents were entitled under s.60 of the Contract Act to apply them towards any debt due and payable to them by the Board.

*Tun Sein* for the appellants.

*Kyaw Min, U Paing* and *Than Sein* for the respondents.

U MYINT THEIN, C.J.—The plaintiffs, the Burmese Agencies Ltd., were procurement agents for the defendants, the State Agricultural Marketing Board. The claims in suit relate to procurements made early in 1949.

* Civil Appeal No. 1 of 1957 from the decree of the Special Civil Court, Rangoon, dated the 10th April 1956 in its Civil Regular No. 24 of 1952.

† *Present:* U MYINT THEIN, Chief Justice of the Union, U CHAN HTOON and U AUNG THA GYAW, JJ.

Rice and rice-products were purchased for the Board, ex-hopper, and the procedure to be followed and the mode of payment are contained in clauses 11 and 12 of the written agreement which are as follows:

"11. The Company shall in the first place bear the whole cost of procuring and delivering products in accordance with the terms of this Agreement. The Board shall bear all approved actual expenditure incurred in connection with the handling and storage of products and all expenditure incurred on account of the rent of and taxes and assessments upon any land/buildings used for storage of the products.

12. Payment shall be made by the Board to the Company in the following manner:

(*a*) In the case of rice and rice-products upon representation to the Board of any invoice accompanied by a Certificate to the effect that the Company holds the seller's invoice and a delivery order relating to the quantity invoiced, a sum equal to 95 per cent of the ex-hopper price of the rice or rice-products *plus* customary charges for bagging, sewing, weighing and shipping.

(*b*) In the case of paddy, upon completion of purchase and measurement at approved buying centres, a sum equal to 95 per cent of the value.

(*c*) In each of the above cases, the balance of 5 per cent due against the initial cost of the produce shall be paid upon completion of despatch in accordance with clause 14 hereof.

(*d*) The Company shall be entitled to claim interest at the Union Bank of Burma rate subject to minimum of 3 per cent per annum from the date of remittance from Rangoon by them for the value of the produce and other charges incurred until the date on which the money thus remitted is recovered from the Board."

Between February and April 1949, the locality, where the Agents operated, was over-run by insurgents who looted or destroyed rice and rice-products which had already been milled and stored, awaiting despatch to

S.C. 1960

STATE AGRICULTURAL MARKETING BOARD v. MESSRS. THE BURMESE AGENCIES LTD.

Rangoon. Insurgent rule lasted over a year and when normalcy was restored in the locality, the Board deputed an Enquiry Officer, and on his report certain payments were made, the last payment being in June 1951. The balance remaining unliquidated, the plaintiffs lodged a claim for K 23,14,296.75, in the special Civil Court.

The suit was dealt with by the Court as one for reimbursement by a principal in respect of sums advanced by the agents and therefore in respect of purchases where no payment had been made, the Court held that the plaintiffs were not entitled to recover. The total of such rejected sums amount to K 9,68,999. Claims for incidental charges, amounting to K 32,493 were also rejected, the Court holding that it was empowered only to go into the question of claims relating to the purchase of rice and rice-products. The amount decreed in respect of this part of the claim was K 7,61,115.81.

In respect of the second part of the claim which relates to five per cent retention monies, the Court held that the sellers had been paid in full by the agents, while the agents themselves had been paid only 95 per cent under clause 12 (*a*) and (*b*), and that the agents were entitled to the sums retained by the principals, amounting to K 4,90,851·25.

A total of K 12,51,967·06 was decreed, with the direction that the parties should bear their own costs.

The defendants sought special leave to appeal and such leave was granted, on the plaintiffs conceding that there was a miscalculation in arriving at the amount decreed. Later the defendants filed an application stating that—

(*a*) three further sums of K 34,237·12, K 2,93,900 and K 31,930 respectively should have been deducted from the claim for the purchase of rice and rice-products; and

(*b*) that another sum of K 47,978 should also have been deducted from the retention monies, as this sum has not yet been paid to the sellers.

The correctness of these assertions is admitted by the plaintiffs and it is agreed that if the order of the Special Court is allowed to stand, the decretal amount should be varied to K 8,43,921.

Learned Counsel for the defendant-appellants has asked for the suit to be dismissed in its entirety. While at the trial every conceivable defence had been put up, now he has confined himself to only two points.

He maintains, firstly, that under clause 12 (*a*) and (*b*) only 95 per cent of the purchase price is payable in the first instance to the agents, and that it is only on despatch of the rice or rice-products, the balance 5 per cent become due under clause 12 (*c*). He maintains that since these were not despatched, the liability on the part of the principal had not arisen. On being reminded that the rice had been looted or destroyed, and that it could not be despatched, he made the submission that the contract then must be deemed to have become void under section 56 of the Contract Act, as one impossible of performance. The answer to this submission is simple. The rice was sold ex-hopper and title had passed to the defendants, and under clause 15 of the agreement, defendants had accepted all risks. Furthermore, the plaintiffs had paid the sellers in full and this sum in its entirety is recoverable from the defendants. The fact that due to circumstances no despatch could be made, would not absolve the defendants from their liability to reimburse their agents.

The second point raised is in respect of sums which the plaintiffs had appropriated towards their commission to which they are entitled under clause 17 of the agreement. It is contended by learned Counsel that these sums should have been credited towards the rice bills. But it

S.C. 1960

STATE AGRICULTURAL MARKETING BOARD v. MESSRS. THE BURMESE AGENCIES LTD.

is admitted by the defendants that no specific direction was given to the plaintiffs as to which particular debts the payments made by them were to be applied. In the absence of any specific direction, the plaintiffs were entitled under section 60 of the Contract Act to apply them towards any debt due and payable to them by the Board. They chose, as they were entitled to, to appropriate certain payments towards their commission.

In these circumstances, the only course open to us is to vary the decretal amount to the agreed figures. To this extent the appeal is allowed and there will be a decree in favour of the plaintiffs for K 8,43,921. Parties will bear their own costs in this Court as well.

# တရားလွှင့်တော်ချုပ်

ကပ္ပတိန် ဘလှအောင် (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃ (လျှောက်ထားခံရသူများ) *

† ၁၉၆၀

စက် တ ဘ်၁ လ ၂ ရက်*

ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ၊ ပုဒ်မ ၁၆၇ (၅)၊ အတိအလင်း ပြဋ္ဌာန်းချက်၊ အဓိက အရေးကြီးသော စကားရပ်များ၊ ရည်ညွှန်းထားခြင်း မရှိသည့် အချက်၊ အပိုပါဖြစ်ကောက်ယူရာတွင် မပြုလုပ်နိုင်သည့်ကိစ္စ၊ သဘော်ပေါ် သို့ဝန်ပစ္စည်း ရောက်ကြောင်း သဘော်မှုးမသိခြင်း၊ အပြစ်ဒဏ်ခံရမည့် တာဝန်နှင့်မဆိုင်၊ "အကောက်တော်ဆိပ်ကမ်း" ဟူသော စကားရပ်မပါခြင်း၊ ဆိပ်ကမ်းနယ်နိမိတ် အပြင်ဘက်တွင်ဘမ်းဆီးခြင်းကိစ္စ၊ ပြဋ္ဌာန်းထားသော ပြစ်မှုကျူးလွန်သည် မကျူးလွန်သည်နှင့် မဆိုင်။

ရန်ကုန်ဆိပ်ကမ်းမှ မိုင် ၄၂ မိုင် ကွာဝေးသော ရေကြောင်းပြဋ္ဌာနတွင် ရှိနေသော သီဟခေါ် ရေကြောင်းပြ သဘော်ပေါ်တွင် အကောက်တော်ဌာနမှ အရာရှိများက ငွေ ၁၂,၀၀၀ ကျပ် နီးပါးမျှ အဘိုးတန်သော အကောက်ခွန် ပေးသင့်သည့် အိမ်သုံးပစ္စည်းများကို တွေ့ရှိဘမ်းဆီးမိသည့်အတွက်၊ လျှောက်ထားသူ သီဟသဘော်မှုးဖြစ်သည့် ကပ္ပတိန် ဘလှအောင် အပေါ်တွင် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) အရ၊ ဒဏ်ငွေ ၁၂,၀၀၀ ကျပ် တပ်ရိုက်သည့် ကိစ္စနှင့် ပတ်သက်၍ လျှောက်ထားသူက မိမိအိပ်နေခိုက် မိမိ၏ လက်အောက်တွင် အလုပ်ဝတ္တရား ဆောင်ရွက်ကြသော မာလိန်စက်ဆရာနှင့် ကြိုးမဲ့ကြေးနန်းအရာရှိတို့က အဆိုပါ ပစ္စည်းများကို ဟောင်ကောင်မှ လာသော သမ္ဘတ သဘော်မှ သီဟသဘော်သို့ ယူဆောင်လာခြင်းကို မိမိသိရှိခြင်း မရှိသည့်အပြင်၊ အကောက်တော် အရာရှိများက ဘမ်းဆီးသော နေရာမှာ ရန်ကုန်ဆိပ်ကမ်းမှ မိုင် ၄၀ ကျော်မျှ ကွာဝေးသော ပင်လယ်ပြင်တွင်ဖြစ်၍ ၎င်းအရာရှိများ တာဝန်ထမ်းဆောင်ရသော နယ်နိမိတ် ပြင်ဘက်တွင် ဖြစ်သောကြောင့် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) အရ၊ အရေးယူ အပြစ်မပေးသင့်ဖကြောင်း ချေပလေသည်။

**ဆုံးဖြတ်ချက်။** ။ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ် ရေကြောင်းဖြင့် လာသော သဘော်တစီးမှ အကောက်တော် အရာရှိများ၏ ခွင့်ပြုချက် မရရှိဘဲ ကုန်ပစ္စည်းများကို ရေကြောင်းပြ သဘော်ပေါ်သို့ တင်ခဲ့လျှင်၊ ရေကြောင်းပြသဘော်မှုးအပေါ်တွင် ငွေဒဏ် ထိုက်သင့်စေရမည်ဟု ပင်လယ် အကောက်တော်ခွန် အက်ဥပဒေမှုခ်မ ၁၆၇ (၅) တွင် အတိအလင်း ပြဋ္ဌာန်းထားသည်၊ ဤပုဒ်မတွင် ပါဝင်သော စကားရပ်များအနက်၊ အဓိက အရေးကြီးသော စကားရပ်များမှာ၊ ကောင်းစွာ ပေါ်

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာ အမှတ် ၅၄။

† နိုင်ငံတော်စာရားဝန်ကြီးများ ဖြစ်ကြသော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့စီမှုကတ်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၀

ကပ္ပတိန် ဘလှအောင် နှင့် ဘထွာ ရေးနှင့် အခြားတော်ဌာန ဝန်ကြီးပါ ၃ ။

လွှင်လျက်ရှိသော ''ကုန်ပစ္စည်းများကို အကောက်တော် အရာရှိများ၏ ခွင့်ပြုချက် မရှိဘဲ တင်ထားခြင်း'' ပင် ဖြစ်သည်၊ ကုန်ပစ္စည်းများကို လက်ခံသော သဘော်တွင် ငွေထုတ်ရသော သူများကို မည်သို့မျှ ရည်ညွှန်းထားသည်ကို မတွေ့ရချေ၊ ဥပဒေပုဒ်မတွင် မပါဝင်သော စကားရပ်များ၏ အဓိပ္ပါယ်ကို ထည့်သွင်း၍ ဥပဒေ ပြဋ္ဌာန်းချက်ကို အဓိပ္ပါယ် ကောက်ယူခြင်း မပြုနိုင်ချေ။ လျှောက်ထားသူ ရေကြောင်းပြ သဘော်ဘူးက ဝန်ပစ္စည်းများ မိမိ၏ သဘော်တွင်းသို့ တင်သည်ကိုသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ထိုဝန်များ မိမိသဘော်ပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် မိမိအပေါ် တွင်ငင်းပုဒ်မအရ ပြစ်ဒဏ် ခံရမည် တာဝန် ကျရောက်လျက် ရှိချေသည်။

ပုဒ်မ ၁၆၇ (၅) တွင် ''အကောက်တော်ဆိပ်ကမ်း'' ဟူသော စကားရပ်များ မပါရှိချေ။ သို့အတွက်ကြောင့် ပစ္စည်းများကို သွားရောက်၍ ဘမ်းဆီးသော နေရာသည် ဆိပ်ကမ်း နယ်နိမိတ်ပြင်ဘက်ကျသည်၊ အတွင်းဘက်ကျသည်ဟူသော ပြဿနာမှာ လုံးဝမပေါ် ပေါက်ချေ။ ရေကြောင်းပြသဘော်မှာ ဆိပ်ကမ်း၏ နယ်နိမိတ်ပြင်ဘက်တွင် သွားရောက်၍ အလုပ်တာဝန် ထမ်းဆောင်ရသော သဘော်ဖြစ်၍၊ ထိုကဲ့သို့ နယ်နိမိတ် သတ်မှတ်သော စကားရပ်များကို အဆိုပါ ပုဒ်မ ၁၆၇ (၅) တွင် ထည့်သွင်းခြင်း မပြုဟု ထင်မှတ်ရပေမည်၊ အကောက်တော် ဌာနအရာရှိများသည် ဆိပ်ကမ်း၏ နယ်နိမိတ်ပြင်ဘက်တွင် သွားရောက်၍ ပစ္စည်းများကို ဘမ်းဆီးခြင်း၌ အာဏာရှိသည် မရှိသည် ဟူသော အချက်မှာ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုကို ကျူးလွန်သည်၊ မကျူးလွန်သည် ဟူသော ကိစ္စတွင် အကျုံးဝင်သော အချက် မဟုတ်ချေ။

လျှောက်ထားသူအတွက်။ ။ဦးမြင့်စိုး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးအောင်သာကျော်။** ။လျှောက်ထားသူ ကပ္ပတိန် ဘလှအောင် သည် သီဟခေါ် ရေကြောင်းပြ သဘော်ဘူတွင် သဘော်မှူးဖြစ်သည်။ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အလုပ်တတ္တရား ဆောင်ရွက်ရန်အတွက် အဆိုပါ သဘော်နှင့် ရန်ကုန်ဆိပ်ကမ်းမှ မိုင် ၄၂ မိုင်ကွာဝေးသော ရေကြောင်းပြဌာနတွင် သွားရောက်စောင့်ဆိုင်းနေရာ ထိုနေ့တွင်ပင် သမ္မတခေါ် ရေကြောင်းပြ သဘော်သစ် တစင်းမှာ ဟောင်ကောင်မှ အထက်ပါ နေရာသို့ ဆိုက်ရောက်လာပြီးလျှင်၊ နောက်တနေ့ နံနက် ၈ နာရီအချိန်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ထွက်ခွါသွားလေသည်။ ထို့နောက် ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အကောက်တော် ဌာနမှ အရာရှိများ လာရောက်၍ ဆီဖာသဘော်ပေါ်မှ ငွေ ၁၂,၀၀၀ ကျပ် နီးပါးမျှ အဘိုးတန်သော အကောက်ခွန် ပေးသင့်သည့် အိမ်သုံးပစ္စည်းများကို တွေ့ရှိ ဘမ်းဆီးရရှိလေသည်။ အဆိုပါ ပစ္စည်းများကို တွေ့ရှိ ဘမ်းဆီးပြီးနောက် လျှောက်ထားသူ အပေါ်တွင် ပင်လယ် အကောက်တော် အက်ဥပဒေအရ အရေးယူပြီးလျှင် ၎င်းအက်ဥပဒေပုဒ်မ ၁၆၇ (၅) အရ လျှောက်

ထားသူအပေါ် တွင် ဒဏ်ငွေ ၁၂,၀၀၀ ကျပ် တပ်ရိုက်လိုက်လေသည်။ သို့လေးလံသော ဒဏ်ငွေ ချမှတ်ခြင်းခံရသည်ကို မကျေနပ်သဖြင့် အထက် အာဏာပိုင်များဖြစ်သော ဘဏ္ဍာတော်မင်းကြီးနှင့် ဘဏ္ဍာရေးဌာနဝန်ကြီးထံ အရေးဆိုပြန်ရာမအောင်မြင်သဖြင့် ဤငြိုးစော်တွင် အမှုခေါ် စာချုပ်တော် လျောက်ထား လေသည်။

၁၉၆၀

ကပ္ပတိန် ဘလှအောင် နှင့် ဘဏ္ဍာရေး နှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃။

လျောက်ထားသူက အကြောင်းပြသည်မှာ ၎င်းသည်မိမိလက်အောက်တွင် အလုပ်ဝတ္တရား ဆောင်ရွက်ကြသော မာလိန်၊ စက်ဆရာနှင့် ကြိုးမဲ့ ကြေးနန်းအရာရှိတို့က အဆိုပါ ပစ္စည်းများ ကို သမ္မတ သဘော်မှ သိဟသဘော်သို့ ယူဆောင်လာခြင်းကို မိမိ အိပ်နေခိုက်ဖြစ်၍ သိရှိခြင်းမရှိသည့်ပြင် အဆိုပါ အမှုထမ်းများသည် တာဝန်ကြီးသော ဝတ္တရားများကို ဆောင်ရွက်ရသူများဖြစ်၍ ဥပဒေနှင့် ဆန့်ကျင်သော ကိစ္စရပ်တို့ကို ပြုလုပ်ကြလိမ့်မည်ဟု မိမိမထင်မိသော်။ ထိုကဲ့သို့ အပြစ်ကင်းမဲ့သူ အပေါ် တွင် ပင်လယ် အကောက်တော်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၅) အရ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို မချမှတ်သင့်ဟု အရေးဆိုသည်။

လျောက်ထားသူ၏ ထိုသို့ အရေးဆို အကြောင်းပြချက်သည် ကျေနပ်ဘွယ်ရာရှိသည်ဟု မယူဆနိုင်သော်။ ပင်လယ် အကောက်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၆၇ (၅) တွင် ပြဋ္ဌာန်းထားသော စကားရပ်များသည် ယခုအမှုတွင် ပေါ် ပေါက်သော အချက်အလက်များနှင့် တိကျစွာ ကိုက်ညီလျက် ရှိနေသည်ကို တွေ့ရသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ် ရေကြောင်းဖြင့် လာသော သဘော်ဘီးမှ အကောက်တော် အရာရှိများ၏ ခွင့်ပြုချက် မရရှိဘဲ ကုန်ပစ္စည်းများ ကို ရေကြောင်းပြ သဘော်ပေါ် သို့ တင်ခဲ့လျှင် ရေကြောင်းပြ သဘော်မှူးအပေါ် တွင် ငွေဒဏ် ထိုက်သင့်စေရမည်ဟု အဆိုပါ ပုဒ်မတွင် အတိအလင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဤပုဒ်မတွင် ပါဝင်သော စကားရပ်များအနက် အဓိက အရေးကြီးသော စကားရပ်များမှာ ကောင်းစွာ ပေါ် လွင်လျက် ရှိသော "ကုန်ပစ္စည်းများကို အကောက်တော် အရာရှိများ၏ ခွင့်ပြုချက် မရရှိဘဲ တင်ထားခြင်း" ပင် ဖြစ်သည်။ ကုန်ပစ္စည်းများကို လက်ခံသော သဘော်တွင် ဝတ္တရား ဆောင်ရွက်ရသော သူများကို မည်သို့မျှ ရည်ညွှန်းထားသည်ကို မတွေ့ရချေ။ ဥပဒေပုဒ်မဘွင် မပါဝင်သော စကားရပ်များ၏ အဓိပ္ပါယ်ကို ထည့်သွင်း၍ ဥပဒေ ပြဋ္ဌာန်းချက်ကို အဓိပ္ပါယ် ကောက်ယူခြင်း မပြုနိုင်ချေ။ လျောက်ထားသူ ရေကြောင်းပြသဘော်မှူးက ဝန်ပစ္စည်းများ မိမိ၏ သဘော်တွင်းသို့ တင်သည်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထိုင်ငန်များ မိမိသဘော်ပေါ် သို့ ဆောက်သည်နှင့်တပြိုင်နက် မိမိအပေါ် တွင်ထင်းပုဒ်မအရ ပြစ်ဒဏ်ခံရမည့် တာဝန်ကျရောက်လျက်ရှိချေသည်။ သို့အတွက်ကြောင့် လျောက်ထားသူ၏ ချေပချက်မှာ ဥပဒေသဘောအရ အရေးပါ အရာရောက်သော ချေပချက်တခုပ်မဟုတ်ဟု ယူဆရပေမည်။

၁၉၆၀

ကပ္ပတိန် ဘလှ အောင်နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃။

လျှောက်ထားသူအတွက် နောက်ချေပချက်တရပ်မှာပစ္စည်းများကို သွားရောက်၍ အကောက်တော် အရာရှိများက ဘမ်းဆီးသော နေရာမှာ ရန်ကုန်ဆိပ်ကမ်းမှ မိုင် ၄၀ ကျော်မျှ ကွာဝေးသော ပင်လယ်ပြင်တွင်ဖြစ်၍ ၎င်းအရာရှိများ တာဝန်ထမ်းဆောင်ရသော နယ်နိမိတ်၏ ပြင်ဘက်တွင် ဖြစ်သောကြောင့် ယခုကဲ့သို့ ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (၅) အရ အရေးယူ အပြစ်မပေးသင့်ကြောင်း ပင်ဖြစ်သည်။ ပုဒ်မ ၁၆၇ (၅) တွင် ပုဒ်မ ၁၆၇ (၄)၊ (၆)၊ (၇) စသည်တို့တွင် ပါရှိသကဲ့သို့ "အကောက်တော်ဆိပ်ကမ်း" ဟူသော စကားရပ်များ မပါရှိချေ။ သို့အတွက်ကြောင့် ပစ္စည်းများကို သွားရောက်၍ ဘမ်းဆီးသော နေရာသည် ဆိပ်ကမ်း နယ်နိမိတ် ပြင်ဘက်ကျသည်၊ အတွင်းဘက်ကျသည် ဟူသောပြဿနာမှာ လုံးဝမပေါ်ပေါက်ချေ။ ရေကြောင်းပြ သဘော်မှာ ဆိပ်ကမ်း၏ နယ်နိမိတ် ပြင်ဘက်တွင် သွားရောက်၍ အလုပ် တာဝန် ထမ်းဆောင်ရသော သဘော်ဖြစ်၍ ထိုကဲ့သို့ နယ်နိမိတ် သတ်မှတ်သော စကားရပ်များကို အဆိုပါ ပုဒ်မ ၁၆၇ (၅) တွင် ထည့်သွင်းခြင်း မပြုဟု ထင်မှတ်ရပေမည်။ အကောက်တော်ဌာနအရာရှိများသည် ဆိပ်ကမ်း၏ နယ်နိမိတ် ပြင်ဘက်တွင် သွားရောက်၍ ပစ္စည်းများကို ဘမ်းဆီးခြင်း၌ အာဏာရှိသည်မရှိသည်ဟူသော အချက်မှာ ပင်လယ်ကြောင်းအကောက်တော် အက်ဥပဒေပုဒ်မ ၁၆၇ (၅) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုကိုကျူးလွန်သည်၊မကျူးလွန်သည်ဟူသော ကိစ္စတွင်အကျုံးဝင်သော အချက်မဟုတ်ချေ။ သို့အတွက်ကြောင့် လျှောက်ထားသူအတွက် ချေပသော အချက်များကိုလက်ခံနိုင်ရန် အကြောင်း တစုံတရာမရှိဟု ယူဆသည်။ သို့အတွက်ကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်သိုက်သည်။

လျှောက်ထားသူကပ္ပတိန် ဘလှအောင်မှာ ဤအမှုတွင် ပါဝင်သည့် ပစ္စည်းများနှင့် မည်သို့မျှ သက်ဆိုင်သူ မဟုတ်ဟူသော အချက်သည်၎င်း၊ ထိုပစ္စည်းများကို ၎င်း၏ ရေကြောင်းပြ သဘော်ပေါ်၌ တင်ဆောင်ရာတွင်လည်း ကိုယ်တိုင် ကိုယ်ကျ ပါဝင်သူ မဟုတ်ဟူသော အချက်သည်၎င်း အငြင်းလုံးဝမထွက်ချေ။ သို့ရာတွင် ၎င်းအပေါ်၌ ပြစ်မှုထင်ရှား ဖီရင်ခြင်းမှာ ကိုယ်တိုင် ပါဝင်ခြင်း၊ အားပေး ကူညီခြင်း မပြုသော်လည်း ဥပဒေအရ ၎င်းအပေါ်၌ ကြမ်တည်းစွာ တာဝန်ထားရှိသောကြောင့်သာ ဖြစ်သည်။ ဤအမှုဋ္ဌ ပစ္စည်းများအပေါ်တွင် အရေးယူပြီးဖြစ်၍ နိဂုံးတော်အစိုးရတွင်လည်း တနည်းနည်းအားဖြင့် နစ်နာမှု မရှိချေ။ ဤသို့သော အကြောင်းများကြောင့် လျှောက်ထားသူ ကပ္ပတိန် ဘလှအောင် အပေါ်တွင် တပ်ရိုက်သည့် ဒဏ်ငွေ ၁၂,၀၀၀ ကျပ်မှာ အလွန်လေးသော ပြစ်ဒဏ်ဖြစ်သည်ဟု ယူဆရန်ရှိသောကြောင့် ဤကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်များက သက်ညှာစွာ စဉ်းစားသင့်သည်ဟု ဤရုံးတော်ကထင်မြင်ကြောင်း ဖေါ်ပြလိုက်သည်။

## တရားလွှတ်တော်ချုပ်

ဆော်ယော့အလမ် (ခေါ်) ဆော်ယော့ခန်အမတ် ပါ ၂၃ ဦး (လျှောက်ထားသူများ)

နှင့်

အတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီး ဌာန၊ ရန်ကုန်မြို့ ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၀ အောက် တိုဘာ ၂၆ ရက်။

လူဝင်မှု အရေးပေါ် အက်ဥပဒေ၊ ကျယ်ပြန့်သည့် အာဏာ၊ ပြည်နှင်ဒဏ် မပေးမီ လေးနက်စွာ စဉ်းစား ဝေဖန်သင့်ခြင်း၊ အခြေခံ ဥပဒေပုဒ်မ ၁၅၀ နှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည့်ကိစ္စ၊ လုံးဝ မသင့်လျော်သော ဆောင်ရွက်ချက်၊ ဥပဒေအရ၊ ပြည်ထောင်စု နိုင်ငံသားများ၊ ဥပဒေ နှင့် မကိုက်ညီ ဆန့်ကျင်သော ပြည်နှင်ဒဏ်နှင့် ဖမ်းဆီး ချုပ်နှောင်ထားခြင်း။

**ဆုံးဖြတ်ချက်။** ။လူဝင်မှု အရေးပေါ် အက်ဥပဒေ အရ၊ အာဏာများအပ်နှင်းခြင်း ခံရသူ အာဏာပိုင်များ အသုံးပြုရမည့် အာဏာများသည် အထူးပင် ကျယ်ပြန့်လှသည်။ ပြည်နှင်ဒဏ်အမိန့် ဆိုသည်မှာ နိုင်ငံခြားသား တဦးအတွက် ဖြစ်စေကာမူ၊ အထူးပင် ကြီးလေးသော ပြစ်ဒဏ်ဖြစ်၍ မှားယွင်းပြီး၊ ပြည်ထောင်စုသားတဦးကို ပြည်နှင်ဒဏ် ပေးခဲ့ပါမူ၊ သေဒဏ်လောက်ပင် နှိမ်နင်း ကြီးလေးသည့် ပြစ်ဒဏ် ဖြစ်ပေမည်၊ သို့အတွက် ပြည်နှင်ဒဏ် အမိန့်များကို မပေးမီ လေးနက်စွာ စဉ်းစား ဝေဖန်သင့်သည်။

လူတဦးတယောက်သည် မြန်မာပြည်တွင်းသို့ ခိုးဝင်လာသည် ဆိုသည်မှာ တရားစီရင်ရေးကိစ္စသာ ဖြစ်၍၊ အခြေခံ ဥပဒေ ပုဒ်မ ၁၅၀ အရ၊ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်စဉ်းရား အနေဖြင့် တရားဥပဒေနှင့် ကိုက်ညီအောင် ဂဆောင်ရွက်စီရင် ဆုံးဖြတ်ရပေမည်။ လူဝင်မှုကြီးကြပ်ရေး ဝန်ထောက်က၊ တင်သမျှကို စစ်ဆေး ကြာ့နာခြင်း မပြုဘဲ၊ ပြီးစလွယ် အသင့်ရှိ ပုံစံတွင် လက်မှတ် ထိုး၍၊ ပြည်နှင်ဒဏ် ပေးခဲ့ခြင်းမှာ လုံးဝ မသင့်လျော်ချေ။

မြန်မာပြည်တွင် မြန်မာလူမျိုး အစစ်အမျာ့အပြား မရောက်သေးသော ဒေသများ၌၊ မြန်မာနှင့် အသွင်မတူ၊ မြန်မာစကားမတတ်၊ မြန်မာပြည်တွင် ဘယ်ဘုန်းက ဘာဖြစ်ခဲ့သည်ကို မပြောနိုင်သော ပြည်ထောင်စု တိုင်းရင်းသားများ ရှိကြသေးသည်၊ ရခိုင်တိုင်းဒေသများ၌ မြန်မာစကား မတတ်သူ ပြည်ထောင်စုသားများ အပြောက်အပြား ရှိနိုင်သည်။ ပြည်ထောင်စု နိုင်ငံသား ဖြစ်မှု အက်ဥပဒေ ပုဒ်မ ၄ (၂) အရ၊ ရှေးအခါက နိုင်ငံခြားမှလာ၍ နေထိုင်ကြသူများမှ ဆင်းသက်သော မြေးမြစ်များ သည် ဥပဒေအရ ပြည်ထောင်စု နိုင်ငံသားများ ဖြစ်ကြသည်ကိုလည်း သတိမူသင့်သည်။

---

* ၁၉၆၀ ခုနှစ်၊ ရာဇဝတ်အသေးအဖဲ့ လျှောက်လွှာအမှတ် ၉၄ မှ ၁၀၆ အထိနှင့် ၁၃၁ မှ ၁၄၀ အထိ။

† နိုင်ငံတော် တရားဝန်ကြီး ဦးအောင်သာကျော်၊ တရာ ဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ချုပ်ဦးမြင့်သိန်းတို့ ရှေ့မှောက်တွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း အမိန့်ချမှတ်သည်။

၁၉၆၀

ဆော ယော့ အလမ် (ခေါ်) ဆော်ယော့ ခန် အမတ် ပါ ၂၃ ဦး နှင့် အောင်းဝန်၊ လူဝင်မှူ ကြီး ကြပ် ရေးနှင့် အမျိုး သား မှတ်ပုံတင် ရေးဝန်ကြီး ဌာန၊ ရန်ကုန်မြို့ ပါ ၂။

ထို့ကြောင့် ဘမ်းဆီးသည့်နေ့ကစ၍ ထောင်ထဲတွင် ချုပ်ထားခြင်းခံရသော လျော်ကာထားသူကို၊ တရားသဖြင့် မြန်မာပြည်တွင်းသို့ ဝင်ရောက် နေထိုင်သူများ ဖြစ်ကြောင်း အထောက်အထားပြရန် အတွက် အခွင့် အရေးလုံးဝမပေးသည့်အပြင်၊ ကိုင်ဆောင်သည့် နိုင်ငံသား လက်မှတ်များကိုပင် အာဏာပိုင်များက သိမ်းဆည်းထားပြီး၊ လျော်ကာသူများသည် မြန်မာစကားပင်မတတ်၊ တရားသဖြင့် မြန်မာပြည်သို့ ဝင်ရောက် နေထိုင်ကြသူများ ဖြစ်ကြောင်းကို ယုံကြည်လောက်အောင် မပြနိုင်ဟု အကြောင်းပြပြီး၊ လူဝင်မှု အရေးပေါ် အက်ဥပဒေ ပုဒ်မ ၇ (၂) အရ၊ ပြည်နှင်ဒဏ်ပေးခြင်းသည် တရားဥပဒေနှင့် မကိုက်ညီ၊ ဘမ်းဆီး ချုပ်နှောင် ထားခြင်းမှာ တရားဥပဒေနှင့် ဆန့်ကျင်သော ချုပ်နှောင်ထားခြင်းသာ ဖြစ်သည်။

လျော်ကာထားသူများအတွက်။ ။မဒ္ဒီ။

လျော်ကာထားခံရသူများအတွက်။ ။အိုးရလွတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီးချုပ် ဦးမြင့်သိန်း။** ။၁၉၅၉ ခုနှစ်၊ အကုန်လောက်တွင်စစ်တွေခရိုင်၊ မောင်းတော ဒေသတို့ ရွာများမှ ပါကစ္စတန် အမျိုးသားများဖြစ်သည်ဟု မသက်ဝင်သူ အမြောက်အများဘို့ကို ဖမ်းဆီးခဲ့ပြီး ပြည်နှင်ဒဏ်ပေးရန်အတွက် ချုပ်နှောင် ထားခဲ့သည်။

ဤရုံးတော်၏ ၁၉၅၉ ခုနှစ် ထုဇဂတ်အသေးအဖွဲမှု အမှတ် ၁၅၅ နှင့် ၁၅၆ တို့တွင် ဟာဆင်အလီ ဆိုသူနှင့် မူဟာအလီဆိုသူတို့၏ စာချုန်တော်အမှုများကို စစ်ဆေးပြီး ၎င်းဘို့အား ဖမ်းဆီး ချုပ်နှောင်ထားခြင်းမှာ တရားဥပဒေနှင့် မကိုက်ညီဟု ဖေါ်ပြကာ ဖမ်းဆီး ချုပ်နှောင်ခြင်းမှ လွှတ်ပစ်ရန် ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့စွဲနှင့် အမိန့်ချမှတ်ခဲ့သည်။ စီရင်ချက်တွင် ဖေါ်ပြသည့် အချက် အလက်များကို လေးစားလျက် အခြားဖမ်းဆီးထားသူများ ကို အာဏာပိုင်များက လွှတ်ပစ်လိမ့်မည်ဟု ယူဆခဲ့သော်လည်း ထိုယူဆခဲ့သည့် အတိုင်း ဖြစ်ပေါ်လာခြင်း မရှိသည်ကို မကြာမီပင် တွေ့ကြုံခဲ့ရတော့သည်။ ထိုသို့ ဆက်လက်၍ ဖမ်းဆီး ချုပ်နှောင်ထားသူများနှင့် ပတ်သက်၍ ဤရုံးတော်၏ ၁၉၅၉ ခုနှစ် ထုဇဂတ်အသေးအဖွဲမှု အမှတ် ၁၆၃ မှ ၂၃၉ တို့ကို ဆုံးခန်းတိုင်အောင် စစ်ဆေးခဲ့ပြီး ၇၆ ဦးကို တဖန် လွှတ်ပစ်ရန် အမိန့် ချမှတ်ရပြန်တော့သည်။ ဤကဲ့သို့ ဥပဒေနှင့် မကိုက်ညီဘဲ ချုပ်နှောင် ဖမ်းဆီးထားသဖြင့် အနစ်နာခံရနေသူများ ကုန်လောက်ပြီဟု ဤရုံးတော်က ယူဆခဲ့သည်မှာ နောက်တကြိမ် မှန်းခြေနှင့် မညီပြန်ကြောင်း တွေ့မြင်ရသည်။ ယခုထပ်မံ၍ ၂၃ ဦးက မိမိတို့အား မြန်မာပြည်မှ နှင်ထုတ်ရန် ချုပ်နှောင်ထားသဖြင့် လွှတ်ပစ်ပါရန် စာချုန်တော်များ လျော်ကာထားကြသည်။

၁၉၆၀

ဆော် ယော့ အလမ် (ခေါ်) ဆော် ယော့ ခန် အမတ် ပါ ၂၃ ဦး နှင့် အဘွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင် ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပါ ၂။

ဦးစွာ ပေါ်ပြရမည်မှာ လိုက်ပါ ဆောင်ရွက်သူ ပညာရှိ အဖိုးရရှေ့နေကြီးက လူဝင်မှု ကြီးကြပ်ရေးဌာနအနေနှင့် ဤလျှောက်လွှာများကို ကန့်ကွက်၍ ပြုလုပ် ဆောင်ရွက်ခဲ့ပုံများမှာ မှန်ကန်သည်ဟု ထောက်ခံ စေလိုသော်လည်း မိမိအနေနှင့် မထောက်ခံနိုင်ကြောင်း ထုတ်ဖော် ပြောဆိုခြင်းဖြစ်သည်။ လျှောက်သူတို့၏ အစစ်ခံ ချက်များတွင် မိမိတို့သည် ပြည်ထောင်စုသား ဖြစ်သည်ဟု ထွက်ဆိုထားသည်ကို တွေ့ရှိရကြောင်း။ အချို့လည်း တိုင်းရင်းသား မှတ်ပုံတင် ကပ်ပြားများ ပင် ပြန်ငြင်းကြောင်း။ လျှောက်သူများသည် မြန်မာပြည်တွင်းသို့ ခိုးဝင်လာကြသူများဖြစ်သည်ဟု ယူဆရန် တရားဝင် သက်သေခံ အထောက်အထား မရှိကြောင်း။ ဤကဲ့သို့ အလားတူ အမှုများတွင် ဤနှုံးတော်က ဖော်ပြသည့် အချက်အလက်များကို လေးစားရမည် ဖြစ်ကြောင်း ကိုလည်း အဖိုးရရှေ့နေကြီးက ဖော်ပြသည်။

ဤအမှုများတွင် လျှောက်သူတို့ကို ဖမ်းဆီးပြီး လူဝင်မှု ကြီးကြပ်ရေးဝန် ထောက်ဘဉီးက စစ်ဆေးခဲ့သည်။ လျှောက်သူများက မိမိတို့သည် ခိုးဝင်လာသူများ မဟုတ်။ မိဘဘိုးဘွားကစ၍ မြန်မာပြည်အတွင်းတွင်နေထိုင်ပေါက်ဖွားခဲ့ကြကြောင်း။ အချို့က နိုင်ငံသား လက်မှတ်များပင် ရှိကြကြောင်းကို အစစ်ခံသော်လည်း ၎င်းတို့ သည် မြန်မာပြည်တွင်းသို့ ခိုးဝင်လာကြသူများဖြစ်၍ ပြည်နှင်ဒဏ်ပေးရန် ဘူးသီး တောင် နယ်ပိုင် ဝန်ထောက်မင်းထံသို့ လျှောက်ထားတော့သည်။ ဤကဲ့သို့ ဝင်ရောက် သည့်လျှောက်လွှာများမှာလည်း ပုံနှိပ်ထားသည့် ပုံစံများဖြစ်ပြီး၊ နာမည်၊ အသက်၊ အမှတ် အသားလောက်သာ မှင်နှင့် ရေး၍ ထည့်သွင်းခဲ့သည်။ ဝန်ထောက်မင်းထံသို့ ရောက်သည့်အခါ၌လည်း အလားတူ အသင့်ပုံနှိပ်ထားသည့် ပြည်နှင်ဒဏ်ပုံစံများတွင် လျှောက်သူတို့၏ နာမည်များ ရေးသွင်း၍ လက်မှတ်ထိုးလိုက်ခြင်းသာဖြစ်သည်။ လျှောက်သူများကိုပင် ခေါ်၍ စစ်ဆေးခြင်း မရှိသည့်အပြင် ပြည်ထောင်စုသားများ ဖြစ်ပါသည်ဟု ချေပရန် အခွင့်အရေးမရရှိခဲ့ကြဘဲ ယခုဆက်တိုင် ထောင်ထဲတွင် ချုပ်နှောင်ခြင်း ခံနေရကြောင်း တောင်းဆိုတော့သည်။

မောင်းတောမြို့နယ်ပိုင်ဝန်ထောက်မင်းနှင့် အလားတူ လူဝင်မှု အရေးပေါ် အက်ဥပဒေအရ အာဏာများအပ်နှင်းခြင်း ခံရသူအာဏာပိုင်များတို့ကို လေးနက်စွာ သတိပေးလိုသည်မှာ မိမိတို့အသုံးပြုရမည့် အာဏာများသည် အထူးပင် ကျယ်ပြန့် လှသည်။ ပြည်နှင်ဒဏ် အမိန့်ဆိုသည်မှာ နိုင်ငံခြားသား တဦးအတွက် ဖြစ်စေကာမူ အထူးပင် ကြီးလေးသော ပြစ်ဒဏ်ဖြစ်၍ မှားယွင်းပြီး ပြည်ထောင်စုသားတဦးကို ပြည်နှင်ဒဏ် ပေးခဲ့ပါမူ သေဒဏ်လောက်ပင် နီးနီး ကြီးလေးသည့် ပြစ်ဒဏ်ဖြစ်ပေမည်။ သို့အတွက် ပြည်နှင်ဒဏ် အမိန့်များကို မပေးမီ့ လေးနက်စွာ စဉ်းစား ဝေဖန်သင့်သည်။

၁၉၆၀

ဆော် ယော့ အလမ် (ခေါ်) ဆော် ယော့ ခန် အမတ် ပါ ၂၃ ဦး နှင့် အတွင်းဝန်၊ လူဝင်မှု ကြီး ကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဝန်ကြီး ဌာန၊ ရန်ကုန်မြို့ ပါ ၂။

ဤကဲ့သို့သော အမှုများတွင် လူတဦး တယောက်သည် မြန်မာပြည်တွင်းသို့ ခိုးဝင်လာသည် ဆိုသည်မှာ တရားစီရင်ရေး ကိစ္စသာဖြစ်၍ အခြေခံဥပဒေပုဒ်မ ၁၅၀ အရ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ္တရားအနေဖြင့် တရားဥပဒေနှင့် ကိုက်ညီအောင် ဆောင်ရွက် စီရင်ဆုံးဖြတ်ရပေမည်။ ယခုကဲ့သို့ လူဝင်မှု ကြီးကြပ်ရေး ဝန်ထောက်က တင်သမျှကို စစ်ဆေးကြားနာခြင်း မပြုဘဲ ပြီးစလွယ် အသင့်ရှိပုံစံတွင် လက်မှတ်ထိုး၍ ပြည်နှင်ဒဏ်ပေးခဲ့ခြင်းမှာ လုံးဝ မသင့်လျော်ကြောင်းကို ဤရုံးတော်က ဖေါ်ပြလိုက်သည်။

ဤအမှုများတွင် လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဌာန၊ တွဲဘက် အတွင်းဝန်မင်းက လျှောက်သူများသည် မြန်မာစကားပင်မတတ်၊ တရားသဖြင့် မြန်မာပြည်တွင်းသို့ ဝင်ရောက် နေထိုင်ကြသူများဖြစ်ကြောင်းကို ယုံကြည်လောက်အောင် မပြနိုင်ဟု ဖေါ်ပြသည်။

ဤကဲ့သို့ ချေပခြင်းမှာ အဆန်းမဟုတ်၊ ရှေးကအမှုများတွင်လည်း ထိုနည်းတူ ချေပခဲ့သည်ကို ဤရုံးတော်က ဝေဖန်ခဲ့ပြီး ဖြစ်သည်။ မြန်မာပြည်တွင် မြန်မာလူမျိုး အစစ်အမျှားအပြားမရောက်သေးသော ဒေသများ၌ မြန်မာနှင့် အသွင်မတူ၊ မြန်မာစကားမတတ်၊ မြန်မာပြည်တွင် ဘယ်တုံးက ဘာဖြစ်ခဲ့သည်ကို မပြောနိုင်သော ပြည်ထောင်စု တိုင်းရင်းသားများ ရှိကြသေးသည်။ ရခိုင်တိုင်း ဒေသများ၌ မြန်မာစကားမတတ်သူ ပြည်ထောင်စုသားများ အမြောက်အမြား ရှိနိုင်သည်။ ပြည်ထောင်စုနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၄ (၂) အရ၊ ရှေးအခါက အခြားနိုင်ငံခြားမှ လာ၍ နေထိုင်ကြသူများမှ ဆင်းသက်သော မြေးမြစ်များသည် ဥပဒေအရ ပြည်ထောင်စုနိုင်ငံသားများ ဖြစ်ကြသည်ကိုလည်း သတိမူသင့်သည်။

ယုံကြည်လောက်အောင် အထောက်အထား မပြနိုင်ဆိုသည် အချက်နှင့် ပတ်သက်၍ ဖမ်းဆီးသည့်နေ့ကစပြီး ထောင်ထဲတွင် ချုပ်ထားသူတို့ကို အထောက်အထားပြရန် အတွက် အခွင့် အရေးကို လုံးဝမပေးသည့်အပြင် ကိုင်ဆောင်သည့် နိုင်ငံသားလက်မှတ်များကိုပင် အာဏာပိုင်များက သိမ်းဆည်းထားသေးသည်။

လျှောက်သူ ၂၃ ဦးတို့ကို မြန်မာပြည်သို့ ခိုးဝင်လာသူများဟု ယူဆနိုင်ရန် တရားဝင် သက်သေခံ ဖြစ်နိုင်သော အထောက် အထား လုံးဝမရှိ၍ ထိုကဲ့သို့သော ယူဆချက်ကို ကိုးကားပြီး လူဝင်မှု အရေးပေါ် အက်ဥပဒေ ပုဒ်မ ၇ (၂) အရ ပြည်နှင်ဒဏ်ပေးခြင်းသည် တရားဥပဒေနှင့် မကိုက်ညီသဖြင့် ဖမ်းဆီး ချုပ်နှောင်ထားခြင်းမှာ တရားဥပဒေနှင့် ဆန့်ကျင်သော ချုပ်နှောင်ထားခြင်းသာ ဖြစ်သောကြောင့် ဖေမောင်းတော နယ်ပိုင် ငန်ထောက်မင်း၏ အမိန့်များကို ပယ်ဖျက်ပြီး လျှောက်သူများအား အချုပ်မှ ချက်ခြင်း လွှတ်ပစ်ရန် အမိန့်ချမှတ်လိုက်သည်။

# တရားလွှတ်တော်ချုပ်

လိကင်စူး (ခေါ်) ဦးစု (လျှောက်ထားသူ)

နှင့်

အတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန (လျှောက်ထားခံရသူ)*

† ၁၉၆၀

စက် တ ဘ်ာ လ ၂၂ ရက်။

၁၉၅၃ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) (ပြင်ဆင်ခွက်) အက်ဥပဒေ၊ ပုဒ်မ ၅-က၊ အာဏာစက်ကုန်ပြီး ဖြစ်သော အမိန့်၊ ပြင်ဆင်ခြင်းမပြုနိုင်၊ ချုတ်ချယ်နိုင်စေရန် ခိုင်လုံလော အထောက်အထား ရှိရမည်၊ အာဏာပိုင်က ထည့်သွင်းစဉ်းစားရမည့် အချက်၊ ချုတ်ချယ်ရာတွင် တရားဥပဒေအရ မခိုင်လုံသည့်အကြောင်းပြချက်။

၁၉၅၃ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်း စောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၅-က အရ၊ လျှောက်ထားသူအား၊ ရန်ကုန်မြို့မှ ဟသံဘဝရိုင်၊ မြန်အောင်မြို့သို့ ပြောင်းရွှေ့ နေထိုင်ရန် ၁၉၅၆ ခုနှစ်၊ မေလ ၄ ရက်နေ့၌၊ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ချမှတ်လေသည်၊ ထိုနောက် ၁၉၅၇ ခုနှစ်၊ ပြိုလ ၃ ရက်နေ့၌ တကြိမ်၊ ၁၉၅၈ ခုနှစ်၊ ပြိုလ ၁၀ ရက်နေ့၌ တကြိမ်၊ ၁၉၅၉ ခုနှစ်၊ ပြိုလ ၉ ရက်နေ့၌တကြိမ် လျှောက်ထားသူအား မြန်အောင်မြို့၌ပင်၊ ဆက်လက်နေထိုင်ရန် ဆက်ကာ ဆက်ကာ အမိန့် ချမှတ် လေသည်၊ ထိုအမိန့် အသီးသီးမှာ ဟန့်တားမှုသာသက်တမ်းရှိသဖြင့် ၁၉၅၉ ခုနှစ်၊ ဧပြိုလ ၉ ရက်နေ့၌ ချမှတ်သော အမိန့်သည် ၁၉၆၀ ခုနှစ်၊ မေလ ၁၆ ရက်နေ့၌ အာဏာဘည်ခြင်းမှ ရပ်စဲလေသည်၊ ၁၉၆၀ ခုနှစ်၊ မေလ ၃ ရက်နေ့၌၊ ပြည်ထဲရေးဝန်ကြီးဌာနသည် ၁၉၅၉ ခုနှစ်၊ ဧပြိုလ ၉ ရက်နေ့စွဲဖြင့် ထုတ်ထားသော အမိန့်ကို ပြင်ဆင်သည်ဆိုပြီး၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၅-က (ခ)၏ အပိုဒ် (၈) အရ၊ လျှောက်ထားသူအား၊ မြန်အောင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ နေထိုင်ခွင့်ပြုလိုက်ကြောင်း၊ ရန်ကုန်မြို့နယ်နိမိတ်အတွင်းမှ ဝန်ကြီးဌာန၏ အခွင့် အမိန့် တစုံတရာ မရရှိဘဲ၊ အခြားနေရာသို့ ထွက်ခွါသွားခြင်း မပြုရကြောင်း စသည့်စည်းကမ်းချက်များဖြင့် အင်နှိ ချမှတ်လိုက်လေသည်။

**ဆုံးဖြတ်ချက်**။ ။၁၉၅၉ ခုနှစ်၊ ဧပြိုလ ၉ ရက်နေ့စွဲဖြင့် ချမှတ်သော နယ်နှင်ခြေချုပ် အမိန့်မှာ၊ ၁၉၆၀ ခုနှစ်၊ မေလ ၁ ရက်နေ့၌၊ အာဏာစက်ကုန်ဆုံးပြီဖြစ်ရကား၊ ယင်းအမိန့်ကို ၁၉၆၀ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ အမိန့်ဖြင့် ပြင်ဆင်ခြင်း မပြုနိုင်တော့ချေ။

သက်ဆိုင်ရာ အာဏာပိုင် ရွေ့မျောက်တွင် လျှောက်ထားသူအား၊ ချုတ်ချယ်နိုင်စေရန်အတွက် တရားဥပဒေအရ၊ ခိုင်လုံသော အထောက်အထား ရှိရမည်ဖြစ်သည့်ပြင်၊ ထိုသို့ချုတ်ချယ်ရန် အကယ်ပင် လိုအပ်သည်၊ မလိုအပ်သည်ကို ထိုအာဏာပိုင်က ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်၊ သက်ဆိုင်ရာ

---

* ၁၉၆၀ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့ လျှောက်လွှာ အမှတ် ၂၇။

† နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ဓလွှမ့ောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၀

လီကင်စူး(ခေါ်) ဦးစု နှင့် အတွင်းဝန်၊ ပြည်ထဲရေး ဝန်ကြီးဌာန။

အာဏာပိုင်က လျှောက်ထားသူသည် မူလ ဘိန်းခိုးထုတ်၊ ခိုးသွင်းဘက်ဖြစ်သော ရောင်းရင်းများနှင့် ပြန်လည် ဆက်သွယ်လိမ့်မည်ဟူသော ထင်ယောင် ဝိုးဝါး ဖိုးရိမ်ကြောင့်ကြမှုကြောင့် လျှောက်ထားသူ၏ လွတ်လပ်ခွင့်ကို ထပ်မံ ချုတ်ချယ်ရသည်ဟူသော အကြောင်းပြချက်မှာ တရားဥပဒေအရ၊ မခိုင်လုံချေ။

လျှောက်ထားသူအတွက်။ ။ဦးထွန်းမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရလွှတ်တော် ရှေ့နေကြီး ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။ဤအမှုတွင် ပြည်ထဲရေး ဝန်ကြီး ဌာနက ယခု လျှောက်ထားသူ လီကင်စူး (ခေါ်) ဦးဖူအား၊ ရန်ကုန်မြို့မှ ဟသံတခရိုင်၊ မြန်အောင်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန်၊ ၁၉၅၆ ခုနှစ်၊ မေလ ၄ ရက်နေ့၌၊ ၁၉၅၃ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်း စောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၅-က အရ၊ အမိန့်ချမှတ် လေသည်။ ထို့နောက် ၁၉၅၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့၌တကြိမ်၊ ၁၉၅၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ တကြိမ်၊ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့၌တကြိမ် လျှောက်ထားသူအား မြန်အောင်မြို့ပြင် ဆက်လက် နေထိုင်ရန် ဆက်ကာ ဆက်ကာ အမိန့်ချမှတ်လေသည်။ ထိုအမိန့်အသီးသီးမှာ တနှစ်တာမျှသာ သက်တမ်း ရှိသဖြင့် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့၌ ချမှတ်သောအမိန့်သည် ၁၉၆၀ ခုနှစ်၊ မေလ ၁ ရက်နေ့၌ အာဏာတည်ခြင်းမှ ရုပ်စဲ လေသည်။ ထိုအတောအတွင်းတွင် ဟသံတခရိုင် ယစ်မျိုးဝန်ထောက်က လျှောက်ထားသူသည် မြန်အောင်မြို့၌ ကောင်းရောင်း ကောင်းဝယ်လုပ်ကိုင် စားသောက်နေကြောင်း၊ ရာဇဝတ်မှု မကင်းသော လှုပ်ရှားမှုများ ပြုလုပ်သည်ကို မတွေ့ရကြောင်းနှင့် အထက်အရာရှိများထံသို့ အစီရင်ခံစာများ ထင်သွင်းလေသည်။

၁၉၆၀ ခုနှစ်၊ မေလ ၃ ရက်နေ့၌၊ ပြည်ထဲရေးဝန်ကြီး ဌာနသည်၊ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ဖဲ့ဖြင့် ထုတ်ထားသော အမိန့်ကို ပြင်ဆင်သည်ဟုဆိုပြီး၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်း စောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၅-က (ခ) ၏အပိုဒ် (၈) အရ၊ လျှောက်ထားသူအား၊ မြန်အောင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ နေထိုင်ခွင့်ပြုလိုက်ကြောင်း။ ရန်ကုန်မြို့နယ်နိမိတ်အတွင်းမှ၀န်ကြီးဌာန၏ အခွင့် အမိန့်တစုံတရာ မရရှိပဲ အခြား နေရာသို့ ထွက်ခွါသွားခြင်း မပြုရကြောင်း စသည့် စည်းကမ်း ချက်များဖြင့် အမိန့်ချမှတ်လိုက်လေသည်။ ထိုအမိန့်ကို လျှောက်ထားသူက မကျေနပ်သဖြင့် အမှုခေါ် စာချွန်တော် အဖိန့်ဖြင့် ပယ်ဖျက်ပါရန် ဤမှုံး တော်သို့ လျှောက်ထားလေသည်။

၁၉၅၉ ခုနှစ်၊ ပြေလ ၉ ရက်နေ့စွဲဖြင့် မျမှတ်သော နယ်နှင် ခြေချုပ် အမိန့်မှာ၊ ၁၉၆၀ ခုနှစ်၊ မေလ ၁ ရက်နေ့၌ အာဏာစက် ကုန်ဆုံးပြီဖြစ်ရကား၊ ယင်းအမိန့်ကို ၁၉၆၀ ခုနှစ်၊ မေလ ၃ ရက်နေ့စဲပါအမိန့်ဖြင့် ပြင်ဆင်ခြင်း မပြုနိုင်တော့ချေ။ ထိုနောက် ဆုံး အမိန့်ချမှတ်သည့်အဖျိန်၌ သက်ဆိုင်ရာ အာဏာပိုင် ရွေးမှောက်တွင် ယခု လျှောက်ထားသူအား ချုတ်ခြယ်နိုင်စေရန်အတွက် တရားဥပဒေအရ ခိုင်လုံသော အထောက်အထား ရှိရမည်ဖြစ်သည့်ပြင် ထိုသို့ချုတ်ချယ်ရန် အကယ်၀င် လိုအပ်သည်၊ မလိုအပ်သည်ကို ထိုအာဏာပိုင်က ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ ယခုမူကား ယင်းကဲ့သို့ မဟုတ် ဟန်ဟတခန့်၌၊ ယစ်မျိုးငန်ထောက်က လျှောက်ထားသူသည် လေးနှစ်တာမျ ကောင်းမွန်စွာ အသက်မွေးဝမ်းကျောင်း နေသည်ဟု အစီရင်ခံခဲ့သော်လည်း သက်ဆိုင်ရာ အာဏာပိုင်က လျှောက်ထားသူသည် မူလ ဘိန်းဖိုးထုတ်၊ ဦးသွင်းဘက်ဖြစ်သော ချောင်းရင်းများနှင့် ပြန်လည် ဆက်သွယ်လိမ့်မည်ဟူသော ထင်ယောင် ဝိုးဝါး ဖိုးဖိုမ်ကြောင့်ကြမှုကြောင့် လျှောက်ထားသူ၏ လွတ်လပ်ခွင့်ကို ထပ်မံ ချုတ်ချယ်ရသည်ဟူသော အကြောင်းပြချက်မှာ တရားဥပဒေအရ မခိုင်လုံချေ။

ယင်းသို့ဖြစ်၍၊ အထက်ပါ ပြပါ ၁၉၆၀ ခုနှစ်၊ မေလ ၃ ရက် နေ့စွဲဖြင့်ချမှတ်သော ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကို အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

၁၉၆၀

လီကင်စူး(ခေါ်) ဦးစို နှင့် အတွင်းဝန်၊ ပြည်ထဲရေး ဝန်ကြီးဌာန။

## တရားလွှတ်ဒေတာ်ချုပ်

† ၁၉၆၀
အောက် တိုဘာ
၂၀ ရက်။

## ဝူလွေပိုး (ခေါ်) ဝုကီလွေ (လျှောက်ထားသူ)

နှင့်

## လီရှုပ်လန် ပါ ၃ (လျှောက်ထားခံရသူများ)*

မည်သည့်အခါ၊ အိမ်ဌါးသည် ဌါးသောအိမ်မှ ထွက်ခွါ၍ အခြားအိမ်တွင် သွားရောက်နေထိုင်ခြင်းဖြင့်၊ အိမ်ခန်းမှ အိမ်ဌါးဖြစ်သူ လုံးလုံးထွက်သွားပြီ၊ ထွက်ခွါမည့်ဆဲဆဲဟု မဆိုနိုင်၊ ဥပဒေအရ၊ ''အိမ်ဌါးဆိုသူ''။

**ဆုံးဖြတ်ချက်**။ ။အိမ်ဌါးကိုယ်တိုင် အိမ်ခန်းမှ ထွက်ခွါ၍ အခြား အိမ်တွင် သွားရောက် နေထိုင်သော်လည်း မိမိ၏ မိသားစုတွင် ပါဝင်သော သားသမီးများက ဆက်လက်၍ အဆိုပါ အခန်းတွင် နေထိုင်လျက် ရှိလေရာ၊ ထိုအိမ်ခန်းမှာ အိမ်ဌါးဖြစ်သူက၊ လုံးလုံးထွက်သွားပြီဟု မဆိုနိုင်ချေ။ ထိုကဲ့သို့ သားသမီးများ ဆက်လက်၍ နေခြင်းကြောင့်လည်း အိမ်ဌါးသည် မိမိယခင်က နေထိုင်လျက် ရှိသော ဥပစာမှ ထွက်ခွါသွားမည့်ဆဲဆဲ ဖြစ်နေသည်ဟုလည်း မဆိုနိုင်ချေ။

ဥပဒေအရ အိမ်ဌါးဆိုသူမှာ၊ ဥပစာအတွက် မိမိကိုယ်တိုင် ဖြစ်စေ၊ အခြားသူ တဦးမှ တဆင့် ဖြစ်စေ ဌါးရမ်းခပေးရသူတဦးတယောက်ကို ဆိုလိုသည်၊ မိမိဌါးရမ်း နေထိုင်လာသော အိမ်ခန်းတွင် အိမ်ဌါးသည် ကိုယ်တိုင် ဆက်လက်၍ နေထိုင်ခြင်း မပြုသော်လည်း၊ အိမ်ဌါးချထားခြင်းကို ရပ်စဲရန် မည်သို့မျှ မရှိသေးလျှင်၊ ၎င်းပင်လျှင် အိမ်ဌါးအဖြစ် ရှိနေသေးသည်။

လျှောက်ထားသူအတွက်၊ ဦးကျော်မြင့်နှင့် မစ္စတာ ဗီ၊အိပ် (ချ်)၊ ချန်းတို လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ (၁) အတွက်။ ။ဦးအောင်မင်း (၁) လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ (၂) နှင့် (၃) တို့အတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးအောင်သာကျော်**။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၂၅ အရ၊ ရန်ကုန်မြို့ လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမှုတွဲ အမှတ် ၁၆/၅၉ တွင်၊ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့စွဲဖြင့် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသော ကိစ္စဖြစ်သည်။

---

* ၁၉၆၀ ခုနှစ် တရားမ အသေးအဖွဲ့ လျှောက်လွှာ အမှတ် ၁၂၅။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း တရားဝန်ကြီးများ ဖြစ်သော ဦးချန်ထွန်းနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၀

ဦးလွေပိုး (ခေါ်) ဝုကီလွေ နှင့် လီရွှပ်လန် ပါ ၃။

လျှောက်ထားသူ ဦးလွေပိုး (ခေါ်) ဝုကီလွေသည်၊ လျှောက်ထားခံရသူ အမှတ် (၁) လီရွှပ်လန်ပိုင်၊ ရန်ကုန်မြို့၊မောင်ခိုင်လမ်း၊ အမှတ် ၁၅၄ အိမ်အောက်ထပ်ခန်းတွင် အနှစ် ၂၀ ကျော်မျှ ငှါးရမ်း နေထိုင်လာခဲ့သူ ဖြစ်သည်။ ၁၉၅၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အဆိုပါ အိမ်မှ ပြောင်းရွှေ့လျက် မိမိ၏ သား ဝူယူချိုင် အမည်ဖြင့် အသစ် ဆောက်လုပ်သော မဟာဗန္ဓုလလမ်း၊ အမှတ် ၆၀၂ အိမ်သို့ လျှောက်ထားသူက ပြောင်းရွှေ့ နေထိုင်ပြီးလျှင်၊ ယခင် မိမိနေထိုင်လာခဲ့သော လျှောက်ထား ခံရသူပိုင် အိမ်ခန်းတွင် ကုတင်တလုံးနှင့် ကုလားထိုင် အနည်းငယ်မျှသာ ချန်ထားပြီး ခဏ တဖြုတ်လောက် ကြည့်ရှုစေပြီး၊ ညဉ့်ဦးဘက်တွင်အိမ်ခန်းကို ပိတ်ထားသည်ဟုအကြောင်း မျိုးစုံပြု၍၊ လျှောက်ထားသူအပေါ်တွင် ငှါးရမ်းခကြိုးကြပ်ရေးဥပဒေအရ အရေးယူ ပါရန် အိမ်ပိုင်နှင်က လျှောက်ထားလေရာ၊ လက်ထောက် ငှါးရမ်းခကြိုးကြပ်ရေးဝန်က အဆိုပါ တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စုံစမ်း စစ်ဆေးပြီးလျှင်၊ ပေါ်ပေါက်သော အကြောင်း အချက်တို့မှာ ငှါးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) တွင် အကျုံးဝင်သည်ဟု ယူဆ၍ ၎င်းပုဒ်မအရ၊ အရေးယူပြီးလျှင်၊ သင့်တော်သူ တဦးအား အငှါး ချထားရန်အတွက် ငှါးရမ်းခ ကြိုးကြပ်ရေးဝန်မင်းထံ အစီရင်ခံခဲ့သည်။

၎င်းလက်ထောက် ငှါးရမ်းခ ကြိုးကြပ်ရေး ဝန်၏ အမိန့်နှင့် သက်ဆိုင်သော သက်သေခံချက်များ အားလုံးကို စစ်ဆေး ကြည့်ရှုရာ၊ အဆိုပါ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) အရ၊ အရေးယူသင့်သော အကြောင်းအချက်ဟူ၍ မည်သို့မျှ ပေါ်ပေါက်ခြင်း မရှိသည်ကို တွေ့ရသည်။ လျှောက်ထားသူသည် မိသားစု ဦးရေ များပြားစွာနှင့် အဆိုပါ မောင်ခိုင်လမ်း၊ အိမ်အမှတ် ၁၅၄ အခန်းတွင် ၁၉၅၈ ခုနှစ်၊ ဧပြီလ ကုန်သည်အထိ နေထိုင်လာခဲ့သည်မှာ မှန်သည်။ ထုအချိန်မှစ၍ မဟာဗန္ဓုလလမ်း၊ အိမ်အမှတ် ၆၀၂ [မိမိ၏သား မောင်ခင်မောင် (ခေါ်) ဝေလီသံဝူး ဆောက်လုပ်သောအိမ်] တွင် မိမိ၏ အိမ်သားများနှင့် အတူ သွားရောက်၍ နေထိုင်ခဲ့သည်ဆိုသော အချက်လည်းမှန်၏။ သို့သော်လည်း အချင်းဖြစ် နေအိမ်ခန်းတွင် မိမိ၏ မိသားစု အပါအဝင်၊ သားဦးအဟင်း (ခေါ်) မောင်သန်းဟိန်းနှင့် ဝူအဟွန်း စသော သားသမီးများ ဆက်လက်၍ အစေခံနှစ်ဦးနှင့်အတူတကွ နေထိုင်လျက် ရှိကြသည်ဟု လျှောက်ထားသူက အကြောင်းပြသည်မှာ မှန်သင့်သလောက် မှန်ပေသည်။ ငှါးရမ်းခ ကြိုးကြပ်ရေးဝန်ကိုယ်တိုင် သွားရောက် စုံစမ်းသည့် အခါတွင်၊ အိမ်ခန်းတွင် ကုတင်တလုံး၊ ကုလားထိုင် အနည်းငယ်မျှနှင့် ရေအိုးစသည်တို့ တွေ့ရှိရသည်သာမက နေထိုင်လျက်ရှိမသော လျှောက်ထားသူ၏ သား တယောက်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း သက်သေ ထွက်ချက်တွင် ပေါ်လွင်သည်။ ထို့ကဲ့သို့ အိမ်ငှါး ကိုယ်တိုင်အိမ်ခန်းမှ ထွက်ခွါ၍ တခြား အိမ်တွင် သွားရောက် နေထိုင်သော်လည်း၊ မိမိ၏

၁၉၆၀

ဝူလေဗိုး (ခေါ်) ဝုကီလေ နှင့် လီရွှပ်လန် ပါ ၃။

မိသားစုတွင် ပါဝင်သော သားသမီးများက ဆက်လက်၍ အဆိုပါ အခန်းတွင် နေထိုင်လျက် ရှိလေရာ၊ ထိုအိမ်ခန်းမှာ အိမ်ငှါးဖြစ်သူက လုံးလုံးထွက်ခွါသွားပြီဟု မဆိုနိုင်ချေ။ ထိုကဲ့သို့ သားသမီးများ ဆက်လက်၍ နေခြင်းကြောင့်လည်း၊ အိမ်ငှါးသည် မိမိ ယာင်က နေထိုင်လျက်ရှိသော ဥပစာမှ ထွက်ခွါသွားမည့်ဆဲဆဲ ဖြစ်နေသည်ဟုလည်း မဆိုနိုင်ချေ။ အချင်းဖြစ် အိမ်ခန်းအတွက် လျော်ကြေးသွင်ပင်လျှင် အိမ်လများကို ဆက်လက်၍ ပေးဆောင်ကြောင်းမှာလည်း အမှုတွင် ပေါ်လွင်သည်။ ဥပဒေအရ အိမ်ငှါးဆိုသူမှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတဦးဦးမှ တဆင့် ဖြစ်စေ ငှါးရမ်းခ ပေးရသူ တဦးတယောက်ကို ဆိုလိုသည်။ အဆိုပါ အိမ်ခန်းတွင် မိမိကိုယ်တိုင် ဆက်လက်၍ နေထိုင်ခြင်း မပြုသော်လည်း အိမ်ငှါးချ ထားခြင်းကို ရပ်စဲရန် မည်သို့မျှ ဆောင်ရွက်ခြင်း မရှိသေးသည့်အတွက်၊ ၎င်းပင်လျှင် အိမ်ငှါး အဖြစ် ရှိနေသေးသည်။

သို့အတွက်ကြောင့်၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) အရ၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အရေးယူပိုင်သော အာဏာမရှိဟု ဤရုံးတော်က ယူဆသည်ဖြစ်သောကြောင့်၊ ၎င်းက အဆိုပါ ပုဒ်မအရ၊ ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်လိုက်သည်။

## တရားလွှတ်တော်ချုပ်

## ဦးလှတင် (လျှောက်ထားသူ)

နှင့်

## နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ပါ ၄ (လျှောက်ထားခံရသူများ)*

† ၁၉၆၀
စက်တင်ဘာလ ၈ ရက်။

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၊ အောက်မြန်မာပြည် မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ ရရန်ရှိသော ငွေများ တောင်းရန် အရေးယူရာတွင်၊ တရားမကျင့်ထုံးကိုဥပဒေအရ ဆောင်ရွက်ရမည်၊ တရားမကျင့်ထုံး ကိုဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၈၄ နှင့် ဆန့်ကျင်လျှင်၊ လေလံရောင်းခြင်းပျက်ပျယ်ခြင်း။

မြေနှင့် အခွန်တော် နည်းဥပဒေ ၉၀၊ ကန့်ကွက်ချက်ရှိလျှင်၊ အာဏာပိုင်က စီစစ်ဆုံးဖြတ်ရမည့် စာဝဝန်၊ တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၁ (၂) (ဆ) နှင့် ၆၆ (၂) (ဃ) အရ၊ ဇာချိပြုလုပ်ရန်အတွက် လျှောက်လွှာတင်ရရန် ရှိသောငွေကို ဖေါ်ပြရမည်၊ ဥပဒေအရ၊ မခိုင်လုံသည့် ဇာချိ လုပ်ခြင်း။

**ဆုံးဖြတ်ချက်။** ။နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကလျှောက်ထားသူထံမှ ရရန်ရှိသည်ဟုဆိုသော ငွေများကို အခွန်တော်မပြေ ကျန်ငွေဖြစ်သကဲ့သို့၊ အရတောင်းခံရန် အလို့ငှါ၊ ၁၉၅၆ ခုနှစ်၊ နိုင်ငံတော် မကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃ အရ၊ အရေးယူရာ၌ အောက်မြန်မာပြည် မြေနှင့် အခွန်တော် အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ အရေးယူရာတွင် တရားမကျင့်ထုံးကိုဥ ဥပဒေအရ၊ ဆောင်ရွက်ရမည်ဖြစ်သည်။

ဤကဲ့သို့ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့က လျှောက်ထားသူထံမှ ရရန်ရှိသည် ဆိုသောငွေများကို တောင်းခံသည့် ကိစ္စတွင် လျှောက်ထားသူက စာရင်းများကို အကိုးအကားပြုကာ မိမိက နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့မှ ငွေများရရန် ရှိပါ၍ ၎င်းငွေများကို တောင်းထားသဖြင့် လေလံကြော်ငြာခွင့် ဖေါ်ပြထားသည့် လျှောက်ထားသူထံမှ ရရန်ရှိသော ငွေပေါင်းမှာ၊ မမှန်ကြောင်း လျှောက်ထားသော်လည်း၊ ၎င်းလျှောက်လွှာကို အရေးမယူဘဲ၊ ဝါးရုံးဖမ်းထားသော လျှောက်ထားသူပိုင်ပစ္စည်းများကို တရားမကျင့်ထုံး ကိုဥ ဥပဒေအမိန့် ၂၁ အရ၊ ဆက်လက်ဆောင်ရွက်ပြီး ရောင်းချရာတွင် အမိန့် ၂၁၊ နည်းဥပဒေ ၈၄ အရ၊ ဝယ်သူက ဝယ်ငွေ၏ လေးပုံတပုံကိုချက်ခြင်းတင်သွင်းရမည်ဖြစ်သော်လည်း၊ ထိုငွေ၏ ဆယ်ပုံ တပုံကိုသာ တင်သွင်းသဖြင့်၊ ၎င်းရောင်းဝယ်မှုသည် မလိုက်မနေရဖြစ်သော အမိန့် ၂၁၊ နည်းဥပဒေ ၈၄ နှင့် ဆန့်ကျင်သည့်

---

* ၁၉၆၀ ခုနှစ်၊ တရားမ အယေးအဖွဲ့ လျှောက်လွှာအမှတ် ၈၈။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီး နှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၀

ဦးလှတင်
နှင့်
နိုင် ငံ တော်
ကောက်ပဲ သီးနှံ
ဈေးဝယ်ရေး
အဖွဲ့ပါ ၄။

ဖြစ်၍၊ မနီလာမိုဟန်လာ နှင့် ဆရက်အာမက် [ A.I.R. 1954 (S.C.) 349 ] အမှုတွင် အိန္ဒိယ ပြည် တရားလွှတ်တော်ချုပ် ဆုံးဖြတ်ချက် အတိုင်းဆိုလျှင်၊ ပယ်ဖျက်ရမည်သာ ဖြစ်သည်။ [ A.I.R. 1954 (S.C.) 349 ] ကို ရည်ညွှန်းသည်။

မြေနှင့် အခွန်တော် နည်းဥပဒေ ၉၀ ၌ပင် မြေခွန်ပေးဆောင်ရမည့်သူက၊ မည်ရွေ့ မည်မျှ ပေးဆောင်ရမည်ဆိုသည်ကို ကန့်ကွက်လျှင်၊ ၎င်း၏ ကန့်ကွက်လွှာကို သက်ဆိုင်ရာ အာဏာပိုင် များက၊ စီစစ်ဆုံးဖြတ်ရမည်ဖြစ်သည်၊ မပြောကျန်ရှိသည်ဆိုသော ငွေကို ရယူရန်အတွက် တရားမ ကျင့်ထုံးကို၀ ဥပဒေအရ၊ ဆောင်ရွက်ရာတွင် အမိန့် ၂၁ ပါနည်းဥပဒေများအတိုင်း လိုက်နာရမည် ဖြစ်သည်၊ ထိုအမိန့် ၂၁၊ နည်းဥပဒေ ၁၁ (၂) (ဆ) အရဆိုလျှင်၊ ဇာရီပြုလုပ်ရန်အတွက် လျှောက် လွှာတွင် ရရန်ရှိသောငွေကိုဖေါ်ပြရမည်ဖြစ်သည်၊ ထို့ပြင် ထိုအမိန့် နည်းဥပဒေ ၆၆ (၂) (ဃ) အရ လည်း၊ ရရန်ရှိသော ငွေကို ဖေါ်ပြရမည်ဖြစ်သည်၊ အဖွဲ့က လျှောက်ထားသူထံမှ ရရန်ရှိသောငွေနှင့် လျှောက်ထားသူက အဖွဲ့မှရရန်ရှိသော ငွေများကို သေချာစွာစစ်ဆေးပြီး စာရင်းမရှင်းသမျှ ကာလ ပတ်လုံး ကျန်ငွေမည်မျှ ရှိသည်ကို အတိအကျ ပြောနိုင်စွမ်း ရှိမည်မဟုတ်ချေ။ ထို့သို့မပြောနိုင်လျှင် လျှောက်ထားသူ အပေါ် ၌ ဇာရီပြုသည်မှာ တရားဥပဒေအရ ခိုင်လုံသည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက်။ ။ဦးဒေးမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၁) အတွက်။ ။ဦးမျိုးခင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၄) အတွက်။ ။ဦးချောင်ဖိုး လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးဘိုကြီး။** ။ယခုလျှောက်ထားသူ ဦးလှတင်သည်၊ မိမိပိုင် ကျိုက်လတ်မြို့၊ ကွင်းပေါက်ပိုင်းရှိ၊ သူငယ်ကုန်း ဆန်စက်ကို မီးရှို့ခံခဲ့ပြီးနောက်၊ ၁၉၅၃ ခုနှစ် တွင် နိုင်ငံတော် ကောက်ပဲ သီးနှံ ဈေးဝယ်ရေးအဖွဲ့မှ ဆန်စက်ကို ပြန်လည် ထူထောင် ရန်အတွက် ငွေ ၅၀,၀၀၀ ကျပ်၊ ဆန်စပါး သိုလှောင်ရုံ ဂိုဒေါင် ဆောက်လုပ်ရန်အတွက် ငွေ ၁,၀၀,၀၀၀ ကျပ် ခွဲးယူပြီး၊ ယင်းသို့ မွေးယူရာ၌ တည်ဆောက်မည့် ဆန်စက်နှင့် ဂိုဒေါင်များကို အပေါင်ပေးသွင်း၍ ဦးလှတင်က အဖွဲ့အတွက် ဆန်ကြိတ်ပြီးနောက်၊ ဆန်နှင့် ဆန်ထွက် ပစ္စည်းများကို ထိုဂိုဒေါင်များတွင်သိုလှောင်ရန် သဘောတူကြ လေသည်။ ထို့ပြင်လည်း ဆန်ကြိတ်ခနှင့်ဂိုဒေါင်ခ၊ ကျသင့်သည့် ကူလီခ စသည့် စရိတ် များနှုတ်ပြီးနောက်၊ ကျန်ငွေကို၊ ခွဲးယူသော ငွေကို ပေးဆပ်သည့် အနေနှင့် ဝင်ငွေ စာရင်းပြုလုပ်ရန် သဘောတူကြလေသည်။ ဤအချက်များကို ဦးလှတင်က မိမိ၏ ကျမ်းကျိန်လွှာတွင် မြွက်ဆိုခဲ့ရာ၊ အဖွဲ့၏ အတွင်းရေးမှူး ဦးဇင် တင်သွင်းသော ပြန်လည် ချေပသည့် ကျမ်းကျိန်လွှာတွင် ငြင်းဆိုခြင်း မပြုချေ။

အထက်ဖေါ်ပြပါ သဘောတူညီချက်အတိုင်း ဦးလှတင်သည်၊ ဆန်စက်နှင့် ဂိုဒေါင် များကို တည်ဆောက်ပြီးနောက်၊ အဖွဲ့၏ ဆန်များ ကြိတ်၍ ကြိတ်ခ၊ ဂိုဒေါင်ခတို့ကို

၁၉၆၀

ဦးလှတင်
နှင့်
နိုင် ငံ တော်
ကောက်ပဲ သီးနှံ
ရောင်း ဝယ်ရေး
အဖွဲ့ ပါ ၄။

စာရင်းပြုပြီး၊ အဖွဲ့သို့ တင်သွင်းလေသည်။ မိဓိရုန် မှိုသည့်ဌေးမှာ ၄၀,၀၀၀ ကျပ်မျှ ဖြစ်သည်ဟု မြွက်ဆိုလေသည်။ ၁၉၅၇ ခုနှစ်တွင် အဖွဲ့ ဆန် အမှုဆောင် အရာရှိ၏ ပန်ကြားချက်အရ၊ ဗျာပုံခိုင်ဝန်သည်၊ ကော်လိတ်တော်အရာရှိအဖြစ်ဖြင့် ဦးလှတင် ပေးဆပ်ရန် ကျန်ရှိနေသော ငွေများကို အခွန်တော် ပမြေ ကျန်ငွေဖြစ်သကဲ့သို့၊ အရ တောင်းခံရန် အလို့ငှါ ၁၉၅၆ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၃ အရ၊ အရေးယူလေသည်။ ထိုသို့ အရေးယူရာ၌ အောက်မြန်မာပြည် မြေနှင့် အခွန်တော် အက်ဥပဒေပုဒ်မ ၄၅ အရ၊ အရေးယူသည် ဖြစ်ရကား၊ တရားမကျင့်ထုံး ကိုဓဉပဒေအရ ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့ကြောင့် ကော်လိတ်တော်အရာရှိသည် အခင်းဖြစ်ဆန့်စက်နှင့် ဂိုဒေါင်များကို ဝါးရုံမိုးဖမ်းပြီး၊ ထိုကိုဓဉပဒေအမိန့် ၂၁ အရ၊ ဆက်လက် ဆောင်ရွက်လေသည်။ ၁၉၅၇ ခုနှစ်တွင် ထိုပစ္စည်းများကို တဖန် ထပ်မံ၍ ဖမ်းဆီးရန်အတွက် ဝါးရုံမိုးထုတ်လေသည်။

ဦးလှတင်သည်၊ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့စွဲပါ လျှောက်လွှာဖြင့်၊ ကျိုက်လတ်မြို့ပိုင်မှတဆင့်၊ ခရိုင်ဝန်ထံသို့ အောက်ပါအတိုင်း လျှောက်ထားလေသည်။

> "ကျွန်တော်၏ ကျိုက်လတ်မြို့ရှိ၊ သူဌေးကုန်း ဆန်စက်အမှတ် ၂၆ ကို နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှ ပေးဆပ်ရန် ကြွေးများ ကျန်ရှိနေသဖြင့် လေလံ ဂရောင်းချရန် အောက်တိုဘာလ ၁၃ ရက် နေ့စွဲပါ လေလံကြော်ငြာ ၌ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လေလံ ရောင်းချမည်ဟု ပါရှိပါသည်။
>
> ၎၊ က၊ ရ၊ ဖ၊ သို့ ကြွေးဆပ်ရန် ကျန်ရှိသည်မှာ မှန်ပါသည်။ သို့သော် လေလံ ကြော်ငြာ၌ ဆပ်ရန် ကျန်ရှိသော ငွေပေါင်းသည် မမှန်ပါ။
>
> အဖွဲ့မှ ကျွန်တော် ရရန်ရှိသော ငွေ တောင်းခံလွှာများလည်း ရှိပါသေးသဖြင့် ၎င်းစာရင်းကို ၎၊ က၊ ရ၊ ဖ၊ သို့ တောင်းထုံးပါကြောင်း၊ မိတ္တူကို ပူးတွဲ တင်ပြပါသည်။
>
> သို့ပါ၍ ၎င်းစာရင်းများကို ရှင်းလင်းပြီးသောအခါမှသာ ကျွန်တော်က ဆပ်ရန် ကျန်ရှိသော ငွေများကို အတိအကျ သိမှသာလျှင် ရှင်းလင်း ပေးဆပ်နိုင်မည် ဖြစ်ပါ၍ ယခု လေလံ ပစ်ခြင်းကို ခေတ္တရပ်ဆိုင်းထားပေးပါရန် အသနားခံအပ်ပါသည်။"

မြို့ပိုင်က ထိုလျှောက်လွှာကို ခရိုင်ဝန်ထံသို့ ပို့ရမည့်ဖတ္တရားရှိသည့်အတိုင်း မပို့ဘဲ၊ ထိုကောက်ခံမှုတွင် အဖွဲ့မှ ရရန်ရှိသော ကြွေးနှင့် ခုန့်မှန်းရန် အခွင့်မရှိကြောင်းဖြင့် လျှောက်လွှာကို ပယ်လိုက်လေသည်။ အမှန်အားဖြင့်ဆိုသော်၊ ဤမှုဒင်းတွင် ခရိုင်ဝန်သည်၊ ကော်လိတ်တော် အရာရှိအနေဖြင့် ဆောင်ရွက်နေသည်ဖြစ်ရကား၊ မြို့ပိုင်သည် ထိုသို့သော အဓိန့်မျိုးကို ချမှတ်ရန် အာဏာမရှိချေ။

ထို့နောက် အမှုကိုဆက်လက်ဆောင်ရွက်ပြီး ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့၌ အခင်းဖြစ်ပစ္စည်းများကို လျှောက်ထားခံရသူ အမှတ် ၄၊ ဦးမြကြိုင်သို့ ငွေ ၁,၀၁,၀၀၀

၁၉၆၀

ဦးလှတင်
နှင့်
နိုင် ငံ တော်
ကောက်ပဲ သီးနှံ
ရောင်း ဝယ်ရေး
အဖွဲ့ ပါ ၄။

ကျပ်နှင့် ရောင်းခဲ့လိုက်လေသည်။ ထိုသို့ရောင်းခဲ့ရာ၌ အမိန့် ၂၁၊ နည်းဥပဒေ ၁၄ အရ၊ ဝယ်ယူသူက ဝယ်ငွေ၏ လေးပုံတပုံကို ချက်ခြင်း တင်သွင်းရမည် ဖြစ်သောလည်း၊ ထိုငွေ၏ ဆယ်ပုံတပုံကိုသာ တင်သွင်းလေသည်။ ကျန်ငွေကို တင်သွင်းရန် ဝယ်သူအား အချိန်တလပေးလိုက်လေသည်။ သို့သော်လည်း ဝယ်ယူပြီး ၁၅ ရက်အတွင်းမှာပင် ကျန်ငွေကို ဝယ်ယူသူက တင်သွင်းလေသည်။

အမိန့် ၂၁၊ နည်းဥပဒေ ၁၄ သည်၊ မလိုက်မနေရ ဥပဒေဖြစ်သဖြင့်၊ လေလံပွဲတွင် ဆွဲဝယ်သူသည် ဝယ်ငွေ၏ လေးပုံတပုံ မတင်သွင်းဘဲ၊ ဆယ်ပုံတပုံသာ တင်သွင်းသည်မှာ တရားဥပဒေနှင့် မကိုက်ညီသဖြင့်၊ ရောင်းခြင်းသည် ပျက်ပြယ်ပါသည်ဟု ဦးလှတင်၏ ပညာရှိ ရှေ့နေကြီးက အိန္ဒိယပြည်၊ တရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်သော မနီလာ မိုဟန်လာနှင့် ဆရက်အာမက် (၁) အမှုကို ကိုးကား၍ လျှောက်လဲလေသည်။ ထိုအမှု ဆုံးဖြတ်ချက်အတိုင်း ဆိုလျှင် ဖေါ်ပြပါရောင်းဝယ်မှုသည် မလိုက်မနေရဖြစ်သော အမိန့် ၂၁၊ နည်းဥပဒေ ၁၄ နှင့် ဆန့်ကျင်သည်ဖြစ်၍ လေလံ ရောင်းခြင်းကို ပယ်ဖျက် ရမည်သာဖြစ်သည်။ သို့ရာတွင်၊ ခရိုင်ဝန်က ၁၉၆၀ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ဖြင့် ထိုရောင်းခြင်းကို အတည်မဖြစ်နိုင်ဟု ယူဆပြီး ပယ်ဖျက်သဖြင့်၊ ထိုအချက်ကို ရုံးတော်ကစဉ်းစားရန် မလိုတော့ချေ။ သို့သော် ခရိုင်ဝန်က မြေနှင့် အခွန်တော်နည်း ဥပဒေ ၉၆ အရ၊ လိုအပ်သလို ဆက်လက် အရေးယူရန်အတွက် အမှုတွဲကို ကျိုက်လတ်မြို့ ပိုင်ထံသို့ ပြန်လည် ပေးပို့ လိုက်လေသည်။

ဤအမှုတွင် လေလံရောင်းဝယ်ခြင်းကို ပယ်ဖျက်ပြီး ဖြစ်သော်လည်း မူလကနဦး ကပင် ဆောင်ရွက်ချက်မှားယွင်းနေသဖြင့်၊ ဤရုံးတော်က ဝင်ရောက် စွက်ဖက်ရမည် ဖြစ်သည်။ မြေနှင့် အခွန်တော် နည်းဥပဒေ ၉၈ ၌ပင် မြေခွန်ပေးဆောင်ရမည့်သူက မည်ရွေ့ မည်မျှ ပေးဆောင်ရမည်ဆိုသည်ကို ကန့်ကွက်လျှင်၊ ၎င်း၏ ကန့်ကွက်လွှာကို သက်ဆိုင်ရာ အာဏာပိုင်မျှားက၊ စီစစ်ဆုံးဖြတ်ခုမည်ဖြစ်သည်။ ယခုမူကား ဦးလှတင်က မိမိရရန်ရှိသော ငွေမျှားကို မူလက ကတိရှိခဲ့သည့်အတိုင်း စပ်ဆေး ဆုံးဖြတ်ရန် လျှောက်ထားသော်လည်း၊ ၎င်း၏ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မည်သို့မျှ အရေး မယူခဲ့ချေ။ ဤအမှုတွင် မပြေကျန်ရှိသည်ဆိုသော ငွေကို ရယူရန်အတွက် တရားမ ကျင့်ထုံးကိုဥပဒေအရ ဆောင်ရွက်သည်ဖြစ်ရာ၊ အမိန့် ၂၁ ပါနည်းဥပဒေများအတိုင်း လိုက်နာရမည်ဖြစ်သည်။ ထိုအမိန့် ၂၁၊ နည်းဥပဒေ ၁၁ (၂) (ဆ) အရဆိုလျှင်၊ ဇာရီ ပြုလုပ်ရန်အတွက် လျှောက်လွှာတွင်ရရန်ရှိသောငွေကို ဖေါ်ပြရမည်ဖြစ်သည်။ ထို့ပြင် ထိုအမိန့် နည်းဥပဒေ ၆၆ (၂) (ဃ) အရလည်း ရရန်ရှိသောငွေကို ဖေါ်ပြရမည် ဖြစ်သည်။ ဤအမှုတွင် ရရန်ရှိသော ငွေနှင့် စပ်လျဉ်း၍ တိတိကျကျ မှန်မှန်ကန်ကန်

(1) A.I.R. 1954 (S.C) p. 349.

ပေါ်ပြထားသည်ကို မတွေ့ရ။ ကဲ့ကဲ့ပြားပြား ပေါ်ပြထားသည်ကိုသာ ဥွေ့ရလေသည်။ အမှန်အားဖြင့်ဆိုသော်၊ အဖွဲ့က ဦးလှတင်ကံမှ ရရန်ရှိသော ငွေနှင့် ဦးလှတင်က အဖွဲ့မှ ရရန်ရှိသော ငွေများကို သေချာစွာ စစ်ဆေးပြီး စာရင်းမရှင်းသမျှ ကာလ ပတ်လုံး ကျန်ငွေ မည်မျှရှိသည်ကို အတိအကျ ပြောနိုင်စွမ်း ရှိမည်မဟုတ်ချေ။ ထိုသို့ မပြောနိုင်လျှင် ဦးလှတင်အပေါ်၌ ဇာရီပြုသည်မှာ တရားဥပဒေအရ ခိုင်လုံသည်ဟု မဆိုနိုင်ချေ။

၁၉၆၀

ဦးလှတင် နှင့် နိုင် ငံ တော် ကောက်ပဲ သီးနှံ ရောင်း ဝယ်ရေး အဖွဲ့ ပါ ၄။

အကယ်၍ ဦးလှတင်သည် စာရင်း ရှင်းရန် ငြင်းဆိုလျှင် သော်၎င်း၊ စာရင်းမရှင်းဘဲ ရှောင်တိမ်းနေလျှင်သော်၎င်း၊ အဖွဲ့သည် တတ်အားသရွေ့ ကျန်ငွေကို စုံစမ်း စစ်ဆေးပြီး အရေးယူနိုင်ပေမည် ဖြစ်သည်။ ယခုမူကား ဦးလှတင်က စာရင်း ရှင်းရန် လျှောက်ထားပါလျက် အရေးမယူဘဲ၊ ဇာရီပြုခြင်းကို ဤရုံးတော်က ငင်ရောက် စွက်ဖက်ရမည် ဖြစ်သည်။ ဤရုံးတော် ဦးဘလှနှင့် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (၂) အမှုတွင်လည်း၊ ဦးမောင်မောင်စိန်နှင့် စပ်လျဉ်း၍ အလားတူ အမှုမျိုး ဖြစ်ပေါ်ခဲ့ရာ၊ ဤရုံးတော်က လေလံရောင်းသည့် အမိန့်ကို ပယ်ဖျက်ပြီး၊ ခရိုင်ပန်က မည်ရွေ့ မည်မျှ ရရန် ငွေကျန်ရှိသည်ကို စုံစမ်းသင့်ကြောင်းဖြင့် အမိန့်ချမှတ် လိုက်လေသည်။

ထို့ကြောင့် ကျန်ငွေမည်ရွေ့ မည်မျှရှိသည်ကို အတိအကျ စုံစမ်း စစ်ဆေးခြင်း မပြုဘဲ၊ လျှောက်ထားသူပိုင် ပန္နဲ့းများအပေါ်၌ ဇာရီပြုလုပ်သည့် အမိန့်ကို အမှုနှေ့ စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

ဤအမှုတွင် အမှုသည်များ မှားယွင်းခြင်းကြောင့်မဟုတ်။ သက်ဆိုင်ရာ အရာရှိများ အထူးသဖြင့် ကျိုက်လတ် မြို့ပိုင်၏ မှားယွင်းမှုကြောင့် ဤရုံးတော်သို့ အမှု ရောက်ရှိလာရခြင်း ဖြစ်သည့်အားလျော်စွာ၊ အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြစေရန် အမိန့်ချ မှတ်လိုက်သည်။

(2) C.M.A. 101/58—1959 B.L.R. (S.C) 38.

## SUPREME COURT.

†S.C.
1960

*Nov.* 28.

P. KARAPAYA (APPELLANT)

*v.*

THE UNION OF BURMA (RESPONDENT).*

*Criminal Procedure Code*, s. 350(1)—*Course to be followed by succeeding Magistrate—Effect of* "De novo" *trial—Power of Magistrate and right of accused under—Division of proceedings into two separate stages of enquiry and trial not warranted by.*

When one Magistrate succeeds another and acts under s. 350(1) of the Criminal Procedure Code, he must either take up the case at the point at which his predecessor ceased to exercise jurisdiction or he may resummon the witnesses and recommence the enquiry or trial, and that in the latter event, whether done on his own initiative or at the instance of the accused, all the previous proceedings, whether a charge has been framed or not, are to be treated as non-existent.

*King-Emperor* v. *Nga Pe*, 2 L.B.R. 17 ; *The Union of Burma* v. *U Saw Lwin and others*, B.L.R. (1952) (H.C.) 394, approved.

*State through Ram Laut and others* v. *Bansu and others*, A.I.R. (1950) All. 669, referred to.

*T. Sriramulu and three others* v. *K. Veerasalingam*, I.L.R. 38 Mad. 585 ; *Sarkar* v. *Madorane*, A.I.R. (1950) Rajasthan 34 ; *State* v. *Ambaram*, A.I.R. (1953) Madhya Bharat 1, explained.

The initiative for adopting the alternative course provided in s. 350(1) of the Criminal Procedure Code rests with the trial Magistrate. It would however be open to the Advocate for the accused to ask the Court to decide which course of action it proposed to take in compliance with this provision of law and if the new Magistrate decides to act on the evidence recorded by his predecessor and commences the proceedings from the stage at which the latter ceased to exercise jurisdiction, the accused could then exercise his right under s. 350(1)(*a*) of the Criminal Procedure Code and ask the Court to resummon all or any of the prosecution witnesses.

The language of the Code used in s. 350(1) and its provisos does not appear to warrant the division or separation of the proceedings in a warrant case into two separate stages of enquiry and trial. An enquiry obviously is a proceeding where the Magistrate is competent either to make an enquiry with a view to committing the accused person to be tried by a Court of Session or to make an enquiry in a miscellaneous proceeding of the character sanctioned under the Code. The word "trial" embraces the whole proceedings in a trial of a warrant case from its very inception. In other words the trial in a warrant case commences when the accused appears or is brought before a Magistrate with the prosecution witnesses ranged against him.

---

* Criminal Appeal No. 7 of 1960.

† *Present :* U MYINT THEIN, Chief Justice of the Union, U CHAN HTOON and U AUNG THA GYAW, JJ.

*Narotamdas L. Shah* v. *Pathak Nathalal Sukkram and another*, A.I.R. (1935) Saurashtra 151 ; *Lubhsing* v. *Emperor*, A.I.R. (1934) Sind 106 ; *Sahib Din* v. *King-Emperor*, A.I.R. (1922) Lah. 49 ; *Gomer Sirda* v. *Queen-Empress*, 25 Cal. 864 ; *Ramachandra Nahar* v. *Emperor*, A.I.R. (1944) Bom. 14, referred to.

*N. R. Mazumdar* for the appellant.

*Hla Maung* (Government Advocate) for the respondent.

U AUNG THA GYAW, J.—This appeal by special leave is brought against the judgment of the High Court dated the 11th day of November 1959 passed in Criminal Revision No. 247 (B) of 1959.

The appellant was prosecuted in the Court of the 4th Additional Magistrate, Rangoon in Criminal Regular Trial No. 639 of 1952 for an offence under section 406 of the Penal Code alleged to have been committed some time in March 1952. At the close of the prosecution case, a charge was duly framed against the appellant on 14th December 1956. In the interval, owing to changes of Magistrates, the appellant had twice asked for " de novo " trials. After the charge, the appellant and one of his witnesses were examined for the defence. The Magistrate was then transferred and was succeeded by a new Magistrate of equal competence before whom, when the case was called, the appellant again claimed a " de novo " trial under section 350 (1) (*a*) of the Criminal Procedure Code. The new Magistrate thereupon decided to hold a fresh trial on 16th December 1958. On the said date, the prosecution witnesses were absent and after a further adjournment, the Court was informed by the respondent's Advocate that the attendance of the prosecution witnesses could not be procured. The appellant's Advocate thereupon represented that his client, the appellant, had been harassed by this prosecution for a long time, and that it was open to the Court to discharge the appellant under section 253 (2) of the Criminal Procedure Code. The

S.C. 1960

P. KARAPAYA v. THE UNION OF BURMA.

Magistrate acceded to the request made on the appellant's behalf and accordingly passed an order of discharge.

Thereafter on 22nd December 1958, the complainant brought a fresh complaint against the appellant on the same facts whereupon the appellant contended that he was not liable to be tried again for the same offence as the order of his discharge passed on 16th December 1958 amounted in law to an order of acquittal and in consequence section 403 of the Criminal Procedure Code afforded him his immunity from further prosecution. The trial Magistrate rejected his contention. The Court of Sessions and the High Court also refused to entertain the appellant's plea of " autrefois acquit ".

It is now contended on the appellant's behalf that the trial Magistrate having acceded to the appellant's request for a fresh trial made under the provision of section 350 (1) (*a*) of the Criminal Procedure Code, the original charge made against the appellant must be deemed to stand and that the order of discharge made by the Magistrate after the commencement of the fresh trial amounted to an order of acquittal. It is on this interpretation of the action taken by the trial Magistrate that the plea of " autrefois acquit " made under section 403 of the Criminal Procedure Code has been put forward on the appellant's behalf.

A perusal of the Diary Order passed by the trial Magistrate in this case on the relevant date does not appear to support the appellant's view of what had taken place before him, when, after the transfer of his predecessor, the case first came before him for orders. The record shows that the parties and their respective Advocates were present and before the Magistrate had made any decision as to whether he would either act on the evidence already recorded by his predecessor or recommence the hearing of the case, the appellant's Advocate made his request for

a "de novo" trial. The Magistrate then recorded that he would conduct a fresh trial of the case.

When section 350 (*1*) of the Criminal Procedure Code is looked into, it would be found that the Magistrate succeeding another Magistrate who ceased to exercise jurisdiction may act on the evidence recorded by his predecessor or partly recorded by his predecessor and partly recorded by himself or he may resummon the witnesses and recommence the enquiry or trial. Two alternatives are thus open to the Magistrate who succeeds another on the latter's transfer to another jurisdiction. In the language of this section, he may act on the evidence recorded by his predecessor or partly recorded by his predecessor and partly recorded by himself or he may resummon the witnesses and recommence the enquiry or trial. This provision however is followed by two Provisos. First Proviso (*a*) reads: "In any trial the accused may, when the second Magistrate *commences* his proceedings, demand that the witnesses or any of them be resummoned and reheard;" and (*b*) "The High Court or in cases tried by Magistrates subordinate to the District Magistrate, the District Magistrate may, whether there be an appeal or not, set aside any conviction passed on evidence not wholly recorded by the Magistrate before whom the conviction was held, if such Court or District Magistrate is of opinion that the accused has been materially prejudiced thereby, and may order a new enquiry or trial." Both these Provisos obviously have reference to that part of section 350 (*1*) where the succeeding Magistrate proposes to act on the evidence recorded by his predecessor or partly recorded by his predecessor and partly recorded by himself. Proviso (*a*) on which the appellant relies in support of his contention can not possibly refer to that part of section 350 (*1*) which deals with the new Magistrate resummoning the witnesses and

S.C. 1960

P. KARAPAYA v. THE UNION OF BURMA.

recommencing the enquiry or trial. If the Magistrate proposes to resummon the witnesses and recommence the enquiry or trial, there would be no need for the accused to demand that all witnesses or any of them be resummoned and reheard.

The initiative for adopting the alternative courses provided in section 350 (1) of the Criminal Procedure Code thus rests with the trial Magistrate. It would however be open to the appellant's Advocate in this case to ask the Court to decide which course of action it proposed to take in compliance with this provision of law and if the new Magistrate decided to act on the evidence already recorded by his predecessor and commenced the proceedings from the stage at which the latter ceased to exercise jurisdiction, the appellant could then exercise his right under section 350 (1) (*a*) of the Criminal Procedure Code and ask the Court to resummon all or any of the prosecution witnesses.

In the circumstances shown in the present case, it would appear that the trial Magistrate decided to recommence the trial not on his own initiative but on the suggestion of or in consultation with the Advocate appearing for the appellant.

In *State through Ram Laut and others* v. *Bansu and others* (1) the Bench dealt with a set of facts similar to those now met with. The succeeding Magistrate instead of expressly exercising his option under section 350 (1) of the Criminal Procedure Code straightaway acted on the suggestion made on the accused's behalf that he should hold a "de novo" trial. Subsequently the Magistrate dismissed the complaint and discharged the accused for the reason that the complainant was absent on the day fixed for hearing. The complainant thereafter filed a fresh complaint on the same allegations and as in the present case, the accused there pleaded "autrefois acquit".

(1) A.I.R. (1950) All. p. 669.

The Bench held that the succeeding Magistrate must be deemed to have exercised the option under section 350 (1) in consultation with the accused and recommenced the enquiry or trial and that by his so doing all the previous proceedings including the charges framed were wiped off. Accordingly no acquittal resulted from the discharge of the accused and the plea of " autrefois acquit " could not be entertained.

Since the decision in *King-Emperor* v. *Nga Pe* (1), it has consistently been held in Burma that if the second or succeeding Magistrate decides to resummon the witnesses and recommences the enquiry or trial, all the previous proceedings are wiped off and treated as non-existent. See also *Union of Burma* v. *U Saw Lwin and others* (2). As pointed out by the Allahabad Bench in *State through Ram Laut and others* v. *Bansu and others* (3), most of the High Courts in India are of the same view. The contrary view which prevailed in the leading Madras case of *T. Sriramulu and three others* v. *K. Veerasaiingan* (4), and in *Sarkar* v. *Madorane* (5), *State* v. *Ambaram* (6) was possibly the result of dividing the proceedings in a warrant case into two distinct stages of enquiry and trial, enquiry being the stage before the charge was framed and the trial being the stage following the framing of the charge. The words " In any Trial " occurring in proviso (*a*) to section 350 (1) are thus deemed to have reference to the stage of the proceedings subsequent to the framing of the charge against the accused and consequently the resummoning and re-hearing of the prosecution witnesses cannot have the effect of cancelling out the charge already framed.

The language of the Code used in section 350 (1) and its provisos does not appear to warrant the division or

(1) 2 L.B.R. 17.
(2) B.L.R. (1952) p. 394.
(3) A.I.R. (1950) All. p. 669.
(4) I.L.R Vol. 38 Mad. p. 585.
(5) A.I.R. (1950) Rajasthan 34.
(6) A.I.R. (1953) Madhya Bharat 1.

S.C. 1960

P. KARAPAYA v. THE UNION OF BURMA.

separation of the proceedings in a warrant case into two separate stages of enquiry and trial. An enquiry obviously is a proceeding where the Magistrate is competent either to make an enquiry with a view to committing the accused person to be tried by a Court of Session or to make an enquiry in a miscellaneous proceeding of the character sanctioned under the Code. The word "trial" embraces the whole proceedings in a trial of a warrant case from its very inception. In other words the trial in a warrant case commences when the accused appears or is brought before a Magistrate with the prosecution witnesses ranged against him. See *Narotamdas L. Shah* v. *Pathak Nathalal Sukhram and another* (1), *Lubhsing* v. *Emperor* (2), *Sahib Din* v. *King-Emperor* (3), *Gomer Sirda* v. *Queen-Empress* (4) and *Ramachandra Nahar* v. *Emperor* (5).

The above cases would appear to lay down the correct law on the point in issue and accordingly we re-affirm the view adopted in *King-Emperor* v. *Nga Pe* (6) that when one Magistrate succeeds another and acts under section 350 (1) of the Criminal Procedure Code, he must either take up the case at the point at which his predecessor ceased to exercise jurisdiction or he may resummon the witnesses and recommence the enquiry or trial, and that in the latter event, whether done on his own initiative or at the instance of the accused, all the previous proceedings, whether a charge has been framed or not, are to be treated as non-existent.

The appeal must accordingly be dismissed.

---

(1) A.I.R.(1935) Saurashtra 151.
(2) A.I.R. (1934) Sind 106.
(3) A.I.R. (1922) Lah. 49.
(4) 25 Cal. 864.
(5) A.I.R. (1944) Bom. p. 14.
(6) 2 L.B.R. 17.

# တရားလွှတ်တော်ချုပ်

## ပြည်ထောင်စု မြန်မာနိုင်ငံတော် (အယူခံတရားလို)

နှင့်

## ဒေါ်ခင်မေ ပါ ၃ (အယူခံတရားခံများ)*

†၁၉၆၀
နိုဝင်ဘာလ
၁၁ ရက်။

အထွေထွေ ရောင်းခွန်တော် အက်ဥပဒေ ၁၉၄၉ ခုနှစ်၊ ပုဒ်မ ၂၀၊ ၂၁၊ ၂၂ သက်ဆိုင်သည့် ကိစ္စများ၊ ဖျက်သိမ်းစေကာမူ ၎င်းဥပဒေအရ၊ အခွန်ဘော်ဒားဆောင်ရန်တာဝန်၊ မြန်မာပြည်ယေဘုယျစကားရပ်များ အက်ဥပဒေ၊ ပုဒ်မ ၅ (ဂ)၊ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေနှင့် ၁၉၅၂ ခု၊ အက်ဥပဒေ အရ၊ ရောင်းခွန်တော်ပေးဆောင်ရခြင်း ခြားနားပုံ။

အယူခံတရားခံများအား၊ ဒီမိတ္တီအပေါ် တွင်စည်းကြပ်ထားသော ရောင်းခွန်တော်များကိုခွင့်ပြုထားသော အခွင့်အာဏာပေးဆောင်ခြင်း မပြုခြင်းကြောင့်၊ ၁၉၄၉ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေပုဒ်မ ၂၃ (ခ) အရ၊ ဒဏ်ငွေ ၁၀၀ ကျပ်စီ ပေးဆောင်၍၊ ၎င်းတို့က ပေးသင့်သော ရောင်းခွန်ထောင်ငွေ ၃၁,၄၆၀ ကျပ်ကိုလည်း ပေးဆောင်စေရန်၊ အောက်ရုံးက ချမှတ်သော အမိန့်ကို အယူခံရာတွင် တရားလွှတ်တော်က၊ အယူခံတရားခံများထံမှ၊ ၁၉၅၁-၅၂ ခုနှစ်၊ ဘဏ္ဍာတော်နှစ်အတွက် ဘေးခံသင့်သောရောင်းခွန်တော်ငွေ ၃၁,၄၆၀ ကျပ်ကို၊ ၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေ သစ်တခုပ်ကိုပြဋ္ဌာန်းအာဏာပြုပြီးနောက် ဖျက်သိမ်းပြီးသော ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအရ၊ အရေးယူ တရားစွဲဆိုခွင့် မရှိဟု ယူဆလျက် အယူခံ တရားခံများအပေါ် တွင် ချမှတ်ထားသော ပြစ်ဒဏ်နှင့် ပြစ်ချက်တို့ကို ပယ်ဖျက်လိုက်လေသည်။

**ဆုံးဖြတ်ချက်။** ။၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေ ပုဒ်မ ၂၉ (၂) အရ၊ ဖျက်ဆီးပြီးဖြစ်သော ၁၉၄၉ ခုနှစ်၊ အထွေထွေ ရောင်းခွန်တော် အက်ဥပဒေပုဒ်မ ၂၀၊ ၂၁၊ ၂၂ တို့သည်ကား အယူခံမှု၊ ပြင်ဆင်မှု၊ တရားလွှတ်တော်သို့အမှု လွှဲအပ်ခြင်း စသော အခွင့်အရေးများနှင့်သာစပ်ဆိုင်သောပုဒ်မများဖြစ်သည်။

မြန်မာပြည်ယေဘုယျစကားရပ်များအက်ဥပဒေ (The Burma General Clauses Act) ပုဒ်မ ၅ (ဂ) အရ၊ ဖျက်သိမ်းပြီးသော အက်ဥပဒေအရ၊ အဓိုးရအား၊ အခွန်တော်ငွေပေးဆောင်ရန် တာဝန်ရှိသော ကိစ္စများနှင့် မသက်ဆိုင်ချေ၊ သို့အတွက်ကြောင့်၊ မြန်မာပြည် ယေဘုယျစကား ရပ်များ၊ အကဥပဒေ (The Burma General Clauses Act) ပုဒ်မ ၅ (ဂ) အရ၊ ဥပဒေသစ်ပြုလုပ်ပြီး ဥပဒေဟောင်းကို ဖျက်သိမ်းစေကာမူ၊ အယူခံတရားခံများတို့က နိုင်ငံတော်အစိုးရအား

---

* ၁၉၆၀ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၁၀။

† နိုင်ငံတော်၌ တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးချန်ထွန်းအောင်နှင့် ဦးအောင်သာကျော်တို့ရွှေမှောက်တွင်တရားစခန်ကြီးဦးအောင်သာကျော်အမိန့်ချမှတ်သည်။

၁၉၆၀

ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ဒေါ်ခင်မေ
ပါ ၃။

ပေးရန်ရှိမသာ ရောင်းခွန်တော်ငွေနှင့် စပ်လျဉ်း၍ ကျရောက်သော တာဝန်ဝတ္တရားတို့မှာ ယခင် ဖျက်သိမ်းပြီးသော အက်ဥပဒေတည်ရှိစဉ်က အတိုင်းပင် ဖြစ်သည်။

ရောင်းခွန်တော်များကို စည်းကြပ်ခြင်း ကိစ္စနှင့်စပ်လျဉ်း၍၊ ၁၉၄၉ ခုနှစ်၊ ပြဋ္ဌာန်းသော အက်ဥပဒေပုဒ်မ ၄နှင့် ၁၉၅၂ ခုနှစ်၊ ပြဋ္ဌာန်းသော ဥပဒေသစ်ပုဒ်မ ၄ တို့၏ ပြဋ္ဌာန်းချက်များမှာ ကွဲပြားခြားနားလျက်ရှိသည်ကို တွေ့ရသည်။ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသော ဥပဒေကြောင့် ကုန်ဆုံးယ်သူက နှစ်စဉ် နှစ်တိုင်း တနှစ်အတွက် မိမိရရှိသည့် ရောင်းရငွေပေါင်းပေါ်တွင် အခွန်ကို ပေးဆောင်ရမည်ဟု ပါရှိသည်။

၁၉၅၂ ခုနှစ်၊ ပြဋ္ဌာန်းသော ဥပဒေသစ်ပုဒ်မ ၄ (၅) တို့တွင်ကား ကုန်စည်များကို တင်သွင်းသည့်အခါ၊ ထိုကုန်စည်များနှင့်စပ်လျဉ်း၍ အစိုးရကို—

"(က) တင်သွင်းသည့် ကုန်စည်များ ကုန်ရုံသို့ မသွင်းမီ၊ တိုက်ရိုက်ထုတ်ယူလျှင်၊ ထိုသို့ ထုတ်ယူစေရန် အကောက်တော်ဌာနက အမိန့်မချမှတ်မီ ပေးဆောင်ရမည်။

(ခ) တင်သွင်းသည့် ကုန်စည်များကို အကောက်တော် ပေးဆောင်၍ ထုတ်ယူလျှင် ထိုကုန်စည်များကို ကုန်ရုံမှ မရွှေ့ပြောင်းမီ ပေးဆောင်ရမည်"

ဟု ပါရှိသည်။

သို့ကုန်စည်းကြပ်ခြင်းကိစ္စတွင် ဥပဒေသစ်နှင့် ဥပဒေဟောင်းများတွင် ခြားနားခြင်း ရှိသည့် အတွက်ကြောင့် ပေးဆောင်ရမည်၊ ၁၉၅၁-၅၂ ခုနှစ်အတွက် ရောင်းခွန်တော်ကို ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအရသာလျှင် စည်းကြပ်တောင်းဆိုနိုင်သည်၊ ၁၉၅၂ ခုနှစ်၊ ပြဋ္ဌာန်းသော အက်ဥပဒေအရ၊ စည်းကြပ် တောင်းဆိုရန် မဖြစ်နိုင်ခေါ်။

ဒါမတ်ပါရှော်တန်ဒါ (စ်) နှင့် ဘာဘူရမ်ချိုတီလာ (လ်) A.I.R. (1936) All. 3. p. 36. နှင့် ခြားနားခြင်း ပြသည်။

အယူခံတရားလိုအတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံများအတွက်။ ။ဦးကျော်ခင် လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။နိုင်ငံတော်အစိုးရက တရားလွှတ်တော် ၁၉၅၉ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၁၀ တွင် ချမှတ်သော အမိန့်ကို ပယ်ဖျက်ရန် အယူခံဝင်ရောက်သော ကိစ္စတရပ် ဖြစ်သည်။

ရန်ကုန်မြို့၊ ဒုတိယရာဘက် ခရိဝတ်တရားသူကြီးချုံး၊ ၁၉၅၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၆၃၈ တွင် အယူခံတရားခံများဖြစ်သူ ဒေါ်ခင်မေ၊ဒေါ်ညိုရင်နှင့် ဦးကျော်ခင်တို့ အပေါ်တွင် ၁၉၄၉ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေပုဒ်မ ၂၃ (၁) အရ၊ မိမိတို့ အပေါ်တွင် စည်းကြပ်ထားသော ရောင်းခွန်တော်များကို ခွင့်ပြုထားသော အချိန် အတွင်း ပေးဆောင်ခြင်းမပြုခြင်းကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက ရာဇဝတ် ကြောင်း တရားစွဲဆိုရာ အဆိုပါ အယူခံတရားခံများအပေါ်တွင် ဒဏ်ငွေ ၁၀၀ ကျပ် အသီးသီး ပေးဆောင်ရန် အမိန့်ချမှတ်သည့်အပြင်၊ ၎င်းတို့ပေးသင့်သော ရောင်းခွန်

တော်၌ ၃၁,၄၆၀ ကျပ်ကိုလည်း ဒဏ်ငွေဖြစ်တိသကဲ့သို့ ရယူစေရမည်ဟု အမိန့်ချမှတ်လိုက်သည်။

၁၉၆၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဒေါ်ခင်မေ ပါ ၃။

ထိုအမိန့်ကို မကျေနပ်၍ တရားလွှတ်တော်တွင် အယူခံဝင်ရာ၊ တရားလွှတ်တော်က အယူခံ တရားခံများထံမှ ၁၉၅၁-၅၂ ခုနှစ်၊ ဘဏ္ဍာတော်နှစ်အတွက် တောင်းခံသင့်သော ရောင်းခွန်တော်ငွေ ၃၁,၄၆၀ ကျပ်ကို၊ ၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေသစ် တရပ်ကို ပြဋ္ဌာန်း အတည်ပြုပြီးနောက် ဖျက်သိမ်းပြီးသော ၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အရ၊ အရေးယူတရားစွဲပိုင်ခွင့် မရှိဟု ယူဆလျက် အယူခံတရားခံများအပေါ် တွင် ချမှတ်ထားသော ပြစ်ဒဏ်နှင့် ပြစ်ချက်တို့ကို ပယ်ဖျက်လိုက်လေသည်။ ထိုသို့ပယ်ဖျက်သော အမိန့်သည် မှားယွင်းသော အမိန့်တရပ် ဖြစ်သည်ဟု အကြောင်းပြလျက် ဤရုံးတော်တွင် နိုင်ငံတော်အဈိုးရက အယူခံဝင်ရောက်ရာ အကိုးအကားပြု၍ တင်ပြသော ဥပဒေ ၁(The Burma General Clauses Act)မြန်မာပြည်ယေဘုယျဝေါဟာရ စကားရပ်များ အက်ဥပဒေ ပုဒ်မ ၅ (၀) ပင် ဖြစ်သည်။

5. Where any Act repeals any enactment then unless a different intention appear, the repeal shall not—

(a) * * * * *
(b) * * * * *
(c) affect any right, privilege, obligation, or liability acquired, accrued, or incurred under any enactment so repealed; or
(d) * * * * *
(e) * * * * *

အဆိုပါ အက်ဥပဒေ ပုဒ်မ ၅ (၀) ကို တရားလွှတ်တော်တွင် တင်ပြခဲ့သော်လည်း သက်ဆိုင်သော တရားဝန်ကြီးက ၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေ ပုဒ်မ ၂၉ (၂) တွင် ရှပ်သိမ်းပြီးသော ၁၉၄၉ ခုနှစ်၊ အထွေထွေ ရောင်းခွန်တော် အက်ဥပဒေပုဒ်မ ၂၀၊ ၂၁၊ ၂၂ ပါ ပြဋ္ဌာန်းချက်များကိုသာလျှင် ဆက်လက် အာဏာတည်စေရမည်ဟု ပါရှိသည့် အတွက်ကြောင့် (The Burma General Clauses Act) မြန်မာပြည် ယေဘုယျ စကားရပ်များ အက်ဥပဒေ ပုဒ်မ ၅ (၀) တွင် ပါသော ခြွင်းချက်များကို ထည့်သွင်း စဉ်းစားရန် မသင့်တော်ဟု ယူဆပေသည်။

အဆိုပါ ဆက်လက်အာဏာတည်လျက်ရှိသော ပုဒ်မ ၂၀၊ ၂၁၊ ၂၂ တို့သည်ကား အာဏာခံမှု၊ ပြင်ဆင်မှု၊ တရားလွှတ်တော်သို့ အမှုလွှဲအပ်ခြင်း စသော အခွင့်အရေးများနှင့် သာ စပ်ဆိုင်သော ပုဒ်မများဖြစ်သည်။ (The Burma General Clauses Act) မြန်မာပြည် ယေဘုယျ စကားရပ်များ အက်ဥပဒေ ပုဒ်မ ၅ (၀) အရ၊ ဖျက်သိမ်းပြီး

၁၉၆၀

မြို့ထောင်စု မြန်မာနိုင်ငံတော် နှင့် ဒေါ်ခင်မေ ပါ ၃။

သော အက်ဥပဒေအရ၊ အစိုးရအား၊ အခွန်တော်ငွေ ပေးဆောင်ရန် တာဝန်ရှိသော ကိစ္စများနှင့်မသက်ဆိုင်ခေါ်။ သို့အတွက်ကြောင့် (The Burma General Clauses Act) မြန်မာပြည် ယေဘုယျ စကားရပ်များ အက်ဥပဒေပုဒ်မ ၅ (၁) အရ၊ ဥပဒေသစ် ပြုလုပ်ပြီး ဥပဒေဟောင်းကို ဖျက်သိမ်းစေကာမူ အယူခံ တရားခံများတို့က နိုင်ငံတော် အစိုးရအား ပေးရန်ရှိသော ဆောင်းခွန်တော်ငွေနှင့် စပ်လျဉ်း၍ ကျဆောက်သော တာဝန် ဝတ္တရားတို့မှာ ယခင်ဖျက်သိမ်းပြီးသော အက်ဥပဒေတည်ရှိစဉ်ကအတိုင်းပင် ဖြစ်သည်။

ဆောင်းခွန်တော်များကို စည်းကြပ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍၊ ၁၉၄၉ ခုနှစ်၊ ပြဋ္ဌာန်းသော အက်ဥပဒေ ပုဒ်မ ၄ နှင့် ၁၉၅၂ ခုနှစ်၊ ပြဋ္ဌာန်းသော ဥပဒေသစ် ပုဒ်မ (၄) တို့၏ ပြဋ္ဌာန်းချက်များမှာ ကဲ့ပြား ခြားနားလျက် ရှိသည်ကို တွေ့ရသည်။ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအရ၊ ပြဋ္ဌာန်းသော ဥပဒေဘင် ကုန်သွယ်သူက နှစ်စဉ် နှစ်တိုင်း တနှစ် အတွက် မိမိရရှိသည့် ဆောင်းရငွေပေါင်းပေါ်တွင် အခွန်ကို ပေးဆောင်ရမည်ဟု ပါရှိသည်။ ၁၉၅၂ ခုနှစ်၊ ပြဋ္ဌာန်းသော ဥပဒေသစ် ပုဒ်မ (၄)၊(၅) တို့တွင်ကား၊ ကုန်စည်များကိုတင်သွင်းသည့်အခါ ထိုကုန်စည်များနှင့် စပ်လျဉ်း၍ အစိုးရကို—

"(က) တင်သွင်းသည့် ကုန်စည်များ ကုန်ရုံသို့ မသွင်းမီ တိုက်ရိုက် ထုတ်ယူလျှင် ထိုသို့ ထုတ်ယူစေရန် အကောက်တော်ဌာနက အမိန့်မချမှတ်မီ ပေးဆောင်ရမည်။

(ခ) တင်သွင်းသည့် ကုန်စည်များကို အကောက်တော်ပေးဆောင်၍ ထုတ်ယူလျှင် ထိုကုန်စည်များကို ကုန်ရုံမှ မရွှေ့ပြောင်းမီ ပေးဆောင်ရမည်"

ဟု ပါရှိသည်။

သို့ ကုန်စည်းကြပ်ခြင်းကိစ္စတွင် ဥပဒေသစ်နှင့် ဥပဒေဟောင်းများတွင် ခြားနားခြင်း ရှိသည်အတွက်ကြောင့် ပေးဆောင်ရမည့် ၁၉၅၁-၅၂ ခုနှစ်အတွက် ဆောင်းခွန်တော်ကို ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအရသာလျှင် စည်းကြပ် တောင်းဆိုနိုင်သည်။ ၁၉၅၂ ခုနှစ်၊ ပြဋ္ဌာန်းသော အက်ဥပဒေအရ၊ စည်းကြပ်တောင်းဆိုကြရန် မဖြစ်နိုင်ခေါ်။

အယူခံတရားခံများအတွက် လိုက်ပါ ဆောင်ရွက်သော ရှေ့နေကြီးက **ဒါမတ်ပါရှေ့ဒ်** တန်ပါ (၀) နှင့် **ဘာဘူရမ်ချိုတီလာ** (ဏ်) (၁) တို့ အမှုတွင် ချမှတ်သော စီရင်ထုံးကို အကိုးအကားပြု၍ (The Burma General Clauses Act) မြန်မာပြည် ယေဘုယျ စကားရပ်များအက်ဥပဒေ ပုဒ်မ ၅ အရ၊ အယူခံတရားခံများတို့အပေါ်တွင်ဖျက်သိမ်းပြီးသော အက်ဥပဒေအရ၊ ကျဆောက်သော တာဝန်ကို ဥပဒေသစ် ပြုလုပ်ပြီးမှ ရာဇဝတ်ကြောင်း အရေးယူပိုင်ခွင့် မရှိခကြောင်း လျှောက်လဲရာ ထိုလျှောက်လဲချက်

(1) A.I.R. (1936) p. 36. All. 3.

၁၉၆၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဒေါ်ခင်မေ ပါ ၃။

သည် ယခုပေါ်ပေါက်သော ပြဿနာနှင့် မသက်ဆိုင်ဟုယူဆရပေမည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ အက်ဥပဒေ စီရင်ထုံးတွင် အထက်ပါ အက်ဥပဒေ ပုဒ်မ ၅ (၇) တွင် ပါဝင်သော အခွင့်အရေး၊ သို့မဟုတ်ဘာဝန်ဝတ္တရားတို့နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းသော ဥပဒေအခြက်သာဖြစ်သည်။ ဥပဒေပုဒ်မ ၅ (၇) တွင် အကျုံးဝင်သော ကိစ္စရပ်များနှင့် မသက်ဆိုင်ချေ။ ဒေါ်ခင်မေ အမှုတွင် တွေ့ရှိရသော အဖြစ်အပျက် အကြောင်းအရာတို့မှာသည်း ယခုကိစ္စတွင် ပေါ်ပေါက်သော အဖြစ်အပျက်အကြောင်းအရာများနှင့် မတူချေ။ သို့ဖြစ်ရကား ယခုပေါ်ပေါက်သော ကိစ္စနှင့် စပ်လျဉ်း၍ (The Burma General Clauses Act) မြန်မာပြည် ယေဘုယျစကားရပ်များ အက်ဥပဒေပုဒ်မ ၅ (၇) တွင် ပါဝင်သော ခြွင်းချက်၏ အဓိပ္ပါယ်ကိုဇကာက်ယူဆ၍ တရားလွှတ်တော်၏ ထင်မြင်ယူဆချက်မှာ မှားယွင်းသည်ဟု ယူဆရန်ပေမည်။ သို့ယူဆသည့်အတိုင်း အဆိုပါ တရားလွှတ်တော်က ချမှတ်သော အမိန့်ကိုပယ်ဖျက်ပြီး၊ ဒုတိယ ထောက်ထောဇေတ်တရား သူကြီး၏ အမိန့်ကို ပြန်လည် အတည်ပြုလိုက်သည်။

# တရားလွှတ်တော်ချုပ်

†၁၉၆၀
ဒီဇင်ဘာလ
၂ ရက်။

မစိန်ရင် (လျှောက်ထားသူ)

နှင့်

ရန်ကုန်မြို့၊ ကော်လိတ္တော်အရာရှိ ပါ ၂ (လျှောက်ထားခံရသူများ)*

ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ပုဒ်မ ၁၃ (၁)ဝရမ်းကပ်သည့်ဆုတောင်းကုန်ကျသည့်စရိတ်ကိုမည်သည့်အခါလက်ခံထားသော အာမခံပစ္စည်းထဲမှ နုတ်ယူနိုင်ခြင်း။ ၎င်းစရိတ်အတွက် ဆက်လက်ဝရမ်းကပ်ထားရန် ကော်လိတ်တော်တွင် အာဏာမရှိ။

လျှောက်ထားသူအား၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၂၄၊ ၅ (၁) အရ၊ ပဲ့ဆိုသော အမှုနှင့် ပတ်သက်၍၊ လျှောက်ထားသူပိုင်ဆိုင် ပစ္စည်းနှင့် ဘဏ်တိုက်များရှိငွေများကို၊ ၁၉၅၁ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၃ နှင့် ၄ တို့အရ၊ လျှောက်ထားခံရသူ၊ ရန်ကုန်မြို့ ကော်လိတ်တော်အရာရှိက အတူး စုံစမ်း စစ်ဆေးရေးဌာနညွှန်ကြားရေးဝန်၏ လျှောက်ထားချက်အရ၊ဝရမ်းကပ်ခြင်းကိစ္စကိုဆောင်ရွက်လေသည်။ ထိုနောက် လျှောက်ထားသူက၊ အဆိုပါ ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၇ အရ၊ ဝရမ်းကပ်ထားသည့် ပစ္စည်းများအစား လုံလောက်သော အာမခံငွေပေးသွင်းနိုင်ရန် လျှောက်ထားခဲ့ရာ၊ ၎င်း၏ လျှောက်ထားချက်ကို ခွင့်ပြုခြင်းကြောင့်၊ လျှောက်ထားသူသည် ငွေ ၁,၀၀၀ ကျပ် အာမခံအဖြစ် တင်သွင်းရလေသည်။ ထိုသို့ ငွေလက်ငင်းတင်သွင်းပြီးဖြစ်သော်လည်း၊ လျှောက်ထားသူပိုင် ချာတာဘဏ်နှင့် တရုပ်ပြည်ဘဏ်ရှိငွေပေါင်း ၁,၁၀၀ ကျပ် ကျော်ကို လျှောက်ထားသူအပေါ်တွင် တရားစွဲဆိုရာ၌၊ စရိတ်ကုန်ကျမည်ဟု ရည်မှန်း၍ ဆက်လက်ဝရမ်းကပ်လျက် ရှိလေ၏။

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၁၃ (၁) အရ၊ ဆိုလျှင် ထိုကဲ့သို့ကုန်ကျသော ၁၁ ရိတ်အတွက် အရေးယူဆောင်ရွက်ရန် အကြောင်းမှာ၊ ရာဇဝတ်ရုံးများ၏ အပြီးသတ် စီရင် ချက်အရ၊ ထိုစီရင်ချက်တွင် ပုဒ်မ ၁၂ အရ၊ ပြစ်မှု ကျူးလွန်ခြင်းမှ၊ တရားခံများ ရရှိသည့်ငွေ၊ သို့မဟုတ် အခြားပစ္စည်း တန်ဘိုးမည်မျှရှိကြောင်း ဆုံးဖြတ်ပြီးသည့်နောက်မှ၊ ပစ္စည်းများကို ဝရမ်း ကပ်သည့်အတွက် ကုန်ကျသည်ဟု ဆုံးဖြတ်သည့်စရိတ်ကိုလည်း၊ လက်ခံထားသော အာမခံ ပစ္စည်းထဲမှ နုတ်ယူရန် သက်ဆိုင်သော အာဏာပိုင်က အမိန့်ချနိုင်သည်။ ပစ္စည်းများကို

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာ အမှတ် ၁၅၆။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများ. ဖြစ်ကြသော ဦးချန်ထွန်းနှင့်ဦးအောင်သာကျော်တို့ရွှေမှောက်တွင်၊ တရားဝန်ကြီးဦးအောင်သာကျော် အမိန့်ချမှတ်သည်။

ဝန်းကပ်ရာ၌ ကုန်ကျသော စရိတ်အတွက် အပြီးသတ် ဆီရင်ချက်မချမီ၊ ယခုကဲ့သို့ နောက်ထပ် လောင်း၍ လျှောက်ထားသူပိုင်ဘဉ်းနှင့်ငွေတို့ကို ဝရမ်းကပ်ခြင်းငှါ ဥပဒေအရ ကော်လိတ်တော် အရာရှိထံ အာဏာမရှိ။

လျှောက်ထားသူအတွက်။ ။ဦးအေး လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရလွှတ်တော် ရှေ့နေ ဦးတိုးမောင် လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၅ အရ၊ အမှုခေါ် စာချွန်တော် အမိန့်တရပ် ထုတ်ဆင့်ရန် လျှောက်ထားသော ကိစ္စ ဖြစ်သည်။ လျှောက်ထားသူ မစိန်ရင်နှင့် အပေါင်းပါ အခြား ၄ ဦးတို့အပေါ် တွင် ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေ ပုဒ်မ ၂၄/၅ (၁) အရ၊ ပြစ်မှု ကျူးလွန်သည်ဟု စွပ်စွဲလျက်၊ အထူးစုံစမ်း စစ်ဆေးရေးဌာန အက်ဥပဒေအံ့ရ၊ ခန့်ထားသော အထူးတရားသူကြီး (၂) ရုံး၊ ၁၉၅၉ ခုနှစ်၊ ဆုဇဝတ်ကြီးမှု အမှတ် ၂၅၂ တွင် တရားစွဲဆိုရာ တရားခံများတို့၏ ပြစ်မှု ကျူးလွန်ခြင်းကြောင့်၊ နိုင်ငံတော်အစိုးရ၌ နိုင်ငံခြားသုံးငွေပေါင်း ပေါင် ၇၅၀ နစ်နာ ဆုံးရှုံးသည်ဟု အကြောင်းပြု၍၊ လျှောက်ထားသူ မစိန်ရင်နှင့် မောင်ကိုနှင့် ညီမျှားကုမ္ပဏီ အသီးသီး ပိုင် ကျပ် ၁၀,၀၀၀ ကျပ်တန် ဆိုင်ပစ္စည်းနှင့် ငင်းတို့ပိုင် ဘဏ်တိုက်မျှားရှိ ငွေမျှားကို၊ ၁၉၅၁ ခုနှစ်၊ ဆုဇဝတ် ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၃ နှင့် ၄ တို့အရ၊ လျှောက်ထားခံရသူ၊ ရန်ကုန်မြို့ ကော်လိတ်တော်အရာရှိက၊ အထူးစုံစမ်း စစ်ဆေးရေးဌာန၊ ညွှန်ကြားရေးဝန်၏၊ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့စွဲပါ လျှောက်လွှာအရ၊ ဝရမ်းကပ်ခြင်းကိစ္စကို ဆောင်ရွက်လေသည်။ ထို့နောက် လျှောက်ထားသူများက ဩဂုတ်လ ၃၀ ရက်နေ့တွင်၊ အဆိုပါ ဆုဇဝတ်ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၈ အရ၊ ဝရမ်းကပ်ထားသည့် ပစ္စည်းများအစား၊ လုံလောက်သော အာမခံငွေ ပေးသွင်းနိုင်ရန် လျှောက်ထားခဲ့ရာ၊ ငင်းတို့၏ လျှောက်ထားချက်ကို ခွင့်ပြုခြင်းကြောင့်၊ လျှောက်ထားသူနှင့် မောင်ကိုနှင့် ညီမျှားတို့ပါ တဦးလျှင် ငွေ ၁၀,၀၀၀ ကျပ်ကျစီ အာမခံအဖြစ် တင်သွင်းရလေသည်။ ထိုသို့ ငွေလက်ငင်း တင်သွင်းကြ ပြီးသော်လည်း လျှောက်ထားသူပိုင် ချာတာဘဏ်နှင့် တရုပ်ပြည်ဘဏ်ရှိ ငွေပေါင်း ၁,၁၀၀ ကျပ်ကျော်ကို လျှောက်ထားသူများ အပေါ် တွင် တရားစွဲဆိုရာ၌၊ စရိတ်ကုန်ကျမည်ဟု ရည်မှန်း၍၊ ဆက်လက် ဝရမ်းကပ်ထားလျက်ပင် ရှိသည်ဟု သိရှိရသည်။ ငွေ ၁၀,၀၀၀ ကျပ် အာမခံ တင်သွင်း ပြီးပြီဖြစ်၍ ဘဏ်များရှိ ငွေ ၁,၀၀၀ ကျပ်ကျော်ကို ဝရမ်းကပ်ခြင်းမှ ရုပ်ဆိုင်းရန်၊ လျှောက်ထားရာ ၁၉၆၀ ပြည့်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင်၊ ကော်လိတ်တော် အရာရှိ

၁၉၆၀

မစိန်ရင်နှင့် ရန်ကုန်မြို့ကော်လိတ်တော်အရာရှိပါ ၂။

က အထူးစုံစမ်း စစ်ဆေးရေး အာဏာပိုင်များတို့၏ လျှောက်ထားချက်အရ၊ လျှောက်ထားသူများတို့ထံမှ ထပ်လောင်း၍ ငွေတထောင်အတွက် အာမခံပေးရန် အမိန့်ချမှတ်လေသည်။

လျှောက်ထားသူနှင့် အခြား ၄ ဦးတို့အပေါ် တွင်၊ ၁၉၅၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅၂ တွင်၊ နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေအရ၊ တရားစွဲဆိုသော ကိစ္စမှာ မပြီးပြတ်သေးခြင်းကြောင့်၊ ကော်လိတ်တော် အရာရှိက ရာဇဝတ်ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁၃ အရ၊ ကုန်ကျသော စရိတ်ငွေအတွက် တင်ကြို၍ အာမခံပေးခြင်းနှင့် စပ်လျဉ်း၍၊ အရေးယူပိုင်ခွင့် မရှိဟု လျှောက်ထားသူ၏ ဘက်မှ လိုက်ပါ ဆောင်ရွက်သော ဝဘ်လုံတော်ရှမင်းက ငြင်းဆို ကန့်ကွက်ခြင်းကို၊ လျှောက်ထားခံရသူများဘက်မှ လိုက်ပါ ဆောင်ရွက်သူ ရှေနေကြီးက မည်သို့မျှ ချေပနိုင်ခြင်း မရှိချေ။ အဆိုပါ ပုဒ်မ ၁၃ (၃) အရ ဆိုလျှင်၊ ထိုကဲ့သို့ ကုန်ကျသော စရိတ်အတွက် အရေးယူ ဆောင်ရွက်ရန် အကြောင်းမှာ၊ ရာဇဝတ်ဝိုးများ၏ အပြီးသတ် စီရင်ချက် အရ ထိုစီရင်ချက်ဘွင် ပုဒ်မ ၁၂ အရ၊ ပြစ်မှုကျူးလွန်ခြင်းမှ၊ တရားခံများ ရရှိသည့်ခွင့်၊ သို့မဟုတ် အခြားပစ္စည်းတန်ဘိုး မည်မျှရှိကြောင်း ဆုံးဖြတ်ပြီးသည့် နောက်မှ၊ ပစ္စည်းများကို ဝရမ်းကပ်သည့် အတွက် ကုန်ကျသည်ဟုဆုံးဖြတ်သည့် စရိတ်ကိုလည်း၊ လက်ခံထားသော အာမခံ ပစ္စည်းထဲမှ နုတ်ယူရန် သက်ဆိုင်သော အာဏာပိုင်က အမိန့်ချမှတ်နိုင်သည်။ ပစ္စည်းများကို ဝရမ်းကပ်ရာ၌ ကုန်ကျသော စရိတ်အတွက် အဖြီးသတ် စီရင်ချက် မချမီ၊ ယခုကဲ့သို့ နောက်ထပ်လောင်း၍ လျှောက်ထားသူပိုင် ပစ္စည်းနှင့် ငွေတို့ကို ဝရမ်းကပ်ခြင်းငှါ၊ ဥပဒေအရ ကော်လိတ်တော် အရာရှိထံ အာဏာ မရှိဟုယူဆသည်။

ထိုအတွက် လျှောက်ထားသူပိုင် ဘဏ် ၂ ဘဏ်၌ ထားရှိသော ငွေနှစ်ရပ်တို့ကို ဝရမ်းကပ်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်ဖြစ်သောကြောင့် ပယ်ဖျက်သိုက်သည်။

## တရားလွှတ်တော်ချုပ်

မောင်ညိမ်းမောင် (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာတော်မင်းကြီး (လယ်ယာစီမံကိန်းပျိုးရေးနှင့် သစ်တောရေး) ပါ ၃ (လျှောက်ထားခံရသူများ)*

၁၉၆၀

ဖေဖော်လ

၂ ရက်။

---

မောင်ဘိုးဆေး (လျှောက်ထားသူ)

နှင့်

ခရိုင်ဝန်၊ တောင်ငူခရိုင် ပါ ၄ (လျှောက်ထားခံရသူများ)**

**ထရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း၊ မည်သည့်ကိစ္စမျိုးသည် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းမျိုးမဟုတ်။**

**၁၉၀၅ ခုနှစ်၊ အင်းများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၀ (၂)၊ နည်းဥပဒေ ၆၉၊ ခရိုင်ဝန်၏ အာဏာဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း၊ တရားစီရင်ရေးဆောင်ရွက်ခြင်းမဟုတ်။**

**ဧရိယာတိုက်ချက်။** ။နိုင်ငံတော် အဓိပတိပုဂ္ဂိုလ် ပစ္စည်းတခုခုနှင့် စပ်လျဉ်း၍ လိုင်စင် ထုတ်ပေးခြင်း၊ ချိုမဟုတ် အငှါးချထားခြင်း စသော ကိစ္စမျိုးကို အာဏာပိုင် တဦးဦးက ဆောင်ရွက်ခြင်းသည် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းမျိုးသာ ဖြစ်သည်။

မိုဟာမက်ဟန်နစ် (စ်) ပါ ၂ နှင့် ဘဏ္ဍာတော်မင်းကြီးနှင့် အခြားပုဂ္ဂိုလ်များ [(1952) B.L.R. (s.c.) p. 11] ကို ရည်ညွှန်းသည်။

၁၉၀၅ ခုနှစ်၊ အင်းများဆိုင်ရာအက်ဥပဒေအရ၊ ပြဌာန်းသည့်နည်းဥပဒေ ၆၉ တွင် ခရိုင်ဝန်သည် အက်ဥပဒေပုဒ်မ ၁၀ (၂) အရ၊ အာဏာများကို ကျင့်သုံးသောအားဖြင့် အင်းလိုင်စင်များကို ထုတ်ပေးနိုင်သည့်အပြင်၊ ပေးပြီး လိုင်စင်များကိုလည်း ပြန်လည် ရုပ်သိမ်း နိုင်သည်။

ထိုကြောင့် ဘဏ္ဍာတော်မင်းကြီးက၊ ခရိုင်ဝန်မင်းအား၊ အဆိုပါနည်းဥပဒေ ၆၉ အရ၊ ပေးပြီး လိုင်စင်ကို ပြန်လည် ရုပ်သိမ်းရန်နှင့် အခြားသူ တဦးအား လိုင်စင် ထုတ်ပေးရန် ညွှန်ကြားလိုက်ခြင်း

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာ အမှတ် $\frac{\text{၁၃၄}^{*}}{\text{၁၅၀}^{**}}$။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများ ဖြစ်ကြသော ဦးချန်ထွန်းနှင့် ဦးအောင်ဆာကျော် တို့ရွေမှောက်တွင် တရားဝန်ကြီးဦးချန်ထွန်း အမိန့်ချမှတ်သည်။

၁၉၆၀
မောင်ညိမ်း
မောင်
နှင့်
ဘဏ္ဍာတော်
မင်းကြီး
(လယ်ယာစိုက်
ပျိုးရေးနှင့် သစ်
တောရေး)
ပါ ၃။
မောင်ဘိုးဆေး
နှင့်
ခရိုင်ဝန်၊ တောင်
ငူခရိုင် ပါ ၄။

သည်ဒုဒ်း၊ ဘဏ္ဍာဘော်မင်းကြီး၏ ညွှန်ကြားချက်ပခရ၊ခ ခရိုင်ဝန်က ထုတ်ပေးပြီး လိုင်စင်ကိုရုပ်သိမ်း၍ အခြားသူတဦးအား လိုင်စင်ထုတ်ပေးလိုက်ခြင်းသည်ဒုဒ်း တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းမဟုတ်ဘဲ အုပ်ချုပ်ခန်းဆိုင်ရာ ဆောင်ရွက်မှုသာလျှင် ဖြစ်သည်။

* လျှောက်ထားသူအတွက်။ ။မစ္စတာမိုဟာမက်ကာဆင် လိုက်ပါ ဆောင်ရွက်သည်၊ လျှောက်ထားခံရသူ အမှတ် (၁) နှင့် (၂) အတွက်။ ။အစိုးရလွှတ်တော် ဥက္ကဋ္ဌနေဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) အတွက်။ ။ဦးသန်းမောင် လိုက်ပါ ဆောင်ရွက်သည်။

** လျှောက်ထားသူအတွက်။ ။ဦးသန်းမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) (၂) နှင့် (၃) အတွက်။ ။အစိုးရလွှတ်တော် ဥက္ကဋ္ဌနေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ်(၄) အတွက်။ ။မစ္စတာ မိုဟာမက် ကာဆင် လိုက်ပါ ဆောင်ရွက်သည်။

**တရားဝန်ကြီး ဦးချန်သွန်း။** ။နိုင်ငံတော် အစိုးရပိုင် ပစ္စည်းတခုခုနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် အငှါးချထားခြင်း စသော ကိစ္စမျိုးကို အာဏာပိုင် တဦးဦးက ဆောင်ရွက်ခြင်းသည် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းမျိုးသာဖြစ်သည်။ [မိုဟာမက်ဟန်နစ်(ပ်) ပါ ၂ နှင့် ဘဏ္ဍာတော်မင်းကြီးနှင့် အခြားပုဂ္ဂိုလ်များ အမှုတွင် ကြည့်ပါ] *

ယခုအမှုသည် တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရှိ၊ တောင်ရှိတိမ်ညက်ပေါက်အောက် အင်းအား လုပ်ကိုင်ခွင့် လိုင်စင် ရောင်းချသော ကိစ္စနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် အမှုဖြစ်သည်။

ဘဏ္ဍာတော်မင်းကြီး၏ ၁၉၆၀ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့စွဲဖြင့် ပေးပို့သည့် အမိန့်အရဆိုလျှင်၊ အချင်းဖြစ် အင်းကို လေလံဖြင့် ရောင်းချရမည်ဖြစ်သည်။ သို့ရာတွင် တောင်ငူခရိုင်ဝန်သည် ၁၉၆၀ ခုနှစ်၊ မေလ ၁၇ ရက်နေ့က အချင်းဖြစ် အင်းကို လေလံတင်ရောင်းချရာတွင်၊ ငွေ ၂၇,၀၀၀ ကျပ်အထိ လေလံဝယ်ယူသူများ ရှိသော်လည်း၊ စျေးနှုန်းကျဆင်းရေးနှင့် လူထု သက်သာချောင်ချိရေးတို့ကို ထိခိုက်မည်ဟု အကြောင်းပြပြီးလျှင် ထိုသို့ လေလံ ရောင်းချခြင်းကို ပယ်ဖျက်လိုက်လေသည်။ ဆိုပါ လေလံ၌ အများဆုံးပေးသည့်စျေးမှာ ၂၇,၈၀၀ ကျပ်ဖြစ်၍၊ ဤရုံးတော်တွင်လျှောက်ထားသူ မောင်ညိမ်းမောင်သည် ၂၁,၀၀၀ ကျပ်အထိ ပေးသူဖြစ်၍ အနည်းဆုံး စျေးပေးသူ

* 1952 B.L.R. (S.C.) p. 11.

၁၉၆၀

မောင်ညိမ်း မောင် နှင့် ဘဏ္ဍာတော် မင်းကြီး (လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေး) ပါ ၃။

မောင်ဘိုးဆေး နှင့် ခရိုင်ဝန်၊ တောင် ငူ ခရိုင် ပါ ၄။

လည်းဖြစ်သည်။ တဖန် ထိုအင်းကို စျေးနှုန်းခေါ်ယူသော (တင်ဒါ) စံနစ်ဖြင့် ထပ်မံ ရောင်းချရန်အတွက် စျေးနှုန်းခေါ်ယူသောအခါ၊ ဤရုံးတော်တွင် လျှောက်ထားခံရသူ အမှတ် (၃) ဦးဘိုးဆေးသည်၊ ၁၂,၅၀၅ ကျပ်၊ ကိုကျော်ဆန်း ဆိုသူက ၉,၇၅၀ ကျပ်၊ လျှောက်ထားသူ မောင်ညိမ်းမောင်က ၇,၁၅၃ ကျပ်ဖြင့် ဝယ်ယူရန် စျေးနှုန်းတင်သွင်းကြသည်။ အခြားသူသုံးဦးကလည်း ၆,၅၀၀ ကျပ်၊ ၆,၀၂၅ ကျပ်၊ ၃,၅၀၀ ကျပ် စသည်ဖြင့် အသီးသီး စျေးနှုန်းတင်သွင်းကြသေးသည်။ ၁၉၆၀ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့စွဲဖြင့် ခရိုင်ဝန်သည် စျေးနှုန်း အမျှားဆုံး ၁၂,၅၀၅ ကျပ်ပေးသူ ဦးဘိုးဆေးနှင့် ဒုတိယ အမျှားဆုံး ၉,၇၅၀ ကျပ်ပေးသူ မောင်ကျော်ဆန်းတို့အား မရောင်းချဘဲ၊ တတိယ အမျှားဆုံး စျေးနှုန်း ၇,၁၅၃ ကျပ်ပေးသူ မောင်ညိမ်းမောင်အား လိုင်စင်ထုတ်ပေးရန် အမိန့်ချမှတ်လိုက်လေသည်။ ဤကဲ့သို့ လျှောက်ထားသူ မောင်ညိမ်းမောင်၏ စျေးနှုန်းတင်သွင်းခြင်းကို လက်ခံကာ စပေါ်ငွေ ၁,၀၀၀ ကျပ်နှင့် ငွေ ၁၀၀ ကျပ်လျှင် ၅ ကျပ်နှုန်း ပေးသွင်းရန်ရှိသည့် ငွေများကိုပါ လက်ခံပြီးလျှင် မောင်ညိမ်းမောင်အား၊ အဆိုပါ အင်းကို လုပ်ကိုင်ရန် အပ်ပေးလိုက်လေသည်။ ခရိုင်ဝန်မင်းက ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင်၊ မောင်ညိမ်းမောင်အား၊ ခရိုင်ဝန်ရုံးသို့ လာရောက်ရန် နို့တစ်စာ ပေးပို့ပြီးနောက်၊ ထိုနေ့တွင် မောင်ညိမ်းမောင်အား၊ ဘဏ္ဍာတော်မင်းကြီး၏ ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ နေ့စွဲဖြင့် ချမှတ်သည့် အမျှားဆုံး စျေးနှုန်းတင်သွင်းသူ ဦးဘိုးဆေးအား၊ အဆိုပါ အင်းကို လိုင်စင်ချပေးလိုက်ရန် ခရိုင်ဝန်အား ညွှန်ကြားသည့်အမိန့်ကို ဘတ်ပြပြီးလျှင်၊ ဦးဘိုးဆေးအား၊ လိုင်စင်ထုတ်ပေးလိုက်လေသည်။

၁၉၀၅ ခုနှစ်၊ အင်းမျှားဆိုင်ရာ အက်ဥပဒေ အရ၊ ပြုထားသည့်နည်းဥပဒေ ၆၉ တွင် ခရိုင်ဝန်သည် အက်ဥပဒေ ပုဒ်မ ၁၀ (၂) အရ၊ အာဏာများကို ကျင့်သုံးသောအားဖြင့် အင်းလိုင်စင်များကို ထုတ်ပေးနိုင်သည့်အပြင်၊ ပေးပြီးလိုင်စင်များကိုလည်း ပြန်လည် ရုပ်သိမ်းနိုင်သည်။ ယခုအမှုတွင် ဘဏ္ဍာတော်မင်းကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန၏ သဘောတူညီချက်အရ မိမိ၏ လက်အောက်ရှိ ခရိုင်ဝန်အား အဆိုပါ နည်းဥပမေ ၆၉ အရ၊ ပေးပြီး လိုင်စင်ကို ပြန်လည် ရုပ်သိမ်းရန်နှင့် ဦးဘိုးဆေးအား လိုင်စင်ထုတ်ပေးရန် ညွှန်ကြားလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့ ဘဏ္ဍာတော်မင်းကြီးက ခရိုင်ဝန်မင်းအား ၎ပေးပြီး လိုင်စင်ကို ရုပ်သိမ်းရန်နှင့် ဦးဘိုးဆေးအား လိုင်စင်ထုတ်ပေးရန် ညွှန်ကြားလိုက်ခြင်းသည်ငင်း၊ ခရိုင်ဝန်မင်းက လျှောက်ထားသူအား ထုတ်ပေးပြီး လိုင်စင်ကို ပြန်လည် ရုပ်သိမ်း၍ ဦးဘိုးဆေးအား လိုင်စင် ထုတ်ပေးလိုက်ခြင်းသည်ငင်း တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းမဟုတ်ဘဲ၊ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုသာလျှင် ဖြစ်သည်မှာ ထင်ရှားသည်။

ထို့ကြောင့် ဤလျှောက်လွှာများကို ပယ်လိုက်သည်။

၁၉၆၀

မောင်ညိမ်းမောင်
နှင့်
ဘဏ္ဍာတော်
မင်းကြီး
(လယ်ယာ စိုက်
ပျိုးရေးနှင့် သဘ်
တောရေး)
ဗပါ ၃။

မောင်ဘိုးဆေး
နှင့်
အရှိုင်ဓန်း တောင်
ငူ ခရိုင် ပါ ၄။

မောင်ညိမ်းမောင်က လျှောက်ထားသော အမှုတွင် ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ နေ့စွဲဖြင့် ထုတ်ဆင့်ထားသော ယာယီဆိုင်းငံ့စေရန် အမိန့်နှင့် မောင်ဘိုးဆေးက လျှောက်ထားသော အမှုတွင် ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နေ့စွဲဖြင့် ထုတ်ဆင့် ထားသော ယာယီဆိုင်းငံ့စေရန် အမိန့်တို့ကို ရုပ်သိမ်းလိုက်သည်။

အမှုသည်မျာ်းသည် မိမိတို့၏ စရိတ်ကို မိမိတို့ကျခံ စေရမည်။

# တရားလွှတ်တော်ချုပ်

## ရင် (နှ်) ဂျစ်ပေါ (လ်) (လျှောက်ထားသူ)

နှင့်

## ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ လူဝင်မှုကြီးကြပ်ရေးဝန် (လျှောက်ထားခံရသူ)*

† ၁၉၆၀ ဒီဇင်ဘာလ ၁၃ ရက်။

လူဝင်မှု ကြီးကြပ်ရေး (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၇ (၁)၊ ၇ (၂) ၄၊ (၂)၊ ပြည်နှင်ဒဏ် စပေးသိုလျှင် ကိုးကားရသည့် ပုဒ်မများ၊ ပုဒ်မ ၇ အရ၊ အာဏာကိုသုံးပိုင်ခွင့်ရှိသူများ ကြီးကြပ်ခံရဝန်တွင်မရှိ၊ မဆိုးဖြတ်နိုင်သည့် အချက်၊ ဥပဒေနှင့် လုံးဝမကိုက်ညီသော ပြည်နှင်ဒဏ်။

ဆိုးဖြတ်ချက်။ ။နိုင်ငြားသား တဦးတယောက်ကို လူဝင်မှု ကြီးကြပ်ရေး (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ၊ ပြည်နှင်ဒဏ်အမိန့်ပေးလိုလျှင်ပုဒ်မ ၇ (၁)၊ ၇ (၂) နှင့် ၄ (၂) များမှ လွဲ၍ ကိုးကားရန်မရှိ၊ ပုဒ်မ ၇ (၁) မှာ၊ ဓားတင် တရားစွဲ၍ အပြစ်ပေးခံရသူများနှင့်သာ သက်ဆိုင်သည်။

ပုဒ်မ ၇ (၂) မှာ အက်ဥပဒေ၊ သို့မဟုတ် နည်းဥပဒေပါ ပြဋ္ဌာန်းချက် တခုခုကို ချိုးဖောက်ခဲ့သူနှင့် သက်ဆိုင်သည်။

ပုဒ်မ ၄ (၂) မှာ ဗီဇာအရ၊ စည်းကမ်းချက်များကို ချိုးဖောက်သူနှင့် သက်ဆိုင်သည်။

အမြဲနေထိုင်ခွင့်နှင့် ပြည်တွင်းသို့ ပြန်ဝင်ခွင့် ဗီဇာကို မရထိုက်ဘဲ ရယူခဲ့ခြင်း၊ ကြောင့်မရထိုက်သော အခွင့်အရေးကို မတရားရယူခဲ့သည်ဟု ဆိုလျှင် ဤကဲ့သို့ ပြုလုပ်မှုသည် လူဝင်မှု ကြီးကြပ်ရေး (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ သို့မဟုတ် နည်းဥပဒေတို့ကို ချိုးဖောက်သည်ဟု မဟူဆနိုင်။

ပုဒ်မ ၇၊ ပေးအပ်ထားသည့် အာဏာကို နိုင်ငံတော်သမတ၊ သို့မဟုတ် နိုင်ငံတော် သမတက အာဏာလွှဲအပ်ထားသူ တဦးကသာ သုံးပိုင်ခွင့်ရှိသည်၊ ကြီးကြပ်ရေးဝန်မင်းသည် ထိုကဲ့သို့သော အာဏာအပ်ခြင်း ခံရသူမဟုတ်၍၊ လျှောက်သူသည် ဥပဒေကို ချိုးဖောက်သူဖြစ်ကြောင်း၊ တရားမစွဲဆိုဘဲနှင့် ပြည်နှင်ဒဏ် အမိန့်ပေးခြင်း ခံသင့်သူ တဦးဖြစ်ကြောင်းဟူသော အချက်နှစ်ချက်ကို ဆုံးဖြတ်နိုင် သည့် ပဋိလဒ်မဟုတ်။

စစ်ဆေးသူ ဝန်ထောက်မင်း၏ မသက်ဝင်မှုပေါ် တွင် မူတည်၍ ပြည်နှင်ဒဏ်ပေးခဲ့ခြင်းသည် ဥပဒေနှင့် လုံးဝကိုက်ညီခြင်းမရှိ။

လျှောက်ထားသူအတွက်။ ။မစ္စတာပီအင် (နှ်) ဂို (ရှ်) ဂိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရလွှတ်တော် ရွှေနေ ဦးလှမောင် လိုက်ပါဆောင် ရွက်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာ အမှတ် ၁၃၁။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးချွန်ထွန်းနှင့်ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီးချုပ်ဦးမြင့်သိန်း အမိန့်ချမှတ်သည်။

၁၉၆၀

ရင် (နှ) ဂျစ်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ လူဝင်မှုကြီးကြပ်ရေးဝန်။

ထိုနောက် ၁၉၅၇ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင်၊ ဦးစောခိုင်က၊ ကလေး မောင်အေးကျော်ကို မိမိလက်တွင်းသို့ ပေးအပ်၍ အုပ်ထိန်းလိုကြောင်း အကြောင်းပြချက်များဖြင့် လျှောက်ထားလေသည်။ အကြောင်းပြချက် အခြို့တို့မှာ မောင်အေးကျော်သည် (ထိုအခါ၌) ၇နှစ်သားအရွယ်ရှိပြီးဖြစ်၍၊ ၎င်း၏ကောင်းရာကောင်းကြောင်းကိုဖြစ်ထွန်းလိုသော စေတနာဖြင့် ဖခင်အရင်းဖြစ်သူ မိမိလက်တွင်းသို့ အပ်သင့်ကြောင်း၊ ရုံးတော်၏ကမဿန်းတင်အား အုပ်ထိန်းရန် ညွှန်ကြားထားသော်လည်း၊ မသန်းတင်သည် မအုပ်ထိန်းနိုင်ဘဲ ဖြစ်နေကြောင်း။ ထို့သို့ မအုပ်ထိန်းနိုင်ခြင်းမှာ နောက်ယောကျ်ားဖြစ်သူ မောင်ကိုရီနှင့် ကလေးတယောက် ရ၍၊ ထိုကလေး ထိန်းသိမ်းမှုနှင့် လုံးပန်းနေရသဖြင့်၊ မောင်အေးကျော်ကို ကြည့်ရှုနိုင်ခြင်း မဖြစ်နိုင်ကြောင်း။ မသန်းတင်မှာ မောင်အေးကျော်အား လုံလောက်သောပညာပေးရန် မတတ်စွမ်းနိုင်ကြောင်း စသည်တို့ကို အကြောင်းပြခဲ့လေသည်။ ထိုလျှောက်ထားချက်ကို မသန်းတင်၏ နောက်ယောကျ်ားဖြစ်သူ မောင်ကိုရီက ကန့်ကွက်လေသည်။ ထို့နည်းတူစွာပင် ၁၉၅၉ ခုနှစ်၊ တရားမအမှုအဖွဲ့မှ အမှတ် ၂၇ တွင် (ယခုအယူခံ တရားလို) ဦးစိန်ဝင်း (မသန်းတင်၏ အစ်ကို) ကလည်း၊ အမှုတွင် တရားခံအဖြစ်ဖြင့် ဦးစောခိုင်၏ လျှောက်လွှာကို ဝင်ရောက် ကန့်ကွက်လိုကြောင်း လျှောက်ထားလေသည်။ ၎င်း၏ အကြောင်းပြချက်မှာ ထိုအရွယ် မရောက်သေးသူ ကလေးသည်လည်း၊ ၎င်း၏ အမေဖြစ်သူ မသန်းတင်၏ နေအိမ်တွင် နေသည်ဟု ဆိုသော်လည်း အိမ်နောက်ဖေးချင်း ကပ်လျက်ရှိသည့် မိမိ၏ အိမ်ဘွင်ပင် သွားချီလာလာလှည့် နေသည့်အပြင်၊ မိမိကိုယ်တိုင်ပင် စိန်မိုက်ကယ်ကျောင်းတွင် ထား၍၊ ပညာသင်ပေးလျက်ရှိကြောင်း။ ကလေး၏ တာဝန်ကိုလည်း လုံးဝ တာဝန်ယူကြောင်း။ ၎င်း၏ ပညာရေးနှင့် ပတ်သက်၍၊ ကလေး၏ပညာရေး၊ ကျန်းမာရေး၊ စားရေး သောက်ရေး၊ နေရေးထိုင်ရေး အားလုံးကို၊ ၎င်းသည် လူပျိုကြီးဖြစ်သည့် အလျောက်၊ လုံးလုံးလျားလျား ဟာဝန်ခံပြီး စောင့်ရှောက်နေကြောင်း။ မိမိကိုယ်ပိုင်ကားဖြင့် စိန်မိုက်ကယ်ကျောင်းသို့၊ သွားပို့ သွားခေါ် ပြုလုပ်နေသဖြင့်၊ သဘောရိုးစေတနာနှင့်စောင့်ရှောက်နေပါ၍ ဦးစောခိုင်၏လျှောက်လွှာကို လက်မခံသင့်ကြောင်း။ ၎င်းအပြင် ကလေး၏ ဘိုးအေ ဘွားအေများများလည်း၊ မိမိအိမ်တွင်ပင် အတူတကွ နေထိုင်ကြသဖြင့်၊ ကလေးကို စောင့်ရှောက်ရာတွင် မသန်းတင်ထက်ပင်လျှင် အမြဲတစေ စောင့်ရှောက် ထိန်းသိမ်း ပြုစု ကျွေးမွေးနေကြောင်း။ ကလေးကလည်း ၎င်းကို ဘခင် သဘွယ် ချစ်ခင်မြတ်နိုးခြင်း ဖြစ်နေကြောင်း။ ၁၁ လသား အရွယ် လောက်ကပင်လျှင် ဖခင်အရင်းဖြစ်သူ ဦးစောခိုင်နှင့် လင်မယားချင်း ပဋိပက္ခဖြစ်ရာမှ ခွဲထွက်လာခြင်း

ကြောင့် ဦးစောခိုင်ကိုပင်လျှင် ၎င်း၏ ဖခင်ဖြစ်ကြောင်း မသိ။ ဘကြီးဖြစ်သူ မိမိကို အဖေသဘွယ် တွယ်တာ၍ ကလေး၏ ပျော်ရွှင်ရေး၊ သာယာရေးများကို ကြည့်ရှုပြီး မူရင်း ရှိသည့်အတိုင်း နေစေရန် အကြောင်းများပြု၍ ကန့်ကွက်လေသည်။ မူလရုံး ကလည်း၊ ဦးစောခိုင် လျှောက်ထားသည့် အမှုတွင် မသန်းတင်နှင့် မောင်ကိုရီတို့အပြင်၊ ဦးစိန်ဝင်းကို လျှောက်ထားခံရသူ တဦးအဖြစ် ဝင်ခွင့်ပြုခဲ့လေသည်။ သို့သော် ဖခင် အရင်းဖြစ်သူ၊ ဦးစောခိုင် လျှောက်လွှာကို၊ လျှောက်ထားခံရသူ ဘဦးအနေနှင့်ကန့် ကွက်ပါက အောင်မြင်ဘွယ်ရာ မရှိဟု ထိုင်မြင်ယူဆခြင်းကြောင့် လားမသိ။ ဦးစိန်ဝင်း သည် ၎င်းကိုယ်တိုင် နောက်ထပ်၍ ၁၉၅၈ ခုနှစ်၊ တရားမအေးအဖွဲ့မှ အမှတ် ၂၂ တွင်၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေပုဒ်မ ၇ အရ၊ မိမိအား၊ မောင် အေးကျော် အုပ်ထိန်းသူ အဖြစ်ခန့်ရန်၊ အောက်မှလုံးတွင် တဖန် လျှောက်ထား လေသည်။ မသန်းတင်က ဦးစိန်ဝင်း၏ လျှောက်ထားချက်ကို ကန့်ကွက်ခြင်းမရှိပေ။ သို့သော် ဦးစောခိုင်၏ စွပ်စွဲချက်များကို မဟုတ်မမှန်ကြောင်း ချေပရာဝယ်၊ မသန်းတင် က ကျမ်းကျိန်၍ ဤကဲ့သို့ ချေပထားသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။

တရားလွှတ်
တော်
၁၉၆၀
ဦးစိန်ဝင်း
မသန်းတင်
နှင့်
ဦးစောခိုင်
ဦးချုန်ထွန်း
အောင်။

"ကျွန်မ နောက်အိမ်ထောင်ပြုရသည်မှာ ၅ နှစ်ကျော်ခန့် ရှိပါသည်။ ထိုသို့အိမ်ထောင်မကျ မီက မောင်အေးကျော်ကို၊ ဦးစိန်ဝင်းနှင့်အတူ အုပ်ထိန်း မွေးမြူထားပါသည်။

• အိမ်ထောင်ကျပြီး သည့်နောက်၊ အိမ်ခွဲနေသည့်အခါတွင် မောင်အေးကျော်၏ ဘကြီး အရင်းဖြစ်သူ ဦးစိန်ဝင်းကသားသမီးအရင်းကဲ့သို့ ချစ်ခင်ယုယပြီး၊ ဘိုးအေ၊ ဘွားအေ များကလည်း ကလေးကိုအမြဲမပြတ် ကြည့်ရှု စောင့်ရှောက် သွားနိုင်သည်ဖြစ်၍၊ ကလေးအဘို့ကျွန်မနှင့် နေသည်ထက်ပိုမို၍ စိတ်ချ ကောင်းမွန်စွာ နေနိုင်ပြီး၊ အထူး အကျိုးရှိမည်ဖြစ်သောကြောင့်၊ ဦးစိန်ဝင်းနှင့် တိုင်ပင်ပြီး၊ ဦးစိန်ဝင်းထံဟုတ် ထားရှိခြင်း ဖြစ်ပါသည်။ ကျွန်မနှင့်ဦးစိန်ဝင်းတို့သည်၊ တအိမ်စီ နေကြသော်လည်း၊ လမ်း ချင်းကပ် အိမ်နီးချင်း နေကြ၍၊ ကလေးအပေါ် ကျွန်မ၏ စောင့်ရှောက်မှု မကင်း ကွာပါ။ "ထိုမှတဖန် ဆက်လက်၍ ကျမ်းကျိန် ချေပထားသည်မှာ" ယခုလည်း မောင်အေးကျော်၏ ဘကြီးက၊ ရန်ကုန်မြို့ရှိ အကောင်းဆုံး အင်္ဂလိပ်ကျောင်း တကျောင်းတွင် ကိုယ်ပိုင်ကားဖြင့်ပို့ဆောင်၍၊ ပညာသင်ကြားပေးလျက် ရှိပါသည်။ ဘကြီးဖြစ်သူမှာ အင်္ဂလိပ်စာတတ်ဖြစ်ပြီး၊ ညအချိန်တွင် ကလေးအား စာများကို အမြဲပြသပေးလျက် ရှိပါသည်။ သို့ပါ၍၊ ကျွန်မက ပညာသင်ပေးရန် မတတ်စွမ်းနိုင် သောကြောင့်ဟု ဆိုသော စကားမှာ လုံးဝ မမှန်ပါ။"

ယင်းသို့၊ အပြိုင်အဆိုင် အရွယ်မရောက်သေးသူ မောင်အေးကျော်အား အုပ် ထိန်းလိုကြောင်း လျှောက်ထားကြခြင်းမှ၊ နှစ်ဦးနှစ်ဘက်တို့၏ သဘောတူညီချက်ဖြင့်၊ တမူထဲတွင် ကြားနာ၍ ဦးစိန်ဝင်း၏ လျှောက်လွှာကို ပယ်လိုက်သည်၊ ဦးစောခိုင်၏ လျှောက်လွှာကို (၁၉၅၉ ခုနှစ်၊ တရားမသေးမှု အမှတ် ၂၆) လက်ခံ၍ အရွယ်မရောက်

တရားလွှတ်တော်
၁၉၆၀
ဦးစိန်ဝင်း
နှင့်
မသန်းတင်
နှင့်
ဦးစောခိုင်
ဦးချွန်ထွန်း
ရအောင်။

သေးသူ ကလေး မောင်အေးကျော်ကို ဦးစောခိုင်၏ လက်သို့ ဦးစိန်ဝင်းက ပေးအပ်ရန် စီရင်ချက် ချမှတ်လိုက်သည်။ ထိုအမိန့်ကို မကြေနပ်သဖြင့် အထက် ဖေါ်ပြပါ၊ အယူခံမှု ၂ မှုကို (၁) မသန်းတင်နှင့် (၂) ဦးစိန်ဝင်းတို့က၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေ ပုဒ်မ ၄၇ အရ၊ ယခု ဤရုံးတော်သို့ အယူခံဝင်ခြင်း ဖြစ်သည်။

ပဌမဦးစွာ ဦးစိန်ဝင်း၏ အယူခံခြင်းနှင့် ပတ်သက်၍၊ ကျွန်ုပ်တို့ စဉ်းစား ဆုံးဖြတ်ပေအံ့။ မူလရုံး (တရားဝန်ကြီး ဦးအောင်ခိုင်) ၏ ဆုံးဖြတ်ချက်ကို ကြည့်ရှု စစ်ဆေးသောအခါ၊ ဦးစိန်ဝင်းသည် ငင်းက အရွယ်မရောက်သူ ကလေးကို စေတနာကောင်းမွန်စွာဖြင့် စောင့်ရှောက်လိုသော ဆန္ဒမည်သို့ ရှိစေကာမူ၊ စောင့်ရှောက်လျက်ပင်လည်း ဖြစ်စေကာမူ၊ ဖခင်အရင်းဖြစ်သူ ဦးစောခိုင်၏ အခွင့် အရေးကို ဂရုမစိုက်လွန်ပြီး၊ ငင်းအား အုပ်ထိန်းသူခန့်ရန် မဖြစ်နိုင်ဟု၊ အုပ်ထိန်းသူများနှင့်အုပ်ထိမ်းခြင်း ခံရသူများ အက်ဥပဒေပုဒ်မ ၁၉ (ခ) ကို အထောက်အထားပြုရှိသော်ငင်း၊ အိန္ဒိယဟိုက်ကုတ် များမှ ချမှတ် ထားသော စီရင်ထုံးများကို အကိုးအကားပြုရှိ သော်ငင်း၊ ချမှတ် လိုက်သည်မှာ ထင်ရှားပေသည်။ ဤအချက်နှင့် ပတ်သက်၍၊ ဦးစိန်ဝင်းအတွက် လိုက်ပါ ဆောင်ရွက်သော လွှတ်တော် ရွှေနေကြီးအား၊ အုပ်ထိန်းပိုင်ခွင့် အခွင့်အရေး သည်၊ ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားချက်အတိုင်း၊ ဖခင်အရင်းဖြစ်သူ ဦးစောခိုင်ကို၊ အုပ်ထိန်းသူခန့်အပ်ရန် မသင့်တော်သော (Unfit) လူတယောက်၊ သို့မဟုတ် လုံးဝ မဖြစ်ထိုက်သူ တယောက်ဟု ယူဆနိုင်ပါသလောဟု မေးမြန်းရာတွင် ပညာရှိ လွှတ်တော် ရွှေနေကြီးက မယူဆနိုင်ကြောင်း ပွင့်လင်းစွာ ပြောဆိုပေ့သည်။ ဤကဲ့သို့ ဖွင့်ဟ ပြောဆိုခြင်းမှာလည်း ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟ ပြောဆိုခြင်းပင် ဖြစ်ပေသည်။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေ၏ သဘောဝိထုံးမှာ၊ ဖခင်အရင်း အချာ ဖြစ်သူနှင့် တစိမ်းတရံ ဦးလေး ဘကြီး၊ အဒေါ်၊ အဘိုး အဘွား၊ ဘဒွေး၊ မိဒွေး စသော သူများနှင့် ပြိုင်ဆိုင်၍၊ အုပ်ထိန်းခြင်း လျောက်ထားသော နေရာတွင်၊ ဖခင် အရင်းအချာဖြစ်သူ၏ အခွင့် အရေးကိုသာ အသားပေး၍၊ ပုဒ်မ ၁၉ တွင် အကြောင်း ခြင်းရာများမပေါ် ပေါက်လျှင် ဖခင်ကိုသာ အုပ်ထိန်းခြင်း အခွင့် အရေး ပေးရခြင်းကို မြောက်မြားစွာသော စီရင်ထုံးများတွင် ချမှတ် ထားသည်ကို ကျွန်ုပ်တို့ တွေ့ရှိရသည့် အတွက်ကြောင့် ဦးစိန်ဝင်း၏ အယူခံမှုပေါ်တွင်၊ ထိုစီရင် ထုံးများကို အထောက် အထားပြု၍၊ ကျွန်ုပ်တို့ စဉ်းစားရန် မဖြစ်နိုင်ချေ။ သို့အတွက် ငင်း၏ အယူခံခြင်းကို ကျွန်ုပ်တို့ လက်မခံထိုက် ပလပ်ရပေမည်။

မသန်းတင်၏ အယူခံမှုတွင်ကား အမှု၏ အဖြစ် အပျက် အခြေအနေများမှာ ထူးခြားပေသည်။ မသန်းတင်သည် မူလဌာန ရုံးတော်တရားဝန်ကြီး ဦးအောင်သာ ကျော်က ချမှတ်လိုက်သည့်အတိုင်း မိမိကလေး မောင်အေးကျော်ကို လက်မလွှတ်

အုပ်သိန်း ၁နခဲ့ကြောင်း။ ဘကြီးအရင်း ဦးစိန်ဝင်းနှင့် နေသော်ငြားဃည်း ဇင်း၏ လက်ဝယ်တွင် ရှိနေခြင်းကို၊ အကြောင်းပြု၍ ဦးစောခိုင်၏ နောက်ထပ် ၁၉၅၇ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ လျှောက်လွှာကို ကန့်ကွက်ခဲ့လေသည်။ ထိုကန့်ကွက်လွှာကို ၁၉၅၈ ခုနှစ် တရားမဲ့အသေး အဖွဲ့မှု အမှတ် ၂၂၊ စာမျက်နှာ ၁၃၊ ၁၄ နှင့် ၁၅ တွင် တွဲထားသည်ကို ကျွန်ုပ်တို့ ဝေ့ဝှေ့ရသည်။ ဤအချက်နှင့် ပတ်သက်၍၊ဦးမောခိုင်အတွက် လိုက်ပါဆောင်ရွက်သော လွှတ်တော် ရွှေနှေကြီးက၊ မသန်းတင်မှာ နောက်မှအကြံရ၍ ကန့်ကွက်ခဲ့ကြောင်း။ ၁၉၅၃ ခုနှစ်၊ တရားမအသေးအဖွဲ့မှု အမှတ် ၂၆ တွင် မဏန့်ကွက်ဘဲနေ၍၊ နောက်မှ ကန့်ကွက်သဖြင့် မောင်အေးကျော် မိမိလက်တွင် မငွေကြောင်း ဝန်ခံထားရာ ရောက်ပါသည်ဟု လျှောက်ထားလေသည်။ ဤလျှောက်ထားချက်ကို ကျွန်ုပ်တို့ လက်မခံနိုင်ပေ။ အထက်၌ ကျွန်ုပ်တို့ ရည်ညွှန်းခဲ့သော် တရားမအသေးအဖွဲ့ အမှု အမှတ် ၂၂/၁၉၅၈ ခုတွင် တွဲထားသော မသန်းတင်၏ ကန့်ကွက်လွှာကို ကြည့်ရှုခြင်းဖြင့် ထင်ရှားပေသည်။ ဦးစိန်ဝင်း၏ အရည်အချင်းနှင့် ပတ်သက်၍၊ ကျွန်ုပ်တို့ တွေ့ရသည်မှာ ဦးစိန်ဝင်းသည် အစိုးရ အထက်တန်း အရာရှိ တဦး ဖြစ်ပေသည်၊ ၎င်းသည် လစေတော် ကောင်းကောင်း ရရှိ၍၊ ဆိပ်ကမ်း အလုပ်သမားဘုတ်အဖွဲ့ (Executive Officer, Dock Labour Board)မှ အလုပ်သမားကြီးကြပ်ရေးအရာရှိဖြစ်သည်ဟု သိရသည်။ ကိုယ်ပိုင်ကားလည်း ရှိသည်ပြင်၊ မောင်အေးကျော်ကို ၎င်း၏ ကားဖြင့်ပင် စိန်မိုက်ကယ်ကျောင်းကို အသွားအပြန် ကြိုလေသည်။ မိမိနှင့် နေသည်ဟု ဆိုစေကာမူ၊ မသန်းတင်အိမ်နှင့် နောက်ဖေးချင်း ဆက်နေသဖြင့်၊ ကလေး သည် မသန်းတင်အိမ်လည်း နေထိုင် စားသောက်သည်၊ ၎င်း၏ အိမ်၌လည်း နေထိုင် စားသောက်၍၊ ကူးသန်းသွားလာလျက် နေခြင်းပင် ဖြစ်ပေသည်။ မသန်းတင် ကိုယ်တိုင်ကလည်း ခွဲးတော် ရှေတွင် ထွက်ဆိုထားသည်မှာ၊ မောင်အေးကျော်သည်၊ ၎င်းနှင့် တအိမ်တည်းပင် နေထိုင်လျက်ရှိကြောင်း။ ဦးစိန်ဝင်းအိမ်သို့လည်း သွားချီလာလှည့် နေကြောင်း။ တခါတလေ ၎င်းအိမ်တွင် အိပ်ကြောင်း။ တခါတရံ ဦးစိန်ဝင်း၏ အိမ်တွင် ထမင်းအေ ဘွားအေများနှင့် အိပ်ကြောင်း။ ကလေး၏ ကျန်းမာရေး၊ ပညာရေးအတွက်ကို မိမိသည်သာမက၊ ဘိုးအေ ဘွားအေနှင့် ဘကြီး ဦးစိန်ဝင်းတို့က၊ အားလုံးပင် အမြဲတစေ မပြတ်မလပ် ဧစောင့်ရှောက်နေကြောင်း စသည်တို့ကို ထွက်ဆိုထားလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ အထူးတလည် စဉ်းစားရမည့် ပြဿနာမှာ မသန်းတင်သည် အောက်မူလရုံး တရားဝန်ကြီး ဦးအောင်သာကျော်၏ အထက်၌ ဖေါ်ပြခဲ့သော အမိန့် ချမှတ်ချက်ကို ချိုးဖေါက်သည် မချိုးဖေါက်သည်ဟူသော ပြဿနာပင် ဖြစ်ပေသည်။ ထိုအမိန့်ကို ကြည့်ရှု စစ်ဆေးခြင်းအားဖြင့် ပေါ်လွင် ထင်ရှားသည်မှာ ကလေးအား သင့်တင့် လျောက်ပတ်စွာ ကြည့်ရှု စောင့်ရှောက်အပ်သော တာဝန်ကို ကြေပြွန်စွာ မဆောင်ရွက်

ဘရားလွှတ်တော် ၁၉၆၀

ဦးစိန်ဝင်း
မသန်းတင်နှင့် ဦးစောခိုင်

ဦးချုနထွန်းအောင်။

တရားလွှတ်တော်
၁၉၆၀

ဦးစိန်ဝင်း
နှင့်
မသန်းတင်
နှင့်
ဦးစောခိုင်

ဦးချန်ထွန်းအောင်။

နိုင်မှသာလျှင် ၎င်း၏ အုပ်ထိန်းခြင်းကို၊ ရုံးတော်က ပြန်လည် စဉ်းစားရမည်ဟု ဆိုထားပေသည်။ အထက်၌ ကျွန်ုပ်တို့ ဖော်ပြထားသော ဦးစိန်ဝင်း၏ သက်သေခံချက်နှင့် မသန်းတင်၏ သက်သေခံချက်တို့ကို ထောက်ခံထားသော မမြင့်မြင့်စိန် (လျှောက်ထားသူ သက်သေ ၂) ဦးလှကြီး (လျှောက်ထားသူ သက်သေ ၃) နှင့် ဦးမောင်မောင်ညွန့် (လျှောက်ထားသူ သက်သေ ၄) တို့ဖြင့် တဲ့တာက် ဝေဘန် စဉ်းစားသောအခါ၊ မသန်းတင်သည် မိမိ၏ ကလေးကို စောင့်ရှောက် ပြုစုခြင်း တာဝန်ကို မကြေပြန်ဟု ဆိုရန် များစွာ ခဲယဉ်းပေသည်။ ကလေး၏ဘကြီး၊ ဘိုးအေ ဘွားအေတို့နှင့် ဝိုင်းဝန်း၍၊ ကလေး၏ စားရေး၊ သောက်ရေး၊ နေရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ကိုယ်တိုင်ရင်ဘိ ပူးပေါင်း လုပ်နေသည်ကို တွေ့ရသည်။ ၎င်း၏ အုပ်ချုပ်မှုမှလည်း ကင်းကွာသည်ဟု မဆိုနိုင်ပေ။ ဦးစိန်ဝင်း၏ အိမ်မှာ မသန်းတင်၏ အိမ်နှင့် နောက်ဖေးချင်း ကပ်လျက်၊ ကူးသန်း သွားလာ တအိမ်တည်း နေသလိုပင် ဖြစ်နေ၍၊ တရားဝန်ကြီး ဦးအောင်သာကျော် ချမှတ်ထားခဲ့သော အမိန့်ကို ပျက်ကွက်သည်ဟု ကျွန်ုပ်တို့ မဆိုနိုင်ပေ။

အရွယ်မရောက်သေးသူ အုပ်ထိန်းခြင်းနှင့် ပတ်သက်၍၊ အုပ်ထိန်းခွင့် လျှောက်ထားသူ၏ လျှောက်ထားချက်ကို စဉ်းစားရာတွင်၊ အရေးကြီးဆုံးသော အချက်မှာ အရွယ်မရောက်သေးသူ၏ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ကောင်းရာ မကောင်းကြောင်း အဝဝဘို့ကို အဓိကထား၍၊ (welfare and happiness of the minor should be given paramount consideration) စဉ်းစားရမည်ဆိုသော စီရင်ထုံးများ အမြောက်အမြား ရှိပေသည်။ ***Tan Swee Kyu*** **v.** ***Chan Chain Lyan*** (1) နှင့် ***Maung Aung Khin*** **v.** ***Ma Saw Hla*** (2) တို့ကို ကြည့်ပါလေ။ ယခုအမှုများတွင်၊ ၎င်းအရေးကြီးဆုံးဖြစ်သော အဓိကကို ထည့်သွင်း စဉ်းစားပါက၊ အရွယ်မရောက်သေးသူ မောင်အေးကျော်သည်၊ မိမိလက်ရှိနေဆဲ အတိုင်း မိမိ၏ အမေလက်ဝယ်တွင်နေ၍ ဘကြီးနှင့်ဘိုးအေ ဘွားအေတို့က ပူးတွဲစောင့်ရှောက် ထိန်းသိမ်းခြင်းမှာ၊ ၎င်း၏ ကာယသုခ၊ စိတ္တသုခ၊ အကျိုးဖြစ်စေသည့် အပြင်၊ ၎င်းပျော်ရွှင်မှုကိုလည်း ဖြစ်စေခြင်းမှာ များစွာ ထင်ရှားနေသည်ကို တွေ့ရှိရသည်။

မောင်အေးကျော်မှာ ရုံးအမှု ဖြစ်စဉ် အခါက ၂ နှစ်သားလောက်သာ ရှိပြီး၊ ယခု အယူခံဝင်သောအခါ (၁၀) နှစ်၊ (၁၁) နှစ်သားလောက်ဖြစ်၍၊ ၎င်း၏ သဘောကို သိလိုသဖြင့်၊ ၎င်းကို ရုံးတော်ရှေ့သို့ ခေါ်ပြီး ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျွန်ုပ်တို့ စစ်ဆေးခဲ့သည်။ ယင်းသို့ ခေါ်ပြီး စစ်ဆေးရာတွင် ကလေးသည် အလွန်

(1) (1947) B.L.R. 107, (2) B.L.R. (1958) p. 311.

ကျန်းမာ ရွှင်လန်းကြည်လင်သော မျက်နှာဖြင့် တွေ့ရှိရ၍၊ ပြတ်ပြတ်သားသား အစစ်ခံဝံ့သူသည်မှာ—

တရားလွှတ်တော်
၁၉၆၀
ဦးစိန်ဝင်း
နှင့်
ဦးစောခိုင်
ဦးချန်ထွန်းအောင်။

"ကျွန်တော့် အမေနှင့် ကျွန်တော် ရေကျော်မှာ နေပါသည်။ ကျွန်တော့်အမေသည် ဒေါ်သန်းတင် ဖြစ်ပါသည်။ အမေနှင့် နေသည်မှာ တော်တော်ကြာပါပြီ။ ကျောင်းကို သွားသောအခါ၊ ဦးစိန်ဝင်းက ကားနှင့် လိုက်ပို့ပါသည်။ ယခု ကျွန်တော် ပဌမတန်းမှာ ရောက်နေပါသည်။ သူငယ်တန်းတွင် ၂ နှစ်နေခဲ့၍ ကျောင်းနေသည်မှာ ၄ နှစ် ရှိပါပြီ။ ကျွန်တော့် အဖေ၏ အမည်ကို ကျွန်တော် မသိပါ။ ကျွန်တော့် အမေနေသော အိမ်နှင့် ဦးစိန်ဝင်း နေသော အိမ်ကပ်လျက်၊ ဟိုဘက်ဖီဘက်လမ်း ဖြစ်ပါသည်။ နောက်ဖေးချင်း ဆက်နေပါသည်။ ဦးစိန်ဝင်းသည်ကျွန်တော်၏ဦးလေးဖြစ်ပါသည်။ ၎င်းကိုဦးဦး ဟု ခေါ်ပါသည်။ ကျွန်တော် ထမင်းစားသည်မှာ ဦးစိန်ဝင်းအိမ်မှာလည်း စားပြီး၊ ကျွန်တော့် အမေအိမ်မှာလည်း စားပါသည်။ ကျွန်တော်သည် ဟိုအိမ်သွား ဒီအိမ်သွား နေပါသည်။ ကျွန်တော်သည် ဦးစိန်ဝင်းနှင့် အမေအိမ်တွင် အိပ်ပါသည်။ အဘိုးအဘွားများနှင့်လည်း နေပါသည်။"

ထိုထွက်ဆိုချက်ကို ထောက်ထား ကြည့်ရှုခြင်းအားဖြင့်၊ မောင်အေးကျော်သည်၊ ယော်ရွယ်သူ ဖြစ်သော်လည်း၊ မိမိ၏သဘောကို တိကျ ပြတ်သားစွာ ပြသနိုင်သည့် ကာလေး တယောက် ဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ ၎င်းသည် ဤကဲ့သို့ ပြတ်သားစွာ ပြောဆိုနိုင်ခြင်းကို ကျွန်ုပ်တို့ အထောက်အထား မပြုဘဲ ဆုံးဖြတ်ရန် မသင့်ပေ။ ဤအချက်နှင့် ပတ်သက်၍၊ ဦးစောခိုင် ဘက်မှ လိုက်ပါ ဆောင်ရွက်သည့် လွှတ်တော် ရွှေနေကြီးက၊ အောက်ပါ စီရင်ထုံးများကို အကိုးအကားပြု၍၊ ကလေး၏ သဘောဆန္ဒကို အထောက်အထား မပြုသင့်။ လက်ရှိ အုပ်ထိန်းသူများ၏ ပယောဂမကင်းရှင်းသဖြင့် ကလေး၏ သဘောမှာ သန့်ရှင်းသော သဘောမဟုတ်၊ လက်ရှိ အုပ်ထိန်းသူများက သွန်သင် မြှုပ်ကြွေး၍ သာလျှင်၊ ဤသို့ ရုံးတွင် ထွက်ဆိုတန်ရာဖြစ်ကြောင်း၊ လက်မခံ စေလိုကြောင်း လျှောက်ထားလေသည်။ ထို့ပြင် ဖခင်အရင်း ဖြစ်သူသာလျှင် အုပ်ထိန်းခွင့်ရှိကြောင်း၊ အခြားသူများ၏ အခွင့် အရေးများကို မစဉ်းစားထိုက်ကြောင်း စသည်တို့ကို လျှောက်ထားလေသည်။

(Kode) ***Atchayya*** v. ***Kosaraju Narahari*** (3), ***Jwala Prosad Saha*** v. ***Bachu Lil Gupta*** (4), ***In the matter of Loyejoy Patell and another*** (5), ***S. Rama Iyer*** v. ***K.V. Nataraja Iyer*** (6) ***S. Soora Reddi*** v. ***S. Chenna Reddi*** & ***others*** (7), ***Venkatarama Ayyangar*** v. ***Thulasi Ammal*** (8)

(3) A.I.R. (1929) Mad. P. 81.
(4) A.I.R. (1942) Cal. P. 215.
(5) A.I.R. (1944) Cal. P. 433.
(6) Cr. L.J. Vol. 49 (1948) P. 369.
(7) A.I.R. (1950) Mad. P. 306.
(8) A.I.R. (1950) Mad. P. 320.

တရားလွှတ်တော်
၁၉၆၀
ဦးစိန်ဝင်း
နှင့်
မသန်းတင်
နှင့်
ဦးစောခိုင်
ဦးချန်ထွန်း
အောင်။

ထိုစီရင်ထုံးများတွင် ပါရှိသော အချက်အလက်များကို ကျွန်ုပ်တို့ တမူစီလေ့လာဝိစစ် ကြည့်ရှုသောအခါ၊ ကလေး၏ သဘောကို ထောက်ရှုရာ၌ အမှုတွင် ပေါ်လွင်သော အဖြစ်အပျက်များ ပေါ်တွင် အမှီသဟဲပြု၍ ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ ကလေး၏ စိတ်ကို ထိခိုက်စေရန်၊ မိမိသဘောအလျောက် မဖြစ်စေဘဲ၊ လူကြီး၏ သွေးဆောင်မှုကြောင့် ပြောဆိုနေကြသည့် အချက်အလက်များ၊ ကလေး၏ အသက်အရွယ်မှာ နုနယ်သဖြင့် မိမိဆန္ဒကို ပြောပြရန် စွမ်းရည်မရှိ အခြေအနေပေါ်ပေါက်မှုသာလျှင် လက်ခံနိုင်ကြောင်းများ တွေ့ရှိရသည်။ သို့သော် ယခုအမှုတွင်ကား၊ ဤအခြင်းအရာများ၊ သွေးဆောင်မှုများ မရှိခြင်းမှာ ကျွန်ုပ်တို့၏ ရှေ့တွင် ကလေးငယ်ကို စစ်ဆေးကြည့်ရှုခြင်းပင်များစွာ ထင်ရှားပေသည်။ အုပ်ထိန်းခြင်းနှင့် ပတ်သက်၍၊ မိဘအရင်း လျှောက်ထားခွင့်ကို ပို၍ အရေးပေးရမည်ဟု ချမှတ်ထားသော စီရင်ထုံးများမှာ၊ အိန္ဒိယပြည် စီရင်ထုံးများဖြစ်သည့် အလျောက်၊ ဟိန္ဒူဘာသာကို ကိုးကွယ်သူများ၏ ဥပဒေ သဘောတရားကို အထောက်အထား ပြု၍ရင်း၊ မဟာမေဒင်ဘာသာကိုးကွယ်သူများနှင့် သက်ဆိုင်သော ဥပဒေကို အထောက်အထားပြု၍သော်ငင်း ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ ထိုစီရင်ထုံးများသည်၊ ကလေးငယ်ရှယ်သူ (အထူးသဖြင့် ယောကျ်ားကလေးများနှင့် ပတ်သက်၍) ဖခင်အရင်းကို ပို၍ အခွင့်အရေးပေးထားသည်ကို တွေ့ရသည်။ ထိုစီရင်ထုံးများမှ ချမှတ်ထားချက်များတို့သည်၊ ဤအမှုကို ဆုံးဖြတ်ရာ၌ များစွာ အထောက်အပံ့ မဖြစ်နိုင်ချေ။ အကြောင်းခြင်းရာများမှာ များစွာ ကွာခြားနေသည်ကို တွေ့ရသည်။ သို့အတွက်၊ ဦးစောခိုင်ဘက်မှ လိုက်ပါဆောင်ရွက်သော လုတ်တော် ရှေ့နေကြီး အကိုးအကားပြုသော စီရင်ထုံးများသည်၊ ဤအမှုအတွက် အသုံးမပြုနိုင်ပေ။

အထက်၌ ကျွန်ုပ်တို့ အသေးစိပ် ဖော်ပြခဲ့သော အကြောင်းပြချက်များကို အထောက်အထားပြု၍၊ ဤအယူခံအမှု ၂ မှုတွင် အောက်ပါအတိုင်း အမိန့်ချမှတ်သည်။

(၁) အယူခံမှုအမှတ် ၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံမှု အမှတ် ၂၈ ၌၊ အယူခံတရားလို ဦးစိန်ဝင်း၏ အယူခံမှုကို၊ လက်ခံနိုင်၍ ပယ်လိုက်သည်။

(၂) အယူခံတရားလို မသန်းတင်၏ အယူခံမှု (၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံမှုအမှတ် ၃၁) နှင့် ပတ်သက်၍၊ အောက်မူလ ရုံးမှ တရားဝန်ကြီး ဦးအောင်ခိုင် ချမှတ်လိုက်သော အမိန့်ကို ပယ်ဖျက်ပြီး၊ အရှေ့ပိုမောက်သေးသူ မောင်အေးကျော်(ခေါ်) ဟောင်အောင်ကြီး(ခေါ်) အာသာစိန်ဝင်းအား၊ ၎င်း၏ကောင်းရာကောင်းကြောင်း၊ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေး

စသည်တို့ အကျိုးဖြစ်ထွန်းလျက်၊ ပျော်ရွှင်မှုတို့ရှိနေသည့်အလျောက်၊ ၎င်း၏ မိခင် မဃန်းတင်၏ လက်ဝယ်တွင် ယခုလက်ရှိ အခြေအနေအတိုင်း ဆက်လက် နေထိုင်စေရမည်။

(၃) အမှုသည် အသီးသီးတို့က၊ မိမိတို့စရိတ်ကို မိမိတို့ ကျခံစေရမည်။

တရားဝန်ကြီးဦးစံမောင်။ ။ကျွန်ုပ်သဆောတူပါသည်။

တရားလွှတ်တော်
၁၉၆၀
ဦးဇင်နုဝင်း
နှင့်
မဃန်းတင်
နှင့်
ဦးစောခိုင်
ဦးမြန်ထွန်း
အောင်။

# ရာဇဝတ် ပြင်ဆင်မှု

တရားဂန်ကြီးဦးအောင်ဂိုင်ရွှေမှောက်တွင်

တရားလွှတ်တော် †၁၉၆၀ အောက်တိုဘာ ၂၁ ရက်။

## ဦးသာရင် (လျှောက်ထားသူ)

နှင့်

## ဦးစိန်မောင် (လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၅ အာဏာသုံးစွဲသူ၏ အဓိက တာဝန်၊ ကျဉ်းမြောင်းစေသော အဓိပ္ပါယ် ကောက်ယူခြင်း၊ မှားယွင်းသည်ဟု မဆိုနိုင်သော ဆောင်ရွက်ချက်။

**ဆုံးဖြတ်ချက်။** ။ပြင်ဆင်မှု အခွင့်အာဏာများ သုံးစွဲရာ၌၊ သုံးစွဲသူ၏ အဓိက တာဝန်မှာ၊ အောက်ခံ တရားသူကြီး အမိန့်နှင့် အောက်ခံတွင် အမှုနှင့် ပတ်သက်၍ ဖြစ်ပျက်ခဲ့သောအကြောင်း အရာတို့သည်၊ တရားမျှတမှုရှိ မရှိကိုသာ သုံးသပ်ရပေမည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၅ နှင့်ပတ်သက်၍၊ ခရိုင် ရာဇဝတ်တရားသူကြီးက မိမိဘာသာ အမှုကို ခေါ်၍ ပြင်ဆင်မှု ဖွင့်ပြီးလျှင် အမိန့်ချမှတ်ခြင်း မျိုးသာ ပုဒ်မ ၅၁၅ ရည်ညွှန်းသည်၊ အမှုသည် တဦးဦးက ရာဇဝတ်ပြင်ဆင်မှု လျှောက်ခြင်းနှင့် မဆိုင်ဟု အဓိပ္ပါယ် ကောက်ယူခြင်းသည် ကျဉ်းမြောင်းစွာ အဓိပ္ပါယ် ကောက်ယူခြင်း ဖြစ်သည်၊ ရာဇဝတ်ပြင်ဆင်မှု တခုခုကို အာဏာရှိသည့် ရုံးက လက်ခံ လိုက်ပြီးလျှင်၊ ပုဒ်မ ၅၁၅ အရ၊ ပြင်ဆင်မှုတွင် အမိန့်ချမှတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်။

လျှောက်ထားသူအတွက်။ ။ဦးတင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။ဦးအေးမောင် လိုက်ပါဆောင်ရွက်သည်။

**တရားဝန်ကြီးဦးအောင်ခိုင်။** ။မအူပင်မြို့ တွဲဘက် ခရိုင်ရာဇဝတ်တရားသူကြီးရုံးတွင်၊ လျှောက်ထားသူဦးစိန်မောင်က ညောင်တုံးမြို့ ၄ ရာဝါက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၅၇ ခု၊ ရာဇဝတ်အသေးအဖွဲမှု အမှတ် ၆ တွင် အာမခံဝန်ချ၍ပျက်ကွက်သည်ဆိုကာ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၄ (၁) အရ၊ လျော်ကြေးငွေ ၃,၅၀၀ ကျပ် ပေးဆောင်စေရန် ချမှတ်သော အမိန့်နှင့် ပတ်သက်ပြီး၊ လျှောက်ထားသူ ဦးစိန်မောင်၏ ၁၀,၀၀၀ ကျပ်တန် အမှတ် ဂ/၄၅၄၀ အမည်ရှိ အငှါးကားတစီးကို၊ မနုဖြူ ဥဒါနာအုပ်အား ရောင်းရန် လွှဲပေးသဖြင့် ဦးသာရင်သို့ အဘိုးငွေ ၄,၀၀၀ ကျပ် တိတိနှင့် ရောင်းပစ်ခြင်းသည်၊ တရားဥပဒေအရ မှားယွင်းနေသည်ဖြစ်၍၊ တိုသို့ ရောင်းခြင်းကို

* ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၂၆ (ခ)။

† ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု ဇာမှတ် ၁ တွင် ချမှတ်သော ၁၉၆၀ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နေ့စွဲပါ မအူပင်မြို့၊ တွဲဘက် ခရိုင် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

ဖျက်ပေးပါရန်လျှောက်ထားချက်၊ လျှောက်ကားသည့် အတိုင်း အဆိုပါ ကားကို ဦးသာရင်သို့ ငွေ ၄,၀၀၀ ကျပ်နှင့် ရောင်းချခြင်းကို ပယ်ဖျက်လိုက်သည်။ ဤမအူပင်မြို့တဲ့ဘက်ခရိုင် ရာဇပတ်တရားသူကြီးရုံး၊ ၁၉၆၀ ခု၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် (၁) တွင် ချမှတ်သည့် အမိန့်ကို မကျေနပ်၍၊ ဦးသာရင်က ပြင်ဆင်မှု လျှောက်လွှာ ဤရုံးသို့ တင် သွင်း သည်။

တရားလွှတ်တော်
၁၉၆၀
ဦးသာရင်နှင့်
ဦးစိန်မောင်
ဦးဖေမောင်ခိုင်။

**အမှု၏** အဖြစ်အပျက် အလုံးစုံတို့သည် မအူပင်ခရိုင် ရာဇဝတ်တရားသူကြီးရုံး ပြင်ဆင်မှုတွင် ပေါ်ပြထားပြီး ဖြစ်သဖြင့်၊ ဤအင်္ကြောင်း အရာများကို ထပ်မံ၍ ပေါ်ပြ **ရန် မလိုတော့**ပေ။ ခရိုင်ရာဇဝတ်တရားသူကြီးက၊ နေဖြူဥဉာနာအုပ်က အမှုတွင် ပါဝင် **သော အငှါးကား** ကို ယခု လျှောက်ထားသူ ဦးသာရင်အား၊ ငွေ ၄,၀၀၀ ကျပ်နှင့် **ရောင်းချလိုက်ခြင်း**သည်၊ တရားမျှတမှုမရှိဟု ယူဆသဖြင့်၊ ဤအရောင်းအဝယ်ကို ပယ်ဖျက်လိုက်သည်။ ၎င်း **ကားရောင်း၍** ယခုလျှောက်ထားသူ ဦးသာရင်ထံမှရသော ငွေ ၄,၀၀၀ ကျပ်ကို ဦးသာ **ရင်အား** ပြန်၍ **ပေးစေ**ဟု အမိန့်ချမှတ်လိုက်သည်။ ဤကဲ့သို့ အမိန့်ချမှတ်လိုက်ခြင်းမှာ **အောက်ပါ အကြောင်းအရာ** ၄ ခုအပေါ် တွင် မူတည်၍ အမိန့်ချမှတ်ခြင်း ဖြစ်သည်။

(၁) **အဆိုပါကားကို သိမ်းဆီးသောအခါ ပိုင်ရှင်များ၏ နောက်ကွယ်ရာ၌ သိမ်းဆီးခြင်း**။

(၂) **၄ ရာဘက် ရာဇဝတ်တရားသူကြီး၏ ဝရမ်းအရ၊ ၃ ရက်အတွင်း ရောင်းရ မည်ဖြစ်သော်လည်း ကားကို ၅ လကြာမှ ရောင်းခြင်း**။

(၃) **ကားကို လေလံဖြင့် ရောင်းခြင်း** မဟုတ်ဘဲ၊ လက်သိပ်ထိုး၍ ရောင်းချ **ခဲ့ခြင်း**။

(၄) ၁၇,၀၀၀ ကျပ်တန်ခန့် တန်သော ကားကို ငွေ ၄,၀၀၀ ကျပ်ဖြင့် ရောင်းချ မည့်အကြောင်းကို ကားပိုင်ရှင်အား အကြောင်းမကြားခြင်း။

**ဤ**အကြောင်းပြချက် ၄ ခုအနက်၊ ကားကို ရဲဌာနအုပ်က ရောင်းရာတွင် အများကို **ကြေငြာ၍** လေလံဖြင့် ရောင်းသင့်သည်။ ဤကဲ့သို့ မပြုလုပ်ခြင်းဖြင့်၊ တဲ့ဘက် ခရိုင် ရာဇ **ဝတ်တရားသူကြီး** ပြောဆိုသလိုပင်၊ လက်သိပ်ထိုး ရောင်းချခြင်းပင် ဖြစ်ဟန် လက္ခဏာ **ပေါ်နေ**သည်။ ဤအကြောင်းအရာ တခုနှင့် ပင် တဲ့ဘက်ခရိုင် ရာဇဝတ်တရားသူကြီး **အမိန့်ကို** ထောက်ခံရပေမည်။ သို့ရာတွင် လျှောက်ထားသူ ဦးသာရင်က ၎ခရိုင် ရာဇဝတ် **တရားသူကြီးအမိန့်**မှာ တရားနည်းလမ်း မကျသော **အမိန့်**ဖြစ်သည်။ အဘယ်ကြောင့် **ဆိုသော်** (၁) တရားသူကြီးက ဤအမိန့်မချမှတ်မီ လျှောက်ထားသူ ဦးသာရင်ကိုယ်တိုင်၊ **ကိုယ်စား** ရှေ့နေကိုသော်ငင်း ကြားနာခြင်းမပြုခဲ့ဟု ဆိုသည်။ (၂) ရာဇ

တရားလွှတ်တော်
၁၉၆၀
ဦးသာရင်နှင့်
ဦးစိန်မောင်
ဦးအောင်ခိုင်။

ဝတ်ကျင့်ထုံး ပုဒ်မ ၅၁၅ အရ၊ ခရိုင်ရာဇဝတ် တရားသူကြီးထံ အယူခံဝင်ရောက်နိုင်သည်။ ဤကဲ့သို့ အယူခံဝင်ရောက်ခြင်း မပြုဘဲ၊ ရာဇဝတ်ပြင်ဆင်မှု တင်ခဲ့သည်။ သို့ဖြစ်၍ ဦးစိန်မောင်သည် ခရိုင်ရာဇဝတ်တရားသူကြီးထံ အယူခံနိုင်ပါလျက်နှင့် အယူမခံဘဲ၊ ရာဇဝတ်ပြင်ဆင်မှု တင်သွင်းခြင်းသည် ဥပဒေအရ မှားယွင်းသည်ဟုဆိုသည်။

ဤအချက် ၂ ချက်နှင့် ပတ်သက်၍၊ လျှောက်ထားခံရသူ၏ ရှေ့နေကြီးက၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၄၀ အရ၊ တရားရုံးများက၊ ရာဇဝတ်ပြင်ဆင်မှု အာဏာများကို သုံးစွဲသောအခါ အမှုသည်များ၊ သို့မဟုတ် ၎င်းတို့၏ ရှေ့နေများကို ကြားနာစစ်ဆေးရမည်ဟု သတ်မှတ်ထားသည့် အခွင့် အရေးမရှိကြောင်း။ သို့ပြစ်၍ ဤအမှုတွင် ဦးသာရင်၊ သို့မဟုတ် ဦးသာရင်၏ ရှေ့နေကို တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးက၊ ပြင်ဆင်မှု အမိန့် မစဉ်မီ မကြားနာခြင်းကြောင့် အမှုမှာ ပျက်ပြယ်သွားမည်မဟုတ်ဟု၊ လျှောက်လဲသည်။ ပြင်ဆင်မှု အခွင့်အာဏာများသုံးစွဲရာ၌ သုံးစွဲသူ၏ အဓိကတာဝန်မှာ၊ အောက်ရုံး ဟရုံးသူကြီး၏ အမိန့်နှင့် အောက်ရုံးတွင် ဒေါ်မှုနှင့် ပတ်သက်၍ ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့သည်၊ တရားမျှတမှုရှိ မရှိကိုသာ သုံးသပ်ရပေမည်။ မအူပင်မြို့ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီး၏အမိန့်ကို၊ ဘတ်ကြည့်ပြီးနောက်၊ ၎င်း၏အမိန့်မှာ တရားမျှတသော အမိန့် ဖြစ်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ လျှောက်ထားသူ ဦးသာရင်၊ သို့မဟုတ် ဦးသာရင်၏ ရှေ့နေကြီးကို မကြားနာခြင်းအတွက်၊ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီး၏ အမိန့်မှာ မည်ကဲ့သို့မျှ ထိခိုက်စရာ အကြောင်းမရှိ၊ ပျက်ပြယ်သွားခြင်း ဖြစ်မည်လည်း မဟုတ်၊ ဒုတိယအချက်နှင့် ပတ်သက်၍၊ ဦးစိန်မောင်သည် အယူခံ နိုင်ပါလျက်နှင့် အယူမခံဘဲ၊ ပြင်ဆင်မှုလျှောက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟု ဆိုသော လျှောက်ခြင်းနှင့်ပတ်သက်၍ စဉ်းစားရာဝယ်၊ ဦးစိန်မောင်မှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၅ အရ၊ အယူခံပိုင်ခွင့် ရှိသည်။ သို့သော် အယူမခံခဲ့။ အယူခံရက်လွန်ပြီးမှ ပြင်ဆင်မှု လျှောက်လွှာ တင်ခြင်းဖြစ်သည်။ ဤကဲ့သို့ ပြင်ဆင်မှု လျှောက်လွှာကို အယူခံရက်လွန်ပြီးမှ တင်ရာ တွဲဘက်ခရိုင် ရာဇဝတ်တရားသူကြီးက၊ လက်ခံသည်။ လက်ခံပြီး ဤလျှောက်လွှာပေါ်တွင် အမိန့်ချမှတ်ကြောင်း တွေ့မြင်ရသည်။ ဤကဲ့သို့ အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ မှန်သည်၊ မမှန်သည် စဉ်းစားရာ၌လည်း ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၅ ကို ပင်ပြန်လည် သုံးသပ်ရပေမည်။ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၅၁၅ က၊ အောက်ပါအတိုင်းဖော်ပြထားသည်။

> "ခရိုင် ရာဇဝတ်တရားသူကြီးမှလာပါ၊ မည်သည့် တရားသူကြီးကမဆို၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၇ အရ၊ ချမှတ်သော အမိန့်တို့ကို မကျေနပ်လျှင်၊ ခရိုင် ရာဇဝတ်တရားသူကြီး ရှေ့မှောက်တွင် အယူခံဝင်နိုင်သည်။ သို့မဟုတ် ဤကဲ့သို့ အယူခံမဝင်လျှင် ၎င်းအမိန့်များကို ခရိုင် ရာဇဝတ်တရားသူကြီးက ပြင်ဆင်နိုင်သည်။"

ထရားလွှတ်
၈တ၌
၁၉၆၀
ဦးသာရင်
နှင့်
ဦးစိန်မောင်
ဦးဆောင်ခိုင်။

လျှောက်ထားသူ ဦးသာရင်၏ ရွှေနေကြီးက ဤအကြောင်းနှင့် ပတ်သက်၍ လျှောက်လဲသည်မှာ၊ ခရိုင် ရာဇဝတ်တရားသူကြီးက၊ မိမိဘာသာ အမှုကို ခေါ်၍ ပြင်ဆင်မှုဖွင့်ပြီးလျှင် အမိန့်ချခြင်းမျိုးသာ ပုဒ်မ ၅၁၅ က ရည်ညွှန်းသည်။ အမှုသည် တဦးဦးက ရာဇဝတ်ပြင်ဆင်မှု လျှောက်ခြင်းနှင့် မဆိုင်ဟု ဆိုသည်။ ဤကဲ့သို့ အဓိပ္ပါယ် ကောက်ယူခြင်းသည် ကျဉ်းမြောင်းစွာ အဓိပ္ပါယ် ကောက်ယူခြင်း ဖြစ်သည်ဟု ကျွန်ုပ် ယူဆသည်။ ရာဇဝတ်ပြင်ဆင်မှု တခုခုကို အာဏာရှိသည့်ရုံးက လက်ခံလိုက်ပြီးလျှင် ပုဒ်မ ၅၁၅ အရ၊ ဒဏ်ပြင်ဆင်မှုတွင် အမိန့်ချမှတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်။ ၎င်းပြင်ဆင်မှု လျှောက်လွှာအပေါ် တွင် အမိန့် ချမှတ်ခြင်းသည်သာ တရားလမ်းစဉ် အတိုင်း ဖြစ်သည်။ ဤကိစ္စတွင် ဦးသာရင်က မကျေနပ်သော အချက် တခုမှာ၊ မိမိသည် အဆိုပါ အငှါးကားကို ဝယ်ယူပြီးနောက် ပြင်ဆင်ရသည့် စရိတ် ၁,၅၅၅ ကျပ်ကျ ကုန်ကျ ပြီးဖြစ်သဖြင့်မိမိက ကားဝယ်သောငွေ ၄,၀၀၀ ကျပ်ပြန်ရမည်ဟုဆိုသော်လည်း၊ မိမိမှာ ပြင်ဆင်ရသည့်စရိတ်အတွက် နစ်နာနေပြီဖြစ်ကြောင်း ၎င်း၏ လျှောက်လွှာတွင် ဖော်ပြ ထားသည်။ ဤအကြောင်းနှင့် ပတ်သက်၍ လျှောက်ထားခံရသူ၏ ရွှေနေကြီးက ဤ ကားကို ရပြီးနောက်၊ ဦးသာရင်က အငှါးပြေးနေသဖြင့်၊ ၎င်းကုန်သော စရိတ်ထက် အငှါးဝင်ငွေများ ရပြီးနေနှင့်ပြီဖြစ်သဖြင့်၊ ၎င်းမှာ နစ်နာစရာ အကြောင်းမရှိဟု ဆိုသည်။ မည်သို့ပင် ဆိုစေကာမူ၊ ဤကိစ္စသည်၊ ဤပြင်ဆင်မှု လျှောက်လွှာပေါ် တွင် ဆုံးဖြတ်ရာ၌၊ ထည့်သွင်း၍ စဉ်းစားရန် လိုမည်မဟုတ် အထက်တွင် ဖော်ပြပြထားသည့် အတိုင်းအဓိက စဉ်းစားရမည့်အချက်မှာ အောက်ရုံးတရားသူကြီးက ချမှတ်လိုက်သော အမိန့်သည် တရားမျှတသော အမိန့်ဟုတ် မဟုတ်ပင် ဖြစ်သည်။

အမှုအဖြစ်အပျက် အလုံးစုံကို ကြည့်ရှုလိုက်သောအခါ၊ တွဲဘက် ခရိုင်ရာဇဝတ် တရားသူကြီး၏ အမိန့်မှာ တရားမျှတသော အမိန့်ဖြစ်ကြောင်း တွေ့မြင်ရသဖြင့်၊ ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည်။

## APPELLATE CIVIL.

*Before U San Maung and U Thaung Sein, JJ.*

H.C. 1960

Dec. 20.

AISHABHAI HAJI TAHIR MOHAMED (APPELLANT)

*v.*

MOHAMED YACOOB YUNUS JAMAL (RESPONDENT).*

*Arbitrators—Legal misconduct of—When committed.*

Where despite the provision in the agreement to submit the dispute to arbitration, to the effect that the arbitrators were to give reasonable notice to the parties to attend the meeting of the arbitrators either personally or by fully instructed representative, and that only in case where the party failed to appear after reasonable notice had been given could arbitrators proceed *ex parte* as effectually as if the party who had been duly notified were present, the arbitrators heard one party and her witnesses wihout giving an opportunity to the other side of being present at such hearing.

*Held:* That the arbitrators had contravened the principles of natural justice and had committed legal misconduct.

*W. Ramsden and Company, Limited* v. *Jacobs*, 1 (1922) K.B. 640 ; *Venkata Subbaya and another* v. *Venkataramanayya and others*, A.I.R. (1930) Mad. 646 ; *Payyavula Vengamma* v. *Payyavula Kesanna and others*, A.I.R. (1953) Supreme Court 21 ; *Louis Dreyfus & Co.* v. *Purusottum Das Narain Das*, I.L.R., 47 Cal. 29 at pp. 36-37 ; *Vinayak Vishnu Sahasrabudhe* v. *B G. Gadre and others*, A.I.R. (1959) Bom. 39 ; *Kanshi Ram* v. *Harnam Das and others*, A.I.R. (1940) Lah. 73 ; referred to.

*G. N. Banerji* for the appellant.

*Than Aung* for the respondent.

U SAN MAUNG, J.—This is an appeal under section 39 of the Arbitration Act read with section 20 of the Union Judiciary Act, 1948, against the order of the learned Judge on the Original Side (U Ba Nyunt, J.) dated the 27th of November 1959 in Civil Regular Suit No. 31 of 1955 wherein the learned Judge set aside the award of the arbitrators appointed by the parties to that suit on the ground that they had misconducted themselves in the proceedings.

* Civil Misc. Appeal No. 81 of 1959 against the order of the High Court (Original Side), Rangoon in Civil Regular Suit No. 31 of 1955.

H.C. 1960

AISHABHAI HAJI TAHIR MOHAMED v. MOHAMED YACOOB YUNUS JAMAL.

U SAN MAUNG, J.

The facts giving rise to the present appeal are briefly these. In Civil Regular Suit No. 31 of 1955, the plaintiff-appellant Aishabhai Haji Tahir Mohamed sued the respondent Mohamed Yacoob Yunus Jamal for possession of immoveable properties and accounts as well as for mesne profits. Her case was that at all time material to the suit she had been the owner of the property known as House No. 49/50 in 39th and 40th Streets, Rangoon, that the defendant had been acting as her agent and managing the property on her behalf, that by a power of attorney dated the 13th of March 1947, executed by her at Jamnagar, she had appointed the defendant as her agent and attorney with power to take possession of and manage her estate in Burma and that the defendant who had taken possession of the property in suit and a house site in 35th Street, Rangoon, failed to account for the rents and profits collected by him and to give her possession of the property in spite of the fact that by a notice dated the 16th of September 1953, she had cancelled the power of attorney granted by her.

The defendant-respondent Mohamed Yacoob Yunus Jamal by his written statement contended, *inter alia*, that the property in suit did not belong solely to Aishabhai Haji Tahir Mohamed as contended by her but rather to the estate of her husband Hajee Sulaiman Hajee Abdul Shakoor Jamal deceased and that when the deceased died intestate at Calcutta on the 21st of August 1907, there were surviving the plaintiff (his widow), one son who was the father of the defendant and two daughters and that in Civil Miscellaneous Case No. 3 of 1910 of the Chief Court of Lower Burma, the plaintiff was given letters of administration to the estate of the deceased as her children were then all minors, and that notwithstanding that administration accounts were to be filed within one year of the grant of the letters of administration, no final

H.C. 1960

AISHABHAI HAJI TAHIR MOHAMED v. MOHAMED YACOOB YUNUS JAMAL.

U SAN MAUNG, J.

accounts had yet been filed by the plaintiff. The defendant also contended that from the monies belonging to the estate of the deceased the then agents of the plaintiff—Jamal Bros. & Co. Ltd.—had, from time to time, afforded financial assistance to the plaintiff's father, Hajee Taher Mohamed bin Hajee Vully Mohamed who thereby became indebted to the estate of the deceased but that on the 11th April 1912, when the plaintiff's father conveyed House No. 44 in 35th Street, Rangoon to the plaintiff in satisfaction of the monies owing by him to the estate, the conveyance was in favour of the plaintiff and was not expressed to have been made to her in her capacity as the administratrix of the estate as it should have been done. Similarly, with a godown between 39th and 40th Streets, Rangoon, which was transferred on the 5th April 1917 by the plaintiff's father to the plaintiff in satisfaction of the monies owing by him to the estate of the deceased. The defendant further contended that prior to October 1947 when the parties were in India, the defendant requested the plaintiff to hand over to him jewelleries belonging to his deceased father who was the only son of the late Hajee Sulaiman Hajee Abdul Shakoor Jamal and also to acknowledge that the two pieces of property mentioned above belonged to the estate of the deceased, the plaintiff handed over the jewelleries and also executed and attested a declaration that these properties belonged to the estate of the deceased Hajee Sulaiman Hajee Abdul Shakoor Jamal and that the surviving heirs of the deceased who were entitled to the properties were the plaintiff, her son M. Y. S. Jamal and the surviving daughter Amina Bibi. For these reasons the defendant contended that the plaintiff had no right to possession of the properties in suit and for mesne profits as claimed by her.

While the suit was pending the parties thereto agreed to refer the matter to arbitration, the two arbitrators appointed being M. I. Keekee Bhai of No. 57, 28th Street,

Rangoon and Hajee Gulam Mohamed H. Dada of No. 521, Dalhousie Street, Rangoon. In paragraphs 5 and 6 of the agreement to submit the dispute to arbitration, it is provided:

"(*a*) The arbitrators or their umpire shall have general authority to require from the parties hereto such written statements and explanations and other information, evidence, documents and/or materials as they or he may deem expedient for determining the matters in difference.

(*b*) In case either party refuses or fails after reasonable notice to attend either personally or by fully instructed representative before the arbitrators or their umpire at any meeting which they or he may appoint, it shall be lawful for them or him to proceed *ex parte* as effectually as if such party were present."

The agreement was dated the 3rd of October 1957 and the arbitrators gave their award on the 21st of October 1958. The award in so far as is relevant for the purpose in hand reads:

"We have had supplied to us copies of the pleadings in the above suit which we have read through very carefully. We have summoned both the parties and heard such evidence they chose to produce before us.

After careful consideration of all the matters placed before us and anxious deliberation, we have come to the unanimous decision and hereby publish our finding and award as follows, that both the said properties are the properties of the Plaintiff and that the Defendant is accountable to the Plaintiff for all rents and profits collected by him from the said immoveable properties as Agent of the Plaintiff from March 1947 to July 1954 inclusive and thereafter for mesne profits."

After the award was made the defendant Mohamed Yacoob Yunus Jamal filed an application under section 30 of the Arbitration Act of 1944 to set aside the award on various grounds, *inter alia*, that the arbitrators had misconducted themselves and/or the proceedings, the chief grievance being that the arbitrators did not give him an opportunity of being present at the examination of the plaintiff and her witnesses and that they did not even

H.C. 1960

AISHABHAI HAJI TAHIR MOHAMED v. MOHAMED YACOOB YUNUS JAMAL.

U SAN MAUNG, J.

inform him about the proposed examination. By his written objection to the application the plaintiff contended that the arbitrators had acted in accordance with law and in strict compliance of the terms of the reference and that the award had been based on materials placed before them.

One of the arbitrators, *viz.*, M. I. Keekeebhai having died after the filing of the Award in Court the other arbitrator Mr. Hajee Gulam Mohamed H. Dada was served with notice of the application for the setting aside of the Award. By this written objection Mr. Hajee Gulam Mohamed H. Dada stated that although it was true that the examination of one party was made in the absence of the other, this course had been adopted at the request of the defendant Mohamed Yacoob Yunus Jamal who represented to the arbitrators that he was ill and that he had been medically advised not to move out of his house. This written objection was, however, not supported by any affidavit. On the other hand, the defendant by his affidavit denied that he had ever requested the arbitrators to examine him in the absence of the opposite party or *vice versa*. The defendant's affidavit is supported by that of his brother Y. Y. Jamal who also said that he had never given his consent for the *ex parte* hearing of the case.

In these circumstances the learned Judge on the Original Side held that the arbitrators had committed legal misconduct. In so doing the learned Judge relied upon various authorities which he had referred to in his order. In the result the Award dated the 21st of October 1955 was set aside with no order as to costs.

Now, it is clear from paragraph 6 of the agreement for submission of the dispute to arbitration, that whenever a meeting of the arbitrators was to be held "reasonable notice" must be given to the parties to attend "either personally or by fully instructed representative". It is also clear that only in case where the party fails to appear after reasonable notice had been given that the arbitra-

tors could "proceed *ex parte* as effectually as if the party who had been duly notified was present."

Therefore, it can hardly be denied that when the arbitrators examine either of the parties to the dispute with a view to ascertain relevant facts they were holding a meeting as envisaged in paragraph 6. Therefore, they cannot proceed with such examination in the absence of the other party unless that party fails, after reasonable notice, to attend either personally or by fully instructed representative.

Now, in *W. Ramsden and Company, Limited* v. *Jacobs* (1) which related to an arbitration between the sellers and buyers arising out of rejection by the latter of certain goods which he alleged did not correspond to the contract description, the arbitrators heard the evidence of each of the parties in the absence of the other, no objection having been made at the time to this procedure. It was held that the award must be set aside as the arbitrators had acted improperly in hearing evidence on behalf of one party in the absence of the other. In *Venkata Subbayya and another* v. *Venkataramanayya and others* (2) it was held that where under the reference the arbitrator was empowered to dispose of the case either with or without enquiry, he received evidence given by the plaintiff in the absence of the defendant, the award was vitiated owing to the misconduct of the arbitrator.

To the same effect is the decision of the Supreme Court in *Payyavula Vengamma* v. *Payyavula Kesanna and others* (3). In *Louis Dreyfus & Co.* v. *Purusottum Das Narain Das* (4), Rankin, J., observed:

> "As I have said recently, arbitrators when they begin to take upon themselves the burden of their duty must remember that it is laid upon them to see—not upon anybody else, but upon them as tribunal—that the parties have notice to

(1) 1 (1922) K.B. 640.
(2) A.I.R. (1930) Mad. 646.
(3) A.I.R. (1953) S.C. 21.
(4) I.L.R. 47 Cal. 29 at pp. 36-37.

H.C. 1960

AISHABHAI HAJI TAHIR MOHAMED v. MOHAMED YACOOB YUNUS JAMAL.

U SAN MAUNG, J.

appear before them; if they do not appear before them, to make sure that they have no sort of excuse for not appearing. I very much regret that I have to set aside this award, but I think the arbitrators of the buyers have so conducted themselves as to infringe this important principle."

One of the latest decisions is *Vinayak Vishnu Sahasrabudhe* v. *B. G. Gadre and others* (1) where it was pointed out by Mudholkar, J., that one of the principles of natural justice is that nothing prejudicial to the party shall be done behind its back or without notice to that party and that where the arbitrators accepted the entries of the account books which were disputed by a party, after examining the account books behind his back they contravened the principles of natural justice and are guilty of legal misconduct. No doubt in *Kanshi Ram* v. *Harnam Das and others* (2), it was held by Din Mohammad, J., that "as no procedure was laid down for the arbitrator in Schedule II of the Civil Procedure Code and unless it is proved that the arbitrator refused to examine any evidence tendered by the parties, the mere fact that he did not record any proceedings or did not hold a public enquiry will not be enough to vitiate the award." However, in the case now under consideration there is a provision in the agreement to submit the dispute to arbitration that *ex parte* hearing could only take place if the party concerned fails to attend after reasonable notice. Therefore, apart from the contravention of the principles of natural justice the arbitrators had contravened the procedure laid down in the agreement.

For these reasons we consider that the learned Judge on the Original Side was right in passing the order now sought to be appealed against. In the result the appeal fails and is dismissed with costs: Advocate's fee five gold mohurs.

U THOUNG SEIN, J.—I agree.

(1) A.I.R. (1959) Bom. 39. (2) A.I.R. (1940) Lah. 73.

## CIVIL REVISION.

*Before U Aung Khine, J.*

HAFI AND FOUR OTHERS (APPLICANTS)

v.

THE STATE COMMERCIAL BANK AND ANOTHER (RESPONDENTS).*

H.C. 1960

Nov. 10.

*Civil Procedure Code, O. 22—Addition of heirs of deceased party—Not imperative—Proceedings not irregular due to omission to add all heirs.*

The provisions in Order 22, Civil Procedure Code do not render it imperative for all the heirs of a deceased party to be added as legal representatives to enable the suit to proceed. If a person had been added as legal representative and no objection has been taken that person does not represent the estate, the proceedings of the Court cannot be considered irregular simply on the ground that all the heirs of the deceased person have not been added.

*Maung Po Mya* v. *Ma Gyan Bon*, 4 U.B.R. 150, referred to.

*R. Chaube* for the applicants.

*Than Sein* for the respondent.

U AUNG KHINE, J.—This is a revision application filed under section 25 of the Rangoon City Civil Court Act against the order of the 3rd Judge, Rangoon City Civil Court, rejecting the application of Maung Sein (*a*) A. E. Malam to add the five minor children of the deceased Kawana Esmail as legal representatives in Civil Regular Suit No. 520 of 1958.

From a reading of the records it is clear that when this application was made a preliminary mortgage decree for K 1,745·06 had been passed against the defendant Daw Saw Mya, who was made a defendant in her personal capacity as well as the legal representative of her deceased husband Kawana Esmail. Therefore, this application made by Maung Sein (*a*) A. E. Malam was a belated one. This application also savours of collusion inasmuch as the

* Civil Revision No. 56 of 1959 against the order of the 3rd Judge, City Civil Court, Rangoon, dated the 8th September 1959, in Civil Misc. No. 74 of 1959.

H.C. 1960

HAFI AND FOUR OTHERS v. THE STATE COMMERCIAL BANK AND ANOTHER.

U AUNG KHINE, J.

applicant is the brother of defendant Daw Saw Mya. The minors he wishes to represent are the children of Daw Saw Mya. Any objection, if any, should have been raised by Daw Saw Mya herself when the suit was first instituted against her in her personal capacity and as legal representative of her deceased husband. On this ground only the application in this Court deserves to be rejected.

However, it would not be out of place to mention that the provisions in Order 22, C.P.C. do not render it imperative for all the heirs of a deceased party to be added as legal representatives to enable the suit to proceed. If a person had been added as legal representative and no objection has been taken that that person does not represent the estate, the proceedings of the Court cannot be considered irregular simply on the ground that all the heirs of the deceased person have not been added. See *Maung Po Mya* v. *Ma Gyan Bon* (1).

For the reasons stated above, I see no reason to interfere. The application is dismissed with costs.

(1) 4 U.B.R. 150.

## APPELLATE CIVIL.

*Before U San Maung and U Thaung Sein, JJ.*

LOH YEAN (APPELLANT)

*v.*

THE REGISTRAR, BURMA CO-OPERATIVE SOCIETIES, BURMA (RESPONDENT).*

H.C. 1960

*Dec. 20.*

*Co-operative Societies Act, s. 68—Orders of Registrar—Subject to revision by President.*

For the purpose of s. 68 of the Co-operative Societies Act the Registrar is an officer subordinate to the President of the Union of Burma and that, therefore, the orders of the Registrar are subject to revision by the President.

*Tun Maung* for the appellant.

*Ba Kyaw* (Government Advocate) for the respondent.

U SAN MAUNG, J.—This is an appeal by Loh Yean of Messrs. Kyi Win Engineering Co., Rangoon, under section 48 of the Specific Relief Act, read with section 20 of the Union Judiciary Act, 1948, against the order of the learned Judge on the Original Side (U Shu Maung, J.) in Civil Miscellaneous Case No. 201 of 1957, dismissing his application under section 45 of the Specific Relief Act for directing the Registrar, Co-operative Societies, Burma, to grant him permission under section 57 of the Co-operative Societies Act of 1956, to continue his suit against the Labour Co-operative Society, Minbu.

The facts which have been fully set out in the order of the learned Judge on the Original Side are briefly as follows:—

In Civil Regular Suit No. 60 of 1955 of the Original Side of this Court the appellant Loh Yean sued (1) U Khant, President, Oil-Field All Employees Association,

* Civil Misc. Appeal No. 46 of 1958 against the order of the High Court (Original Side), dated the 7th November 1958 in Civil Misc. No. 201 of 1957.

H.C. 1960

LOH YEAN v. THE REGISTRAR, BURMA CO-OPERATIVE SOCIETIES, BURMA.

U SAN MAUNG, J.

Minbu and (2) Thakin Tin, President of Oil-Field All Employees Association, Magwe, for the recovery of K 69,230·83 alleged to be due on a work order said to have been obtained from the National Housing Town and Country Development Board by U Khant. These defendants by their written statement denied that the work order was obtained by U Khant in his capacity as President of the Oil-Field All Employees Association and contended that the said work order was obtained by and issued in the name of the Labour Co-operative Society Limited of Minbu, of which society U Khant was also the President. Accordingly, by an amended plaint, the Labour Co-operative Society, Minbu, was joined as a third defendant in the suit.

On the 28th August 1957 the Labour Co-operative Society, Minbu, by its Secretary U Kyaw Thoung, filed an application stating that the Society had gone into liquidation and that therefore the permission of the Registrar of Co-operative Societies, Burma, was necessary under section 57 of the Co-operative Societies Act, 1956, to continue the suit. Accordingly, on the 18th September 1957 Loh Yean applied to the Registrar of Co-operative Societies, Burma, for necessary permission to continue the suit against the third defendant, the Labour Co-operative Society Limited, Minbu. The Registrar, however, refused permission on the ground that, in his opinion, there had been no dealings whatsoever between Loh Yean and the Society. Hence, the application under section 45 of the Specific Relief Act.

The Registrar, Co-operative Societies, Burma, filed a counter affidavit in answer to the statements contained in the affidavit of Loh Yean, wherein he had set out the facts enumerated above. His attitude was that the work order in question was issued in the name of the Labour Co-operative Society, Minbu, and not in the name of U Khant and Thakin Tin and that the alleged contract entered into

H.C. 1960

LOH YEAN v. THE REGISTRAR, BURMA CO-OPERATIVE SOCIETIES, BURMA.

U SAN MAUNG, J.

by these persons with Loh Yean was in their capacities as Presidents of the Oil-Field All Employees Associations of Minbu and Magwe. Therefore, the permission sought for by Loh Yean under section 57 of the Co-operative Societies Act, to continue the suit against the Labour Co-operative Society Limited of Minbu, had to be refused by him.

The learned Judge on the Original Side in coming to the conclusion that the application by the applicant Loh Yean under section 45 of the Specific Relief Act should be rejected gave as reasons: firstly, that rightly or wrongly the Registrar had, in the circumstances of the case and in exercise of his discretion come to the conclusion that necessary permission under section 57 of the Co-operative Societies Act should not be given, and secondly, that in any event the decision of the Registrar being subject to revision by the President of the Union of Burma, it cannot be said that the appellant Loh Yean had no other specific and adequate legal remedy.

